http://www.dhammadownload.com

မန္တလေးမြို့

မစိုးရိမ်တိုက်သစ် ◉ ဓမ္မသိတဂူကျောင်း

(နာယက)

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ

၏

# ဝိဂ္ဂဟနှင့် ဉာသ်ကောက်လမ်းညွှန်

ဓမ္မသိတဂူစာစဉ် (၇)

သာသနာ ၂၅၄၂ ကောဇာ ၁၃၆၀

http://www.dhammadownload.com

http://www.dhammadownload.com

ဦးနိဗ္ဗိန္ဒ (ပုဏ္ဏားကျွန်း)
ဓမ္မာစရိယတက္ကသိုလ်
ဒဂုံဆိပ်ကမ်းမြို့နယ်
ဥက္ကဌ

http://www.dhammadownload.com

http://www.dhammadownload.com

မန္တလေးမြို့

မစိုးရိမ်တိုက်သစ် ☸ ဓမ္မသီတဂူကျောင်း

(နာယက)

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ

၏

# ဝိဂ္ဂဟနှင့် ညသ်ကောက်လမ်းညွှန်

ဓမ္မသီတဂူစာစဉ် (၇)

သာသနာ ၂၅၄၂ ကောဇာ ၁၃၆၀

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး - ဦးဝင်းနိုင်မှ
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅)ဖြင့် ရိုက်နှိပ်ခွင့်ပြု၍
အမှတ် ၃၃၇(က)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးနေဝင်း (မြဲ ၀၆၀၇၄) နေဝင်းကွန်ပျူတာပုံနှိပ်လုပ်ငန်းတွင် ရိုက်နှိပ်ပြီး၊
ဒုတိယအကြိမ်ဖြင့် ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေပါသည်။

http://www.dhammadownload.com

# စာဂဗေဟ

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကသုံးပုံသည် **"နာနာနယနိပုဏဂမ္ဘီရံ"**ဟူသည်နှင့်အညီ အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲ၏။ ယင်းသို့ သိမ်မွေ့လှစွာသော ပိဋကပါဠိတော်နှင့် အဋ္ဌကထာ၊ ဋီကာကျမ်းများစွာတို့သည် ပါဠိဘာသာဖြင့်သာ ရှိကြ၏။ ပါဠိဘာသာသည် မိခင်ဘာသာမဟုတ်ရကား– ပါဠိပိဋကတ်ကျမ်းဂန်များကို ချဉ်းကပ်နိုင်ရန် ပရိယတ္တိဂန္ထဓုရတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော ရှေးရှေးပညာရှိဆရာတော်အစဉ်အဆက်တို့သည် နည်းအမျိုးမျိုးတီထွင်၍ ကြံစည်ကြိုးစားပို့ချခဲ့ကြသည်။

## မန္တလေးစာသင်နည်းနှင့် ဓမ္မာစရိယစာမေးပွဲ

ယင်းသို့ ပါဠိ၊ အဋ္ဌကထာကျမ်းများပို့ချရာ၌ **"မန္တလေးစာချနည်း၊ ပခုက္ကူစာချနည်း"**ဟု ပြောစမှတ်ပြုခဲ့ကြသည်။ မန္တလေးဆရာတော်အစဉ်အဆက်တို့က **"ယောဇနာမျိုး၊ ကျမ်းရိုးငါးချက်၊ ဆက္ကဋ္ဌပနာ၊ ပုစ္ဆာ–ထွက်၊ တက်၊ စုဒ်ဘက်နှိုင်းရှိ၊ ရှေ့+နောက်ညှိ၍၊ သန္ဓိ+အနု၊ ကေဠုဘာနည်း၊ ဝုတ္တောဒည်းက၊ ထုတ်နည်း ပဋ္ဌာန၊ ပစ္စယနှင့်၊ ဝါကျခွဲစိတ်၊ ပုဒ်နိစ္ဆယ၊ ယမကလျောက်၊ ဆယ့်ခြောက်ဟာရ၊ နယလေးတန်၊ ပဋ္ဌာန် သာသန၊ သဒ္ဒမ္မနေတ္တိ၊ ညသ်၏ ကောက်ပုံ၊ အစုံနှစ်ဖြာ၊ ကြိယာ ငါးချက်၊ စပ်လျက်ယှဉ်ကြ၊ အာဘောဂမှ၊ နယစုံလင်၊ တန်ဆာဆင်၍"**ဟူသည့်အတိုင်း မန္တလေးစာချနည်း၊ စာပြောနည်းတို့ဖြင့် ပို့ချကြသည်။ သင်ယူကြရသည်။

ဤမျှသာမကသေး၊ သာသနာတော်၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ဆရာနည်းကျ ကြည့်ရှု၊ ပို့ချ၊ သင်ကြားပေးနိုင်သော ပညာတတ် ရဟန်းတော်များစွာ ပေါ်ထွက်စေရေး မြော်တွေးကြလျှက် အထက်ဆိုခဲ့ပြီး "မန္တလေးစာချနည်း၊ စာသင်နည်း"တို့ကို အခြေခံ၍ ဓမ္မာစရိယ(စာချ)တန်းဆိုင်ရာ စည်းမျဉ်းများကို ရေးဆွဲ ပြဋ္ဌာန်းခဲ့ကြသည်။ ၎င်းစည်းမျဉ်းဥပဒေအတိုင်းပင် **"အစိုးရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ"**စသော ဓမ္မာစရိယစာမေးပွဲများကို ဆင်ယင်ကျင်းပပြုလုပ်ခဲ့ကြသည်။

http://www.dhammadownload.com



## စာသင်, စာချ မိမိဘ၀

မိမိသည် ၁၈–နှစ်အရွယ်တွင် မန္တလေး မစိုးရိမ်တိုက်သစ် ကျေးဇူးတော်ရှင် ဓမ္မဒါယာဒကျောင်းဆရာတော် (ယခု မစိုးရိမ်တိုက်သစ်ကြီး၏ အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ)၏ ခြေတော်ရင်းသို့ ရောက်ရှိခဲ့သည်။ ရောက်သည့်နှစ်မှစ၍ ဆရာတော်ပို့ချသည့် စာသင်တန်း, စာချတန်းစာ၀ါတို့၌ မိမိက ဆို၀ါဖြင့် လိုက်ခွင့်ရခဲ့သည်။ ၎င်းပြင် မန္တလေးစာချနည်းတို့ဖြင့် ပီပြင်စွာ ပို့ချတော်မူကြသော "ပိဋကနယူပဒေသကျောင်းဆရာတော်"စသော မစိုးရိမ်စာချနာယကဆရာတော်ကြီးများနှင့် ပေါက်မြိုင်ဆရာတော်, ဘုရားကြီးဆင်မင်းကျောင်းဆရာတော်စသော စာချအကျော်အမော်ဆရာတော်တို့ထံ၌ စာ၀ါဆည်းပူးသင်ယူခဲ့သည်။

၁၃၃၉–ခု ရဟန်းဖြစ်ခါစ, ရဟန်းငယ်ဘ၀မှစ၍ ကျေးဇူးတော်ရှင် ဓမ္မဒါယာဒဆရာတော်၏ ချီးမြှောက်မှုကြောင့် (ကျောင်းထိုင်နာယကမဟုတ်သော) လက်ထောက်စာချဘုန်းကြီးဘ၀ဖြင့် သီတင်းသုံးဖော်ဖြစ်ကြသော စာသင်သားတို့အား (ငယ်, လတ်, ကြီး)ဆိုင်ရာ စာ၀ါများကို စ,တင်ပို့ချခွင့်ရခဲ့သည်။

ရဟန်းသိက္ခာ (၅)၀ါရမှစ၍ အကြီးတန်းနှင့် ဓမ္မာစရိယ (စာချ)တန်းဆိုင်ရာ ပါဠိ, အဋ္ဌကထာကျမ်းတို့ကို ပို့ချခဲ့သည်။

## ကျောင်းထိုင်နာယက, စာချ + ကျမ်းပြု

ရဟန်းသိက္ခာ (၉)၀ါရအရွယ်မှစ၍ ကျောင်းထိုင်နာယကစာချဘုန်းကြီးဘ၀ဖြင့် နှစ်ပေါင်းများစွာ ပို့ချခဲ့သည်။ စာ၀ါပို့ချရင်း ၀ါကျဥယျာဉ်ကျမ်းစာများကို ဆက်ကာဆက်ကာ ရေးသားထုတ်ဝေခဲ့သည်။ တိပိဋကပါဠိ+မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၌ ပါ၀င်ရေးသားခဲ့သည်။

## လမ်းညွှန်ကျမ်းစာ ဖြစ်ပေါ်လာ

ဓမ္မာစရိယ(စာချ)တန်းသို့ ၀င်ရောက်ခါစ စာသင်ပျိုနု အခြေပြုတို့အတွက် အဋ္ဌကထာစာ၀ါပို့ချသည့်အချိန်မှ သီးခြားအချိန်တစ်ခုယူ၍ ဝိဂြိုဟ်ဆိုနည်း, ဉာသ်ကောက်နည်း, ၀ါကျခွဲနည်း, အာဘော်သံ၀ဏ္ဏနာဖော်နည်း, နယူပစာရကြံဆနည်း, နေတ္တိထုတ်နည်းတို့ကို "စာချတန်းအခြေပြုစာ၀ါ"

http://www.dhammadownload.com



အနေဖြင့် တနှစ်လျှင် (၂)လခန့်စီ အချိန်ယူပို့ချခဲ့သည်။ ကျက်မှတ်ဖွယ်ရာ နိယံ သာဓကများနှင့်တကွ သဒ္ဒါရေးဆိုင်ရာပါဠိအတိုအထွာ မှတ်စုမှတ်တမ်းများကိုပါ ရေးမှတ်စေခဲ့ပါသည်။ ဓမ္မာစရိယစာသင်သားများအဖို့ ၎င်းမှတ်စုမှတ်တမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် ရေးကူးနေကြသည်မှာ အချိန်များစွာ ပေးဆပ်နေကြရသည်။ မိမိအနီးနေတပည့်ပရိသတ်များနှင့် ဝေးနီးရပ်နေ သီးတင်းသုံးဖော် ချစ်မိတ်ဆွေတို့၏ တောင်းပန်လျှောက်ထားချက်အရ မိမိပို့ချခဲ့သော ဓမ္မာစရိယအခြေပြုသင်တန်းစာဝါ မှတ်စုမှတ်တမ်းများကိုပင် ပြန်လည်စုစည်းအနှစ်ချုပ်စီစဉ်၍ ၁၃၆၀-ပြည့်နှစ်မှာပင် "ဝိဂ္ဂဟနှင့် ညသ်ကောက်လမ်းညွှန်"အမည်ဖြင့် စတင်ရိုက်နှိပ် ထုတ်ဝေခဲ့ပါသည်။

မိမိဖွင့်လှစ်သော နွေရာသီစာဝါ, ဝါတွင်း, ဝါပစာဝါတို့၌ ဤလမ်းညွှန် စာအုပ်ကိုပင် (စာသင်သားတို့၏ လက်ကိုင်တုတ်သဖွယ်, အိတ်ဆောင်သဖွယ်) အသုံးပြုစေ၍ ပို့ချခဲ့သည်။ ကျက်မှတ်စေခဲ့သည်။

## အသစ်တဖန် ထပ်မံ ဖြည့်စွက်

ယခုအခါ ၁၂-နှစ်တိုင်တိုင် ရိုက်နှိပ်ဖြန့်ဝေခဲ့ပြီးသော "ဝိဂ္ဂဟနှင့် ညသ်ကောက်လမ်းညွှန်"စာအုပ်ကိုပင် တဖန်စိစစ်သုတ်သင်ပြီး ဖြည့်စွက်စရာများ အနည်းငယ်ထပ်မံ ဖြည့်စွက်၍ ကောင်းသထက်ကောင်းအောင်၊ ပြည့်စုံသထက်ပြည့်စုံအောင် စီစဉ်ရေးသားထုတ်ဝေလိုက်ပါသည်။

ဤကျမ်းစာအုပ်ငယ်ကို "ဝိဂ္ဂဟနှင့် ညသ်ကောက်လမ်းညွှန်"ဟု အမည်ပေးထားသော်လည်း ဤစာအုပ်ငယ်၌ ---

၁။ ဝိဂြိုဟ်ဆိုနည်း, ညသ်ကောက်နည်း
၂။ ဂန္ထာဘရဏကျမ်းလာ ဝါကျ(၁၈)မျိုး ဆိုရိုးနှင့်ဝါကျနိယံသာဓကများ
၃။ ပဒ, လိင်္ဂ, ဂဏ, ကာရန္တယူပုံနှင့် လိင်ဆုံးဖြတ်ရန်နိယံသာဓကများ
၄။ သံဝဏ္ဏနာနိယံနှင့် ဥဒါဟရုဏ်ပုံစံသာဓကပါဠိများ
၅။ နည်းဥပစာကြံဆပုံနှင့် ကျက်မှတ်ဖွယ်ဆိုရိုးများ
၆။ နေတ္တိဟာရထုတ်နည်းတို့ကို ကျက်မှတ်ဖွယ်ပုံစံပြယုဂ်အသီးသီးနှင့် တကွ လေ့လာမှတ်သား ဖတ်ရှုကြရမည်ဖြစ်သည်။

စာသင်ပျိုနုအခြေပြုတို့သည် ဤစာအုပ်ငယ်၌ စီစဉ်တင်ပြထားသော ကျက်မှတ်ဖွယ်ရာများကို နှုတ်တက်အာဂုမ်ကျက်မှတ်ဆောင်ထားပါက အချိန်တိုတိုနှင့် ဓမ္မာစရိယအောင်ပန်း လျှင်မြန်စွာဆင်မြန်းနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသတည်း။

http://www.dhammadownload.com



## ကတညုတာ ပူဇာမင်္ဂလာ

မိမိကြိုးပမ်း ဤစာအုပ်စာတမ်း စာလွှာပန်းဖြင့် ရတနာသုံးပါးနှင့် တကွ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘဆရာထေရ်မဟာတို့အား လေးမြတ်ကော်ရော်ပူဇော်ပါ၏။

## ကတညုတာ မှတ်တမ်းလွှာ

ဤစာအုပ်ဖြစ်ပေါ်လာရန် မစိုးရိမ်တိုက်သစ်၌ မိမိသင်ကြားပို့ချခဲ့သော မှတ်စုမှတ်တမ်းများကို လက်ရေးမူသန့်သန့်ဖြင့် ပြန်လည်ကူးယူပေးသူ တပည့် – မောင်ကောသလ္လနှင့် ယခုတစ်ဖန် သုခ်သင်တည်းဖြတ် ဖြည့်စွက် ရိုက်ကူးရာ၌ ကွန်ပြူတာစာစီပေးခြင်းစသည်ဖြင့် လိုအပ်သလို ဆောင်ရွက်ပေးသော ဓမ္မာစရိယတက္ကသိုလ် လက်ထောက်စာချ၊ နာယကအဖွဲ့ဝင် အရှင်သာသနာလင်္ကာရတို့အား ဆရာ့ပါရမီကူညီပေးသူများဟု ဝမ်းမြောက်စွာပင် မှတ်တမ်းတင်အပ်ပါကြောင်းနှင့် ဤကျမ်းစာရိုက်နှိပ်ထုတ်ဝေရန် ငွေပင်ငွေရင်းစိုက်ထူလှူဒါန်းပေးသော ရဟန်းဒါယကာ ဦးဘိုကြီး (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) + ရဟန်းဒါယိကာမ ဒေါ်သန်းသန်း (သီရိသုဓမ္မသီဂိ) ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်မိသားစုတို့အားလည်း ဤကျမ်းပြုစုသူ၏ ကုသိုလ်ပါရမီကူညီကြသူများဟု ဝမ်းမြောက်စွာပင် မှတ်တမ်းတင်အပ်ပါသတည်း။

❁❁❁❁❁❁❁❁❁

ဘဒ္ဒန္တသုစိတ္တာဘိဝံသ
(နာယကချုပ်ဆရာတော်)
ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်။

၁၃၇၂–ခု၊ ဝါဆိုလပြည့်
(ဓမ္မစကြာအခါတော်နေ့)

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမနှင့် ပဋိညာဉ် | ၁ |
| ၂။ | ဥယျောဇဉ် | ၂ |
| ၃။ | သမာသ်ညသ်ကောက် | ၃ |
| ၄။ | ကျန်သမာသ်လေးပါးညသ်ကောက်မှတ်ဖွယ် | ၃ |
| ၅။ | ဒွန်သမာသ်ညသ်ကောက်မှတ်ဖွယ် | ၃ |
| ၆။ | ဗဟုဗ္ဗီဟိသမာသ်ညသ်ကောက်မှတ်ဖွယ် | ၃ |
| ၇။ | ကျက်မှတ်စရာနိယံကဗျာများ | ၄ |
| ၈။ | လက္ခ-ဥဒါဟရဏ်အသီးသီး | ၄ |
| ၉။ | အဗျယီဘောသမာသ်လက္ခဏာနှင့် ဝိဂ္ဂဟကြံဆနည်း | ၄ |
| ၁၀။ | အဗျယီဘောသမာသ်ဘေဒနှင့် ညသ်ကောက် | ၅ |
| ၁၁။ | ပထမာအဗျယီဘော | ၅ |
| ၁၂။ | ဒုတိယာအဗျယီဘော | ၆ |
| ၁၃။ | တတိယာအဗျယီဘော | ၆ |
| ၁၄။ | စတုတ္ထီအဗျယီဘော | ၆ |
| ၁၅။ | ပဥ္စမီအဗျယီဘော | ၆ |
| ၁၆။ | ဆဋ္ဌီအဗျယီဘော | ၆ |
| ၁၇။ | သတ္တမီအဗျယီဘော | ၆ |
| ၁၈။ | ကမ္မဓာရယ်သမာသ်သဘောလက္ခဏာနှင့် ဝိဂ္ဂဟပြုနည်း | ၆ |
| ၁၉။ | ကမ္မဓာရာယ်သမာသ် (၉)မျိုး | ၇ |
| ၂၀။ | ဝိသေသနပုဗ္ဗပဒကမ္မဓာရယ် | ၇ |
| ၂၁။ | ဝိသေသနုတ္တရပဒကမ္မဓာရယ် | ၇ |
| ၂၂။ | ဝိသေသနောဘယကမ္မဓာရယ် | ၈ |
| ၂၃။ | ဥပမာကမ္မဓာရယ်(ဥမာနုတ္တရပဒကမ္မဓာရယ်) | ၈ |
| ၂၄။ | သမ္ဘာဝနာကမ္မဓာရယ် | ၉ |
| ၂၅။ | အဝဓာရဏကမ္မဓာရယ် | ၉ |
| ၂၆။ | ကု-နိပါတပုဗ္ဗပဒကမ္မဓာရယ် | ၁၀ |
| ၂၇။ | န-နိပါတပုဗ္ဗပဒကမ္မဓာရယ် | ၁၀ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | န–အတ္ထုဒ္ဓါရ | ၁၀ |
| ၂၉။ | ဝိရုဒ္ဓ(ပဋိပက္ခ)ပုံစံ | ၁၁ |
| ၃၀။ | ဝုဒ္ဓိပုံစံ / အညတ္ထပုံစံ | ၁၁ |
| ၃၁။ | တဗ္ဘောပုံစံ | ၁၁ |
| ၃၂။ | ပါဒိပုဗ္ဗပဒကမ္မဓာရယ် | ၁၁ |
| ၃၃။ | တဗ္ဗာဝဝုတ္တိကမ္မဓာရယ် | ၁၂ |
| ၃၄။ | ဒိဂုလက္ခဏာနှင့် ဝိဂ္ဂဟကြံနည်း | ၁၂ |
| ၃၅။ | ဒိဂုနှစ်မျိုး | ၁၂ |
| ၃၆။ | တပ္ပုရိသသမာသ်သဘောလက္ခဏာနှင့် ဝိဂ္ဂဟပြုနည်း | ၁၃ |
| ၃၇။ | တပ္ပုရိသ်သမာသ်နှစ်မျိုး / မိဿကတပ္ပုရိသ်နှစ်မျိုး | ၁၃ |
| ၃၈။ | သုဒ္ဓတပ္ပုရိသ် (၆)မျိုး | ၁၃ |
| ၃၉။ | ဒုတိယာတပ္ပုရိသ် | ၁၄ |
| ၄၀။ | ကိတန္တဒုတိယာတပ္ပုရိသ်ညသ်ကောက် | ၁၄ |
| ၄၁။ | သမာသ်မစပ်ကောင်းသော ကိတ်ပစ္စယန္တပုဒ်များ | ၁၅ |
| ၄၂။ | တတိယာတပ္ပုရိသ် | ၁၅ |
| ၄၃။ | ကိတန္တတတိယာတပ္ပုရိသ်ပုံစံ | ၁၆ |
| ၄၄။ | မဇ္ဈေလောပီ တတိယာတပ္ပုရိသ်ပုံစံ | ၁၆ |
| ၄၅။ | စတုတ္ထီတပ္ပုရိသ် | ၁၆ |
| ၄၆။ | ပဥ္စမီတပ္ပုရိသ် | ၁၇ |
| ၄၇။ | ဆဋ္ဌီတပ္ပုရိသ် | ၁၇ |
| ၄၈။ | ဆဋ္ဌီတပ္ပုရိသ်အတွက် ကျက်မှန်ရန် နိယံများ | ၁၈ |
| ၄၉။ | သတ္တမီတပ္ပုရိသ် | ၁၈ |
| ၅၀။ | ကိတန္တသတ္တမီတပ္ပုရိသ် (နိစ္စသမာသ်) | ၁၈ |
| ၅၁။ | ဗဟုဗ္ဗီဟိသမာသ်ညသ်ကောက် | ၁၉ |
| ၅၂။ | ဗဟုဗ္ဗီဟိသမာသ် (၇)မျိုး | ၁၉ |
| ၅၃။ | ပထမာဗဟုဗ္ဗီဟိသမာသ်ပုံစံ | ၁၉ |
| ၅၄။ | ဒုတိယာဗဟုဗ္ဗီဟိသမာသ်ပုံစံ | ၁၉ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅။ | တတိယာဗဟုဗ္ဗီဟိသမာသ်ပုံစံ | ၁၉ |
| ၅၆။ | စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုံစံ | ၂၀ |
| ၅၇။ | ကံဟောတစ်စိတ်ပါသော တတိယာ, စတုတ္ထီဗဟုဗ္ဗီဟိသမာသ်မှတ်ဖွယ် | ၂၀ |
| ၅၈။ | ပဥ္စမီဗဟုဗ္ဗီဟိသမာသ်ပုံစံ | ၂၀ |
| ၅၉။ | ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ပုံစံ | ၂၁ |
| ၆၀။ | သတ္တမီဗဟုဗ္ဗီဟိသမာသ်ပုံစံ | ၂၁ |
| ၆၁။ | (တစ်နည်း) ဗဟုဗ္ဗီဟိဆယ်မျိုး | ၂၁ |
| ၆၂။ | (တစ်နည်း) ဗဟုဗ္ဗီဟိ နှစ်မျိုး | ၂၄ |
| ၆၃။ | ဒွန်သမာသ်သဘောလက္ခဏာနှင့် ဝိဂ္ဂဟကြံနည်း | ၂၅ |
| ၆၄။ | ဒွန်သမာသ်နှစ်မျိုး | ၂၅ |
| ၆၅။ | ဒွန်သမာသ်တွဲစပ်ရာ၌ ရှေ့နေရမည်ပုဒ်များ | ၂၆ |
| ၆၆။ | တဒ္ဓိတ်ညသ်ကောက် | ၂၇ |
| ၆၇။ | တဒ္ဓိတ်လေးမျိုး | ၂၇ |
| ၆၈။ | သာမညတဒ္ဓိတ် (၁၅)ပါး | ၂၇ |
| ၆၉။ | သာမညတဒ္ဓိတ်ဝိဂ္ဂဟကြံနည်း | ၂၈ |
| ၇၀။ | သာမညတဒ္ဓိတ်နှင့် အဗျယတဒ္ဓိတ်ညသ်ကောက်နည်း | ၂၈ |
| ၇၁။ | အပစ္စတဒ္ဓိတ် | ၂၉ |
| ၇၂။ | တရတျာဒိတဒ္ဓိတ် | ၂၉ |
| ၇၃။ | ရာဂါဒိတဒ္ဓိတ် | ၂၉ |
| ၇၄။ | ဇာတာဒိတဒ္ဓိတ် | ၃၀ |
| ၇၅။ | သမူဟတဒ္ဓိတ် | ၃၀ |
| ၇၆။ | ဌာနတဒ္ဓိတ် | ၃၀ |
| ၇၇။ | ဥပမာတဒ္ဓိတ် | ၃၀ |
| ၇၈။ | နိဿိတတဒ္ဓိတ် | ၃၀ |
| ၇၉။ | ဗဟုလတဒ္ဓိတ် | ၃၀ |
| ၈၀။ | ဝိသေသတဒ္ဓိတ် | ၃၁ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁။ | အသယတ္တိတဒ္ဓိတ် | ၃၁ |
| ၈၂။ | ပကတိတဒ္ဓိတ် | ၃၁ |
| ၈၃။ | ပူရဏတဒ္ဓိတ် | ၃၂ |
| ၈၄။ | သင်္ချာတဒ္ဓိတ် | ၃၂ |
| ၈၅။ | ဝိဘာဂတဒ္ဓိတ် | ၃၂ |
| ၈၆။ | အဗျယတဒ္ဓိတ်ပိဂ္ဂဟကြံနည်း | ၃၃ |
| ၈၇။ | အဗျယတဒ္ဓိတ်ညသ်ကောက် | ၃၃ |
| ၈၈။ | ဘာဝတဒ္ဓိတ်ညသ်ကောက် | ၃၄ |
| ၈၉။ | ဘာဝတဒ္ဓိတ် (၅)ပါး | ၃၄ |
| ၉၀။ | ဘာဝတဒ္ဓိတ်ဝိဂ္ဂဟကြံနည်း | ၃၄ |
| ၉၁။ | ဘာဝတဒ္ဓိတ်ညသ်ကောက်နည်း | ၃၅ |
| ၉၂။ | ဒဗ္ဗဘာဝတဒ္ဓိတ် | ၃၅ |
| ၉၃။ | ဂုဏဘာဝတဒ္ဓိတ် | ၃၅ |
| ၉၄။ | ကြိယာဘာဝတဒ္ဓိတ် | ၃၆ |
| | နာမဘာဝတဒ္ဓိတ် | ၃၆ |
| ၉၅။ | ဇာတိဘာဝတဒ္ဓိတ် | ၃၆ |
| ၉၆။ | ဗဟုဗ္ဗီဟိသမာသ်ပေါ် ဘောစီးသောပုဒ်ညသ်ကောက် | ၃၇ |
| ၉၇။ | သောမနဿံ, ဒေါမနဿံ–ပုဒ်ညသ်ကောက် | ၃၈ |
| ၉၈။ | သောတ္တတဒ္ဓိတ်ဝိဂ္ဂဟကြံနည်း | ၃၈ |
| | သောတ္တတဒ္ဓိညသ်ကောက် | ၃၉ |
| ၉၉။ | ကေသေသတဒ္ဓိတ် | ၃၉ |
| ၁၀၀။ | အာချာတ်ညသ်ကောက် | ၄၀ |
| ၁၀၁။ | အာချာတ်ပုဒ်ညသ်ကောက်မှတ်ဖွယ် | ၄၀ |
| ၁၀၂။ | ကတ္တားဟောကြိယာညသ်ကောက်နည်း | ၄၀ |
| ၁၀၃။ | သဝိညာဏကပညတ္တိကတ္တားဟောကြိယာညသ်ကောက်နည်း | ၄၁ |
| ၁၀၄။ | အဝိညာဏကပညတ္တိကတ္တားဟောကြိယာညသ်ကောက်နည်း | ၄၂ |
| ၁၀၅။ | ပရမတ္ထကတ္တားဟော ကြိယာညသ်ကောက်နည်း | ၄၂ |
| ၁၀၆။ | ကံဟောကြိယာညသ်ကောက်နည်း | ၄၂ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၇။ | ဘောဟောကြိယာဉာဏ်ကောက်နည်း | ၄၃ |
| ၁၀၈။ | ကိတ်ဉာဏ်ကောက် | ၄၄ |
| ၁၀၉။ | ကိတ်နာမ်ပုဒ်ကို ဝိဂ္ဂဟပြုနည်း | ၄၄ |
| ၁၁၀။ | ဝိဂ္ဂဟပြုနည်း (၂)မျိုး | ၄၄ |
| ၁၁၁။ | သာဓန(၇)ပါးအဓိပ္ပါယ်နှင့် ဝိဂ္ဂဟပြုနည်း | ၄၄ |
| ၁၁၂။ | ကတ္တုသာဓနဉာဏ်ကောက် | ၄၅ |
| ၁၁၃။ | ပရမတ္ထသဒ္ဒါနှင့် ပညတ္တိသဒ္ဒါခွဲပုံ | ၄၆ |
| ၁၁၄။ | ပရမတ္ထ(ဝိဇ္ဇမာနပညတ္တိ)ကတ္တုသာဓနဉာဏ်ကောက်နည်း | ၄၆ |
| ၁၁၅။ | ပညတ္တိ(အဝိဇ္ဇမာနပညတ္တိ)ကတ္တုသာဓနနှစ်မျိုး | ၄၆ |
| ၁၁၆။ | သဝိညာဏက(ပညတ္တိ)ကတ္တုသာဓနဉာဏ်ကောက်နည်း | ၄၇ |
| ၁၁၇။ | အဝိညာဏက(ပညတ္တိ)ကတ္တုသာဓနဉာဏ်ကောက်နည်း | ၄၈ |
| ၁၁၈။ | အဝုတ္တကတ္တုသာဓနဉာဏ်ကောက်နည်း | ၄၈ |
| ၁၁၉။ | ဟေတုကတ္တုသာဓနဉာဏ်ကောက်နည်း | ၄၉ |
| ၁၂၀။ | ကိတန္တသမာသ်ဉာဏ်ကောက်နည်း | ၄၉ |
| ၁၂၁။ | ဟေတုကတ္တုသာဓနကိတန္တသမာသ်ဉာဏ်ကောက်နည်း | ၄၉ |
| ၁၂၂။ | ကမ္မသာဓနဉာဏ်ကောက် | ၅၀ |
| ၁၂၃။ | ဝုတ္တကမ္မသာဓနဉာဏ်ကောက်နည်း | ၅၀ |
| ၁၂၄။ | ကမ္မဋ္ဌအရ ပစ္စယပွန္နဘောဂုဏ်ကို ကောက်ရသည့်ပုံစံ | ၅၁ |
| ၁၂၅။ | အဝုတ္တကမ္မသာဓနဉာဏ်ကောက် | ၅၁ |
| ၁၂၆။ | ဟေတုကမ္မသာဓနဉာဏ်ကောက် | ၅၂ |
| ၁၂၇။ | ကရဏသာဓနဉာဏ်ကောက် | ၅၂ |
| ၁၂၈။ | သမ္ပဒါနသာဓနဉာဏ်ကောက် | ၅၃ |
| ၁၂၉။ | အပါဒါနသာဓနဉာဏ်ကောက် | ၅၃ |
| ၁၃၀။ | အဓိကရဏသာဓနဉာဏ်ကောက် | ၅၃ |
| ၁၃၁။ | ဘာဝသာဓနသာဓနဉာဏ်ကောက် | ၅၄ |
| ၁၃၂။ | အန္တ, မာနပစ္စယန္တပုဒ်ဝိဂ္ဂဟနှင့် ဉာဏ်ကောက်မှတ်ဖွယ် | ၅၄ |
| ၁၃၃။ | တွာဒိပစ္စယန္တပုဒ်ဝိဂ္ဂဟနှင့် ဉာဏ်ကောက်မှတ်ဖွယ် | ၅၅ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃၄။ | ဝိသေသနညာသ်ကောက်နည်း | ၅၆ |
| ၁၃၅။ | ဝါကျ (၁၈)မျိုး မူလ–မူလီ သင်္ကေတအနက် တွဲစပ်မှတ်ဖွယ် ဇယားပုံ | ၅၇ |
| ၁၃၆။ | ဝါကျ(၁၈)မျိုးဆိုရိုးအကျဉ်း | ၅၈ |
| ၁၃၇။ | (၂)(၃)အပွက် ဝါကျခွဲနိယံများ | ၅၉ |
| ၁၃၈။ | နိပါတ်ပုဒ်တို့၏ အတ္တုဒ္ဓါရပြဂါထာများ | ၆၃ |
| ၁၃၉။ | (၅)နိပါတ်ဆိုင်ရာ မှတ်သားဖွယ်များ | ၆၄ |
| ၁၄၀။ | ကျက်မှတ်ဖွယ်ရာ အဗျယပစ္စည်းပြ ဂါထာများ | ၆၅ |
| ၁၄၁။ | သမ္ဗန္ဓနာမ်ပုဒ်နှင့် စပ်၍ ဂိုဏ်းဆုံးဖြတ်ချက် | ၆၆ |
| ၁၄၂။ | လိင်ဆုံးဖြတ်ရန်၊ ဤနိယံများ၊ ကျက်မှတ်ထား | ၆၆ |
| ၁၄၃။ | သံဝဏ္ဏနာနိယံနှင့် လေ့ကျင့်ရန်ပုံစံများ | ၆၇ |
| ၁၄၄။ | ဥပစာ(၁၁)ပါး အကျဉ်းမှတ်ရန်ဇယား | ၆၉ |
| ၁၄၅။ | ဥပစာယူဆနည်း အကျဉ်း | ၆၉ |
| ၁၄၆။ | ဥပစာ(၁၁)ပါး လမ်းညွှန် | ၇၀ |
| ၁၄၇။ | ကာရဏူပစာ (နာနန္တရိကနည်း) | ၇၀ |
| ၁၄၈။ | ဖလူပစာ (အဝိနာဘာဝနည်း) | ၇၁ |
| ၁၄၉။ | သဒိသူပစာ | ၇၂ |
| ၁၅၀။ | ဌာနူပစာ (နာနန္တရိကနည်း) | ၇၃ |
| ၁၅၁။ | ဌာန်ျူပစာ (အဝိနာဘာဝနည်း) | ၇၃ |
| ၁၅၂။ | ဂုဏူပစာ (အဝိနာဘာဝနည်း) | ၇၄ |
| ၁၅၃။ | ဧကဒေသူပစာ | ၇၅ |
| ၁၅၄။ | ဧကဒေသျူပစာ | ၇၆ |
| ၁၅၅။ | သမီပျူပစာ | ၇၇ |
| ၁၅၆။ | တဒ္ဓမ္မူပစာ | ၇၇ |
| ၁၅၇။ | ဘေဒူပစာ (အဘေဒနည်း) | ၇၈ |
| ၁၅၈။ | နည်း, ဥပစာတွဲစပ်ပုံ ဆောင်ပုဒ်များ | ၇၉ |
| ၁၅၉။ | ပစ္စာသန္န, ယေဘုယျ, တဗ္ဗဟုလနည်း(ဧကဒေသူပစာ) | ၇၉,၈၀ |
| ၁၆၀။ | ပစ္စာသတ္တိ, ပါရိသေသ, ဂေါဗလိဗဒ္ဒ, ပုညဉာဏာသမ္ဘာရနည်း(ဧကဒေသျူပစာ) | ၈၀,၈၁,၈၂ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၁။ | နေတ္တိဟာရ | ၈၃ |
| ၁၆၂။ | ဒေသနာဟာရ | ၈၃ |
| ၁၆၃။ | အဿာဒါဒီဒေသနာဟာရထုတ်ပုံ | ၈၄ |
| ၁၆၄။ | စတုသစ္စဒေသနာဟာရထုတ်ပုံ | ၈၆ |
| ၁၆၅။ | ဝိစယဟာရ | ၈၈ |
| ၁၆၆။ | ပဒဝိစယဟာရစိစစ်ရန် ဆောင်ပုဒ်လင်္ကာများ | ၈၈ |
| ၁၆၇။ | ကိတ်နာမ်ပုဒ် ပဒဝိစယဟာရထုတ်ပုံ | ၈၈ |
| ၁၆၈။ | သမာသ်နာမ်ပုဒ် ပဒဝိစယာဟာရထုတ်ပုံ | ၈၉ |
| ၁၆၉။ | တဒ္ဓိတ်နာမ်ပုဒ် ပဒဝိစယဟာရထုတ်ပုံ | ၈၉ |
| ၁၇၀။ | အာချာတ်ပုဒ် ပဒဝိစယဟာရထုတ်ပုံ | ၈၉ |
| ၁၇၁။ | ဥပသာရပုဒ် ပဒဝိစယဟာရထုတ်ပုံ | ၉၀ |
| ၁၇၂။ | နိပါတ်ပုဒ် ပဒဝိစယဟာရထုတ်ပုံ | ၉၀ |
| ၁၇၃။ | ယုတ္တိဟာရ | ၉၁ |
| ၁၇၄။ | ကိတ်နာမ်ပုဒ် ယုတ္တိဟာရစိစစ်ပုံ | ၉၁ |
| ၁၇၅။ | အာချာတ်ပုဒ် ယုတ္တိဟာရစိစစ်ပုံ | ၉၁ |
| ၁၇၆။ | ဥပသာရပုဒ် အတ္ထယုတ္တိဟာရစိစစ်ပုံ | ၉၂ |
| ၁၇၇။ | နိပါတ်ပုဒ် အတ္ထယုတ္တိဟာရစိစစ်ပုံ | ၉၂ |
| ၁၇၈။ | တဒ္ဓိနာမ်ပုဒ် အတ္ထယုတ္တိဟာရစိစစ်ပုံ | ၉၂ |
| ၁၇၉။ | ပဒဋ္ဌာနဟာရ | ၉၃ |
| ၁၈၀။ | ကျက်မှတ်ဖွယ် ဆောင်ပုဒ်လင်္ကာများ | ၉၄ |
| ၁၈၁။ | ကုသိုလ်နှင့် အကုသိုလ် အကြောင်း + အကျိုးများ | ၉၅ |
| ၁၈၂။ | ကုသိုလ်အတွက် ပဒဋ္ဌာနဟာရထုတ်ပုံ | ၉၅ |
| ၁၈၃။ | အကုသိုလ်အတွက် ပဒဋ္ဌာနဟာရထုတ်ပုံ | ၉၆ |
| ၁၈၄။ | ကုသိုလ်, အကုသိုလ်တို့ကို ပဋိစ္စသမုပ္ပါဒ်၌ သွင်းပုံ | ၉၇ |
| ၁၈၅။ | ကုသိုလ်စိတ္တုပ္ပါဒ်ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်ထုတ်ပုံ | ၉၇ |
| ၁၈၆။ | အကုသိုလ်စိတ္တုပ္ပါဒ်ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်ထုတ်ပုံ | ၉၈ |
| ၁၈၇။ | ခန္ဓာငါးပါးရသောပုဒ်များ၌ ပဒဋ္ဌာနဟာရထုတ်ပုံ | ၉၈ |
| ၁၈၈။ | ဗုဒ္ဓဉာဏ်တော်များ အရကောက်ရာ၌ မှတ်ဖွယ် | ၉၉ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၉။ | ဒသေယတုံ, ဒသယန္တော, ပကာသေန္တော, အာဟ, အာရဒ္ဓ-တို့၌ အရကောက်ပုံ | ၉၉ |
| ၁၉၀။ | မဟဂ္ဂုတ်, လောကုတ္တရာစိတ္တုပ္ပါဒ် ပဒဋ္ဌာန်ထုတ်ရာ၌ ကြောင်း+ကျိုးဆက်စပ်ပုံ | ၁၀၀ |
| ၁၉၁။ | ရူပကုသိုလ်ဈာနစိတ္တုပ္ပါဒ်အတွက် နမူနာထုတ်ပုံ | ၁၀၀ |
| ၁၉၂။ | လက္ခဏာဟာရ | ၁၀၁ |
| ၁၉၃။ | ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ယူ၍ ထုတ်ပုံ | ၁၀၁ |
| ၁၉၄။ | ခန္ဓာငါးပါးယူ၍ထုတ်ပုံ | ၁၀၂ |
| ၁၉၅။ | ကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ထုတ်ပုံ | ၁၀၂ |
| ၁၉၆။ | အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ထုတ်ပုံ | ၁၀၃ |
| ၁၉၇။ | (တစ်နည်း) ကုသိုလ်ဓမ္မလက္ခဏာဟာရထုတ်ပုံ | ၁၀၃ |
| ၁၉၈။ | ရုပ်ဓမ္မလက္ခဏာဟာရထုတ်ပုံ | ၁၀၄ |
| ၁၉၉။ | အာဝတ္တဟာရ | ၁၀၄ |
| ၂၀၀။ | ကုသိုလ်ဓမ္မ အာဝတ္တဟာရထုတ်ပုံ | ၁၀၅ |
| ၂၀၁။ | ပရိဝတ္တနဟာရ | ၁၀၆ |
| ၂၀၂။ | ကုသိုလ်ဓမ္မ ပရိဝတ္တနဟာရထုတ်ပုံ | ၁၀၆ |
| ၂၀၃။ | အကုသိုလ်ဓမ္မ ပရိဝတ္တနဟာရထုတ်ပုံ | ၁၀၇ |
| ၂၀၄။ | ဒါနမယကုသိုလ်စသည်အတွက် အသေးစိတ်ပဋိပက္ခဓမ္မများ | ၁၀၇ |
| ၂၀၅။ | ဝေဝစနဟာရ | ၁၀၉ |
| ၂၀၆။ | ဩတရဏဟာရ | ၁၁၀ |
| ၂၀၇။ | ကုသိုလ်စိတ္တုပ္ပါဒ် ဩတရဏဟာရထုတ်ပုံ | ၁၁၀ |
| ၂၀၈။ | အကုသိုလ်စိတ္တုပ္ပါဒ် ဩတရဏဟာရထုတ်ပုံ | ၁၁၁ |
| ၂၀၉။ | လောကီခန္ဓာငါးပါးကို ယူ၍ထုတ်ပုံ | ၁၁၂ |
| ၂၁၀။ | အာသီသပတ္ထနာဂါထာ | ၁၁၃ |


==========

မာတိကာ ပြီး၏။

http://www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## ပဏာမနှင့် ပဋိညာဉ်

နယူပဒေသံ၊ ဒီပကံ၊ ဗုဒ္ဓံ နမာမိ။
ဝန္ဒိတွာ တံ၊ ဒေသိတံ၊ ဓမ္မံ နမာမိ။
နတွာ သံဃံ၊ တံ ပုတ္တံ၊ ဂဏံ ပူဇေမိ။
ပူဇေတွာဟံ၊ နယူပဒေသံ၊ ဣမံ လိခါမိ။

အဟံ–မစိုးရိမ်နာယက၊ စာချသမုတ်၊ အကျွန်ုပ်သည်။ နယူပဒေသံ–ဝိဂ္ဂဟနှင့်၊ ဉာသ်နည်းသိကြောင်း၊ နည်းနာကောင်းကို။ ဒီပကံ–ပေါင်းကာသတ်မှတ်၊ ပြတော်မူတတ်သော။ ဗုဒ္ဓံ–မြတ်စွာဘုရားကို။ ဝန္ဒာမိ–ကာယ, ဝစီ၊ တစ်လီမန၊ သုံးဒွါရဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏။

ဝန္ဒိတွာ–ရှိခိုးပြီး၍၊ တံ ဒေသိတံ–ဝိဂ္ဂဟနှင့်၊ ဉာသ်နည်းသိကြောင်း၊ နည်းနာကောင်းကို၊ ပေါင်းကာသတ်မှတ်၊ ပြတတ်ပေငြား၊ ထိုမြတ်စွာဘုရားသည်၊ မေတ္တာရှေ့ထား၊ ကရုဏာပွားသဖြင့်၊ ဟောကြားတော်မူအပ်သော။ ဓမ္မံ–မဂ်, ဖိုလ်, နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်ထင်ပေါ်၊ တရားတော်ကို၊ နမာမိ– ကိုယ်, နှုတ်, စိတ်ပါ၊ သုံးဖြာဒွါရ၊ ပဏာမဖြင့်၊ လေးမြတ်ရိုကျိုး၊ ရှိခိုးပါ၏။

နတွာ–ရှိခိုးပြီး၍၊ တံ ပုတ္တံ–ဝိဂ္ဂဟနှင့်၊ ဉာသ်နည်းသိကြောင်း၊ နည်းနာကောင်းကို၊ ပေါင်းကာသတ်မှတ်၊ ပြတတ်ပေငြား၊ ထိုမြတ်စွာဘုရား၏၊ သားမြတ် ရတနာဖြစ်သော၊ ဂဏံ(သံဃံ)–ရှစ်ယောက် အရိယာ၊ ဂိုဏ်းသံဃာကို။ ပူဇေမိ–စေတနာအမျိုးမျိုး၊ ဝေဖြာတိုး၍၊ မြတ်နိုး ကော်ရော်၊ ပူဇော်ပါ၏။

ပူဇေတွာ–ပူဇော်ပြီး၍၊ နယူပဒေသံ–ဝိဂ္ဂဟနှင့်၊ ဉာသ်နည်းသိကြောင်း၊ နည်းနာကောင်းကို၊ ပေါင်းကာသတ်မှတ်၊ ထွန်းပြတတ်လှ၊ သကတ္တကြောင့်၊ ရအပ်ဟူဘိ၊ "ဝိဂ္ဂဟနှင့် ဉာသ်ကောက်လမ်းညွှန်"အမည်ရှိသော။ ဣမံ ဂန္ထံ–အဆီအနှစ်၊ ဤကျမ်းသစ်ကို၊ လိခါမိ–ဂန္ထဝုရ၊ ကိစ္စလပ်လျား၊ ချိန်အကြား၌၊ ရေးသားပြုပြင်၊ စီရင်ပေတော့အံ့။

http://www.dhammadownload.com

# ဥယျောဇဥ်

နယူပဒေသော၊ ဣစ္ဆိတော၊ ဇနော ပဿတိ။
အယံ ဂန္ထော၊ ပဿန္တော၊ ပါဒေါ ဟေဿတိ။
ပုဏ္ဏနယော၊ သော ဂန္ထော၊ ဟိတော ဌဿတိ။
တသ္မာ ဧသော၊ နယူပဒေသော၊ ဣတော ဟေဿတိ။

နယူပဒေသော–ဝိဂ္ဂဟ,နှင့်၊ ညသ်ကောက်လမ်းညွှန်၊ ဧကန်သိကြောင်း၊ နည်းနာကောင်းကို။ ဣစ္ဆိတော–သိမြင်ခြင်းငှာ အလိုရှိပါသော။ ဇနော–စာသင်ပျိုဖြန်း၊ ရှင်, ရဟန်း–ဟု၊ ခေါ်ဆိုအပ်ပါသော။ တွံ–သင်သည်။ (ဣမံ ဂန္ထံ–ဝိဂ္ဂဟနှင့်၊ ညသ်ကောက်လမ်းညွှန်၊ ခေါ်ရန်တင့်ဆန်း၊ ဤမည်သော ကျမ်းကို။) ပဿသိ–စေ့ငုသေချာ၊ ကြည့်ရှုပါလော့။

အယံ ဂန္ထော–"ဝိဂ္ဂဟနှင့်၊ ညသ်ကောက်လမ်းညွှန်"၊ ခေါ်ရန် တင့်ဆန်း၊ ဤမည်သောကျမ်းကို။ ပဿန္တော–စေ့ငုသေချာ၊ ကြည့်ရှုပါသော။။ တွံ–စာသင်ပျိုနု၊ သင်အခြေပြုသည်။ ပါဒေါ–ဝိဂ္ဂဟနှင့်၊ ညသ်ကောက်နည်းနာ၊ ထိမိစွာလှ၊ အခြေရသည်။ ဟေဿတိ–မုချမသွေ ဖြစ်ရပေလိမ့်မည်။

ပုဏ္ဏနယော–ပြည့်စုံစွာဘိ၊ နည်းနာရှိသော၊ (ဝါ) နည်းနာအပေါင်းတို့ဖြင့်၊ ကောင်းကောင်းကြီး၊ ပြည့်စုံလှသော။ သော ဂန္ထော–ဝိဂ္ဂဟနှင့်၊ ညသ်ကောက်လမ်းညွှန်၊ မည်ရန်တွင်လှစ်၊ ထိုကျမ်းငယ်သစ်သည်။ ဟိတော–ဝိဂ္ဂဟနှင့်၊ ညသ်နည်းဆိုင်ရာ၊ သိနိုင်စွာသား၊ ကျိုးစီးပွားနှင့်၊ များများယှဉ်သည်။ ဟုတွာ–တကယ်စင်စစ်၊ ဖြစ်ကြီးဖြစ်၍၊ ဌဿတိ–မုချမသွေ၊ တည်ရစ်ပေအံ့။

တသ္မာ–ထိုသို့များလတ်၊ ဂုဏ်သကတ်ကြောင့်၊ ဧသော နယူပဒေသော–ဝိဂ္ဂဟနှင့်၊ ညသ်ကောက်လမ်းညွှန်၊ မည်ရန်တွင်လှစ်၊ ဤကျမ်းငယ်သစ်သည်။ ဣတော (ပဋ္ဌာယ)–ဤယနေ့မှ စ၍။ ဟေဿတိ–မုချမသွေ ဖြစ်ရစ်ပေတော့အံ့။

http://www.dhammadownload.com



## သမာသ်ညှာသ်ကောက်

**ဗဟုဗ္ဗီဟိ, ဒွန်မှတစ်ပါး ကျန်သမာသ်လေးပါး ညှာသ်ကောက်မှတ်ပွယ်**

သမာသ်ခြောက်ပါးတို့တွင် ဗဟုဗ္ဗီဟိသမာသ်မှတစ်ပါး ငါးပါးသော သမာသ်တို့၌"မုချော+ပစာ၊ သမာသ်ပါ၊ သုံးဖြာ ကြွင်းပုဒ်၊ အကောက်ထုတ်" ဟူသည်နှင့်အညီ–

(က) မုချကောက်

(ခ) ဥပစာကောက်

(ဂ) သမာသ်ပုဒ်အကောက်–ဟူ၍ သုံးမျိုးရှိသည်။

ထိုတွင် ဒွန်သမာသ်မှတစ်ပါး လေးပါးသောသမာသ်တို့၌–

(က) ဝိသေသနပုဒ်အရကို ရှေးဦးစွာ မုချအားဖြင့် ကောက်အပ်၏။

(ခ) ထို့နောက် ဝိသေသနဖြစ်သော ရှေးပုဒ်အရနှင့် ဝိသေသျဖြစ်သော နောက်ပုဒ်အရတို့၏ ဇနက+ဇညျ၊ ဂုဏ်+ဂုဏီ–စသည်အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဥဒ္ဓနူပစာအားဖြင့် ကောက်အပ်၏။

(ဂ) ထို့နောက် သမာသ်ပုဒ်လုံး၏အရကို ထိုမုချ+ဥဒ္ဓနူပစာတို့ဖြင့် မှတ်အပ်သော ဝတ္ထုသဘာဝဒြဗ်, ဓမ္မသဘာဝဒြဗ်ကို ကောက်အပ်၏။

**ဒွန်သမာသ် ညှာသ်ကောက်မှတ်ပွယ်**

ဝိသေသနကင်းသော ဒွန်သမာသ်၌ကား–

(က) ရှေ့ပုဒ်အရကို ရှေးဦးစွာ မုချအားဖြင့် ကောက်အပ်၏။

(ခ) ထို့နောက် ရှေ့ပုဒ်, နောက်ပုဒ်နှစ်ခုတို့၏ သွားခြင်း, ချက်ခြင်း– စသော ကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာ ပေက္ခသမ္ဗန်ကို ဥဒ္ဓနူပစာအားဖြင့် ကောက်အပ်၏။

(ဂ) သမာသ်ပုဒ်၏အရကို ထိုမုချ+ဥဒ္ဓနူပစာတို့ဖြင့် မှတ်အပ်သော ဝတ္ထုသဘာဝဒြဗ်, ဓမ္မသဘာဝဒြဗ်ကို ကောက်အပ်၏။

**ဗဟုဗ္ဗီဟိသမာသ် ညှာသ်ကောက်မှတ်ပွယ်**

ဗဟုဗ္ဗီဟိသမာသ်၌ကား "မုချော+ပစာ၊ အညှ–ပါ၊ သုံးဖြာ ဗဟုဗ်၊ အကောက်ထုတ်"ဟူသည်နှင့်အညီ–

(က) မုချကောက်

(ခ) ဥပစာကောက်

(ဂ) အညပုဒ်ကောက်–ဟူ၍ သုံးမျိုးရှိသည်။

http://www.dhammadownload.com



ထိုတွင်–

(က) သမာသ်ပုဒ်အရကို ရှေးဦးစွာ မုချအားဖြင့် ကောက်အပ်၏။

(ခ) ထို့နောက် သမာသ်ပုဒ်အရနှင့် အညပုဒ်အရတို့၏ ဂုဏ်+ဂုဏီ၊ ဝိသေသန + ဝိသေသျစသည်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဥာနူပစာအားဖြင့် ကောက်အပ်၏။

(ဂ) ထို့နောက် အညပုဒ်အရကို ထိုမုချ+ဥာနူပစာတို့ဖြင့် မှတ်အပ်သော ဝတ္ထုသဘာဝဒြဗ်, ဓမ္မသဘာဝဒြဗ်ကို ကောက်အပ်၏။

မှတ်ချက်။ ။ (ဂ) သမာသ်ပုဒ်လုံးအရ, အညပုဒ်အရကောက်ရာ၌–

- အဗျယီဘာဝသမာသော ပုဗ္ဗပဒတ္ထပ္ပဓာနော
- တပ္ပုရိသသမာသော ဥတ္တရပဒတ္ထပ္ပဓာနော
- ဗဟုဗ္ဗီဟိသမာသော အညပဒတ္ထပ္ပဓာနော
- ဒွန္ဒသမာသော ဥဘယပဒတ္ထပ္ပဓာနော–ဟူသည်နှင့် အညီ ဖြစ်သင့်သော ဝတ္ထုသဘာဝဒြဗ်, ဓမ္မသဘာဝဒြဗ်ကို ထိုက်သည့်အားလျော်စွာ ကောက်အပ်၏။

ဒိဂု, ကမ္မဓာရယ်သမာသ်နှစ်ပါးသည် တပ္ပုရိသ်သမာသ်၏ အစိတ်ပင်ဖြစ်သောကြောင့် ဥတ္တရပဒတ္ထပ္ပဓာနပင် ဖြစ်သည်ဟု မှတ်ပါ။

### ကျက်မှတ်စရာ နိယံ + ကဗျာများ

၁။ မုချော+ပစာ၊ သမာသ်ပါ၊ သုံးဖြာ ကြွင်းပုဒ်၊ အကောက်ထုတ်။

၂။ မုချော+ပစာ၊ အညပါ၊ သုံးဖြာ ဗဟုဗ်၊ အကောက်ထုတ်။

၃။ ပုဒ်လုံး ဗဟုဗ်၊ ရှေ့ပုဒ် ဒွန္ဒ၊ ကြွင်းလေးဝ၌၊ ဝိသေသန၊ ပုဒ်အရကို၊ မုချ+ ဥာနူ ကောက်လေမြဲ။

၄။ ဥာနူ+ပစာရ၊ သမ္ဗန္ဓ၊ အရကောက်လေမြဲ။

၅။ ငုင်းခြောက်ရပ်၊ သမာသ်အညာ၊ ပုဒ်အရကို၊ မုချ+ဥပစာ၊ လက္ခဏာနှင့်၊ လျော်စွာဝေခွဲ၊ ကောက်လေမြဲ။

### လက္ခ–ဥဒါဟရဏ် အသီးသီး

#### ၁။ အဗျယီဘောသမာသ်လက္ခဏာနှင့်ဝိဂ္ဂဟကြံနည်း

ရှေ့ပုဒ်၌ ပဌမာ၊ နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်တို့တွင် တစ်လုံးလုံးကျေ၍ ဥပသာရပုဒ်+နိပါတ်ပုဒ် ရှေ့ရှိပြဋ္ဌာန်းသော သမာသ်သည် အဗျယီဘောသမာသ်မည်၏။

ပြယုဂ်ကား– ယေ ယေ ဝုဍ္ဍာ ယထာဝုဍ္ဎံ–စသည်တည်း။

http://www.dhammadownload.com



ယင်းအဗျယီဘောသမာသ်ကို ဝိဂြိုဟ်(ဝစနတ္ထ)ပြုသောအခါ

✔ ရှေ့ဖြစ်သော ဥပသာရ, နိပါတ်ပုဒ်တို့၌ ပဌမာဝိဘတ် အမြဲထားရသည်။

✔ နောက်ပုဒ်၌ကား ဝိဘတ်ခုနစ်သွယ်တို့တွင် သင့်လျော်ရာ ထားရသည်။

✔ နိပ္ဖန္နပုဒ်၌ကား နပုလ္လိင်၊ ဧကဝုစ် အမြဲထားရသည်။

✔ ၎င်းအပြင် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို တိုက်ရိုက် မသုံးစွဲရ၊ ယင်း ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏အနက်ကို ဟောသောပုဒ်ဖြင့် ဝိဂ္ဂဟပြုရသည်။

♠ အဗျယီဘာဝ၊ သမာသကား၊ နိစ္စဧကန်၊ စင်စစ်မှန်၍၊ ပြုရန်ဝိဂြိုဟ်၊ မရှိဆို၏။ ဝိဂြိုဟ်ဝါကျ၊ ပြုလိုကြမူ၊ တစ်ပါးကပုဒ်၊ ဆောင်ကာထုတ်၍၊ လုပ်လေ ဝိဂြိုဟ် ဝါကျတည်း။ (ဘုရားကြီး၊၁၉၂။)

♠ အဗျယီနှင့်၊ ဒိဂုသမာသ်၊ နပုလ္လိင်ဟု၊ အမြဲမှတ်။(ဘုရားကြီး၊၁၈၉။)

## အဗျယီဘာဝသမာသ်ဘေဒနှင့် ညှိကောက်

### ၁။ ပဌမာ အဗျယီဘော

ယေ ယေ + ဝုဍ္ဎာ ယထာဝုဍ္ဎံ။ (ကစ္စည်း။)

ဝုဍ္ဎာ၊ ကြီးကုန်သော။ ယေ ယေ၊ အကြင်အကြင်သူတို့။ ယထာဝုဍ္ဎံ၊ ကြီးကုန်သော အကြင်အကြင်သူတို့။

ယေ ယေ ဝုဍ္ဎာ–ကား ပဌမာအဗျယီဘောသမာသ်ဝိဂြိုဟ်၊ ယထာဝုဍ္ဎံ–ကား ပဌမာအဗျယီဘောသမာသ်ပုဒ်၊ ယထာ–ပုဒ်+ဝုဍ္ဎ–ပုဒ်။

(က) ဤယထာဝုဍ္ဎံ–ဟူသော ပဌမာအဗျယီဘောသမာသ်၌– ဝုဍ္ဎ–ဟူသော ဝိသေသနပုဒ်၏အရကား–အသက်, သိက္ခာ, ဂုဏ်တို့ဖြင့် ကြီးသည်၏ အဖြစ်တည်းဟူသောဂုဏ်သည် မုချအားဖြင့်ရ၏။

(ခ) ထိုကြီးသောဂုဏ်၏+အကြင်ကြင်သူတို့ဒြဗ်နှင့် ဂုဏ်+ဂုဏီအဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနူပစာအားဖြင့်ရ၏။

(ဂ) ယထာဝုဍ္ဎံ–ဟူသော သမာသ်ပုဒ်လုံး၏အရကား–ထိုမုချ ဥာနူပစာ တို့ဖြင့် မှတ်အပ်သော အသက်, သိက္ခာ, ဂုဏ်တို့ဖြင့် ကြီးသော သူတို့ဒြဗ်ရ၏။

**မှတ်ချက်။** ။ ဝိဂြိုဟ်ပြုကောင်းသော သမာသ်, တဒ္ဓိတ်, ကိတ်ပုဒ်တို့ကို ညှိကောက်ရာ၌ မကောက်မီ ရှေးဦးစွာ–

(၁) ဝိဂြိုဟ်ဆို၊ (၂) အနက်ပေး၊ (၃) ဝိဂြိုဟ်အမည်, ပုဒ်အမည်ပေး။

(သမာသ်ပုဒ်ဖြစ်လျှင် ပုဒ်ခွဲပြပါ။ တဒ္ဓိတ်ပုဒ်ဖြစ်လျှင် ပုဒ်+ပစ္စည်း ခွဲပြပါ။ ကိတ်ပုဒ်ဖြစ်လျှင် ဓာတ်+ပစ္စည်းခွဲပြပါ။)

(၄) ထိုသုံးချက်ပြီးမှ အစဉ်အတိုင်း ညှိကောက်ရသည်ကို သတိပြုပါ။

http://www.dhammadownload.com



## ၂။ ဒုတိယာအဗျယီဘော

စိတ္တ+မဓိကိစ္စ ပဝတ္တန္တိ တေ ဓမ္မာတိ အဓိစိတ္တံ။ (ကစ္စည်း)

(က) ဤ အဓိစိတ္တံ–ဟူသော အဗျယီဘောသမာသ်ပုဒ်၌–
စိတ္တံ–ဟူသော ဝိသေသန ပုဒ်၏အရကား–စိတ်ဒြပ်သည် မုချအားဖြင့်ရ၏။

(ခ) ထိုစိတ်ဒြပ်၏+စွဲ၍ဖြစ်သောတရားတို့နှင့် အကြောင်း+အကျိုး၊ ဂုဏ်+ ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။

(ဂ) အဓိစိတ္တံ–ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချ + ဌာနူပစာတို့ဖြင့် မှတ်အပ်သော စိတ်ကို စွဲ၍ဖြစ်သောတရားတို့ရ၏။

## ၃။ တတိယာအဗျယီဘော

ကောကိလာယ အဝကုဋ္ဌံ အဝကောကိလံ။ (ရူ၊ ၁၉၈။)

(က) ကောကိလာ–အရ ဥဩမဒြပ်သည် မုချ။

(ခ) ထို–၏+စွန့်အပ်သော တောဒြပ်နှင့် ဌာနီ+ဌာန၊ ပဟာယက+ပဟာတဗ္ဗစပ်–ဌာနူ။

(ဂ) ပုဒ်လုံးအရကား ဥဩမသည် စွန့်ပစ်အပ်သော တောဒြပ်ရ၏။

## ၄။ စတုတ္ထီအဗျယီဘော

ကမသ္သ အနုရူပံ ယထာက္ကမံ။

အစဉ်၏ + အနုရူပဘောဂုဏ်နှင့် ဂုဏီ+ဂုဏ်–စပ်။

## ၅။ ပဥ္စမီအဗျယီဘော

ဝါနတော နိက္ခန္တံ နိဗ္ဗာနံ။

တဏှာ၏+နိဗ္ဗာန်နှင့် အပါဒါန် + အပါဒါနီ၊ ဝိသေသန + ဝိသေသျစပ်။

## ၆။ ဆဋ္ဌီအဗျယီဘော

နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ ဥပနဂရံ။

နဂရ–အရ မြို့ဒြပ်၏ + စကားဒြပ်နှင့် သမီပီ+သမီပ–စပ်။

## ၇။ သတ္တမီအဗျယီဘော

ကုမာရီသု အဓိကိစ္စ ပဝတ္တတိ ကထာဣတိ အဓိကုမာရိ။

သတိုးသမီးဒြပ်၏+စွဲ၍ဖြစ်သောစကားဒြပ်နှင့် ဌာန+ဌာနီ–စပ်။

## ၂။ ကမ္မဓာရယ်သမာသ် သဘောလက္ခဏာနှင့် ဝိဂ္ဂဟပြုနည်း

တူသော အနက်ရှိသည်ဖြစ်၍ ရှေ့ပုဒ်, နောက်ပုဒ်တို့၌ ပဌမာဝိဘတ်ကျေသော သမာသ်သည်လည်းကောင်း၊ ရှေ့ပုဒ်, နောက်ပုဒ်တို့၌ ပဌမာဝိဘတ်ကျေ၍ စ–သဒ္ဒါ နှစ်လုံး, တ–သဒ္ဒါတို့ဖြင့် မှတ်အပ်သော သမာသ်သည်လည်းကောင်း ကမ္မဓာရယ် သမာသ်မည်၏။

http://www.dhammadownload.com



ပြယုဂ်ကား– မဟန္တော + ပုရိသော မဟာပုရိသော။

မဟန္တော စ+သော+ပုရိသော စာတိ မဟာပုရိသော–စသည်တည်း။

ယင်းကမ္မဓာရယ်သမာသ်ပုဒ်ကို ဝိဂ္ဂဟပြုသည့်အခါ–

ရှေ့ပုဒ်, နောက်ပုဒ်နှစ်ခုလုံး၌ ပဌမာဝိဘတ်ချည်းသာထားရသည်။ နိပ္ဖန္နပုဒ်၌ကား နောက်ပုဒ်၏ လိင်+ဝုစ် အတိုင်းသာ လိင်+ဝုစ်ထားရသည်။

စ–သဒ္ဒါနှစ်လုံး တ–သဒ္ဒါတို့ဖြင့် ဝိဂြိုဟ်ပြုရာ၌ တ–သဒ္ဒါကို ရှေ့ပုဒ်၏ လိင်+ဝုစ်အတိုင်းသာ ထားရသည်။

♠ ရှေ့ပုဒ်လိင်သာ၊ တ–သဒ္ဒါ၊ ထားရာ ကမ္မဓာရယ်သဘောတည်း။ (ကြီး၊၁၉၄။)

## ကမ္မဓာရယ်သမာသ် (၉)မျိုး

ကမ္မဓာရယ်သမာသ်သည် ဝိသေသလက္ခဏာအားဖြင့် ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်, ဝိသေသနပရပဒ (ဝိသေသနုတ္တရပဒ)ကမ္မဓာရယ်, ဝိသေသနောဘယပဒ ကမ္မဓာရယ်, ဥပမာကမ္မဓာရယ်, သမ္ဘာဝနာကမ္မဓာရယ်, အဝဓာရဏာကမ္မဓာရယ်, ကုနိပါတ ပုဗ္ဗပဒကမ္မဓာရယ်, နနိပါတပုဗ္ဗပဒကမ္မဓာရယ်, ပါဒိပုဗ္ဗပဒကမ္မဓာရယ်အားဖြင့် (၉)ပါး အပြားရှိ၏။ ထိုတွင်–

### ၁။ ဝိသေသနပုဗ္ဗပဒကမ္မဓာရယ်

ဝိသေသနပုဒ်ရှေးရှိသော ကမ္မဓာရယ်သမာသ်သည် ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်မည်၏။

ပြယုဂ်ကား– မဟန္တော + ပုရိသော မဟာပုရိသော။

မဟန္တော စ + သော + ပုရိသော စာတိ မဟာပုရိသော–ဟူသည်တည်း။

### ဉာဏ်ကောက်ပုံ

ဤမဟာပုရိသော–ဟူသော ဝိသေသနပုဗ္ဗပဒကမ္မဓာရယ်သမာသ်၌–

(က) မဟန္တ–ဟူသော ဝိသေသပုဒ်၏အရကား– မြတ်သော သီလ, သမာဓိစသောဂုဏ်သည် မုချအားဖြင့် ရ၏။

(ခ) ထို၏+ယောကျ်ားဒြဗ်နှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

(ဂ) ပုဒ်လုံးအရကား မြတ်သောယောကျ်ားဒြဗ်ရ၏။

### ၂။ ဝိသေသနုတ္တရပဒကမ္မဓာရယ်

သာရိပုတ္တော စ + သော + ထေရော စာတိ သာရိပုတ္တတ္ထေရော။

(က) ထေရ–ဟူသော ဝိသေသနပုဒ်၏အရကား သီလ, သမာဓိ–စသော ဂုဏ်တို့ဖြင့် မြဲမြံနိုင်ခံ့သည်၏အဖြစ်တည်းဟူသော (ထိရဘော)ဂုဏ်သည် မုချ။

(ခ) ထို–၏+အရှင်သာရိပုတ္တရာဒြဗ်နှင့် ဂုဏ်+ဂုဏေးစပ်– ဌာနူ။

(ဂ) ပုဒ်လုံးအရကား–သာရိပုတ္တရာမထေရ်ဒြဗ်ရ၏။

http://www.dhammadownload.com



### လေ့ကျင့်ရန်ပုံစံများ

မောဂ္ဂလ္လာနတ္ထေရော၊ ဗုဒ္ဓဃောသာစရိယော၊ မဟောသဓပဏ္ဍိတော၊ ဝိဓုရပဏ္ဍိတော။

✔ ဝိသေသနုတ္တရပဒေ ဒိန္နာဝစနာနုပရောစတော ထေရာစရိယပဏ္ဍိတာဒိ ဝိသေသနံ ပရဥ ဘဝတိ။ (ရူ။ ၁၈၆။)

### ၃။ ဝိသေသနောဘယပဒကမ္မဓာရယ်

သဏှာဉ္စ + တံ + သုခုမဉ္စာတိ သဏှသုခုမံ။ (ဝတ္ထု)

(က) သဏှ,သုခုမ–ဟူသော ဝိသေသနပုဒ်တို့၏အရကား နူးညံ့သည်၏ အဖြစ် ဟူသော သဏှဘောဂုဏ်၊ သိမ်မွေ့သည်၏အဖြစ်တည်းဟူသော သုခုမဘော ဂုဏ်သည် မုချ။

(တစ်နည်း) သဏှ–အရ သဏှဘောဂုဏ်သည် မုချ။
သုခုမ–အရ သုခုမဘောဂုဏ်သည် မုချ။

(ခ) ထိုဂုဏ်နှစ်ပါးတို့၏+တစ်စုံတစ်ခုသော ဝတ္ထုနှင့် ဂုဏ်+ဂုဏော–စပ်။

(ဂ) ပုဒ်လုံးအရကား နူးညံ့သိမ်မွေ့သော(တစ်စုံတစ်ခုသော)ဝတ္ထုရ၏။

### လေ့ကျင့်ရန်ပုံစံများ

သဏှော စ + သော + သုခုမော စာတိ သဏှသုခုမော။ (ပုရိသော)
သဏှာ စ + သာ + သုခုမာ စာတိ သဏှသုခုမာ။ (ကညာ)
သီတဉ္စ + တံ + ဥဏှဉ္စာတိ သီတုဏှံ။ (သေနာသနံ)
အန္ဓော စ + သော +' ဗဓိရော စာတိ အန္ဓဗဓိရော။ (ပုဂ္ဂလော)

### ၄။ ဥပမာကမ္မဓာရယ် (ဥပမာနုတ္တရပဒကမ္မဓာရယ်)

(သီဟော ဝိယာတိ သီဟော။)
မုနိ စ + သော + သီဟော စာတိ မုနိသီဟော။

(က) သီဟ–ဟူသော ဝိသေသနပုဒ်၏အရကား ခြင်္သေ့နှင့်တူသည်၏ အဖြစ်တည်း ဟူသော သဒိသဘောဂုဏ်သည် မုချ။

(ခ) ထို–၏+ဘုရားဒြပ်နှင့် သဒိသ+သဒိသီ–စပ် ဌာနူ။

(ဂ) ပုဒ်လုံးအရကား ခြင်္သေ့နှင့်တူသော မြတ်စွာဘုရားရ၏။

### လေ့ကျင့်ရန်ပုံစံများ

မုနိဝသဘော၊ မုနိပုင်္ဂဝေါ၊ ဗုဒ္ဓနာဂေါ၊ ဗုဒ္ဓါဒိစ္စော၊ သဒ္ဓမ္မရံသိ၊ ဝိနယသာဂရော၊ မုခစန္ဒော။

✔ ဥပမာနုတ္တရပဒေ အဘိဓာနာနုရောစတော ဥပမာနဘူတံ ဝိသေသနံ ပရံ ဘဝတိ။(ရူ။ ၁၈၆။)

http://www.dhammadownload.com



## ၅။ သမ္ဘာဝနာကမ္မဓာရယ်

ချီးမြှောက်ခြင်းအနက်ကိုဟောသော ဣတိ, ဟုတွာ, သင်္ခါတ–စသော သဒ္ဒါကျေသော ကမ္မဓာရယ်သမာသ်သည် သမ္ဘာဝနာကမ္မဓာရယ်သမာသ်မည်၏။

ပြယုဂ်ကား– အနိစ္စာ ဣတိ + သညာ အနိစ္စသညာ။

(က) အနိစ္စ–အရ ခန္ဓာငါးပါး၏ မမြဲခြင်းအနိစ္စဘောဂုဏ်သည် မုချ။

(ခ) ထို–၏+သညာဒြဗ်နှင့် ဂုဏ်+ဂုဏေး–စပ် ဥာနူ။

(ဂ) ပုဒ်လုံးအရကား အနိစ္စ–ဟူ၍ဖြစ်သော သညာ (ဝါ) အနိစ္စသညာရ၏။

ဟေတု + ဟုတွာ + ပစ္စယော ဟေတုပစ္စယော။

(က) ဟေတု–အရ ဟိတ်ခြောက်ပါးသည် မုချ။

(ခ) ထို–၏+ကျေးဇူးပြုတတ်သောတရားနှင့် ဂုဏ်+ဂုဏေး–စပ် ဥာနူ။

(ဂ) ပုဒ်လုံးအရကား ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရားရ၏။

### လေ့ကျင့်ရန်ပုံစံများ

ယ–ကာရသင်္ခါတော + အာဒေသော ယကာရာဒေသော။
ဧ–ဘူတော + ကာရော ဧကာရော။ ဓမ္မော–ဣတိ + ဗုဒ္ဓိ ဓမ္မဗုဒ္ဓိ။
ဇဝံ ဓမ္မသညာ၊ အသုဘသညာ၊ အတ္တဒိဋ္ဌိ။ (ရူ။ ၁၈၇။)

♠ ဟုတွာ–သင်္ခါတ၊ ဘူတ တစ်ထွေ၊ ဧဝ–ဣတိ၊ သဒ္ဒါရှိက၊ မှတ်ဘိ သမ္ဘာဝနာ၊ ကမ္မဓာရယာ။

## ၆။ အဝဓာရဏကမ္မဓာရယ်

ပိုင်းခြားခြင်း (တားမြစ်ခြင်း)အနက်ကို ဟောသော ဧဝ–သဒ္ဒါကျေသော ကမ္မဓာရယ်သမာသ်သည် အဝဓာရဏကမ္မဓာရယ်သမာသ်မည်၏။

ပြယုဂ်ကား– ဂုဏော ဧဝ + ဓနံ ဂုဏဓနံ။

(က) ဂုဏ–အရ သီလ, သမာဓိ–စသောဂုဏ်သည် မုချ။

(ခ) ထို–၏+ဥစ္စာဒြဗ်နှင့် ဂုဏ်+ဂုဏေး–စပ် ဥာနူ။

(ဂ) ပုဒ်လုံးအရကား သီလ, သမာဓိ–စသော ဂုဏ်သာလျှင်ဖြစ်သော ဥစ္စာ–ရ၏။

### လေ့ကျင့်ရန်ပုံစံများ

သဒ္ဓါဓနံ၊ သီလဓနံ၊ ပညာဓနံ၊ စက္ခုမေဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ၊ စက္ခာယတနံ၊ စက္ခုဓာတု၊ စက္ခုဒွါရံ၊ ရူပါရမ္မဏံ–စသည်တည်း ။

မှတ်ချက်။ ။ ဧဝ–သဒ္ဒါ သန္နိဋ္ဌာနအနက်ရှိလျှင် သမ္ဘာဝနာကမ္မဓာရယ်မှတ်။
ဧဝ–သဒ္ဒါ နိဝတ္တာပနအနက်ရှိလျှင်အဝဓာရဏကမ္မဓာရယ်မှတ်။
သမ္ဘာဝနာ ဧဝ–ကို "သည်ပင်"ဟု အနက်ပေး။
အဝဓာရဏ ဧဝ–ကို "သည်သာ"ဟု အနက်ပေး။
ဤသို့ထူးခြားပုံကို သတိပြုပါ။

http://www.dhammadownload.com



## ၇။ ကု–နိပါတပုဗ္ဗပဒကမ္မဓာရယ်

ကု–နိပါတ်ပုဒ်ရှေ့ရှိသော ကမ္မဓာရယ်သမာသ်သည် ကု–နိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်မည်၏။

ပြယုဂ်ကား– ကုစ္ဆိတော + ပုတ္တော ကုပုတ္တော။

(က) ဤ–၌ ကု–နိပါတ်ပုဒ်အရကား ကုစ္ဆိတဘောဂုဏ်သည် မုချ။

(ခ) ထို–၏+သားဒြဗ်နှင့် ဂုဏ်+ဂုဏော–စပ် ဌာန။

(ဂ) ပုဒ်လုံးအရကား စက်ဆုတ်အပ်သော သားဒြဗ်ရ၏။

### လေ့ကျင့်ရန်ပုံစံများ

ကုစ္ဆိတံ+အန္နံ ကဒန္နံ၊ ကဒသနံ၊ ကုဒါရာ၊ ကုဒါသာ၊ ကုဒိဋ္ဌိ၊ အပ္ပကံ လဝဏံ ကာလဝဏံ၊ ဓဝံ ကာပုပ္ဖံ၊ ကုစ္ဆိတော ပုရိသော ကာပုရိသော၊ ကုပုရိသော ဝါ။(ရူ။ ၁၈၉)

## ၈။ န–နိပါတပုဗ္ဗပဒကမ္မဓာရယ်

န–နိပါတ်ပုဒ်ရှေ့ရှိသော ကမ္မဓာရယ်သမာသ်သည် န–နိပါတပုဗ္ဗပဒကမ္မ ဓာရယ်သမာသ်မည်၏။

ပြယုဂ်ကား– န + ဗြာဟ္မဏော အဗြာဟ္မဏော။

(က) ဤပြယုဂ်၌ န–ဟူသော ဝိသေသနပုဒ်၏အရကား ပဋိသေဓ–အနက်ကို အဦးမူ၍ သဒိသဘောဂုဏ်သည် မုချ။

(ခ) ထို–၏+ပုဏ္ဏားတုဒြဗ်နှင့် ဂုဏ်+ဂုဏော–စပ် ဌာန။

(ဂ) ပုဒ်လုံးအရကား ပုဏ္ဏားနှင့်တူသူ (ပုဏ္ဏားတု)ဒြဗ်ရ၏။

မှတ်ချက်။ ။ န–နိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဉာဏ်ကောက်ရာ၌ အတ္ထက္ကမအတိုင်း မကောက်ရ၊ ဝိသေသနဖြစ်သော န–နိပါတ်ပုဒ်ကစ၍ ကောက်ရသည်။ န–နိပါတ်ပုဒ်အရကောက်ရာ၌ န–သဒ္ဒါသည် တဗ္ဗာဝအနက်မှတစ်ပါး အခြားအနက် တစ်မျိုးမျိုးကို ဟောနေလျှင်"ပဋိသေဓအနက်ကို အဦးမူ၍ သဒိသဘောဂုဏ်ရ၏" စသည်ဖြင့် "ပဋိသေဓအနက်ကို အဦးမူ၍"ဟူသော စကားရပ်ကို ထည့်သွင်း ကောက်ရသည်။

### လေ့ကျင့်ရန်ပုံစံများ

အဿမဏော၊ အနယော၊ အနရိယော၊ အနိဿရော။

အမှာ။ ။ န–နိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဉာဏ်ကောက်ရာ၌ န–နိပါတ်ပုဒ်အရ လွယ်ကူစွာကောက်နိုင်ရန် အောက်ပါ အတ္ထုဒ္ဓါရပြဂါထာကို ကျက်မှတ်ပြီး ပုံစံအသီးသီး ဉာဏ်ကောက်ပုံကို လေ့လာမှတ်သားပါ။

### န–အတ္ထုဒ္ဓါရ

ပဋိသေဓေ ဝုဒ္ဓိတဗ္ဗာဝေ၊ အညတ္တေ သဒိသေပိ စ။

ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟ'ပ္ပကေ။

http://www.dhammadownload.com



ဝိရုဒ္ဓ(ပဋိပက္ခ)ပုံစံ ။ ။ န + လောဘော အလောဘော။

(က) န–အရ ပဋိသေဓအနက်ကိုအဦးမူ၍ ပဋိပက္ခဘောဂုဏ်သည် မုချ။

(ခ) ထို–၏+အလောဘနှင့် ဂုဏ်+ဂုဏော–စပ် ဠာနူ။

(ဂ) ပုဒ်လုံးအရကား အလောဘ–ရ၏။

လေ့ကျင့်ရန်ပုံစံများ။ ။ အကုသလာ၊ အမိတ္တော၊ အဒေါသော၊ အမောဟော။

ဝုဒ္ဓိပုံစံ။ ။ န + ဖလံ အဖလံ။ (ဖလာဖလ–ပုဒ်မှ)

(က) န–အရ ပဋိသေဓအနက်ကို အဦးမူ၍ ဝုဒ္ဓိဘောဂုဏ်သည် မုချ။

(ခ) ထို–၏+သစ်သီးကြီးနှင့် ဂုဏ်+ဂုဏော–စပ် ဠာနူ။

(ဂ) ပုဒ်လုံးအရကား သစ်သီးကြီးရ၏။

အညတ္ထပုံစံ။ ။ န + ဗျာကတာ အဗျာကတာ။

(က) န–အရကား ပဋိသေဓအနက်ကို အဦးမူ၍ အညဘောဂုဏ်သည် မုချ။

(ခ) ထို–၏+ ဝိပါက်, ကြိယာ, ရုပ်တရားတို့နှင့် ဂုဏ်+ဂုဏော–စပ် ဠာနူ။

(ဂ) ပုဒ်လုံးအရကား (ကုသိုလ်, အကုသိုလ်မှ တစ်ပါးသော) ဝိပါက်, ကြိယာ, ရုပ်တရား–ဟု ဆိုအပ်သော (အဗျာကတ)တရားတို့ရ၏။

တဗ္ဘောပုံစံ။ ။ (ဝဇ္ဇိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။) ဝဇ္ဇမေဝ အဝဇ္ဇံ။

(က) န–အရ တဗ္ဘာဝဝါစကဘောဂုဏ်သည် မုချ။

(ခ) ထို–၏+အပြစ်ဒြပ်နှင့် ဂုဏ်+ဂုဏော–စပ် ဠာနူ။

(ဂ) ပုဒ်လုံးအရကား အပြစ်ဒြပ်ရ၏။

## ၉။ ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်

ပ–အစရှိသော ဥပသာရရှေးရှိသော ကမ္မဓာရယ်သမာသ်သည် ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်မည်၏။

ပြယုဂ်ကား– ပကဌံ + ဝစနံ ပါဝစနံ။

(က) ပ–အရကား ပကဋ္ဌဘောဂုဏ်သည် မုချ။

(ခ) ထို–၏ + စကားဒြပ်နှင့် ဂုဏ်+ဂုဏော–စပ် ဠာနူ။

(ဂ) ပုဒ်လုံးအရကား ပြဋ္ဌာန်းသော စကားတော်ဒြပ်ရ၏။

(ဝါ) ပါဠိတော် စကားရ၏။

### လေ့ကျင့်ရန်ပုံစံများ

ပဓာနံ ဝစနံ ပါဝစနံ၊ သမံ, သမ္မာ ဝါ အာဓာနံ သမာဓာနံ၊ ဝိဝိဓာ မတိ ဝိမတိ၊ ဝိဝိဓော ကပ္ပေါ ဝိကပ္ပေါ၊ အဓိကော ဒေဝေါ အတိဒေဝေါ၊ ဓဝံ အဓိဒေဝေါ၊ အဓိသီလံ၊ အဓိစိတ္တံ၊ အဓိပညာ၊ သုန္ဒရော ဂန္ဓော သုဂန္ဓော၊ ကုစ္ဆိတော ဂန္ဓော ဒုဂ္ဂန္ဓော၊ သောဘနံ ကတံ သုကတံ၊ အသောဘနံ ကတံ ဒုက္ကဋံ။ (ရူ။၁၈၉၊၁၉၀။)

http://www.dhammadownload.com



## ၁၀။ တပ္ပုရိသဝုတ္တိကမ္မဓာရယ်သမာသ်

ပြယုဂ်ကား– သုတ္တမေဝ သုတ္တန္တံ။

(က) သုတ္တ–အရ သုတ္တန်ပိဋကတ်ဒြဗ်ရ၏။

( ခ ) အန္တ–ဟူသော နောက်ပုဒ်၏ အနက်မရှိခြင်းကြောင့် သုတ္တန္တ–ဟူသော သမာသ် ပုဒ်လုံးအရလည်း သုတ္တန်ပိဋကတ်ပင်ရ၏။

လေ့ကျင့်ရန်ပုံစံ။ ။ ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ၊ သိပ္ပမေဝ သိပ္ပါယတနံ–စသည်။

## ၃။ ဒိဂုလက္ခဏာနှင့် ဝိဂ္ဂဟကြံနည်း

ရှေ့ပုဒ်, နောက်ပုဒ်၌ ပဌမာဝိဘတ်ကျေ၍ သချ်ာရှေ့ရှိသော သမာသ်သည် ဒိဂုသမာသ်မည်၏။ ယင်းဒိဂုသမာသ်သည်လည်း–

၁။ သမာဟာရဒိဂု၊ ၂။ အသမာဟာရဒိဂု–အားဖြင့် နှစ်ပါးရှိ၏။ ထို–တွင်

၁။ နပုံးကေတ်ငဲ့၍ ဧကဝုစ်ဝိဘတ်အဆုံးရှိသော ဒိဂုသည် သမာဟာရဒိဂုမည်၏။

ပြယုဂ်ကား– တယော + လောကာ တိလောကံ။

၂။ နပုံးကေတ်မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ်အဆုံးရှိသောဒိဂုသည် အသမာဟာရဒိဂု မည်၏။

ပြယုဂ်ကား–ပဉ္စ + ဣန္ဒြိယာနိ ပဉ္စိန္ဒြိယာနိ–တည်း။ (ပုဒ်စစ်။၁၀၈။ သုဓမ္မဝတီ)

ဒိဂုသမာသ်ကို ဝိဂ္ဂဟပြုသောအခါ–

- ✔ ရှေ့ပုဒ်, နောက်ပုဒ်နှစ်ခုလုံး၌ ပဌမာဝိဘတ် ချည်းထားရသည်။
- ✔ သမာဟာရဒိဂု၌ နိပ္ဖန္နကို နပုလ္လိင်ဧကဝုစ်ချရသည်။
- ✔ အသမာဟာရ ဒိဂု၌ကား လိင်သုံးပါး, ဝုစ်နှစ်ပါး ချနိုင်သည်။

[ ဒိဂုသမာသ်သည် ကမ္မဓာရယသမာသ်မျိုးပင်ဖြစ်သည်၊ ရှေ့ပုဒ်, နောက်ပုဒ် တုလျာဓိ–ကရဏဖြစ်ရသည်၊ သချ်ာရှေ့ရှိသောကြောင့်သာ ဒိဂု–ဟူသော အမည်ထူးကို ရခြင်းဖြစ်သည်။ ထို့ကြောင့်– ဉာဏ်ကောက်သည့်အခါ ဂုဏ်+ဂုဏီ၊ သချ်ာ+သချေ်ယျစပ်၍ ကောက်ရသည်။]

♠ အဇ္ဈယီနှင့်၊ ဒိဂုသမာသ်၊ နပုလ္လိင်–ဟု အမြဲမှတ်။ (ကြီး။၁၈၉။)

♠ အသမာဟာရ၊ ဒိဂုကျသော်၊ ဝုစ်ကားနှစ်ပါး၊ လိင်သုံးပါးပင်၊ နေပြား ရှိကောင်းရာသတည်း။ (ကြီး။၁၉၇။)

ပြယုဂ်ကား– တယော + လောကာ တိလောကံ။

(က) တိ–အရကား– သုံးပါးဟုဆိုအပ်သော ရေတွက်ခြင်းသချ်ာသည် မုချ။

( ခ ) ထို–၏+လူဒြပ်နှင့် ဂုဏ်+ဂုဏီ၊ သချ်ာ+သချေ်ယျ–စပ် ဌာနူ။

( ဂ ) ပုဒ်လုံးအရကား – လူသုံးပါးရ၏။

## လေ့ကျင့်ရန်ပုံစံများ

တိဒဏ္ဍံ၊ တိမလံ၊ တိလက္ခဏံ၊ စတုသစ္စံ၊ စတုဒ္ဒိသံ၊ တိဘဝံ၊ ပဉ္စသိက္ခာပဒံ၊ သဠာယတနံ၊ သတ္တာဟံ၊ အဋ္ဌသီလံ၊ နဝလောကုတ္တရံ၊ ဒသသီလံ၊ သတယောဇနံ၊

http://www.dhammadownload.com



ဒွေ ရတ္တိယော ဒွိရတ္တံ၊ တိရတ္တံ၊ ဒွေ အင်္ဂုလိယော ဒွင်္ဂုလံ။ အသမာဟာရဒိဂု ယထာ-ကော စ သော ပုဂ္ဂလော စာတိ ကေပုဂ္ဂလော၊ ဧဝံ ကေဓမ္မော၊ ကေပုတ္တော၊ တယော ဘဝါ တိဘဝါ၊ စတုဒ္ဒိသာ၊ ဒသသဟဿစက္ကဝါဠာနိ။ (ရူ။ ၁၉၂။)

## ၄။ တပ္ပုရိသ်သမာသ် သဘောလက္ခဏာနှင့် ဝိဂ္ဂဟပြုနည်း

ရှေ့ပုဒ်, နောက်ပုဒ်၌ ပဌမာဝိဘတ်ကျေ၍ န-သဒ္ဒါ၊ သချာသဒ္ဒါတို့ဖြင့် မှတ်အပ်သော နောက်ပုဒ်အနက်ပြဋ္ဌာန်းသော သမာသ်သည်လည်းကောင်း၊ ယေဘုယျ အားဖြင့် ရှေ့ပုဒ်၌ ဒုတိယာ-စသော ဝိဘတ်ခြောက်သွယ်တို့တွင် တစ်လုံးလုံးကျေ၍ နောက်ပုဒ်၌ ပဌမာဝိဘတ်ကျေသော နောက်ပုဒ်အနက်ပြဋ္ဌာန်းသော သမာသ် သည်လည်းကောင်း တပ္ပုရိသ်သမာသ်မည်၏။

ပြယုဂ်ကား- န + ဗြာဟ္မဏော အဗြာဟ္မဏော။
တယော + လောကာ တိလောကံ။
ဘူမိံ + ဂတော ဘူမိဂတော-စသည်တည်း။

### တပ္ပုရိသ်နှစ်မျိုး

တပ္ပုရိသ်သမာသ်သည်လည်း မိဿကတပ္ပုရိသ်၊ သုဒ္ဓတပ္ပုရိသ်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်-

ကမ္မဓာရယ်, ဒိဂုလက္ခဏာနှင့် ရောသော တပ္ပုရိသ်သမာသ်သည် မိဿက တပ္ပုရိသ်သမာသ်မည်၏။

ကမ္မဓာရယ်, ဒိဂုလက္ခဏာနှင့် မရောသော တပ္ပုရိသ်သမာသ်သည် သုဒ္ဓတပ္ပုရိသ်သမာသ်မည်၏။

### မိဿကတပ္ပုရိသ်သမာသ်နှစ်မျိုး

ထို-တွင် မိဿကတပ္ပုရိသ်သည်လည်း ကမ္မဓာရယမိဿကတပ္ပုရိသ်၊ ဒိဂု မိဿကတပ္ပုရိသ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-

တူသောအနက်ရှိသည်၏ အဖြစ်တည်းဟူသော ကမ္မဓာရယ်လက္ခဏာနှင့် ရောသော မိဿကတပ္ပုရိသ်သည် ကမ္မဓာရယမိဿကတပ္ပုရိသ်မည်၏။

ပြယုဂ်ကား- န + ဗြာဟ္မဏော အဗြာဟ္မဏော-ဟူသည်တည်း။

သချာရှေးရှိသည်၏အဖြစ်တည်းဟူသော ဒိဂုလက္ခဏာနှင့်ရောသော မိဿက တပ္ပုရိသ်သည် ဒိဂုမိဿကတပ္ပုရိသ်မည်၏။

ပြယုဂ်ကား- တယော + လောကာ တိလောကံ-ဟူသည်တည်း။

### သုဒ္ဓတပ္ပုရိသ်(၆)မျိုး

သုဒ္ဓတပ္ပုရိသ်သမာသ်သည်လည်း ဒုတိယာသုဒ္ဓတပ္ပုရိသ် (ပ) သတ္တမီသုဒ္ဓ တပ္ပုရိသ်အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်-

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်လမ်းညွှန်

၁။ ရှေ့ပုဒ်၌ ဒုတိယာဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် ဒုတိယာသုဒ္ဓတပ္ပုရိသ်သမာသ်မည်၏။

ပြယုတ်ကား -ဘူမိံ + ဂတော ဘူမိဂတော။ (ဂစ္ဆတီတိ ဂတော)

(က) ဘူမိ-ဟူသော ဝိသေသနပုဒ်၏အရကား မြေဒြဗ်သည် မုချ။

(ခ) ထိုမြေဒြဗ်၏+သွားတတ်သောသူဒြဗ်နှင့် ဌာန+ဌာနီ-စပ် ဌာနူ။

(ဂ) ပုဒ်လုံးအရကား မြေသို့ သွားတတ်သောသူရ၏။

### ဒုတိယာတပ္ပုရိသ်သမာသ်တွဲစပ်ရာ၌ နောက်ပုဒ်အဖြစ်နေနိုင်သော သဒ္ဒါများ

ဒုတိယာတပ္ပုရိသော ဂတနိဿိတာတီတာတိက္ကန္တပ္ပတ္တာပန္နာဒီဟိ ဘဝတိ။ (ရွှ၁၉၂။)

ယင်းနောက်ပုဒ်သဒ္ဒါတို့ကို များသောအားဖြင့် ကတ္တုသာဓနပြုရသည်။

- ♠ ကတ္တုသာဓန၊ နောက်ပုဒ်ပြု၊ ရှေးကပုဒ်နှင့်၊ ဒုတိယာတွဲမြဲ။ (ကြီး။ ၁၉၉။)
- ♠ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကံဟော အဝုတ္တ၊ ဒုတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓန ကြံစရာ။ (သံဝဏ္ဏနာနိယံ)

### လေ့ကျင့်ရန်ပုံစံများ

သရဏဂတော၊ အရညဂတော၊ ဓမ္မနိဿိတော၊ အတ္ထနိဿိတော၊ ဘဝံ + အတီတော ဘဝါတီတော၊ လောကာတိက္ကန္တံ၊ သုခပ္ပတ္တော၊ ဒုက္ခပ္ပတ္တော၊ သောတာပန္နော၊ နိရောဓသမာပန္နော၊ သဗ္ဗရတ္တိံသောဘဏော။ (ရူ။ ၁၉၃။)

### ကိတန္တဒုတိယာတပ္ပုရိသ်ဉာဏ်ကောက်

ကုမ္ဘံ + ကရောတီတိ ကုမ္ဘကာရော။ (ကုမ္ဘ+ကရ+ဏ။)

(က) ကုမ္ဘ-ဟူသော ဝိသေသနပုဒ်အရကား အိုးဒြဗ်သည် မုချ။

(ခ) ထို-၏+ပြုလုပ်တတ်သောသူနှင့် (ဝါ) ပြုလုပ်ခြင်းကြိယာနှင့် သာဓျ +သာဓက၊ အာရုံ+အာရမ္မဏိက၊ ကမ္မ+ကမ္မီ-စပ် ဌာနူ။

(ဂ) ကရ-ဓာတ်၏အရကား အိုးထိန်းသည်၏ သန္တာန်၌ အိုးကို ပြုလုပ်သော အခြင်းအရာအားဖြင့်ဖြစ်သော သတိ, ဝိရိယပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် မုချ။

(ဃ) ရှေးရှေး၌ဖြစ်သော ယောနိသောမနသိကာရ-စသည်သည် ဖလူပစာအားဖြင့်ရ၏။

(င) နောက်နောက်၌ဖြစ်သော သား, မယားကို လုပ်ကျွေးရခြင်း-စသည်သည် ကာရဏူပစာအားဖြင့်ရ၏။

(စ) ဏ-ပစ္စည်းအရလည်းဖြစ်သော ကုမ္ဘကာရော-ဟူသော သမာသ်ပုဒ်လုံးအရကား ထိုမုချ+ဥပစာတို့ဖြင့် မှတ်အပ်သော အိုးထိန်းသည် ဒြဗ်ရ၏။

### လေ့ကျင့်ရန်ပုံစံများ

ကမ္မံ ကရောတီတိ ကမ္မကာရော၊ အတ္ထကာမော၊ ဓမ္မကာမော၊ ဓမ္မစာရော၊ ဓမ္မဓရော၊ ဝိနယဓရော။ (ရူ။ ၁၉၃။)

http://www.dhammadownload.com



မှတ်ချက်။ ။ ကုမ္ဘကာရော–စသည်ကား ဥပပဒသမာသ်(နိစ္စသမာသ်)တည်း။ ထို့ကြောင့် ကုမ္ဘံ+ကာရော–စသည်ဖြင့် ဝါကျ မရှိကောင်း–ဟုမှတ်။

▶ ဥပပဒသမာသေ ပန ဝုတ္တိယေဝ, တဿ နိစ္စတ္တာ။ (ရူ။ ၁၉၃။)

## သမာသ်မစပ်ကောင်းသော ကိတ်ပစ္စယန္တများ

♠ မာန, အန္တ၊ တုံ, တုနနှင့်၊ တွာနနှင့် တွာ၊ နောက်ပုဒ်ပါမူ၊ ဝါကျသာမှတ်၊ သမာသ်မဖြစ်၊ ဆိုတုံလှစ်၏။ (ကြီး။ ၂၀၃။)

♠ တဝန္တု, တာဝီ, တလီ မာန၊ အန္တ, အာနာ၊ တုံ,တွာ,တုန၊ တွာနသဒ္ဒါ၊ နောက်ပုဒ် ပါမူ၊ န–သဒ္ဒါမှ၊ ကြွင်းပဒနှင့်၊ ဝါကျသာမှတ်၊ သမာသ်မဖြစ်၊ ဆိုတုံလှစ်၏။ (ရူ-ဘာသာဋီ၊ ၁။ ၆၄၀။)

▶ တဝန္တုမာနန္တာဒိကိတန္တေဟိ ဝါကျမေဝ, ဝဝတ္ထိတဝိဘာသာဓိကာရတော၊ ယထာ ဩဒနံ ဘုတ္တဝါ၊ ဓမ္မံ သုဏမာနော၊ ဓမ္မံ သုဏန္တော၊ ကဋံ ကရာနော။ (ရူ။ ၁၉၃။)

## တတိယာတပ္ပုရိသ်

၂။ ရှေ့ပုဒ်၌ တတိယာဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် တတိယာသုဒ္ဓတပ္ပုရိသ်သမာသ်မည်၏။

ပြယုဂ်ကား– ဗုဒ္ဓေန + ဘာသိတော ဗုဒ္ဓဘာသိတော–ဟူသည်တည်း။

(က) ဗုဒ္ဓ–အရ ဘုရားဒြဗ်သည် မုချ။

(ခ) ထို–၏+ဟောအပ်သောတရားနှင့် ဒေသက+ဒေသေတဗ္ဗ–စပ် ဌာနူ။

(ဂ) ပုဒ်လုံးအရကား မြတ်စွာဘုရားသည် ဟောအပ်သော တရားရ၏။

## တတိယာတပ္ပုရိသ်သမာသ်တွဲစပ်သင့်သော နောက်ပုဒ်သဒ္ဒါများ

တတိယာ ကိတကပုဗ္ဗသဒိသသမူနတ္ထကလဟနိပုဏမိဿကသခိလာဒီဟိ။ (ရူ။၁၉၄။)

ကမ္မသာဓနပုဒ်နောက်ရှိရာ၌လည်း များသောအားဖြင့် တတိယာတပ္ပုရိသ် သမာသ်ကြံရသည်။

♠ ကမ္မသာဓန၊ နောက်ပုဒ်ပြ၊ ရှေးကပုဒ်နှင့်၊ တတိယာတွဲမြဲ။ (ကြီး။ ၂၀၀။)

♠ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တား အဝုတ္တ၊ တတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကမ္မ သာဓန ကြံစရာ။ (သံဝဏ္ဏနာနယ)

## လေ့ကျင့်ရန်ပုံစံများ

ဇိနေန + ဒေသိတော ဇိနဒေသိတော၊ သတ္ထာရာ + ဝဏ္ဏိတော သတ္ထုဝဏ္ဏိတော၊ ဝိညူဂရဟိတော၊ ဣဿရကတံ၊ သယံကတံ၊ ရာဇဟတော၊ ရောဂပီဠိတော၊ အဂ္ဂိဒဍ္ဎော၊ သပ္ပဒဋ္ဌော၊ သလ္လဝိဒ္ဓေါ၊ ဣစ္ဆာပကတော၊ သီလသမ္ပန္နော၊ သုခသဟဂတံ၊ ဉာဏသမ္ပ– ယုတ္တံ၊ မိတ္တသံသဂ္ဂေါ၊ ပိယဝိပ္ပယောဂေါ၊ မာသပုဗ္ဗော၊ မာတုသမော၊ ပိတုသဒိသော၊ ဧကူနဝီသတိ၊ သီလဝိကလော၊ အသိကလဟော၊ ဝါစာနိပုဏော၊ ယာဝကာလိက– သမ္မိဿံ၊ ဝါစာသခိလော၊ ပုညတ္ထိကော၊ ဂုဏာဓိကော၊ ဓာတိယာ အန္ဓော ဓစ္ဆန္ဓော၊ ပကတိယာ မေဓာဝီ ပကတိမေဓာဝီ။ (ရူ။ ၁၉၄။)

http://www.dhammadownload.com



## ကိတ္တကတတိယာတပ္ပုရိသ်ပုံစံ

ဥရေန ဂစ္ဆတီတိ ဥရဂေါ။ ပါဒေန ပိဝတီတိ ပါဒပေါ။ (ရူ။ ၁၉၄။)

## မဇ္ဈေလောပီတတိယာတပ္ပုရိသ်ပုံစံ

အသေန + ယုတ္တော + ရထော အဿရထော။

(က) အဿ–အရ မြင်းဖြစ်သည် မှချ။

(ခ) ထို–၏+ကသော ရထားဖြစ်နှင့် ဝိသေသန+သျ–စပ် ဌာန။

(ဂ) ပုဒ်လုံးအရကား မြင်းဖြင့် ကသော ရထားရ၏။

မှတ်ချက်။ ။ မဇ္ဈေလောပသမာသ်မျိုး၌ မဇ္ဈေလောပပုဒ်၏အနက်ကို ၎င်း၏စပ်ရာ နောက်ပုဒ်၌ ထည့်၍ ကောက်ရသည်ဟုမှတ်။

## လေ့ကျင့်ရန်ပုံစံများ

ဂုဠေန + သံသဋ္ဌော + ဩဒနော ဂုဠောဒနော၊ ခီရောဒနော၊ မဂ္ဂစိတ္တံ၊ ဓမ္မုယျာ + ပဉ္စာတော + လက္ခိတော ဒီပေါ ဓမ္မုဒီပေါ၊ ဧကေန + အဓိကာ + ဒသ ဧကာဒသ။ (ရူ၊ ၁၉၄။)

## စတုတ္ထီတပ္ပုရိသ်

၃။ ရှေ့ပုဒ်၌ စတုတ္ထီဝိဘတ်ကျေသော (ပ) စတုတ္ထီတပ္ပုရိသ်သမာသ်မည်၏။

ပြယုဂ်ကား– ကထိနဿ + ဒုဿံ ကထိနဒုဿံ–ဟူသည်တည်း။

(က) ကထိန–အရ ကထိန်အကျိုးသည် မှချ။

(ခ) ထို–၏+ဆောင်အပ်သောပုဆိုးနှင့် အကျိုး+အကြောင်း–စပ် ဌာန။

(ဂ) ပုဒ်လုံးအရကား ကထိန်အကျိုးငှါ ဆောင်အပ်သော ပုဆိုး (ဝါ) ကထိန်လျာ ပုဆိုးရ၏။

## စတုတ္ထီတပ္ပုရိသ်သမာသ်တွဲစပ်သင့်သော နောက်ပုဒ်သဒ္ဒါများ

► စတုတ္ထီ တဒတ္ထအတ္ထဟိတဒေယျာဒီဟိ။ (ရူ။ ၁၉၅။)

မှတ်ချက်။ ။ ကာရကသမ္ပဒါန်အခဏ်းလာ သမ္ပဒါန်ငဲ့သော ပုဒ်များကို ယင်း၏ ရှေးပုဒ်များနှင့် စတုတ္ထီတပ္ပုရိသ်သမာသ်တွဲစပ်ရသည်မှတ်။

## လေ့ကျင့်ရန်ပုံစံများ

ယာဂုယာ အတ္ထာယ + တဏ္ဍုလာ ယာဂုတဏ္ဍုလာ။

(က) ယာဂု–အရ ယာဂုသည် မှချ။

(ခ) ထို–၏+ဆန်တို့နှင့် အကျိုး+အကြောင်း၊ ဝိကာရ+ဝိကာရီ–စပ် ဌာန။

(ဂ) ပုဒ်လုံးအရကား ယာဂုအကျိုးငှါ(ဆောင်အပ်သော)ဆန်တို့ရ၏။

ဗုဒ္ဓဿ + ဒေယျံ ဗုဒ္ဓဒေယျံ။ (ပဋိဂ္ဂါဟက+ပဋိဂ္ဂါဟေတဗ္ဗ–စပ်။)

သံဃဿ အတ္ထာယ + ဘတ္တံ သံဃဘတ္တံ၊ အာဂန္တုကဘတ္တံ၊ ဂမိကဘတ္တံ၊ လောကဿ + ဟိတော လောကဟိတော၊ သံဃဒေယျံ။ (ရူ၊ ၁၉၅။)

http://www.dhammadownload.com



## သမ္ဗန္ဒါနိ်ငဲ့သော်လည်း စတုတ္ထီတပ္ပုရိသ် မစပ်သင့်သောပုဒ်များ

▶ ဣဓ န ဘဝတိ သံဃဿ ဒါတဗ္ဗံ သံဃဿ ဒါတုံ ဣစ္စာဒိ။ (ရူ၊ ၁၉၅။)

▶ "သံဃဿ ဒါတဗ္ဗံ သံဃဿ ဒတ္တာ သံဃဿ ဒဒန္တော"တိအာဒီသု အနဘိဓာနတော သာပေက္ခတာယ စ သမာသော န ဟောတိ။ (ရူ၊ဋီ။)

## ပဥ္စမီတပ္ပုရိသ်

၄။ ရှေ့ပုဒ်၌ ပဥ္စမီဝိဘတ်ကျေသော (ပ) ပဥ္စမီတပ္ပုရိသ်သမာသ်မည်၏။
ပြယုဂ်ကား– မေထုနာ + အပေတော မေထုနာပေတော–ဟူသည်တည်း။

(က) မေထုန–အရ မေထုန်အမှုသည် မှချ။
(ခ) ထို–၏+ကင်းသော သူဖြစ်နှင့် အပါဒါန်+အပါဒီ–စပ် ဌာနူ။
(ဂ) ပုဒ်လုံးအရကား မေထုန်အမှုကင်းသော သူဖြစ်ရ၏။

## ပဥ္စမီတပ္ပုရိသ်သမာသ်တွဲစပ်သင့်သော နောက်ပုဒ်သဒ္ဒါများ

▶ ပဥ္စမီ အပဂမနဘယဝိရတိမောစနတ္ထာဒီဟိ။ (ရူ၊ ၁၉၅။)

မှတ်ချက်။ ။ ကာရကအပါဒါန်အခဏ်းလာ အပါဒါန်ကို ငဲ့သောပုဒ်များကို ယင်း၏ ရှေ့ပုဒ်များနှင့် ပဥ္စမီတပ္ပုရိသ်သမာသ်တွဲစပ်ရသည်။

## လေ့ကျင့်ရန်ပုံစံများ

ပလာပါပဂတော (ဖွဲ့အဖျင်းတို့မှ ကင်းသော စပါး)၊ နဂရနိဂ္ဂတော၊ ပိဏ္ဍပါတ–ပဋိက္ကန္တော (ဆွမ်းခံရွာမှ ဖဲခွာသောရဟန်း)၊ ဂါမနိက္ခန္တံ (ဝန်)၊ ရုက္ခဂ္ဂါ + ပတိတော ရုက္ခဂ္ဂပတိတော။ သာသနစုတော (သာသနာတော်မှရွေ့လျောသူ)၊ အာပတ္တိဝုဋ္ဌာနံ (အာပတ်မှထခြင်း)၊ သဗ္ဗဘဝေဟိ + နိဿဋော သဗ္ဗဘဝနိဿဋော (ရဟန္တာ)၊ ရာဇတော + ဘယံ ရာဇဘယံ (မင်းကြောင့်ဖြစ်သော ဘေး)၊ စောရဘယံ၊ အမနုဿဘယံ၊ ပါပဘီတော၊ ပါပဘီရုကော၊ အကတ္တဗ္ဗတော + ဝိရတိ အကတ္တဗ္ဗဝိရတိ (မကောင်းမှုမှ ရှောင်ကြဉ်ခြင်း)၊ ကာယဒုစ္စရိတဝိရတိ၊ ဗန္ဓနမုတ္တော (ထန်းသီး)၊ ဗန္ဓနမောက္ခော (အနှောင်အဖွဲ့မှ လွတ်သူ)။

## ဆဋ္ဌီတပ္ပုရိသ်

၅။ ရှေ့ပုဒ်၌ ဆဋ္ဌီဝိဘတ်ကျေသော (ပ) ဆဋ္ဌီတပ္ပုရိသ်သမာသ်မည်၏။
ပြယုဂ်ကား– ရညော + ပုတ္တော ရာဇပုတ္တော–ဟူသည်တည်း။

(က) ရာဇ–အရကား မင်းဖြစ်သည်မှချ။
(ခ) ထို–၏ + သားဖြစ်နှင့် ဇနက+ဇည–စပ် ဌာနူ။
(ဂ) ပုဒ်လုံးအရကား မင်းသားဖြစ်ရ၏။

http://www.dhammadownload.com



# ဝိဂ္ဂဟနှင့် ဉာဏ်ကောက်လမ်းညွှန်

## လေ့ကျင့်ရန်ပုံစံများ

ရာဇပုရိသော၊ အာစရိယပူဇကော (ဆရာကို ပူဇော်သူ)၊ ဗုဒ္ဓသာဝကော၊ ဗုဒ္ဓရူပံ၊ ဓိနဝစနံ၊ သမုဒ္ဒဃောသော၊ ဧဠရာသိ၊ ပုပ္ဖဂန္ဓော၊ ဖလရသော၊ ကာယလဟုတာ၊ မရဏာဿတိ (သေခြင်းကို အောက်မေ့ခြင်း)၊ ရုက္ခမူလံ၊ အယဿ + ပတ္တော အယောပတ္တော၊ ဟတ္ထိပဒံ၊ ဣတ္ထိရူပံ၊ ဘိက္ခုနိသံဃော၊ ဓမ္မုသာဝါ။ (ရူ။ ၁၉၆။)

✔ တွေ့ စ ကွစာဒိမဈျုတ္တရာနန္တိအာဒိနာ မဇ္ဈေ ဤကာရူကာရာနံ ရဿတ္တံ။ (ရူ။ ၁၉၆။)

## ဆဋ္ဌီတပ္ပုရိသ်သမာသ်အတွက် ကျက်မှတ်ရန်နိယံများ

▶ ကရဏာသာဓနေ၊ နောက်ပုဒ်ပြ၊ ရှေးကပုဒ်နှင့်၊ ဆဋ္ဌီတပ္ပုရိသ်တွဲမြဲ။
ပုံစံ။ ။ ရာဂေါ ဝိရဇ္ဇတိ ဧတေနာတိ ရာဂဝိရာဂေါ။ (မဂ္ဂေါ)

▶ အဓိကရဏာသာဓနေ၊ နောက်ပုဒ်ပြ၊ ရှေးကပုဒ်နှင့်၊ ဆဋ္ဌီတပ္ပုရိသ်တွဲမြဲ။
ပုံစံ။ ။ အာသဝါ တိဋ္ဌန္တိ ဧတေသူတိ အာသဝဋ္ဌာနီယာ။

▶ ဘာဝသာဓနေ၊ နောက်ပုဒ်ပြ၊ ရှေးကပုဒ်နှင့်၊ ကမ္မတ္တဆဋ္ဌီတွဲမြဲ။
ပုံစံ။ ။ အတိပတနံ အတိပါတော။ ပါဏဿ အတိပါတော ပါဏာတိပါတော။

▶ ယု၊ ဏွု၊ တု–ပြီး၊ ပစ္စည်းမည်၊ ဆဋ္ဌီကံနေစေ။

▶ ဏွုတွန္တဿ တု ကမ္မတ္တေ၊ ဆဋ္ဌီ ဘဝတိ ကေဒါ။ (ကစ္စာယနသာရ)

## သတ္တမီတပ္ပုရိသ်

ရှေ့ပုဒ်၌ သတ္တမီဝိဘတ်ကျေသော (ပ) သတ္တမီတပ္ပုရိသ်သမာသ်မည်၏။
ပြယုဂ်ကား– ရူပေ + သညာ ရူပသညာ–ဟူသည်တည်း။

(က) ရူပ–အရ ရူပါရုံသည် မုချ။

(ခ) ထို–၏+ဖြစ်သောသညာနှင့် အာရုံ+အာရမ္မဏိက–စပ် ဌာနူ။

(ဂ) ပုဒ်လုံးအရကား ရူပါရုံ၌ဖြစ်သော သညာရ၏။

## လေ့ကျင့်ရန်ပုံစံများ

ရူပသဥ္စေတနာ၊ သံသာရဒုက္ခံ၊ စက္ခုသမ္ဖဿ+သန္ဓိသဲတံ+ဝိညာဏံ စက္ခုဝိညာဏံ၊ ဓမ္မေ+ရတော ဓမ္မရတော၊ ဓမ္မာဘိရတိ၊ ဓမ္မရုစိ၊ ဓမ္မဂါရဝေါ၊ ဒါနာဓိမုတ္တိ (ဒါန၌ စွဲမြဲသက်ဝင်ခြင်း)၊ ဘတ္တနရကတံ (ဘဝတစ်ပါး၌ ပြုအပ်သောကံ)၊ အရညေ + ဝါသော အရညဝါသော၊ ဝိကာလဘောဇနံ၊ ဝနပုပ္ဖံ၊ သမုဒ္ဒမစ္ဆော၊ ဣတ္ထီသု + ဓုတ္တော ဣတ္ထိဓုတ္တော၊ ဗုဒ္ဓပ္ပသန္နော။ (ရူ။ ၁၉၇။)

## ကိတန္တသတ္တမီတပ္ပုရိသ် (နိစ္စသမာသ်)

ဝနေ စရတီတိ ဝနစရော၊ ကုစ္ဆိမှိ သယတီတိ ကုစ္ဆိသယော၊ ထလေ တိဋ္ဌတီတိ ထလဋ္ဌော၊ ဇဝံ ဇလဋ္ဌော၊ ပဗ္ဗတဋ္ဌော၊ မဂ္ဂဋ္ဌော၊ ပင်္ကေ+ဇာတံ ပင်္ကဇံ၊ သိရေ ရုဟတီတိ သိရောရုဟံ။ (ရူ။ ၁၉၇။)

http://www.dhammadownload.com



## ၅။ ဗဟုဗ္ဗီဟိသမာသ်စကား

ယ, တ, တေ, ဣမ–ဟူသော အညပုဒ်အနက်ပြဋ္ဌာန်းသော သမာသ်သည် ဗဟုဗ္ဗီဟိသမာသ်မည်၏။

### ဗဟုဗ္ဗီဟိသမာသ်(၇)မျိုး

ထိုဗဟုဗ္ဗီဟိသည်လည်း ပထမာဗဟုဗ္ဗီဟိ (ပ) သတ္တမီဗဟုဗ္ဗီဟိ–အားဖြင့် (၇)ပါးအပြားရှိ၏။ ထိုတွင် အညပုဒ်၌ ပထမာဝိဘတ်သက်သော ဗဟုဗ္ဗီဟိသည် ပထမာဗဟုဗ္ဗီဟိမည်၏–စသည်ဖြင့် သိပါလေ။

### ပထမာ ဗဟုဗ္ဗီဟိ ပုံစံ

စက္ခုဘူတော ဣဓ + ဘူတော ယော ဘဂဝါ သောယံ စက္ခုဘူတော။

(က) စက္ခုဘူတ–ဟူသော ပုဒ်လုံးအရကား မျက်စိ၏ ထင်ခြင်းကဲ့သို့သော ထင်ခြင်းသည် မုချ။

(ခ) ထို–၏+မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

(ဂ) ယ–အညပုဒ်အရကား မျက်စိ၏ထင်ခြင်းကဲ့သို့သော ထင်ခြင်းရှိသော မြတ်စွာဘုရားရ၏။

### ဒုတိယာ ဗဟုဗ္ဗီဟိပုံစံ

အာဂတာ + သမဏာ ဣမံ သံဃာရာမန္တိ အာဂတသမဏော။

(က) အာဂတသမဏ–အရကား လာရောက်ကြကုန်သော ရဟန်းတို့ဒြဗ်သည် မုချ။

(ခ) ထို–၏+သံဃအာရာမ်နှင့် ဌာနီ+ဌာန–စပ် ဌာနူ။

(ဂ) ဣမ–အရကား လာရောက်ကြကုန်သော ရဟန်းတို့ရှိသော သံဃအာရာမ်ရ၏။

**မှတ်ချက်။** ။ ဗဟုဗ္ဗီဟိသမာသ်သည် အညပုဒ်အနက်ပြဋ္ဌာန်း၏။ ဟောအပ်သော အနက်၏ လိင်ဝုစ်နှင့်တူသော လိင်ဝုစ်ရှိရ၏။

✔ အညပဒတ္ထပ္ပဓာနော ဟိ ဗဟုဗ္ဗီဟိ။

✔ ဗဟုဗ္ဗီဟိစာယံ အဘိဓေယျလိင်္ဂဝစနော။ (ရူ။ ၂၀၀။)

**ပုံစံ ။** ။ အာဂတာ သမဏာ ဣမံ သံဃာရာမန္တိ အာဂတသမဏော။ တထာ– အာဂတသမဏာ သာဝတ္ထိ၊ အာဂတသမဏံ ဇေတဝနံ။ (ရူ။ ၂၀၀။)

### တတိယာ ဗဟုဗ္ဗီဟိ ပုံစံ

ဇိတာနိ + ဣန္ဒြိယာနိ အနေန သမဏေနာတိ ဇိတိန္ဒြိယော။

(က) ဇိတိန္ဒြိယ–အရ အောင်အပ်ကုန်ပြီးသော ဣန္ဒြေတို့သည် မုချ။

(ခ) ထို–၏+ရဟန်းဒြဗ်နှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

(ဂ) ဣမ–အရကား အောင်အပ်ကုန်ပြီးသော ဣန္ဒြေတို့ရှိသော ရဟန်းဒြဗ်ရ၏။

### လေ့ကျင့်ရန်ပုံစံများ

ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မော၊ ကတကိစ္စော၊ ဇိတမာရော (ဘဂဝါ)။(ရူ။ ၂၀၁။)

http://www.dhammadownload.com



## စတုတ္ထီဗဟုဗ္ဗီဟိပုံစံ

ဒိန္နော + သုင်္ကော ယဿာတိ ဒိန္နသုင်္ကော။

(က) ဒိန္နသုင်္က–အရ ပေးအပ်သော အခွန်ဒြပ်သည် မုချ။

(ခ) ထို–၏+မင်းဒြပ်နှင့် သံ+သာမီ, ပဋိဂ္ဂါဟေတဗ္ဗ+ပဋိဂ္ဂဟာက–စပ် ဥဒ္ဒနူ။

(ဂ) ယ–အရကား ပေးအပ်သော အခွန်ရှိသော မင်းဒြပ်ရ၏။

### ကံဟောပုဒ်တစ်စိတ်ပါရှိသော တတိယာ, စတုတ္ထီဗဟုဗ္ဗီဟိမှတ်ဖွယ်

၁။ သမာသ်ပုဒ်တစ်စိတ်သည် ကံဟောကြိယာဖြစ်နေလျှင် ယင်းကံဟောကြိယာ၏ ကတ္တားနှင့် အညပုဒ်တို့အရတူနေပါက တတိယာဗဟုဗ္ဗီဟိကြံရသည်။

၂။ သမာသ်ပုဒ်တစ်စိတ်သည် ကံဟောကြိယာဖြစ်နေသော်လည်း ယင်းကံဟောကြိယာ၏ ကတ္တားနှင့် အညပုဒ်တို့အရမတူလျှင် စတုတ္ထီဗဟုဗ္ဗီဟိသမာသ်စသည် တစ်မျိုးမျိုးကြံရသည်။

ရှင်းလင်းချက်။ ။ ဓိတိန္ဒြိယော–ဟူသော သမာသ်၌ ဓိတာနိ–ဟူသော ကံဟောကြိယာ၏ ကတ္တားကား သမဏေန–ဖြစ်သည်။ အနေန–ဟူသော အညပုဒ်အရလည်း သမဏ–ပင်ဖြစ်သည်။ ထို့သို့ ကံဟောပုဒ်တစ်စိတ်၏ ကတ္တားနှင့် အညပုဒ်တို့ အရတူနေသောကြောင့် ဓိတိန္ဒြိယော–ကို တတိယာဗဟုဗ္ဗီဟိ ကြံရသည်။

ဒိန္နသုင်္ကော–ဟူသော သမာသ်၌ ဒိန္န–ဟူသော ကံဟောကြိယာ၏ ကတ္တားကား ဇနေဟိ–ဖြစ်သည်။ ယဿ–ဟူသော အညပုဒ်အရကား ရာဇာ–ဖြစ်သည်။ ဤသို့ ကံဟောပုဒ်တစ်စိတ်၏ ကတ္တားနှင့် အညပုဒ်တို့ အရမတူသောကြောင့် ၎င်းဒိန္နသုင်္ကော–ပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ကြံရသည်။

## ပဉ္စမီဗဟုဗ္ဗီဟိပုံစံ

နိဂ္ဂတာ + ဇနာ အသ္မာ ဂါမာတိ နိဂ္ဂတဇနော။

(က) နိဂ္ဂတဇန–အရ ထွက်ကုန်သော လူတို့ဒြပ်သည်–မုချ။

(ခ) ထို–၏+ရွာဒြပ်နှင့် အပါဒါန်+အပါဒီ–စပ် ဥဒ္ဒနူ။

(ဂ) ဣမ–အညပုဒ်အရကား ထွက်ကုန်သော လူတို့ရှိသောရွာရ၏။

တစ်နည်း (က) နိဂ္ဂတဇန–အရ လူတို့မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။

(ခ) ထို–၏+ရွာဒြပ်နှင့် ဂုဏ်+ဂုဏော–စပ် ဥဒ္ဒနူ။

(ဂ) ဣမ–အရ ရွာဒြပ်ရ၏။

မှတ်ချက်။ ။ ဗဟုဗ္ဗီဟိသမာသ်ပုဒ်၌ အပါဒါန်ကိုငဲ့သော ပုဒ်ပါလျှင် ပဉ္စမီဗဟုဗ္ဗီဟိ–ပြုရမည်။

## လေ့ကျင့်ရန်ပုံစံ

နိဂ္ဂတော + အယော အသ္မာတိ နိရယော။

နိဂ္ဂတာ + ကိလေသာ ဧတသ္မာတိ နိက္ကိလေသော။ (ရူ။ ၂၀၁။)

http://www.dhammadownload.com



## ဆဋ္ဌီဗဟုဗ္ဗီဟိပုံစံ

ဆိန္နော + ဟတ္ထော ယဿ ပုရိသဿာတိ ဆိန္နဟတ္ထော။

(က) ဆိန္နဟတ္ထ–အရ ပြတ်သော လက်ဒြဗ်ရ၏။

(ခ) ထို–၏+ယောကျ်ားဒြဗ်နှင့် ဂုဏ်+ဂုဏေး, ဌာနီ+ဌာန, အဝယဝ+အဝယဝီ–စပ် ဌာနူ။

(ဂ) ယ–အညပုဒ်အရကား ပြတ်သောလက်ရှိသော ယောကျ်ားဒြဗ်ရ၏။

မှတ်ချက်။ ။ သမ္ဗန်ငဲ့သောပုဒ်များပါခဲ့လျှင် ဆဋ္ဌီဗဟုဗ္ဗီဟိ–တွဲ။

## လေ့ကျင့်ရန်ပုံစံများ

ပရိပုဏ္ဏသင်္ကပ္ပေါ၊ ဓိဏာသဝေါ၊ ဝီတရာဂေါ၊ ဒွေ ပဒါနိ အဿာတိ ဒွိပဒေါ၊ ဒွိဟတ္ထော ပဋ္ဋော၊ တေဝိဇ္ဇော၊ စတုပ္ပဒေါ၊ ပဉ္စ စက္ခူနိ အဿာတိ ပဉ္စစက္ခု၊ ဘဂဝါ၊ ဆဠဘိညော၊ နဝင်္ဂ သတ္ထုသာသနံ၊ ဒသဗလော၊ အနန္တဉာဏော၊ ဝိဂတံ မလံ အဿာတိ ဝိမလော၊ သုန္ဒရော ဂန္ဓော အဿာတိ သုဂန္ဓံ၊ စန္ဒနံ။ ဓဝံ သုသီလော၊ သုမုခေါ၊ ကုစ္ဆိတော ဂန္ဓော အဿာတိ ဒုဂ္ဂန္ဓံ၊ ကုဏပံ။ ဒုဋ္ဌု မနော အဿာတိ ဒုမ္မနော၊ ဓဝံ ဒုဿီလော၊ ဒုမ္မုခေါ၊ ခဋ္ဌိသဏ္ဌိတံ ဖလံ အဿာတိ ခဋ္ဌိဖလော–စသည်။ (ရူ၊၂၀၁၊၂၀၂။)

## သတ္တမီဗဟုဗ္ဗီဟိပုံစံ

သမ္ပန္နာနိ + သဿာနိ ယသ္မိံ ဇနပဒေတိ သမ္ပန္နသဿော။

(က) သမ္ပန္နသဿ–အရ ပြည့်စုံကုန်သော ကောက်တို့ဒြဗ်သည် မုချ။

(ခ) ထို–၏+ဇနပုဒ်နှင့် ဌာနီ+ဌာန–စပ် ဌာနူ။

(ဂ) ယ–အရကား ပြည့်စုံကုန်သော ကောက်တို့ရှိသော ဇနပုဒ်ရ၏။

## လေ့ကျင့်ရန်ပုံစံများ

သုလဘော + ပိဏ္ဍော ယသ္မိံ ဇနပဒေတိ သုလဘပိဏ္ဍော၊ ဗဟူ + နဒိယော ယသ္မိံ ဇနပဒေတိ ဗဟုနဒိကော၊ ဒုလ္လဘာ + ဘိက္ခာ ဧတ္ထ ဝေရဉ္ဇာယန္တိ ဒုဗ္ဘိက္ခာ၊ အာကိဏ္ဏာ+မနုဿာ ယဿံ ရာဇဓာနိယန္တိ အာကိဏ္ဏမနုဿာ။

## (တစ်နည်း) ဗဟုဗ္ဗီဟိဆယ်မျိုး

တစ်နည်းကား– ဒွိပဒဗဟုဗ္ဗီဟိ၊ တိပဒဗဟုဗ္ဗီဟိ၊ ဘိန္နာဓိကရဏဗဟုဗ္ဗီဟိ၊ သင်္ချောဘယပဒဗဟုဗ္ဗီဟိ၊ ဒိသန္တရာဠတ္ထဗဟုဗ္ဗီဟိ၊ ဗျတိဟာရလက္ခဏဗဟုဗ္ဗီဟိ၊ ဥပမာပုဗ္ဗပဒဗဟုဗ္ဗီဟိ၊ ကုနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ၊ နနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ၊ သဟပုဗ္ဗပဒ–ဗဟုဗ္ဗီဟိ–အားဖြင့် ဆယ်ပါးအပြားရှိ၏။

✔ ဒွိ, တိ, ဘိန္န၊ သင်္ချောဘျနှင့်၊ ဒိ, ဗျ, ဥ, ကု၊ န, သ, စု၊ ဆယ်ခုဗဟုဗ္ဗီဟိ။

၁။ ထိုတွင် နှစ်ပုဒ်ရှိသောဗဟုဗ္ဗီဟိသည် ဒွိပဒဗဟုဗ္ဗီဟိမည်၏။

ပြယုဂ်ကား– ဇိတာနိ ဣန္ဒြိယာနိ အနေန သမဏေနာတိ ဇိတိန္ဒြိယော။

http://www.dhammadownload.com



၂။ သုံးပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် တိပဒဗဟုဗ္ဗီဟိမည်၏။

ပြယုဂ်ကား– မုနိနာ + ဝဏ္ဏိတာ + ဗုဒ္ဓိ ယဿ သောတိ မုနိဝဏ္ဏိတဗုဒ္ဓိ။

(က) မုနိဝဏ္ဏိတဗုဒ္ဓိ–အရ မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော အသိဉာဏ်သည် မုချ။

(ခ) ထို–၏+ပုဂ္ဂိုလ်ဖြစ်နှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

(ဂ) ယ–အရ မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော အသိဉာဏ်ရှိသော ပုဂ္ဂိုလ်ရ၏။

## လေ့ကျင့်ရန်ပုံစံများ

ပရက္ကမေန + အဓိဂတာ + သမ္ပဒါ ယေဟိ မဟာပုရိသေဟိတိ ပရက္ကမာဓိဂတ–သမ္ပဒါ၊ ဧဝံ ဓမ္မာဓိဂတဘောဂါ၊ ဩဏီတော + ပတ္တတော + ပါဏိ ယေနာတိ ဩဏီတ–ပတ္တပါဏိ၊ မတ္တာ + ဗဟဝေါ + မာတင်္ဂါ အသ္မိံ ဝနေတိ မတ္တဗဟုမာတင်္ဂံ၊ဝနံ။ (ရှ၊၂၀၅)

၃။ သမာသ်ပုဒ်အချင်းချင်း ဝိဘတ်ပြားသောဗဟုဗ္ဗီဟိသည် ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိမည်၏။

ပြယုဂ်ကား– ဩဏီတော + ပတ္တတော + ပါဏိ ယေနာတိ ဩဏီတပတ္တပါဏိ။

(က) ဩဏီတပတ္တပါဏိ–ပုဒ်လုံးအရကား သပိတ်မှ ဖဲအပ်သော လက်ဖြစ်သည် မုချ။

(ခ) ထို–၏ + ရဟန်းဖြစ်နှင့် ဂုဏ်+ဂုဏေး၊ ဌာနီ+ဌာန–စပ် ဌာနူ။

(ဂ) ယ–အရကား သပိတ်မှ ဖဲအပ်သော လက်ရှိသော ရဟန်းဖြစ်ရ၏။

## လေ့ကျင့်ရန်ပုံစံများ

ကေရုတ္တိံ + ဝါသော အဿာတိ ကေရုတ္တိဝါသော၊ ဥဘတော + ဗျဥ္ဇနံ အဿာတိ ဥဘတောဗျဥ္ဇနကော၊ ဆတ္တံ + ပါဏိမှိ အဿာတိ ဆတ္တပါဏိ (ပုရိသော)၊ ဧဝံ ဒဏ္ဍပါဏိ၊ သတ္တပါဏိ၊ ဝဇိရပါဏိ၊ ခဂ္ဂဟတ္ထော၊ သတ္ထဟတ္ထော၊ ဒါနေ + အဇ္ဈာသယော အဿာတိ ဒါနဇ္ဈာသယော၊ ဒါနာဓိမုတ္တိကော၊ ဗုဒ္ဓဘတ္တိကော၊ သဒ္ဓမ္မဂါရဝေါ ဣစ္စာဒိ။ (ရူ။ ၂၀၄၊ ၂၀၅။)

၄။ ဝါ–သဒ္ဒါ၏အနက်၌ သချိာနှစ်ပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် သင်္ချောဘယပဒ ဗဟုဗ္ဗီဟိမည်၏။

ပြယုဂ်ကား– ဒွေ ဝါ+တယော ဝါ+ပတ္တာ ဒွတ္တိပတ္တာ–ဟူသည်တည်း။ (ရူ၊၂၀၇။)

(က) ဒွတ္တိပတ္တာ–ပုဒ်လုံးအရကား နှစ်လုံး, သုံးလုံးသော သပိတ်တို့သည် မုချ။

(ခ) ထို–၏+နှစ်ခု, သုံးခုသော သချိာနှင့် သင်္ချေယျ+သချိာ, ဂုဏေး+ဂုဏ်–စပ် ဌာနူ။

(ဂ) ဝါ–ဟူသော အညပုဒ်တို့၏အရကား နှစ်ခု, သုံးခုသော သချိာတို့ရ၏။ (တစ်နည်း)

(က) ဒွိ, တိ–ဟူသော ဝိသေသနပုဒ်၏အရကား နှစ်ခု,သုံးခုဟူသော သချိာသောဂုဏ်သည် မုချ။

(ခ) ထို–၏+သပိတ်တို့ဖြစ်နှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

(ဂ) ဒွတ္တိပတ္တာ–ဟူသော သမာသ်ပုဒ်လုံးအရကား နှစ်သပိတ်, သုံးသပိတ်တို့ဖြစ်ရ၏။

အမှာ။ ။ သင်္ချောဘယဗဟုဗ္ဗီဟိ၌ ဉာဏ်ကောက်ပုံ နှစ်နည်းကွဲပြားနေသည်ကို သတိပြု။

http://www.dhammadownload.com



## လေ့ကျင့်ရန်ပုံစံများ

ဒွိဟံ ဝါ + တိဟံ ဝါ ဒွိဟတိဟံ၊ ဆ ဝါ + ပဉ္စ ဝါ + ဝါစာ ဆပ္ပဉ္စဝါစာ၊ ဧဝံ သတ္တဋ္ဌမာသာ၊ ဧကယောဇနဒွိယောဇနာနိ။ (ရူ။ ၂၀၇။)

၅။ တူရူဖြစ်သော အရပ်မျက်နှာကို မရမူ၍ အထောင့်ဖြစ်သော အရပ်မျက်နှာကို ရသော ဗဟုဗ္ဗီဟိသည် ဒိသန္တရာဠတ္ထဗဟုဗ္ဗီဟိသမာသ်မည်၏။

ပြယုဂ်ကား– ပုဗ္ဗဿာ စ + ဒက္ခိဏဿာ စ ဒိသာယ ယဒန္တရာဠံ သာယံ ပုဗ္ဗဒက္ခိဏာ။ (ဝိဒိသာ) (ရူ။ ၂၀၇။)

(က) ပုဗ္ဗဒက္ခိဏာ–ပုဒ်လုံးအရကား အရှေ့အရပ်, တောင်အရပ်တို့သည် မုချ။

( ခ ) ထို–၏+အကြားအရပ်နှင့် သမီပိ+သမီပ–စပ် ဌာနူ။

( ဂ ) ယ–အရကား အရှေ့တောင်ထောင့်အရပ်ရှ၏။

## လေ့ကျင့်ရန်ပုံစံများ

ပုဗ္ဗုတ္တရာ၊ အပရဒက္ခိဏာ၊ ပစ္ဆိမုတ္တရာ။ (ရူ။ ၂၀၇။)

၆။ သမာသ်ပုဒ်အချင်းချင်း ဆန့်ကျင်ဘက်အနက်ကို ဟောသော ဗဟုဗ္ဗီဟိသည် ဗျတိဟာရလက္ခဏဗဟုဗ္ဗီဟိသမာသ်မည်၏။

ပြယုဂ်ကား– ကေသေသု စ + ကေသေသု စ ဂဟေတွာ ဣဒံ ယုဒ္ဓံ ပဝတ္တတီတိ ကေသာကေသိ။ (ရူ။ ၂၀၇။)

(က) ကေသာကေသိ–အရကား နှစ်ဘက်သော စစ်သည်တို့၏ ဆံပင်တို့သည် မုချ။

( ခ ) ထို–၏+ကိုင်၍ စစ်ထိုးခြင်းနှင့် ဝိသေသန+ဝိသေသျစပ်– ဌာနူ။

(ဂ) ဣမ–အရကား နှစ်ဘက်သော စစ်သည်တို့၏ ဆံပင်တို့၌ ကိုင်၍ စစ်ထိုးခြင်းရှ၏။

## လေ့ကျင့်ရန်ပုံစံ

ဒဏ္ဍေဟိ စ + ဒဏ္ဍေဟိ စ ပဟာရိတွာ ဣဒံ ယုဒ္ဓံ ပဝတ္တတီတိ ဒဏ္ဍာဒဏ္ဍိ။(ရူ။၂၀၇။)

၇။ ဥပမာရှေ့ရှိသော ဗဟုဗ္ဗီဟိသည် ဥပမာပုဗ္ဗပဒဗဟုဗ္ဗီဟိမည်၏။

ပြယုဂ်ကား– စက္ကုဘူတော ဣဝ + ဘူတော ယော ဘဂဝါ သောယံ စက္ကုဘူတော။

## လေ့ကျင့်ရန်ပုံစံများ

သုဝဏ္ဏဝဏ္ဏော ဝိယ + ဝဏ္ဏော ယဿ ဘဂဝတောတိ သုဝဏ္ဏဝဏ္ဏော၊ နိဂြောဓပရိမဏ္ဍလော ဣဝ + ပရိမဏ္ဍလော ယော ရာဇကုမာရော, ယဿ ရာဇကုမာရဿ ဝါတိ နိဂြောဓပရိမဏ္ဍလော၊ ဗြဟ္မဿရော ဝိယ + သရော ယဿ ဘဂဝတောတိ ဗြဟ္မဿရော။ (ရူ။ ၂၀၆။)

၈။ ကု–နိပါတ်ပုဒ်ရှေ့ရှိသော ဗဟုဗ္ဗီဟိသည် ကုနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိမည်၏။

ပြယုဂ်ကား– ကုစ္ဆိတာ + ဒါရာ ယေသန္တိ ကုဒါရာ။

(စက်ဆုတ်အပ်သော မယားတို့၏+ယောကျ်ားတို့ဒြဗ်နှင့် ဂုဏ်+ဂုဏေးစပ်။)

http://www.dhammadownload.com



၉။ န–နိပါတ်ပုဒ်ရှေးရှိသော ဗဟုဗ္ဗီဟိသည် နနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိမည်၏။
ပြယုဂ်ကား– နတ္ထိ + သမော ဧတဿာတိ အသမော။

(က) အသမ–အရ တူသောသူမရှိခြင်း နတ္ထိဘာဝဂုဏ်သည် (ဝါ) အသမဘော–ဂုဏ်သည် မှုချ။

( ခ ) ထို–၏+မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

( ဂ ) ဧတ–အရကား တူသောသူမရှိသော မြတ်စွာဘုရားရ၏။

မှတ်ချက်။ ။ န–နိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ၌–

(က) တည်ရာဌာနကိုရလျှင် အညပုဒ်ကို သတ္တမီဝိဘတ်ဖြင့်ထားရသည်။

ပုံစံ။ ။ နတ္ထိ ရာဇာ ဧတ္ထာတိ အရဇံ။

(ခ) ပုဂ္ဂိုလ်ခြဗ်ကိုရလျှင် အညပုဒ်ကို စတုတ္ထီဝိဘတ်ဖြင့်ထားရသည်။

ပုံစံ။ ။ နတ္ထိ သေနာသနံ ဧတဿာတိ အသေနာသနိကော၊ ဘိက္ခု။(ဝိ၊၄၊၁။၂၄၆။)

(ဂ) ဓမ္မကိုရလျှင် အညပုဒ်ကို စတုတ္ထီ, သတ္တမီဝိဘတ်တို့ဖြင့်ထားရသည်။

ပုံစံ။ ။ နတ္ထိ ဝိတက္ကော ဧတဿ, ဧတသ္မိံ ဝါတိ အဝိတက္ကံ။ (ဝိ၊၄၊၁။၁၁၈။)

## လေ့ကျင့်ရန်ပုံစံများ

အပ္ပဋိပုဂ္ဂလော၊ အပုတ္တကော၊ အဟေတုကော၊ အသံဝါသော၊ အနုတ္တရော၊ အနာသဝေါ၊ အဘိက္ခုကော။

၁၀။ သဟ–သဒ္ဒါရှေ့ရှိသော ဗဟုဗ္ဗီဟိသည် သဟပုဗ္ဗပဒဗဟုဗ္ဗီဟိမည်၏။
ပြယုဂ်ကား– ဝိတက္ကေန + သဟ ယေ ဝတ္တန္တီတိ သဝိတက္ကာ။

(က) သဝိတက္က–ပုဒ်လုံးအရ ဝိတက်နှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်သည် မှုချ။

( ခ ) ထို–၏+တရားတို့နှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

( ဂ ) ယ–အရကား ဝိတက်နှင့်တကွဖြစ်သော တရားတို့ရ၏။

## လေ့ကျင့်ရန်ပုံစံများ

သဟေတုကာ၊ သပ္ပီတိကာ၊ သပ္ပစ္စယာ၊ သဥပါဒါနာ၊ သဝိစာရာ (ဓမ္မာ)။

## (တစ်နည်း) ဗဟုဗ္ဗီဟိ နှစ်မျိုး

တစ်နည်း– ဗာဟိရတ္ထဗဟုဗ္ဗီဟိ၊ အန္တောရတ္ထဗဟုဗ္ဗီဟိ–ဟု နှစ်ပါး။ ထို–တွင်

၁။ သမာသ်ပုဒ်တစိတ်သည် အညပုဒ်၏ ဝိသေသနဖြစ်သော ဗဟုဗ္ဗီဟိသည် ဗာဟိရတ္ထဗဟုဗ္ဗီဟိမည်၏။

ပြယုဂ်ကား– မာသော + ဇာတဿ အဿာတိ မာသဇာတော–တည်း။

(က) မာသဇာတ–ဟူသော သမာသ်ပုဒ်လုံးအရကား မွေးဖွားပြီး၍ တစ်လအတိုင်းအရှည်သည် မှုချ။

( ခ ) ထို–၏+ကလေးသူငယ်ခြဗ်နှင့် ဂုဏ်+ဂုဏေး, ပမာဏ+ပမာဏဝန္တ–စပ် ဌာနူ။

(ဂ) တ–အရကား မွေးဖွားပြီး၍ တစ်လအတိုင်းအရှည်ရှိသော ကလေးသူငယ်ခြဗ်ရ၏။

http://www.dhammadownload.com



(တစ်နည်း)

(က) မာသ–ဟူသော ရှေ့ပုဒ်တစိတ်အရကား တစ်လအတိုင်းအရှည်သည် မုချ။

(ခ) ထို–၏+မွေးဖွားပြီးသော ကလေးသူငယ်ဒြဗ်နှင့် ဂုဏ်+ဂုဏေး, ပမာဏ+ပမာဏဝန္တ, ကာလ+ကာလဝန္တ–စပ် ဌာနူ။

(ဂ) ဇာတ–ဟူသော နောက်ပုဒ်တစိတ်နှင့် တ–ဟူသော အညပုဒ်အရကား ထို–သော တစ်လအတိုင်းအရှည်ရှိသော မွေးဖွားပြီးသော ကလေးသူငယ်ဒြဗ်ရ၏။

မှတ်ချက်။ ။ ဗာဟိရတ္ထဗဟုဗ္ဗီဟိသမာသ်၌ ဤသို့ညှသ်ကောက်ပုံ နှစ်နည်းရှိသည်။

ဝိဂ္ဂဟပြုရာ၌ အညပုဒ်ကို စတုတ္ထီဝိဘတ်ဖြင့် ထားရသည်။

ညှသ်ကောက်ရာ၌ ကာလ+ကာလဝန္တစပ်၍ ဌာနူပစာကောက်ရသည်။

✔ ဗာဟိရတ္ထ၊ ဟူလတ်က၊ အည စတုတ္ထီ။

✔ ဗာဟိရတ္ထ၊ ဟူလတ်က၊ ကာလ+ကာလဝန်။

## လေ့ကျင့်ရန်ပုံစံများ

ဝဿသတံ + ပရိနိဗ္ဗုတဿ အဿာတိ ဝဿသတပရိနိဗ္ဗုတော။ (ဝိ၊ဋ္ဌ၊၁။၁၉၄။)

စိရံ + နိသိန္နဿ အဿာတိ စိရနိသိန္နော။

စိရံ + ပဗ္ဗဇိတဿ အဿာတိ စိရပဗ္ဗဇိတော။ (ဝိ၊ဋ္ဌ၊၁။၁၆၁။)

အစိရံ + ပက္ကန္တဿ အဿာတိ အစိရပက္ကန္တော။

ပဌမံ အဘိသိတ္တဿ အဿာတိ ပဌမာဘိသိတ္တော။ (ဝိ၊ဋ္ဌ၊၁။၂၅၆။)

စိရကာလော + ပသုတာနံ တေသံ ဗြာဟ္မဏာနန္တိ စိရကာလပသုတာ။(ဝိ၊ဋ္ဌ၊၁။၁၀၁။)

၂။ သမာသ်ပုဒ်တစိတ်သည် အညပုဒ်၏ ဝိသေသနမဖြစ်သော ဗဟုဗ္ဗီဟိသည် အန္တောရတ္ထဗဟုဗ္ဗီဟိမည်၏။ပြယုဂ်ကား– ဒိန္နော + သုင်္ကော ယဿာတိ ဒိန္နသုင်္ကော။

## ၅။ ဒွန်သမာသ်သဘောလက္ခဏာနှင့် ဝိဂ္ဂဟကြံနည်း

ရှေ့ပုဒ်, နောက်ပုဒ်၌ ပဌမာဝိဘတ်ကျေ၍ စ–သဒ္ဒါနှစ်လုံးဖြင့် မှတ်အပ်သော နှစ်ပုဒ်အနက်ပြဌာန်းသော သမာသ်သည် ဒွန်သမာသ်မည်၏။ ယင်းဒွန်သမာသ်ကို ဝိဂ္ဂဟပြုသည့်အခါ ရှေ့ပုဒ်, နောက်ပုဒ်တို့၌ ပဌမာဝိဘတ်ထားရသည်။ နိပ္ဖန္နချရာ၌ကား နောက်ပုဒ်လိင်အတိုင်း လိင်သုံးပါး, ဝစ်နစ်ပါး သင့်ရာထားနိုင်သည်။

## ဒွန်သမာသ်နှစ်မျိုး

၁။ နပုံးကေတ်ငဲ့သည်ဖြစ်၍ ကေဝုစ်ဝိဘတ်အဆုံးရှိသော ဒွန်သည် သမာဟာရဒွန်မည်၏။

ပြယုဂ်ကား– စက္ခု စ + သောတဉ္စ စက္ခုသောတံ–ဟူသည်တည်း။

(က) စက္ခု–ဟူသော ရှေ့ပုဒ်အရကား မျက်စိသည် မုချ။

(ခ) ထို–၏+နားနှင့် တစုံတခုသောကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူ။

(ဂ) ပုဒ်လုံးအရကား မျက်စိနှင့် နားရ၏။

http://www.dhammadownload.com

( ၂၆ ) ဝိဂ္ဂဟနှင့် ညှိကောက်လမ်းညွှန်

(တစ်နည်း)

(က) စက္ခု–ဟူသော ရှေ့ပုဒ်အရ မျက်စိသည် မှုချ။

(ခ) သောတ–ဟူသောနောက်ပုဒ်အရ နားသည် မှုချ။

(ဂ) ထိုမျက်စိနှင့် နားတို့၏+တစုံတခုသောကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဣာနူ။

(ဃ) ပုဒ်လုံးအရကား မျက်စိနှင့် နားရ၏။

မှတ်ချက်။ ။ ဒွန်သမာသ်၌ ဣာနုပစာကောက်သည့်အခါ စပ်ရာကြိယာကို ကြည့်၍ ဖြစ်သင့်သော အညမညာပေက္ခသမ္ဗန်ကို ဖော်၍ ကောက်ရသည်။ ဥပမာ– သာရိပုတ္တမောဂ္ဂလာနာ ဓမ္မံ ဒေသန္တိ–၌ သာရိပုတ္တမောဂ္ဂလာနာ–ကို ညှိကောက်သည့်အခါ အရှင်သာရိပုတ္တရာ၏ အရှင်မောဂ္ဂလာန်နှင့် ဟောကြားခြင်း (ဒေသနာ)ကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဣာနုပစာအားဖြင့် ရ၏–ဟု ကောက်ရမည်ဟူလို။

၂။ နပုံးဧကတ်မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ်အဆုံးရှိသော ဒွန်သည် ဣတရီတရ–ယောဂ(အသမာဟာရ)ဒွန်မည်၏။

ပြယုဂ်ကား– သမဏော စ + ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။

## ဒွန်သမာသ်တွဲစပ်ရာ၌ ရှေ့နေရမည့်ပုဒ်များ

▶ အမြတ်, အယုတ်၊ ထိုနှစ်ပုဒ်မှာ၊ အမြတ်သာ၊ ဒွန်မှာ ရှေးနေများသတည်း။

ပုံစံ ။ ။ သာရိပုတ္တမောဂ္ဂလ္လာနာ၊ သမဏဗြာဟ္မဏာ၊ ဗြာဟ္မဏဂဟပတိကာ၊ ခတ္တိယဗြာဟ္မဏာ၊ ပိတာပုတ္တာ–စသည်။

▶ အပ္ပသရ, ဗဟုသရ၊ ဒွန်သို့ကျ၊ အပ္ပသရ ရှေးနေများသတည်း။

ပုံစံ ။ ။ အဓေဋ္ဌကံ၊ အဂ်ီမဂဓာ၊ စန္ဒသူရိယာ၊ နိဂမဇနပဒါ–စသည်။

▶ အဝဏ္ဏန္တ, ဣဝဏ္ဏန္တ၊ ဒွန်သို့ကျ၊ ဣဝဏ္ဏန္တ ရှေ့နေများသတည်း။

ပုံစံ ။ ။ သာလိယဝံ၊ အဟိနကုလံ၊ အသိစမ္မံ၊ ဟတ္ထိအဿံ–စသည်။

▶ အဝဏ္ဏန္တ, ဥဝဏ္ဏန္တ၊ ဒွန်သို့ကျ၊ ဥဝဏ္ဏန္တ ရှေ့နေများသတည်း။

ပုံစံ ။ ။ စက္ခုသောတံ၊ ဓာတဝေါ စ လိင်္ဂါနိ စ ဓာတုလိင်္ဂါနိ–စသည်။

▶ သရာချကာရန္တ၊ ဗျဉ္ဇနာချကာရန္တ၊ ဒွန်သို့ကျ၊ သရာချကာရန္တ ရှေးနေများသတည်း။

ပုံစံ ။ ။ အတ္တော စ ဓမ္မော စ အတ္ထဓမ္မာ–စသည်။

▶ အပ္ပသရျာ, ဗဟုသရျာ၊ ဒွန်၌လာမူ၊ သရျာအပ္ပ ရှေးနေများသတည်း။

ပုံစံ ။ ။ ဧကကဉ္စ ဒုကဉ္စ ဧကဒုကံ၊ ဒုကတိကံ၊ တိကစတုက္ကံ၊ စတုက္ကပဉ္စကံ–စသည်။

ယောဘုယျေန စေတ္တ–

အစ္စိတပ္ပသရံ ပုဗ္ဗံ၊ ဣဝဏ္ဏုဝဏ္ဏကံ ကွစိ။

ဒွန္ဒေ သရာချကာရန္တံ၊ ဗဟူသွနိယမော ဘဝေ။ (ရူ။၂၁၄။)

သမာသ်ညှိကောက်ပြီးပါပြီ။

==================

http://www.dhammadownload.com



## တဒ္ဓိတ်ညှပ်ကောက်

### တဒ္ဓိတ်လေးမျိုး

တဒ္ဓိတ်သည် "သာမံ, ဗျယ၊ ပုဒ်ဘာဝ၊ သောတ္တတဒ္ဓိတ်ပုဒ်"ဟူသည်နှင့်အညီ

၁။ သာမညတဒ္ဓိတ်

၂။ အဗျယတဒ္ဓိတ်

၃။ ဘာဝတဒ္ဓိတ်

၄။ သောတ္တတဒ္ဓိတ်–ဟုလေးမျိုးအပြားရှိ၏။ ထိုတွင်–

၁။ လိင်သုံးပါးနှင့်ဆက်ဆံသော တဒ္ဓိတ်သည် သာမညတဒ္ဓိတ်မည်၏။

ပြယုဂ်ကား– ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော၊ ဝါသိဋ္ဌီ၊ ဝါသိဋ္ဌံ–စသည်တည်း။

၂။ လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်ကောင်းသော တဒ္ဓိတ်သည် အဗျယတဒ္ဓိတ်မည်၏။

ပြယုဂ်ကား– သော ပကာရော တထာ၊ တံ ပကာရံ တထာ၊ တေန ပကာရေန တထာ၊ တဿ ပကာရဿ တထာ၊ တသ္မာ ပကာရာ တထာ၊ တဿ ပကာရဿ တထာ၊ တသ္မိံ ပကာရေ တထာ–ဟူသည်တည်း။

အမှာ။ ။ နာမ်ပဋ္ဌမပိုင်းလာ တော, ထ, တြ–စသော ပစ္စည်းအဆုံးရှိသော ပုဒ်တို့ကိုလည်း အဗျယတဒ္ဓိတ်၌ သွင်းယူရသည်။

► "ကွစိတော ပဉ္စမျတ္ထေ"တိအာဒိနာ ဝုတ္တတောအာဒိပ္ပစ္စယန္တာ စ ဣဓေဝ အဗျယတဒ္ဓိတေ သင်္ဂယှန္တိ။ (ရူ၊၂၅၅။)

၃။ သဒ္ဒပဝတ္တိနိမိတ်ကို ဟောသော ဘာဝ–သဒ္ဒါကျေသော တဒ္ဓိတ်သည် ဘာဝတဒ္ဓိတ်မည်၏။

ပြယုဂ်ကား– ဂေါဿ ဘာဝေါ ဂေါတ္တံ–ဟူသည်တည်း။

၄။ ပစ္စည်းအနက်မရှိသော တဒ္ဓိတ်သည် သောတ္တတဒ္ဓိတ်မည်၏။

ပြယုဂ်ကား– ဒေဝေါယေဝ ဒေဝတာ–ဟူသည်တည်း။

### သာမညတဒ္ဓိတ်(၁၅)ပါး

ထိုတွင် သာမညတဒ္ဓိတ်သည်လည်း အပစ္စတဒ္ဓိတ်, တရတျာဒိတဒ္ဓိတ်–အစ ရှိသောအားဖြင့် (၁၅)ပါးအပြားရှိ၏။ ထိုတွင် ဝါကျအဓိကပ်၌ အပစ္စ–သဒ္ဒါကျေသော တဒ္ဓိတ်သည် အပစ္စတဒ္ဓိတ်မည်၏။ (ပ) ဝိဘာဂတဒ္ဓိတ်မည်၏။

မှတ်ချက်။ ။ ဝိဘာဂတဒ္ဓိတ်ကို ပုဒ်စစ်ကျမ်း၌ သာမညတဒ္ဓိတ်အမျိုးအစား၌ ထည့်သွင်းထားသည်။ ရူပသိဒ္ဓိကျမ်း၌ကား အဗျယတဒ္ဓိတ်အမျိုးအစား၌ ထည့်သွင်းထားသည်။

http://www.dhammadownload.com



## သာမညတဒ္ဓိတ်ဝိဂ္ဂဟကြံနည်း

သာမညတဒ္ဓိတ်ပုဒ်မျိုးကို ဝိဂ္ဂဟပြုသည့်အခါ–

၁။ လိင်ပုဒ်နောင် ဝိဘတ်ခုနစ်သွယ်ထဲမှ သင့်လျော်ရာဝိဘတ်တစ်မျိုးမျိုးကို ရွေးချယ်ထားရမည်။

၂။ ပစ္စည်းက ဟောသောပုဒ် (ဝါ) ပစ္စည်း၏ ကိုယ်စားလှယ်ပုဒ်ကို ပဌမာဝိဘတ်ဖြင့်သာ ထားရသည်။

၃။ နိပ္ဖန္နပုဒ်ကို အရကောက်အဘိဓေယျတ္တနှင့်လျော်ညီအောင် လိင်, ဝုစ်ထားရသည်။

### အောက်ပါပုံစံ အသီးသီးကို သေချာစွာ ကြည့်ပါ

| | | | |
|---|---|---|---|
| ၁။ | အပစ္စတဒ္ဓိတ် | = | ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော၊ ဝါသိဋ္ဌီ၊ ဝါသိဋ္ဌံ။ |
| ၂။ | တရတျာဒိတဒ္ဓိတ် | = | နာဝါယ တရတီတိ နာဝိကော။ |
| ၃။ | ရာဂါဒိတဒ္ဓိတ် | = | ကသာဝေန ရတ္တံ ဝတ္ထံ ကာသာဝံ။ |
| ၄။ | ဇာတာဒိတဒ္ဓိတ် | = | ပဉ္ဇာ ဇာတော ပဉ္ဇိမော။ |
| ၅။ | သမူဟတဒ္ဓိတ် | = | မနုဿာနံ သမူဟော မာနုဿကော။ |
| ၆။ | ဌာနတဒ္ဓိတ် | = | မဒနဿ ဌာနံ မဒနီယံ။ |
| ၇။ | ဥပမာတဒ္ဓိတ် | = | ဓူမော ဝိယ ဒိဿတီတိ ဓူမာယိတတ္တံ။ |
| ၈။ | နိဿိတတဒ္ဓိတ် | = | ဒုဋ္ဌု နိဿိတံ ဒုဋ္ဌုလ္လံ။ |
| ၉။ | ဗဟုလတဒ္ဓိတ် | = | အဘိဇ္ဈာ အဿ ဗဟုလာ အဘိဇ္ဈာလု။ |
| ၁၀။ | ဝိသေသတဒ္ဓိတ် | = | ပါပါနံ ဝိသေသေန ပါပေါတိ ပါပတရော။ |
| ၁၁။ | အဿတ္ထိတဒ္ဓိတ် | = | ဂုဏော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ဂုဏဝါ။ |
| ၁၂။ | ပကတိတဒ္ဓိတ် | = | သုဝဏ္ဏေန ပကတံ ကမ္မံ သောဝဏ္ဏမယံ။ |
| ၁၃။ | ပူရဏတဒ္ဓိတ် | = | ပဉ္စန္နံ ပူရဏော ပဉ္စမော။ |
| ၁၄။ | သင်္ချာတဒ္ဓိတ် | = | စတု စ ဒသ စ စတုဒ္ဒသ။ |
| ၁၅။ | ဝိဘာဂတဒ္ဓိတ် | = | ဓာတေန ဝိဘာဂေန ဓာတော။ |

### သာမညတဒ္ဓိတ်နှင့် အဗျယတဒ္ဓိတ်ဉာဏ်ကောက်နည်း

သာမညတဒ္ဓိတ်နှင့် အဗျယတဒ္ဓိတ်တို့၌–

၁။ မုချကောက်

၂။ ဥပစာကောက်

၃။ ပစ္စည်းကောက်–ဟု သုံးပါးအပြားရှိ၏။ ထို–တွင်

၁။ ပုဒ်အရကို မုချအားဖြင့် ကောက်အပ်၏။

၂။ ပုဒ်အရ၏+ပစ္စည်းအရနှင့် ဂုဏ်+ဂုဏေး–စသည်ဖြင့် စပ်ခြင်းသမ္ဗန္ဓဘောကို ဌာနူပစာအားဖြင့် ကောက်အပ်၏။

http://www.dhammadownload.com



၃။ ပစ္စည်းအရ ထိုမုချ+ဌာနူပစာတို့ဖြင့် မှတ်အပ်သော (နောက်ပုဒ်၏ အနက်ဖြစ်သော) ဝတ္ထုသဘာဝဒြဗ်ကို ကောက်အပ်၏။

မှတ်ချက်။ ။ တဒ္ဓိတ်ပစ္စည်းတို့မည်သည် ကျေပျောက်သွားသော နောက်ပုဒ်၏ အနက်ကို အမွေခံ၍ ဟောမြဲဖြစ်သောကြောင့် ဝိဂြိုဟ်ပြုစဉ်က နောက်ပုဒ်ဖြစ်သော (ကျေပျောက်သွားသော) ပုဒ်၏အနက်ကိုပင် ပစ္စည်းအရကောက်ရသည်။

ဆောင်။ ။ မုချော+ပစာရ၊ ပစ္စယ၊ သုံးဝအကောက်ထုတ်။
တဒ္ဓိတ်ဟူက၊ ပုဒ်အရ၊ မုချ+ဌာနူလုပ်။
ပစ္စည်းအတွက်၊ နောက်ပုဒ်နက်၊ ဆက်ဆက်အကောက်ထုတ်။
တဒ္ဓိတ်ပစ္စယ၊ ဟောနေကြ၊ မုချနောက်ပုဒ်နက်သာတည်း။

## အပစ္စတဒ္ဓိတ်

ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော။
ဝသိဋ္ဌဿ၊ –၏။ အပစ္စံ၊ –တည်း။ ဝါသိဋ္ဌော –သား။
ဝသိဋ္ဌဿ အပစ္စံ–ကား အပစ္စတဒ္ဓိတ်ဝိဂြိုဟ်၊ ဝါသိဋ္ဌော–ကား အပစ္စတဒ္ဓိတ်ပုဒ်။
ဝသိဋ္ဌ–ပုဒ်(အပစ္စ–ပုဒ်)၊ ဏ–ပစ္စည်း။
ဝါသိဋ္ဌော–ဟူသောအပစ္စတဒ္ဓိတ်ပုဒ်၌–

(က) ဝသိဋ္ဌ–ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ဝသိဋ္ဌ–အမည်ရှိသော ဖခင်ဒြဗ်သည် မုချအားဖြင့်ရ၏။
(ခ) ထိုဝသိဋ္ဌအမည်ရှိသော ဖခင်ဒြဗ်၏+သားဒြဗ်နှင့် ဓနက+ဓညအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။
(ဂ) ဏ–ပစ္စည်း၏အရကား ထိုမုချ+ဌာနူပစာအားဖြင့် မှတ်အပ်သော သားဒြဗ်ရ၏။
✔ တဒ္ဓိတ် အပစ္စ၊ မှန်သမျှ၊ ဓနက+ဓညစပ်မြဲတည်း။

ပုံစံ။ ။ သမဏဿ (ဥပဇ္ဈာယဿ) ပုတ္တော သာမဏေရော။ (ရူ။ ၂၂၁။)

## တရတျာဒိတဒ္ဓိတ်

နာဝါယ တရတီတိ နာဝိကော။ (အနက်ပေးစသည်ကို ထုံးစံအတိုင်းလုပ်ပါ။)

(က) နာဝါ–ပုဒ်၏အရကား လှေဒြဗ်သည် မုချ။
(ခ) ထို–၏+ကူးတတ်သောလှေသူကြီးဒြဗ်နှင့် ဌာန+ဌာနီ–စပ် ဌာနူ။
(ဂ) ဏိက–ပစ္စည်းအရကား လှေသူကြီးဒြဗ်ရ၏။

## ရာဂါဒိတဒ္ဓိတ်

ကသာဝေန ရတ္တံ ဝတ္ထံ ကာသာဝံ။

(က) ကသာဝ–ပုဒ်၏အရကား ဖန်ရည်ဒြဗ်သည် မုချ။
(ခ) ထိုဖန်ရည်၏+ဆိုးအပ်သောအဝတ်နှင့် ဌာနီ+ဌာန–စပ် ဌာနူ။
(ဂ) ဏ–ပစ္စည်း၏အရကား ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်ရ၏။

http://www.dhammadownload.com



## ဇာတာဒိတဒ္ဓိတ်

ပစ္ဆာ ဇာတော ပစ္ဆိမော။

(က) ပစ္ဆာ–ပုဒ်၏ အရကား နောက်ကာလသည် မှချ။

(ခ) ထိုနောက်ကာလ၏+ဖြစ်သော[မွေးဖွားသော]သူဖြစ်နှင့် ဌာန+ဌာနီ၊ ကာလ+ကာလဝန္တ–စပ် ဌာနူ။

(ဂ) ဣမ–ပစ္စည်း၏ အရကား နောက်ကာလ၌ဖြစ်သောသူ ရှ၏။

## သမူဟတဒ္ဓိတ်

မနုဿာနံ သမူဟော မာနုဿကော။

(က) မနုဿ–အရကား လူတို့ဖြစ်သည် မှချ။

(ခ) ထိုလူတို့၏+အပေါင်းနှင့် အဝယဝ+အဝယဝီ၊ သမူဟီ+သမူဟ–စပ် ဌာနူ။

(ဂ) ကဏ်–ပစ္စည်း အရကား လူတို့၏အပေါင်းရှ၏။

## ဌာနတဒ္ဓိတ်

မဒနဿ ဌာနံ မဒနီယံ။

(က) မဒန–ပုဒ်၏အရကား မူးယစ်ခြင်းသည် မှချ။

(ခ) ထို–၏+အကြောင်းဖြစ်သော သေအရက်–စသည်နှင့် အကျိုး+အကြောင်း–စပ်။

(ဂ) ဤယ–ပစ္စည်းအရကား မူးယစ်ခြင်း၏အကြောင်းဖြစ်သော သေအရက်–စသည်ရှ၏။

## ဥပမာတဒ္ဓိတ်

ဓူမော ဝိယ ဒိဿတီတိ ဓူမာယိတတ္တံ။

(က) ဓူမ–ပုဒ်၏အရကား မီးခိုးဖြစ်သည် မှချ။

(ခ) ထိုမီးခိုးဖြစ်၏+တောဖြစ်နှင့် သဒိသ+သဒိသီ၊ ဥပမာ+ဥပမေယျ–စပ်။

(ဂ) အာယိတတ္တ–ပစ္စည်းအရကား မီးခိုးကဲ့သော ရှုအပ်သော တောရှ၏။

## နိဿိတတဒ္ဓိတ်

ဒုဋ္ဌု နိဿိတာ ဒုဋ္ဌုလ္လာ။ (ဝါစာ)

(က) ဒုဋ္ဌု–ပုဒ်၏အရကား မကောင်းသော အကြောင်းအရာသည် မှချ။

(ခ) ထို–၏+စကားဖြစ်နှင့် နိဿယ+နိဿိတ၊ ဌာန+ဌာနီ–စပ်။

(ဂ) လ–ပစ္စည်းအရကား မကောင်းသော အကြောင်းအရာကို မှီ၍ဖြစ်သော စကားရှ၏။

## ဗဟုလတဒ္ဓိတ်

အဘိဇ္ဈာ အဿ ဗဟုလာ အဘိဇ္ဈာလု။

(က) အဘိဇ္ဈာ–ပုဒ်၏ အရကား များသောအဘိဇ္ဈာသည် မှချ။

(ခ) ထို–၏+ပုဂ္ဂိုလ်ဖြစ်နှင့် ဌာနီ+ဌာန–စပ်။

(ဂ) အာလု–ပစ္စည်းအရကား အဘိဇ္ဈာများသောသူရှ၏။

(ဝါ) များသောအဘိဇ္ဈာရှိသူ ရှ၏။

http://www.dhammadownload.com



အမှာ။ ။ ဗဟုလတဒ္ဓိတ်၌ ဗဟုလပုဒ်၏ အနက်ကို (အဘိဓာန်–ဟူသော) နာမ်ပုဒ်၏ ဝိသေသနယူ၍ ဉာဏ်ကောက်ရသည်။

## ဝိသေသတဒ္ဓိတ်

ပါပါနံ ဝိသေသေန ပါပေါတိ ပါပတရော။

အယံ၊ ဤသူသည်။ ပါပါနံ၊ ယုတ်မာကုန်သောသူတို့အောက်။ ဝိသေသေန၊ ထူးသောအားဖြင့်။ ပါပေါ၊ ယုတ်မာသောသူတည်း။

(က) ပါပ–ပုဒ်အရကား ယုတ်မာကုန်သော သူတို့ဖြစ်သည် မုချ။

(ခ) ထို–၏+အထူးသဖြင့် ယုတ်မာသောသူ ဖြစ်နှင့် သာမည+ဝိသေသ–စပ်။

(ဂ) တရ–ပစ္စည်း အရကား အထူးသဖြင့် ယုတ်မာသောသူဖြစ်ရ၏။

အမှာ။ ။ ပါပါနံ ဝိသေသောတိ ပါပတရော–ဟုလည်း လုပ်နိုင်သည်။

## လေ့ကျင့်ရန်ပုံစံ

ပဏီတတရော၊ ဓေယျော၊ ဓေဋ္ဌော၊ သေယျော၊ သေဋ္ဌော၊ နေဒိယော၊ နေဒိဋ္ဌော၊ ကဏိယော၊ ကဏိဋ္ဌော၊ ကနိယော၊ ကနိဋ္ဌော၊ ဂုဏိယော၊ ဂုဏိဋ္ဌော၊ သတိယော၊ သတိဋ္ဌော၊ မေဓိယော၊ မေဓိဋ္ဌော။ (ရူ။ ၂၄၂၊၂၄၃၊၂၄၄။)

အမှာ။ ။ အထက်ပါ လေ့ကျင့်ရန်ပုံစံများကို ဝိဂ္ဂဟပြုသည့်အခါ နာမ်ပဌမပိုင်းလာ ဂုမဿ ဓာ ဣယိဋ္ဌေသု–စသော သုတ်တို့၏ အစီအရင်ကို အထူးသတိပြုရမည်။

## အဿတ္ထိတဒ္ဓိတ်

ဂုဏော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ဂုဏဝါ။

(က) ဂုဏ–ပုဒ်၏ အရကား သီလ–စသော ဂုဏ်သည် မုချ။

(ခ) ထို–၏+ပုဂ္ဂိုလ်ဖြစ်နှင့် ဂုဏ်+ဂုဏေး–စပ် ဌာနူ။

(ဂ) ဝန္တု–ပစ္စည်းအရကား သီလ– စသော ဂုဏ်ရှိသောပုဂ္ဂိုလ်ရ၏။

## ပကတိတဒ္ဓိတ်

သုဝဏ္ဏေန ပကတံ သောဝဏ္ဏမယံ။

(က) သုဝဏ္ဏ–ပုဒ်အရကား ရွှေဖြစ်သည် မုချ။

(ခ) ထို–၏+ခွက်ဖြစ်နှင့် ပကတိ+ဝိကတိ၊ ဝိကာရီ +ဝိကာရ–စပ်။

(ဂ) မယ–ပစ္စည်းအရကား ရွှေဖြင့်ပြုအပ်သော ခွက်ဖြစ်ရ၏။

✔ ပကတိ, နိဗ္ဗတ္တ၊ သကတ်, နိပ္ဖန်၊ ဤလေးတန်၊ သက်ရန် မယ–ပစ္စည်းတည်း။ [ဂဝေန နိဗ္ဗတ္တံ ဂေါမယံ–စသည်တည်း။]

မှတ်ချက်။ ။ ပကတိတဒ္ဓိတ်၌ ပကတိ+ဝိကတိ–စပ်၊ နိဗ္ဗတ္တ, နိပ္ဖန္နတဒ္ဓိတ်တို့၌ အကြောင်း + အကျိုး–စပ်။

လေ့ကျင့်ရန်ပုံစံ။ ။ သုဝဏ္ဏမယော (ရထော)၊ သောဝဏ္ဏမယော ဝါ၊ သုဝဏ္ဏမယာ (ဘာဇနဝိကတိ)၊ ရူပိယမယံ (ပ) ဒါရုမယံ၊ မတ္တိကာမယံ၊ ဣဋ္ဌိမယံ၊ မနတော နိပ္ဖန္နံ မနောမယံ၊ အယသာ ပကတံ အယောမယံ။ (ရူ။၂၃၅။)

http://www.dhammadownload.com

( ၃၂ ) ဝိဂ္ဂဟနှင့် ဉာဉ်ကောက်လမ်းညွှန်

## ပူရဏတဒ္ဓိတ်

ပဉ္စန္နံ ပူရဏော ပဉ္စမော။

(က) ပဉ္စ–ပုဒ် အရကား ငါးခုအရေအတွက် သချ်ာသည် မုချ။

(ခ) ထို–၏+ငါးခုပြည့်ကြောင်းဖြစ်သော နောက်ဆုံးတစ်ခုနှင့် အပေါင်း+အစိတ်–စပ်။

(ဂ) မ–ပစ္စည်းအရကား ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော နောက်ဆုံးတစ်ခုရ၏။

လေ့ကျင့်ရန်ပုံစံ။ ။ စတုတ္ထော၊ ဆဋ္ဌော၊ ဒုတိယော၊ တတိယော၊ ကောဒသီ၊ ဒွါဒသီ၊ စုဒ္ဒသီ၊ ပန္နရသီ၊ ပဉ္စဒသီ။ (ရူ။ ၂၄၆၊ ၂၄၈။)

## သချ်ာတဒ္ဓိတ်

စတု စ ဒသ စ စတုဒ္ဒသ။

(က) စတု–ပုဒ်အရကား လေးခုအရေအတွက်သချ်ာသည် မုချ။

(ခ) ထို–၏+ဆယ်ခုဟူသောအရေအတွက်သချ်ာနှင့် တစုံတခုသော ကြိယာကို မှီ၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဥဒါနူ။

(ဂ) စတုဒ္ဒသ–ဟူသောပုဒ်လုံးအရကား တဆယ့်လေးခုသော သချ်ာရ၏။

မှတ်ချက်။ ။ စ–သဒ္ဒါဖြင့်ပြုထားသော သချ်ာတဒ္ဓိတ်မှန်သမျှ ဒွန်သမာသ်အတိုင်းကောက်။

## ဝိဘာဂတဒ္ဓိတ်

ဧကေန ဝိဘာဂေန ဧကဓာ။

(က) ဧက–ပုဒ်အရကား တခုသော သချ်ာသည် မုချ။

(ခ) ထို–၏+ဝေဖန်ခြင်းနှင့် သချ်ာ+သချေ်ယျ–စပ် ဥဒါနူ။

(ဂ) ဓာ–ပစ္စည်းအရကား တခုသော ဝေဖန်ခြင်းရ၏။

(တစ်နည်း)

(က) ဧက–ပုဒ်အရကား တခုသော သချ်ာဝါစကဘောဂုဏ်သည် မုချ။

(ခ) ထို–၏+ဝိဘာဂဘောဂုဏ်နှင့် ဂုဏ်+ဂုဏော–စပ်။

(ဂ) ဓာ–ပစ္စည်းအရကား ဝိဘာဂဂုဏ်ရ၏။

အမှာ။ ။ ဝိဘာဂတဒ္ဓိတ်၌ ဤသို့ နှစ်မျိုးကောက်ကြသည်။

လေ့ကျင့်ရန်ပုံစံ။ ။ ဒွိဟိ ဝိဘာဂေဟိ ဒွိဓာ၊ ဒုဓာ ဝါ၊ ဒွေဓာ။ တီဟိ ဝိဘာဂေဟိ တိဓာ၊ တေဓာ ဝါ။ ဓဝံ စတုဓာ–စသည်။ (ရူ။၂၅၄။)

**သာမညတဒ္ဓိတ်(၁၅)ပါး ပြီး၏။**

==================

http://www.dhammadownload.com



## အဗျယတဒ္ဓိတ်ဝိဂ္ဂဟကြံနည်း

အဗျယတဒ္ဓိတ်သည် လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ကြောင့် ပြောင်းလွဲမှု မရှိ၊ ယင်းအဗျယတဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟပြုသည့်အခါ လိင်ပုဒ်နှင့် ပစ္စည်း၏ ကိုယ်စားလှယ်ပုဒ်နှစ်မျိုးတို့၌ ဝိဘတ်ခုနစ်သွယ် သင့်လျော်ရာ ထားရသည်။ နိပ္ဖန္နပုဒ်ကိုကား ပစ္စည်း၏ ထုံးစံအတိုင်းထားရသည်။

### အောက်ပါပုံစံ အသီးသီးကို ကျနစွာ ကြည့်ပါ

၁။ ကော ပကာရော ကထံ။ (ထံ-ပစ္စည်း)

၂။ သော ပကာရော တထာ။ (ထာ-ပစ္စည်း)

တေန ပကာရေန တထတ္တာ။ (ထတ္တာ-ပစ္စည်း)

၃။ ကေန ဝိဘာဂေန ကေဓာ။ (ဓာ-ပစ္စည်း)

၄။ ကေဓာ ကရောတီတိ ကေဓျံ။ (ဓျံ-ပစ္စည်း)

၅။ သုတ္တေန ဝိဘာဂေန သုတ္တသော။ (သော-ပစ္စည်း)

၆။ ကော ဝါရော ကေကခတ္တုံ။ (ကခတ္တုံ-ပစ္စည်း)

၇။ ဧကသ္မိံ ကာလေ, ဧကသ္မိံ ဝါ ဒိဝသေ အဇ္ဇ။ (ဇ္ဇ-ပစ္စည်း)

၈။ သမာနေ ကာလေ သဇ္ဇု။ (ဇ္ဇု-ပစ္စည်း)

၉။ အဇ္ဇ ဘဝံ အဇ္ဇတနံ။ (တန-ပစ္စည်း)

သွေ ဘဝါ သွာတနံ။ (တန-ပစ္စည်း) (ရူ။၂၅၄၊၂၅၅၊၂၅၆။)

## အဗျယတဒ္ဓိတ် ညှိကောက်

သဗ္ဗော ပကာရော သဗ္ဗထာ။

(က) သဗ္ဗ-ဟူသောတဒ္ဓိတ်ပုဒ်၏အရကား သကလဘောဂုဏ်သည် မုချ။

(ခ) ထို-၏+ပကာရဘောဂုဏ်နှင့် ဂုဏ်+ဂုဏေး-စပ် ဌာနူ။

(ဂ) ထာ-ပစ္စည်းအရကား ထို-သော ပကာရဘောဂုဏ်ရ၏။

မှတ်ချက်။ ။ အဗျယတဒ္ဓိတ်ညှိကောက်ရန် ဧကမ, ယ, တ, သဗ္ဗ, ကိံ-စသော ပုဒ်တို့၏အနက်ကို ရူပသိဒ္ဓိသဗ္ဗနာမ်ခဏ်းလာ သဗ္ဗနာမ်ပုဒ်တို့၏ အဖွင့်ကို ကြည့်၍ ကောက်ရသည်။

### နမူနာပုံစံ

သော ပကာရော တထာ။

တ-အရ နိယမဘောဂုဏ်သည် မုချ။

ယေန ပကာရေန ယထာ။

ယ-အရ အနိယမဘောဂုဏ်သည် မုချ။

အယံ ပကာရော ဧတ္တံ။

ဧမ-အရ အာသန္နဝါစကဘောဂုဏ်သည် မုချ။

ကော ပကာရော ကထံ။

ကိံ-အရ ပုစ္ဆာဝါစကဘောဂုဏ်သည် မုချ။

http://www.dhammadownload.com



## ၃။ ဘာဝတဒ္ဓိတ်

### ဘာဝတဒ္ဓိတ်ငါးပါး

သဒ္ဒပဝတ္တိနိမိတ်အနက်ကို ဟောသော ဘာဝသဒ္ဒါကျေသောတဒ္ဓိတ်သည် ဘာဝတဒ္ဓိတ်မည်၏။ ယင်းဘာဝတဒ္ဓိတ်သည်လည်း ဒဗ္ဗဘာဝတဒ္ဓိတ်စသောအားဖြင့် ငါးပါးအပြားရှိသည်။ ထိုတွင်–

၁။ ဒြဗ်ကိုဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် ဒဗ္ဗဘာဝတဒ္ဓိတ်မည်၏။
ပြယုဂ်ကား– ဝိသာဏိဿ ဘာဝေါ ဝိသာဏိတ္တံ–တည်း။

၂။ ဂုဏ်ကိုဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် ဂုဏဘာဝတဒ္ဓိတ်မည်၏။
ပြယုဂ်ကား– သုက္ကဿ ဘာဝေါ သုက္ကတ္တံ။

၃။ ကြိယာကိုဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် ကြိယာဘာဝတဒ္ဓိတ်မည်၏။
ပြယုဂ်ကား– ဂန္တုဿ ဘာဝေါ ဂန္တုတ္တံ။

၄။ အမည်နာမအနက်ကိုဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် နာမဘာဝ တဒ္ဓိတ်မည်၏။
ပြယုဂ်ကား– စိတ္တဿ ဘာဝေါ စိတ္တတ္တံ။

၅။ ဇာတ်ကိုဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် ဇာတိဘာဝတဒ္ဓိတ်မည်၏။
ပြယုဂ်ကား– ဂေါဿ ဘာဝေါ ဂေါတ္တံ–တည်း။

### ဘာဝတဒ္ဓိတ်ဝိဂ္ဂဟကြံနည်း

ဘာဝတဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟပြုသောအခါ– လိင်ပုဒ်ကို ဆဋ္ဌီဝိဘတ်ဖြင့်သာ ထားရသည်။ ပစ္စည်း၏ ကိုယ်စားလှယ်ပုဒ်ကို ပဌမာဝိဘတ်ဖြင့်သာ ထားရသည်။ နိပ္ဖန္နပုဒ်ကိုကား "ဏျ, တ္တ–နှင့်၊ တ္တန–ပေါင်းရုံး၊ ပစ္စည်းသုံးမှာ၊ နပုံးသာ၊ တာ–မှာ ဣတ္ထီ၊ ကေန်မြဲသတည်း"ဟူသည်နှင့်အညီ ဏျ, တ္တ, တ္တန–ပစ္စည်းသုံးမျိုး တစ်မျိုးမျိုး ဆုံးသောပုဒ်ကို နပုံးလိင်, ဧကဝုစ်ဖြင့်သာ ထားရသည်။ နိယံ၌ မပါသော ဏေယျ, ဏ, ကဏ်–ပစ္စည်းဆုံးသောပုဒ်တို့ကိုလည်း နပုံးလိင်, ဧကဝုစ်ဖြင့်သာ ထားရသည်။ တာ–ပစ္စည်း ဆုံးသောပုဒ်ကိုကား ဣတ္ထိလိင်, ဧကဝုစ်သာ အမြဲထားရသည်။

### အောက်ပါ ပုံစံ အသီးသီးကို သေချာစွာ ကြည့်ပါ

| | | |
|---|---|---|
| ၁။ | ပဏ္ဍိတဿ ဘာဝေါ ပဏ္ဍိစ္စံ။ | (ဏျ–ပစ္စည်း) |
| ၂။ | ပံသုကူလိကဿ ဘာဝေါ ပံသုကူလိကတ္တံ။ | (တ္တ–ပစ္စည်း) |
| ၃။ | ပုထုဇ္ဇနဿ ဘာဝေါ ပုထုဇ္ဇနတ္တနံ။ | (တ္တန–ပစ္စည်း) |
| ၄။ | နိဒ္ဒါရာမဿ ဘာဝေါ နိဒ္ဒါရာမတာ။ | (တာ–ပစ္စည်း) |
| ၅။ | သုစိဿ ဘာဝေါ သောစေယျံ။ | (ဏေယျ–ပစ္စည်း) |
| ၆။ | ဝိသမဿ ဘာဝေါ ဝေသမံ။ | (ဏ–ပစ္စည်း) |
| ၇။ | ရမဏီယဿ ဘာဝေါ ရာမဏီယကံ။ | (ကဏ်–ပစ္စည်း) |

(ရူ။၂၃၆။၂၃၇။၂၃၈။၂၃၉။)

http://www.dhammadownload.com



## ဘာဝတဒ္ဓိတ်ညှသ်ကောက်နည်း

ဘာဝတဒ္ဓိတ်ပုဒ်ညှသ်ကောက်ရာ၌–

၁။ မုချကောက်

၂။ ဥပစာကောက်

၃။ ပစ္စည်းကောက်–ဟူ၍ သုံးမျိုး ခွဲရသည်။ ထိုတွင်–

၁။ ပုဒ်၏အရကို မုချအားဖြင့် ကောက်အပ်၏။

၂။ ပုဒ်အရ၏+ပစ္စည်းအရနှင့် ဂုဏ်+ဂုဏေး–စသည်ဖြင့် စပ်ခြင်းသမ္ဗန္ဓဘောကို ဋ္ဌာနူပစာအားဖြင့် ကောက်အပ်၏။

၃။ ပစ္စည်းအရကို ထိုမုချ+ဋ္ဌာနူပစာတို့ဖြင့် မှတ်အပ်သော (နောက်ပုဒ်၏အနက်ဖြစ်သော) ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်–ဟုဆိုအပ်သော သဒ္ဒပဝတ္တိနိမိတ် ငါးပါးကို ထိုက်သည့်အားလျော်စွာ ကောက်အပ်၏။

- ✔ မုချော+ပစာရ၊ ပစ္စယ၊ သုံး၀ အကောက်ထုတ်။
- ✔ တဒ္ဓိတ်ဟူက၊ ပုဒ်အရ၊ မုချ+ဋ္ဌာနူလုပ်။
- ✔ ပစ္စည်းအတွက်၊ နောက်ပုဒ်နက်၊ ဆက်ဆက် အကောက်ထုတ်။
- ✔ တဒ္ဓိတ်ပစ္စယ၊ ဟောနေကြ၊ မုချနောက်ပုဒ်နက်သာတည်း။
- ✔ တဒ္ဓိတ်ဘာဝ၊ ဝါစက၊ သဒ္ဒပဝတ္တနိမိတ်ကိုသာတည်း။

## ဒဗ္ဗဘာဝတဒ္ဓိတ်ညှသ်ကောက်ပုံ

ဝိသာဏိဿ ဘာဝေါ ဝိသာဏိတ္တံ။

(က) ဝိသာဏီ–ပုဒ်၏အရကား ဦးချိုရှိသော နွားဒြဗ်သည် မုချ။

(ခ) ထို–၏+ဦးချိုဒြဗ်နှင့် အပေါင်း+အစိတ်၊ အဘေဒ+ဘေဒ၊ နိဿယ+နိဿိတ–စပ်။

(ဂ) တ္တ–ပစ္စည်းအရကား ဦးချိုဒြဗ်ရ၏။

### သုံးချက်ခွဲပုံ

(က) ဝိသာဏ = ဦးချို။ (ခ) ဝိသာဏီ = ဦးချိုရှိသောနွား။

(ဂ) ဝိသာဏိတ္တံ = ဦးချိုရှိသောနွား၏ဖြစ်ကြောင်း (ဦးချို)။

## ဂုဏဘာဝတဒ္ဓိတ်

သုက္ကဿ ဘာဝေါ သုက္ကတ္တံ။

(က) သုက္က–ပုဒ်၏အရကား ဖြူသောနွားဒြဗ်သည် မုချ။

(ခ) ထို–၏+အဖြူဂုဏ်နှင့် ဂုဏေး + ဂုဏ်–စပ်။

(ဂ) တ္တ–အရကား ဖြူသောနွား၏ဖြစ်ကြောင်းဖြစ်သော အဖြူဂုဏ်ရ၏။

### သုံးချက်ခွဲပုံ

(က) သုက္က = အဖြူဂုဏ်။ (ခ) သုက္က = ဖြူသောနွား။

(ဂ) သုက္ကတ္တံ = ဖြူသောနွား၏ ဖြစ်ကြောင်း (အဖြူဂုဏ်)။

http://www.dhammadownload.com



## ကြိယာဘာဝတဒ္ဓိတ်

ဂန္တုသ္သ ဘာဝေါ ဂန္တုတ္တံ။

(က) ဂန္တု–ပုဒ်၏အရကား သွားတတ်သောသူဖြစ်သည် မှချ။
(ခ) ထို–၏+သွားခြင်းကြိယာနှင့် ဌာန+ဌာနီ–စပ်။
(ဂ) တ္တ–ပစ္စည်းအရကား သွားတတ်သောသူ၏ ဖြစ်ကြောင်းဖြစ်သော သွားခြင်း ကြိယာရ၏။

### သုံးချက်ခွဲပုံ

(က) ဂမု = သွားခြင်းကြိယာ။
(ခ) ဂန္တု = သွားတတ်သောသူ။
(ဂ) ဂန္တုတ္တံ = သွားတတ်သောသူ၏ ဖြစ်ကြောင်း(သွားခြင်းကြိယာ)။

## နာမဘာဝတဒ္ဓိတ်

စိတ္တသ္သ ဘာဝေါ စိတ္တတ္တံ။

(က) စိတ္တ–ပုဒ်အရကား စိတ္တနာမည်ရှိသူဖြစ်သည် မှချ။
(ခ) ထို–၏+စိတ္တနာမည်နှင့် သညီ+သညာ၊ နာမီ+နာမ–စပ် ဌာန။
(ဂ) တ္တ–ပစ္စည်းအရကား စိတ္တနာမည်ရှိသူ၏ဖြစ်ကြောင်းဖြစ်သော စိတ္တနာမည်ရ၏။

### သုံးချက်ခွဲပုံ

(က) စိတ္တ = စိတ္တနာမည်။
(ခ) စိတ္တ = စိတ္တနာမည်ရှိသူ။
(ဂ) စိတ္တတ္တံ = စိတ္တနာမည်ရှိသူ၏ဖြစ်ကြောင်း (စိတ္တနာမည်)။

## ဇာတိဘာဝတဒ္ဓိတ်

ဂေါသ္သ ဘာဝေါ ဂေါတ္တံ။

(က) ဂေါ–ပုဒ်၏အရကား နွားဖြစ်သည် မှချ။
(ခ) ထို–၏+နွားတို့၏ တစ်ကောင်သည် တစ်ကောင်နှင့်တူသော အခြင်းအရာ–ဟုဆိုအပ်သော ဇာတ်နှင့် အဘေဒ+ဘေဒ၊ ဂုဏေး+ဂုဏ်–စပ်။
(ဂ) တ္တ–ပစ္စည်းအရကား နွားတို့၏ တစ်ကောင်သည် (ပ) ဇာတ်ရ၏။

### သုံးချက်ခွဲပုံ

(က) ဂေါ = နွားဇာတ်။
(ခ) ဂေါ = နွားဖြစ်။
(ဂ) ဂေါတ္တံ = နွားဇာတ်။

အမှာ။ ။ ဤဆိုအပ်ခဲ့ပြီးသည်တို့ကား အဿတ္ထိတဒ္ဓိတ်အပေါ်၌ ဘောစီးသောပုဒ် ဉာဏ်ကောက်နည်းတို့ပေတည်း။

http://www.dhammadownload.com



## ဗဟုဗ္ဗီဟိသမာသ်ပုဒ်အပေါ် ဘောစီးသောပုဒ် ဉာဏ်ကောက်နည်း

ဒိန္နော + သုင်္ကော ယဿာတိ ဒိန္နသုင်္ကော။

ဒိန္နသုင်္ကဿ ဘာဝေါ ဒိန္နသုင်္ကတ္တံ။

(က) ဒိန္နသုင်္က–ပုဒ်၏အရကား ပေးအပ်ပြီးသော အခွန်ရှိသော မင်းဖြစ်သည် မုချ။

(ခ) ထို–၏+ပေးအပ်သောအခွန်နှင့် သာမီ+သံ–စပ်။

(ဂ) တ္တ–ပစ္စည်းအရကား ပေးအပ်သော အခွန်ရ၏။

### သုံးချက်ခွဲပုံ

(က) ဒိန္နသုင်္က = ပေးအပ်သောအခွန်။

(ခ) ဒိန္နသုင်္က = ပေးအပ်သောအခွန်ရှိသောမင်း။

(ဂ) ဒိန္နသုင်္ကတ္တံ = ပေးအပ်သောအခွန်ရှိသောမင်း၏ဖြစ်ကြောင်း(ပေးအပ်သောအခွန်)။

### ထပ်မံရှင်းလင်းချက်

ဒဗ္ဗဘာဝတဒ္ဓိတ်ပုံစံ ဝိသာဏိတ္တံ–၌

(က) ဝိသာဏ = ဦးချို။

(ခ) ဝိသာဏီ = ဦးချိုရှိသောနွား။ (ဝိသာဏံ အဿ အတ္ထီတိ ဝိသာဏီ)။

(ဂ) ဝိသာဏိတ္တံ = ဦးချိုရှိသော နွား၏ဖြစ်ကြောင်း (ဦးချို)ဟု သုံးမျိုးခွဲ။

ဝိသာဏ = ဦးချိုကြောင့်သာ နွားကို "ဝိသာဏီ–ဦးချိုရှိသူ"ဟု ခေါ်ရသည်။ ဦးချို မရှိက ဝိသာဏီ–ဟု မခေါ်နိုင်။ ထို့ကြောင့် ဝိသာဏ=ဦးချိုဖြစ်သည် ဝိသာဏီ–သဒ္ဒါဖြစ်ပေါ်လာရခြင်း၏ အကြောင်းပဝတ္တနိမိတ်ဖြစ်သည်။

ဝိသာဏိဿ ဘာဝေါ ဝိသာဏိတ္တံ–ဟု ဝိသာဏီ–ဟူသော အဿတ္ထိတဒ္ဓိတ် အပေါ် ဘောစီးသောအခါ ဘာဝ–အရ (ဝါ) တ္တ–ပစ္စည်းအရ ဝိသာဏီ–သဒ္ဒါ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းဖြစ်သော (က) ဝိသာဏ–ဦးချိုကိုသာ အရကောက်ရသည်။ (က)နှင့် (ဂ)မှာ ဝိသာဏ–ဦးချိုဖြစ်ကိုချည်းရသဖြင့် အရတူနေသည်ကို တွေ့ရပေမည်။

"ပဏ္ဍိစ္စံ = ပညာရှိသူ၏ဖြစ်ကြောင်း"ဆိုလျှင်

(က) ပညာ၊ (ခ) ပညာရှိသူ၊ (ဂ) ပညာရှိသူ၏ဖြစ်ကြောင်း(ပညာ)ဤသို့ သုံးချက်ခွဲ၍ (ဂ)အရ ဘာကိုရသနည်း–ဟုမေးလျှင် (က)ကိုပင် ရသည်ဟု မှန်ကန်စွာ သိမှတ်ထားရမည်။ ကြွင်းသော ဂုဏဘာဝတဒ္ဓိတ်ပုံစံ–စသည်တို့၌လည်း ဒဗ္ဗဘာဝ တဒ္ဓိတ်ပုံစံနည်းတူ သုံးမျိုးစီခွဲခြား၍ စနစ်တစ်ကျ အရကောက်ရသည်။

ယင်းသို့ သုံးမျိုးစီခွဲ၍ (ဂ) ပစ္စည်းအရ ပုဒ်ရင်းဖြစ်သော (က)ကို အရကောက် သည်ကိုပင် ရည်ရွယ်၍ "ဗဟုဗ္ဗီဟိ၊ အဿတ္ထိတွင်၊ ဘောတင်စီးလတ်၊ သမာသ်+ တဒ္ဓိတ်၊ ပုဒ်ရင်း ကိုသာ၊ ရအပ်စွာ၊ အရာမျိုးခပ်သိမ်း"ဟု မောင်းထောင်နိယံ၌ ဆိုထားသည်။

http://www.dhammadownload.com



## ချွင်းချက်မှတ်ရန် ဤပုံစံ ကေန်ကျက်မှတ်ပါ

အထက်၌ ဆိုအပ်ခဲ့ပြီးသော "ဗဟုဗ္ဗီဟိ၊ အဿတ္တိတွင်"စသော နိယံ ဥပဒေနှင့် မညီသော (၀ါ) နိယံဥပဒေကို မလိုက်နာသော သောမနဿံ, ဒေါမနဿံ–ပုဒ်တို့၏ ညှသ်ကောက်ပုံကို သီးခြားကျက်မှတ်ထားရမည်။

သုမနဿ + ဘာဝေါ သောမနဿံ။

(က) သုမန–ပုဒ်၏ အရကား ကောင်းသောစိတ်ရှိသောသူဖြစ်သည် မှချ။

(ခ) ထို–၏+ မာနသိကသုခဝေဒနာနှင့် အကျိုး+အကြောင်း–စပ်။

(ဂ) ဏျ–ပစ္စည်းအရကား ကောင်းသောစိတ်ရှိသောသူ၏ ဖြစ်ကြောင်းဖြစ်သော မာနသိကသုခဝေဒနာရ၏။

✔ သောမနဿံ, ဒေါမနဿံ၊ ပုဒ်နှစ်တန်၊ ပုံစံထူးခြား၊ ကျက်မှတ်ထား။

### ရှင်းလင်းချက်

သောမနဿံ–ပုဒ်ဝယ် အထက်၌ ဆိုအပ်ခဲ့ပြီးအတိုင်း–

(က) သုမန = ကောင်းသောစိတ်။

(ခ) သုမန = ကောင်းသောစိတ်ရှိသူ။

(ဂ) သောမနဿံ = ကောင်းသောစိတ်ရှိသူ၏ ဖြစ်ကြောင်း (ကောင်းသောစိတ်)ဟု သုံးမျိုးခွဲပြီး "ဗဟုဗ္ဗီဟိ, အဿတ္တိတွင်"စသော နိယံဥပဒေနှင့်အညီ ညှသ်ကောက်ပါက–

(က) သုမန–ပုဒ်၏ အရကား ကောင်းသောစိတ်ရှိသူသည် မှချ။

(ခ) ထို–၏+ကောင်းသောစိတ်နှင့် ဌာန+ဌာနီ၊ ဂုဏေး+ဂုဏ်–စပ်။

(ဂ) ဏျ–ပစ္စည်း၏ အရကား ကောင်းသောစိတ်ရ၏–ဟု ကောက်ရမည်။

ယင်းသို့ကောက်လိုက်လျှင် "ဗဟုဗ္ဗီဟိ၊ အဿတ္တိတွင်"စသော နိယံဥပဒေနှင့် ညီညွတ်သော်လည်း "မာနသိကသုခဝေဒနာယေတံ အဓိဝစနံ"ဟူသော အဘိဓမ္မတ္ထ ဝိဘာဝိနီ–ခေါ် ဋီကာကျော်လာ သောမနဿံ–ပုဒ်၏ အဘိဓေယျတ္ထနှင့် လုံးဝ ဆန့်ကျင်နေသည်။ ထိုကြောင့်– ယင်းသို့ မဆန့်ကျင်ရလေအောင် သောမနဿံ, ဒေါမနဿံ–ပုဒ်တို့အတွက် သီးခြားကျက်မှတ်ထားရမည်။

**ဘာဝတဒ္ဓိတ် ပြီး၏။**

===============

## သောတ္တတဒ္ဓိတ် အဓိပ္ပာယ်နှင့် ဝိဂ္ဂဟကြံနည်း

ပစ္စည်းအနက်မရှိသော တဒ္ဓိတ်ကို "သောတ္တတဒ္ဓိတ်"ဟု ခေါ်သည်။ ယင်း သောတ္တတဒ္ဓိတ်ပုဒ်မျိုးကို ဝိဂ္ဂဟပြုသည့်အခါ ပစ္စည်း၏ ကိုယ်စားလှယ်ပုဒ် မပါ ရတော့ဘဲ လိင်ပုဒ်နောင် ဝေ–သဒ္ဒါကို ထည့်ရသည်။ နိပ္ဖန္နပုဒ်ကိုကား ပစ္စည်း၏လိင် သီးခြားမရှိလျှင် နပုံလိင် ကေဝုစ်သာ ထားရသည်။ တာ–ပစ္စည်းကဲ့သို့ ပစ္စည်း၏လိင် သီးခြားရှိရာ၌ကား ထိုပစ္စည်း၏ လိင်အတိုင်း လိင်, ဝုစ်ထားရသည်။

http://www.dhammadownload.com



## အောက်ပါပုံစံတို့ကို သေချာစွာ လေ့လာပါ

၁။ ဒေဝေါယေဝ ဒေဝတာ။ (တာ–ပစ္စည်း) (ရှု။၂၃၃။)

၂။ အသင်္ခါရောယေဝ အသင်္ခါရိကံ၊ သသင်္ခါရိကံ၊ နာမေဝ နာမိကံ၊ ဇဝံ အာချာတိကံ၊ ဩပသဂ္ဂိကံ၊ နေပါတိကံ။ (ဏိက–ပစ္စည်း) (ရှု။၂၂၆။)

၃။ ဒါနမေဝ ဒါနမယံ၊ သီလမယံ၊ (မယ–ပစ္စည်း) (ရှု။၂၃၅။)

၄။ ယထာဘူတမေဝ ယထာဘုစ္စံ၊ ကရုဏာမေဝ ကာရုညံ၊ ပတ္တကာလမေဝ ပတ္တကလ္လံ၊ အာကာသာနန္တမေဝ အာကာသာနဉ္စံ။ (ဏျ–ပစ္စည်း)(ရှု။၂၃၈။)

၅။ ကာယပါဂုညမေဝ ကာယပါဂုညတာ။ (တာ–ပစ္စည်း) (ရှု။၂၃၉။)

## သောတ္တတဒ္ဓိတ် ဉာဉ်ကောက်နည်း

သောတ္တတဒ္ဓိတ်ကို ဉာဉ်ကောက်ရာ၌–

"အရမကွဲ၊ ပုဒ်, ပစ္စည်း၊ ယူမြဲ သောတ္တတဒ္ဓိတ်တည်း"ဟူသည်နှင့် အညီ သောတ္တတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် လူရ၏, နတ်ရ၏, စိတ်ရ၏–စသည်ဖြင့် ပုဒ်နှင့် ပစ္စည်းကို အရတူတွဲကောက်ရသည်။

## ကောက်ပုံကား

ဒေဝေါယေဝ ဒေဝတာ။ ဒေဝ–ပုဒ်၊ (ဇဝ–ပုဒ်)၊ တာ–ပစ္စည်း။

ဒေဝ–ဟူသော တဒ္ဓိတ်ပုဒ်၏အရ, တာ–ပစ္စည်း၏အရကား– သောတ္တတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် နတ်–ရ၏။

မနောဧဝ မာနသံ။

မန–ဟူသော တဒ္ဓိတ်ပုဒ်၏အရ, သ–ပစ္စည်း၏ အရကား– သောတ္တတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် အာရမ္မဏိက ဖြစ်သော စိတ်–ရ၏။

## ဧကသေသတဒ္ဓိတ် ဉာဉ်ကောက်ပုံ

ပုရိသော စ ပုရိသော စ ပုရိသာ။ (ပုရိသ–ပုဒ်+ပုရိသ–ပုဒ်)

(က) ပုရိသ–ဟူသော ရှေ့ပုဒ်အရကား တစ်ယောက်သော ယောကျ်ားသည် မုချ။

(ခ) ထို–၏+ နောက်ပုဒ်အရဖြစ်သော ယောကျ်ားဒြပ်နှင့် တစုံတခုသော ကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာန။

(ဂ) ပုရိသ–ဟူသော တဒ္ဓိတ်ပုဒ်လုံးအရကား ထို–သော ယောကျ်ားနှစ်ယောက်ရ၏။

မာတာ စ ပိတာ စ မာတရော။

(က) မာတု–အရ မိခင်သည် မုချ။

(ခ) ထို–၏+ပိတု–အရ ဖခင် နှင့် တစုံတခုသောကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာန။

(ဂ) မာတရော–ဟူသော ဧကသေသတဒ္ဓိတ်ပုဒ်လုံးအရကား ထို–သော မိဘနှစ်ပါးရ၏။

မှတ်ချက်။ ။ ဧကသေသတဒ္ဓိတ်ဉာဉ်ကောက်ပုံမှာ ဒွန်သမာသ်ဉာဉ်ကောက်နှင့် တူ၏။

## တဒ္ဓိတ်ဉာဉ်ကောက် ပြီးပါပြီ။

==========================

http://www.dhammadownload.com



## အာချာတ်ဉာဏ်ကောက်

### အာချာတ်ပုဒ် ဉာဏ်ကောက်မှတ်ဖွယ်

"ကြိယံ အာချာယတီတိ အာချာတံ"ဟူသည်နှင့်အညီ ကြိယာကို ပဓာနအားဖြင့် (ဒြဗ်ကို အပ္ပဓာနအားဖြင့်) ဟောတတ်သောကြောင့် အာချာတ်မည်၏။

ထိုအာချာတ်ပုဒ်သည်–

၁။ ကတ္တားဟော ကြိယာပုဒ်၊

၂။ ကံဟော ကြိယာပုဒ်၊

၃။ ဘောဟောကြိယာပုဒ်–ဟု သုံးမျိုးရှိသည်။

ယင်းအာချာတ်ကြိယာပုဒ်တို့ကို ဉာဏ်ကောက်ရာ၌–

✔ ရုဠှီချာတံ နိပါတဋ္ဌ–ပသဂ္ဂါလပနံ တထာ။
သဗ္ဗနာမန္တိမေတေသု၊ န ကတော ဝိဂ္ဂဟော ဆသု။

✔ "ရုဠှီ, အာချာတ်၊ နိပါတ်, ဥပသာ၊ သဗ္ဗနာ, အာလုပ်၊ ဤခြောက်ပုဒ်၊ မထုတ် ဝိဂြိုဟ်မှု" ဟူသည်နှင့်အညီ ဝိဂြိုဟ်ပြုစရာ မလိုတော့ပါ၊ ဉာဏ်မကောက်မီ ဓာတ်+ပစ္စည်း+ဝိဘတ်–တို့ကိုသာ ခွဲပြရမည်။

### ကတ္တားဟောကြိယာ ဉာဏ်ကောက်နည်း

ကတ္တားဟော ကြိယာ၌–

၁။ ဓာတ်အရကောက်

၂။ ပစ္စည်းအရကောက်

၃။ ဝိဘတ်အရကောက်–ဟု သုံးမျိုးရှိသည်။ ထိုတွင် –

၁။ ဓာတ်အရကောက်သည်လည်း

(က) မုချကောက်

(ခ) ဖလူပစာကောက်

(ဂ) ကာရဏူပစာကောက်–ဟု သုံးမျိုးပြားပြန်၏။

ထို့ကြောင့် ကတ္တားဟောကြိယာပုဒ်ကို ဉာဏ်ကောက်သည့်အခါ–

(က) မုချကောက်

(ခ) ဖလူပစာကောက်

(ဂ) ကာရဏူပစာကောက်

(ဃ) ပစ္စည်းအရကောက်

(င) ဝိဘတ်အရကောက်–ဟု ငါးမျိုးခွဲကောက်ရသည်။

http://www.dhammadownload.com



## အကျယ်ကောက်ပုံ

(က) ကတ္တုဒြကြိယာ–ဟု ဆိုအပ်သော ပစ္စုပ္ပန်ကတ္တား ပရမတ္ထတရားကို မုချအားဖြင့် ကောက်အပ်၏။

(ခ) ထိုမုချဖြစ်သော ပစ္စုပ္ပန်ကတ္တားပရမတ္ထတရား၏ ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်ကို ဖလူပစာအားဖြင့် ကောက်အပ်၏။

(ဂ) နောက်နောက်၌ဖြစ်သော စိတ္တုပ္ပါဒ်ကို ကာရဏူပစာအားဖြင့် ကောက်အပ်၏။

(ဃ) ပစ္စည်းအရ များသောအားဖြင့် ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌဘောဂဏ်ကို ကောက်အပ်၏။

(င) ဝိဘတ်အရ ကတ္တားကို အပ္ပဓာနအားဖြင့် ကောက်အပ်၏။

ဆိုခဲ့ပြီး ကတ္တုဒြကြိယာကို ပဓာနအားဖြင့် ကောက်အပ်၏။

- ✔ မုချ+ဖလူ၊ ကာရဏူ၊ လွယ်ကူသိစေမင်း။
- ✔ ပစ္စုပ္ပန်မူ၊ မုချယူ၊ ရှေ့ဖလူ၊ ကာရဏူကို၊ နောက်စိတ်သွင်း။
- ✔ ပစ္စယတ္ထ၊ သိလိဋ္ဌ၊ ဘာဝဘောဂဏ်မင်း။
- ✔ ဝိဘတ်အရ၊ ဝစနတ္ထ၊ ကောက်ကြ မှန်မယွင်း။

## သဝိညာဏကပညတ္တိကတ္တားဟော ကြိယာပုဒ် ညှသ်ကောက်နည်း

ဂစ္ဆတိ–ဟူသော ကတ္တားဟောပြယုဂ်၌ ဂမု–ဓာတ်+အ–ပစ္စည်း+တိ–ဝိဘတ်။

(က) ဂမု–ဓာတ်အရကား ထိုထိုအရပ်သို့ သွားခြင်းငှာ အလိုရှိသော သူ၏ သတိ, ဝီရိယ, ဉာဏ်–ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။

(ခ) ယောနိသောမနသိကာရအစရှိသော ရှေးရှေးသောစိတ္တုပ္ပါဒ်သည် ဖလူပစာအားဖြင့်ရ၏။

(ဂ) သွားခြင်းကြိယာပြီးဆုံးသဖြင့် အဆင့်ဆင့်အကျိုးကို ပြီးစေတတ်သော နောက်နောက်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာအားဖြင့်ရ၏။

(ဃ) အ–ပစ္စည်း၏အရကား "အပစ္စယော ရူပသိဒ္ဓိမတ္တော၀ ဓာယတိ"ဟူသည်နှင့် အညီ ဘူဝါဒိဂဏိက, ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌတာ–ဟုဆိုအပ်သော ဘောဂဏ်ရ၏။

(င) တိ–ဝိဘတ်၏အရကား "တိဝိဘတ္တိ ပဌမာယ ဓောတိတံ ကတ္တုကာရကံ ဝဒေ"ဟူသည်နှင့် အညီ သွားတတ်သောပုဂ္ဂိုလ် (ဟုဆိုအပ်သော ကတ္တား) သည် အပ္ပဓာနအားဖြင့်ရ၏။

ထိုသို့ပင်ရငြားသော်လည်း ခပ်သိမ်းသော ကြိယာပုဒ်တို့၏ သဘောသည် ကြိယာကို ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော (သွားခြင်းဟူသော) ကတ္တုဒြကြိယာသည်သာလျှင် ပဓာနအားဖြင့်ရ၏။

အမှာ။ ။ ဤကား သဝိညာဏပညတ္တိကတ္တားဟော ကြိယာပုဒ် ညှသ်ကောက်ပုံတည်း။

ရုဟတိ–စသော အဝိညာဏပညတ္တိကတ္တားဟောကြိယာပုဒ်နှင့် ဖုသတိ, ဓေဒယတိ–စသော ပရမတ္ထကတ္တားဟောကြိယာပုဒ်တို့၌ကား ရှေ့ဖလူ+နောက် ကာရဏူကို ထည့်ကောက်စရာမလို။

http://www.dhammadownload.com



## အဝိညာဏကပညတ္တိကတ္တားဟောကြိယာပုဒ် ညည်ကောက်နည်း

ရုဟတိ–ဟူသော ကတ္တားဟောပြယုဂ်၌ ရုဟ–ဓာတ်၊ အ–ပစ္စည်း၊ တိ–ဝိဘတ်။

(က) ရုဟ–ဓာတ်အရကား ပေါက်ရောက်သော အခြင်းအရာအားဖြင့် ဖြစ်သော သစ်ပင်–ဟူသော အဋ္ဌကလာပ်ရုပ်ရှစ်ခု၏ ဥပါဒ်ရ၏။

(ခ) အ–ပစ္စည်းအရကား ဘူဝါဒိဂဏိက, ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌတာ–ဟု ဆိုအပ်သော ဘောဂဏ်ရ၏။

(ဂ) တိ–ဝိဘတ်အရကား တိဝိဘတ္တိ (ပ) နှင့်အညီ ဥပ္ပါဒဝန္တဖြစ်သော ပေါက် ရောက်တတ်သော သစ်ပင်ဒြဗ်သည် အပ္ပဓာနအားဖြင့် ရ၏။

ထိုသို့ပင် ရငြားသော်လည်း ခပ်သိမ်းသော ကြိယာပုဒ်တို့၏ သဘောသည် ကြိယာကို ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော (ပေါက်ရောက် ခြင်းဟူသော) ကတ္တုဋ္ဌကြိယာသည်သာလျှင် ပဓာနအားဖြင့် ရ၏။

## ပရမတ္ထကတ္တားဟော ကြိယာညည်ကောက်ပုံ

ဖုသတိ–ဟူသော ကတ္တားဟောပြယုဂ်၌ ဖုသ–ဓာတ်၊ အ–ပစ္စည်း၊ တိ–ဝိဘတ်။

(က) ဖုသ–ဓာတ်အရကား ဖုသနသတ္တိ, ဖုသနလက္ခဏာ, ဖုသနသဘာဝရ၏။

(ခ) အ–ပစ္စည်းအရကား ဘူဝါဒိဂဏိက, ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌတာ–ဟုဆို အပ်သော ဘောဂဏ်ရ၏။

(ဂ) တိ–ဝိဘတ်၏အရကား သတ္တိမန္တ, လက္ခဏာဝန္တ, သဘာဝဝန္တဖြစ်သော (ကတ္တား ဖြစ်သော) ဖဿစေတသိက်သည် အပ္ပဓာနအားဖြင့်ရ၏။

ထိုသို့ပင်ရငြားသော်လည်း ခပ်သိမ်းသော ကြိယာတို့၏ သဘောသည် ကြိယာ ကို ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော (တွေ့ထိခြင်းဟူသော) ကတ္တုဋ္ဌကြိယာသည်သာ ပဓာနအားဖြင့်ရ၏။

✔ သဒ္ဒါဝိဇ္ဇမာန၊ ကြိယာဖြစ်က၊ ဓာတ်အရမှာ၊ လက္ခဏာ, သဘာဝ၊ ကောက်ရ မချို့၊ ဝိဘတ်တို့မှာ၊ လက္ခဏာဝန်၊ သဘာဝန်ကို၊ ကေန် အရ၊ ညွှန်းသတည်း။

## ကံဟောကြိယာ ညည်ကောက်နည်း

ကံဟောကြိယာပုဒ်၌လည်း (ကတ္တားဟော ကြိယာနည်းတူ)–

၁။ ဓာတ်အရကောက် ၂။ ပစ္စည်းအရကောက်

၃။ ဝိဘတ်အရကောက်–ဟု သုံးမျိုးရှိသည်။

ထိုတွင်– ဓာတ်အရကောက်သည်လည်း–

၁။ မုချကောက် ၂။ ဖလူပစာရကောက်–ဟု နှစ်မျိုးပြားပြန်၏။

ထို့ကြောင့် ကံဟောကြိယာပုဒ်ကို ညည်ကောက်သည့်အခါ–

(က) မုချကောက်၊ (ခ) ဖလူပစာရကောက်၊

(ဂ) ပစ္စည်းအရကောက်၊ (ဃ) ဝိဘတ်အရကောက်–ဟူ၍ လေးမျိုးခွဲ ကောက်ရသည်။

http://www.dhammadownload.com



## အကျယ်ကောက်ပုံ

(က) ကတ္တုဒ္ဒကြိယာ၏အရကို မုချအားဖြင့် ကောက်အပ်၏။
(ခ) ကမ္မဒ္ဒကြိယာ၏ အရကို (ဝါ) ကမ္မဒ္ဒအရတရား၏ အာရမ္မဏပစ္စယသတ္တိကို ဖလူပစာအားဖြင့် ကောက်အပ်၏။
(ဂ) ပစ္စည်းအရ ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌတာဘောဂုဏ်ကို ကောက်အပ်၏။
(ဃ) ဝိဘတ်အရ ကံကို အပ္ပဓာနအားဖြင့် ကောက်အပ်၏။
ဆိုအပ်ခဲ့ပြီး ဓာတွတ္ထကြိယာကို ပဓာနအားဖြင့် ကောက်အပ်၏။

## ကံဟောပြယုဂ်

ဟညတေ–ဟူသော ကံဟောပြယုဂ်၌ ဟန–ဓာတ်၊ ယ–ပစ္စည်း, တေ–ဝိဘတ်။
(က) ဟန–ဓာတ်၏ အရ ကတ္တုဒ္ဒကြိယာကား သတ်တတ်သောပုဂ္ဂိုလ်၏ ဝဓကစေတနာပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။
(ခ) ကမ္မဒ္ဒကြိယာအရကား သတ်အပ်သောပုဂ္ဂိုလ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။
(ဂ) ယ–ပစ္စည်း၏အရကား "ယပစ္စယော ရူပသိဒ္ဓိမတ္တော၀ ဓာယတိ"ဟူသည်နှင့် အညီ ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌတာ–ဟု ဆိုအပ်သော ဘောဂုဏ်ရ၏။
(ဃ) တေ–ဝိဘတ်၏အရကား "တေဝိဘတ္တိ ပဌမာယ ဓောတိတံ ကမ္မကာရကံ ဝဒေ"ဟူသည်နှင့် အညီ ထိုမုချ+ဥပစာတို့ဖြင့် မှတ်အပ်သော သတ်အပ်သော ပုဂ္ဂိုလ်သည် အပ္ပဓာနအားဖြင့်ရ၏။

ထိုသို့ပင်ရငြားသော်လည်း ခပ်သိမ်းသော ကြိယာတို့၏ သဘောသည် ကြိယာကို ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထသည် သာလျှင် ပဓာနအားဖြင့် ရ၏။

## ဘောဟောကြိယာ ဉာဏ်ကောက်နည်း

ဘောဟော အာချာတ်ကြိယာတို့၌ ဘာဝဝါစကဖြစ်သောပုဒ်တို့၏ သဘောသည် ဓာတ်အရ, ဝိဘတ်အရ အထူးမရှိသောကြောင့် ပရမတ္ထသဘောဖြစ်သော ကြိယာကို ကောက်အပ်၏။

## ဘောဟောကြိယာ ပြယုဂ်

ဘူယတေ–ဟူသော ဘောဟောပြယုဂ်၌ (ဘူ+ယ+တေ)–
(က) ဘူ–ဓာတ် + တေ–ဝိဘတ်တို့၏အရကား ဘာဝဝါစကဖြစ်သော ပုဒ်တို့၏ သဘောသည် ဓာတ်အရ, ဝိဘတ်အရ အထူးမရှိသောကြောင့် ဖြစ်ခြင်း ကြိယာ (ဟူသောစိတ္တုပ္ပါဒ်) ရ၏။
(ခ) ယ–ပစ္စည်းအရကား ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌတာ–ဟုဆိုအပ်သောဘောဂုဏ်ရ၏။

## အာချာတ်ဉာဏ်ကောက် ပြီးပါပြီ။

=======================

http://www.dhammadownload.com



## ကိတ်ဉာဏ်ကောက်

ဓာတ်နှင့် + ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက် အတွင်းငုပ်, မငုပ်သော နာမ်သည် ကိတ်နာမ်မည်၏။

### ကိတ်နာမ်ပုဒ်ကို ဝိဂ္ဂဟပြုနည်း

ကိတ်နာမ်ပုဒ်ကို ဝိဂြိုဟ်ပြုလိုလျှင်– ရှေးဦးစွာ ဓာတ်နှင့် ပစ္စည်းကို ခွဲပါ။ ထို့နောက် ဓာတ်၏အနက်ကို ရှာဖွေပါ။ အဘိဓေယျ–အရကောက်ကို ရှု၍ ပစ္စည်း၏ အနက်ကို ရှာဖွေပါ။ ထိုနောက် အာချာတ်ပုဒ်ဖြင့်သော်လည်းကောင်း၊ ကိတ်ပုဒ်ဖြင့်သော်လည်းကောင်း ဝိဂ္ဂဟပြုလုပ်ပါ။

အာချာတ်ပုဒ်ဖြင့် ဝိဂ္ဂဟပြုရာ၌–

၁။ ဓာတ်သည် မည်သည့်ဂိုဏ်းဝင်ဓာတ် ဖြစ်သည်ကို ရှာရမည်။

၂။ အာချာတ်ဝိဘတ်ရှစ်သွယ်တွင် မည်သည့်ဝိဘတ်သက်ရမည်ကိုလည်း ရှာရမည်။

ဝတ္တမာန်ဝိဘတ် ဖြစ်သင့်အံ့ – ပရဿပုဒ်, အတ္တနောပုဒ်တို့တွင် မည်သည့်ပုဒ် (ဝိဘတ်) ဖြစ်သင့်သည်ကို ရှာရမည်။

ပရဿပုဒ်ဖြစ်အံ့– မည်သည့်ပုရိသ်ဖြင့် ပြုရမည်နည်းဟု ပုရိသ်ကို ရှာရမည်။

ပထမပုရိသ်ဖြင့် ပြုရမည်ဖြစ်အံ့– မည်သည့်ဝုစ်ဖြင့် ပြုရမည်နည်းဟု ဝုစ်ကိုလည်း ရှာရမည်။

ဤသို့ ဆိုခဲ့ပြီး အချက်အလက် စုံလင်တိကျမှ ဝိဂ္ဂဟပြုရသည်။

✔ ဂိုဏ်း, ဝိဘတ္တိ၊ ပုဒ်, ဒွိပုရိသ၊ ဝစန၊ ခွဲပြပြုလေပါ။

### ဝိဂ္ဂဟပြုနည်း(၂)မျိုး

၁။ ကိတ်ပုဒ်ကို ကိတ်ပုဒ်ဖြင့်ပင်ပြုအပ်သော ဝိဂ္ဂဟသည် သပဒဝိဂ္ဂဟမည်၏။

ပုံစံ– ဗုဇ္ဈနံ့ောတိ ဗုဒ္ဓေါ။

၂။ ကိတ်ပုဒ်ကို အာချာတ်ပုဒ်ဖြင့် ပြုအပ်သောဝိဂ္ဂဟသည် အသပဒဝိဂ္ဂဟမည်၏။

ပုံစံ–ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

### သာဓန (၇)ပါး အဓိပ္ပါယ်နှင့် ဝိဂ္ဂဟပြုနည်း

၁။ တတ်–ဟူ၍ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကတ္တားကို ဟောသော သာဓနသည် ကတ္တုသာဓနမည်၏။

၂။ အပ်–ဟူ၍ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကံကို ဟောသော သာဓနသည် ကမ္မသာဓနမည်၏။

ယင်းကတ္တုသာဓနေ, ကမ္မသာဓနေပုဒ်တို့ကို ဝိဂ္ဂဟပြုသည့်အခါ ဣတိ–အတွင်းရှိသော ကြိယာပုဒ်နှင့် ဣတိ–အပြင်ရှိ နိပ္ဖန္နပုဒ်နှစ်မျိုးလုံး၌ အဘိဓေယျကို ရှု၍ လိင်, ဝုစ်ထားရသည်။

http://www.dhammadownload.com



## ကရဏသာဓန–စသည် (၄)ပါး

၁။ ကြောင့်–ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကရိုဏ်းကိုဟောသော သာဓနသည် ကရဏသာဓနမည်၏။

၂။ ရာ–ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော သမ္ပဒါန်ကို ဟောသော သာဓနသည် သမ္ပဒါနသာဓနမည်၏

၃။ ရာ–ဟူ၍ ။ပ။ အပါဒါန်ကိုဟောသော သာဓနသည် အပါဒါနသာဓနမည်၏။

၄။ ရာ–ဟူ၍ ။ပ။ အဓိကရဏကို ဟောသော သာဓနသည် အဓိကရဏသာဓနမည်၏။

ယင်းကရဏသာဓန–စသော (၄)ပါးသောပုဒ်တို့ကို ဝိဂ္ဂဟပြုသည့်အခါ ပ္ပကတိ–အတွင်းရှိကြိယာ၌ ကတ္တားဟော, ကံဟော, ကေဝုစ်, ဗဟုဝုစ် လျော်သလို ထားရသည်။ ဧတေန, ဧတေဟိ၊ ဧတဿ, ဧတေသံ၊ ဧတသ္မာ, ဧတေဟိ၊ ဧတဿ, ဧတေသံ၊ ဧတသ္မိံ, ဧတေသု–ဟူသော သာဓနပြပုဒ်တို့ကိုကား အရကောက်= အဘိဓေယျကို ရှု၍ လိင်, ဝုစ်ထားရသည်။ နိပ္ဖန္နပုဒ်ကိုလည်း အရကောက်= အဘိဓေယျကိုပင် ရှု၍ လိင်, ဝုစ်ထားရသည်။

### ဘာဝသာဓန

ခြင်း–ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ကြိယာဟု ဆိုအပ်သော ဘောကို ဟောသော သာဓနသည် ဘာဝသာဓနမည်၏။

ယင်းဘာဝသာဓနပုဒ်ကို ဝိဂ္ဂဟပြုသည့်အခါ ယ–ပစ္စည်း+တေ–ဝိဘတ်ဖြင့် ဖြစ်စေ၊ ယု–ပစ္စည်းဖြင့်ဖြစ်စေ ပြုနိုင်သည်။ ပ္ပကတိ–သဒ္ဒါ လုံး၀ မထည့်ရပါ။ နိပ္ဖန္နပုဒ်ကို လိင်သုံးပါးတွင် သင့်သလို ထားရသည်။ နပုံးလိင် အရှိများသည်။

မှတ်ချက်။ ။ ယု–ပစ္စည်းဖြင့် ဝိဂ္ဂဟပြုလျှင် သပဒဝိဂ္ဂဟဟု ခေါ်၍ ယ–ပစ္စည်း+တေ–ဝိဘတ်ဖြင့်ပြုလျှင် အသပဒဝိဂ္ဂဟဟုခေါ်သည်။

### ကတ္တုသာဓန ညှိကောက်မှတ်ဖွယ်

ကိတ်သာဓန (၇)ပါးတွင် ကတ္တုသာဓနသည်–

၁။ သုဒ္ဓကတ္တုသာဓန

၂။ ဟေတုကတ္တုသာဓန–ဟု နှစ်မျိုးရှိသည်။

ထိုတွင် သုဒ္ဓကတ္တုသာဓနသည်လည်း –

၁။ ဝုတ္တကတ္တုသာဓန

၂။ အဝုတ္တကတ္တုသာဓန–ဟု နှစ်မျိုးရှိပြန်သည်။

ထိုတွင် ဝုတ္တကတ္တုသာဓနသည်လည်း–

၁။ ပရမတ္ထကတ္တုသာဓန

၂။ ပညတ္တိကတ္တုသာဓန–ဟု နှစ်မျိုးရှိပြန်သည်။

http://www.dhammadownload.com



## ပရမတ္ထသဒ္ဒါနှင့် ပညတ္တိသဒ္ဒါ ခွဲပုံ

ပရမတ္ထအားဖြင့် ထင်ရှားရှိသော စိတ္တ, စေတသိက, ရူပ, နိဗ္ဗာန, ဖဿ, ဝေဒနာ, သညာ, စေတနာ–စသော ဝိဇ္ဇမာနပညတ္တိသဒ္ဒါမျိုးကို ပရမတ္ထသဒ္ဒါဟု မှတ်ရမည်။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဘူမိ, ပဗ္ဗတ, ရုက္ခ, ဣတ္ထိ, ပုရိသ, ဗုဒ္ဓ–စသော အဝိဇ္ဇမာနပညတ္တိသဒ္ဒါမျိုးကို ပညတ္တိသဒ္ဒါဟု မှတ်ရမည်။

(သင်္ဂဟ၊ ပစ္စည်းပိုင်း၊ ပညတ္တိသဒ္ဒါအခွဲကို သတိပြုပါ။)

## ပရမတ္ထ (ဝိဇ္ဇမာနပညတ္တိ) ကတ္တုသာဓနဉာဏ်ကောက်နည်း

ထိုတွင်– ပရမတ္ထ (ဝိဇ္ဇမာနပညတ္တိ) ကတ္တုသာဓနပုဒ်မျိုးကို ဉာဏ်ကောက်သည့်အခါ–

၁။ ဓာတ်အရ– သတ္တိ, လက္ခဏာ, သဘာဝကို ကောက်အပ်၏။

၂။ ပစ္စည်းအရ–သတ္တိမန္တ, လက္ခဏာဝန္တ, သဘာဝန္တကို ကောက်အပ်၏။

✔ သဒ္ဒါဝိဇ္ဇမာန၊ ဝိဂြိုဟ် ပြက၊ ဓာတ်–အရမှာ၊ လက္ခဏာ, သဘာဝ၊ ကောက်ရ မချို့၊ ပစ္စည်းတို့မှာ၊ လက္ခဏာဝန်၊ သဘာဝန်ကို၊ ကေန်အရ၊ ညွှန်းသတည်း။

## အရကောက်ပုံကား

ဖုသတီတိ ဖဿော။

ယော သဘာဝေါ–သည်၊ အာရမ္မဏံ–ကို၊ ဖုသတိ–၏၊ ဣတိ–ကြောင့်၊ သော သဘာဝေါ–သည်၊ ဖဿော–မည်၏။

ဖုသတီတိ–ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဖဿော–ကား ကတ္တုသာဓန ကိတ်ပုဒ်။ ဖုသ–ဓာတ်+ဏ–ပစ္စည်း။

ဤဖဿော–ဟူသော ကတ္တုသာဓနကိတ်ပုဒ်၌–

(က) ဖုသ–ဓာတ်၏ အရကား အာရုံကို တွေ့ထိတတ်သော ဖုသနသတ္တိ, ဖုသနလက္ခဏာ, ဖုသနသဘာဝရ၏။

(ခ) ဏ–ပစ္စည်း၏အရကား သတ္တိမန္တ, လက္ခဏာဝန္တ, သဘာဝဝန္တဖြစ်သော ဖဿ စေတသိက်ရ၏။

မှတ်ချက် ။ ။ (၁) ပရမတ္ထသဒ္ဒါလည်း ဖြစ်မည်၊ (၂) ကတ္တုသာဓနလည်း ဖြစ်မည်၊ ဤအင်္ဂါနှစ်ပါးနှင့် ညီနေလျှင် ဤဖဿ–ပုဒ်နည်းတူ ပုံသေကောက်ရမည်။

## ပညတ္တိ (အဝိဇ္ဇမာနပညတ္တိ) ကတ္တုသာဓနနှစ်မျိုး

ပညတ္တိကတ္တုသာဓနသည်လည်း–

၁။ သဝိညာဏကပညတ္တိကတ္တုသာဓန

၂။ အဝိညာဏကပညတ္တိကတ္တုသာဓန–ဟု နှစ်မျိုးရှိ၏။

ဥပမာ။ ။ ဣတ္ထီ, ပုရိသ, ဗုဒ္ဓ–စသည်ကို သဝိညာဏက–ဟု မှတ်။

ဘူမိ, ပဗ္ဗတ, ရုက္ခ–စသည်ကို အဝိညာဏက–ဟု မှတ်။

http://www.dhammadownload.com



## သဝိညာဏကပညတ္တိ ကတ္တုသာဓနဉာဏ်ကောက်နည်း

ထိုတွင်– သဝိညာဏကပညတ္တိ ကတ္တုသာဓနပုဒ်မျိုးကို ဉာဏ်ကောက်သည့်အခါ–

(က) ဓာတ်–အရ ဓာတွတ္ထကြိယာ–ဟု ဆိုအပ်သော ပစ္စုပ္ပန်ကတ္တား(ပရမတ္ထတရား) ကို မုချအားဖြင့် ကောက်အပ်၏။

(ခ) ထိုမုချဖြစ်သော ပစ္စုပ္ပန်ကတ္တားပရမတ္ထတရား၏ ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်ကို ဖလူပစာအားဖြင့် ကောက်အပ်၏။

(ဂ) နောက်နောက်၌ဖြစ်သော စိတ္တုပ္ပါဒ်ကို ကာရဏူပစာအားဖြင့် ကောက်အပ်၏။

(ဃ) ပစ္စည်းအရ ကတ္တားဖြစ်သော ပညတ္တိဓမ္မဒြဗ်ဝိသေသကို ကောက်အပ်၏။

- ✔ အဝိဇ္ဇမာနသဒ္ဒါ၊ ဝိဂြိုဟ်မှာကား၊ ပရမတ္ထဓာတ်အရ၊ ပစ္စည်းအရ ပညတ္တ၊
- ✔ မုချ–ဖလူ၊ ကာရဏူ၊ လွယ်ကူသိစေမင်း။
- ✔ ပစ္စုပ္ပန်မူ၊ မုချယူ၊ ရှေးဖလူ၊ ကာရဏူကို နောက်စိတ်သွင်း။

## အရကောက်ပုံကား

သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ (အနက်ပေး–စသည် လုပ်မြဲ။)

(က) ဗုဓ–ဓာတ်၏အရကား သဗ္ဗညုတဉာဏ်သည် မုချအားဖြင့် ရ၏။

(ခ) ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဖလူပစာအားဖြင့် ရ၏။

(ဂ) နောက်နောက်၌ဖြစ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယ–ဉာဏ်, ဒေသနာဉာဏ်–စသည်တို့သည် ကာရဏူပစာအားဖြင့် ရ၏။

(ဃ) တ–ပစ္စည်း၏ အရကား ထိုမုချ+ဖလူ+ကာရဏူပစာတို့ဖြင့် မှတ်အပ်သော (ခန္ဓာပဥ္စကကို စွဲ၍) ဘုရား (ဟု ခေါ်ဝေါ်ပညတ်သမှတ်အပ်သော သတ္တ–သန္တာနပညတ် ဒြဗ်ဝိသေသ)ရ၏။

ဒဒါတီတိ ဒါယကော။

(က) ဒါ–ဓာတ်အရ– ပေးလှူသောသူ၏ဒါနစေတနာပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် မုချ။

(ခ) ရှေးရှေး၌ဖြစ်သော အလောဘ, ယောနိသောမနသိကာရ–စသည်သည် ဖလူ။

(ဂ) နောက်နောက်၌ဖြစ်သော ဒိဋ္ဌဓမ္မိက, သမ္ပရာယိကအကျိုးတရားများသည် ကာရဏူ။

(ဃ) ဏွု–ပစ္စည်း အရကား ထို.......သော ပေးလှူတတ်သော ဒါယကာရ၏။

မှတ်ချက်။ ။ သက်ရှိ သဝိညာဏကပညတ္တိ ကတ္တုသာဓနပုဒ်မျိုးဖြစ်လျှင် အထက်ပါ အတိုင်း (၄)ချက်စီ ခွဲ၍ ကောက်ရသည်။ မစွမ်းနိုင်က (ခ+ဂ)ဥပစာ ကောက်ကို ချန်လှပ်ထားနိုင်သည်။

လေကျင့်ရန်ပုံစံ။ ။ (က) ဟနတီတိ ဃာတကော၊ (ခ) စောရေတီတိ စောရော၊ (ဂ) ကုဇ္ဈတီတိ ကောဓော။

http://www.dhammadownload.com



## အဝိညာဏကပညတ္တိကတ္တုသာဓနေ ဉာဏ်ကောက်နည်း

အဝိညာဏကပညတ္တိ ကတ္တုသာဓနေပုဒ်မျိုးကို ဉာဏ်ကောက်သည့်အခါ–

(က) ဓာတ်အရ ပစ္စုပ္ပန်ကတ္တား ပရမတ္ထတရား၏ ဥပါဒ်ကို ကောက်အပ်၏။

(ခ) ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော ပညတ္တိဓမ္မကို ကောက်အပ်၏။

မှတ်ချက်။ ။ ရှေးဖလူ+နောက်ကာရဏူကိုကား စွမ်းနိုင်လျှင်ထည့်ကောက်နိုင်၏။

### အရကောက်ပုံကား

ရုဟတီတိ ရုက္ခော။

(က) ရုဟ–ဓာတ်၏အရ– ပေါက်ရောက်သော အခြင်းအရာအားဖြင့်ဖြစ်သော (ပထဝီဓာတ်လွန်ကဲသော)သစ်ပင်ဟူသော အဋ္ဌကလာပ်ရုပ်ရှစ်ခု၏ ဥပါဒ်သည် မုချ။

(ခ) ရှေးရှေး၌ဖြစ်သော ဥတု, ဗီဇစသည်သည် ဖလူပစာအားဖြင့်ရ၏။

(ဂ) နောက်နောက်၌ဖြစ်သောအသီးအပွင့်စသည်သည် (ဥတုဇရုပ်အဆက်ဆက်သည်) ကာရဏူပစာအားဖြင့် ရ၏။

(ဃ) ခ–ပစ္စည်း၏ အရကား ထို...သော ဥပ္ပါဒဝန္တဖြစ်သော သစ်ပင်ဒြဗ်ရ၏။

ဘာတိ ဒိပ္ပတီတိ ဘာဏု။ (ဘာ+ဏု)

(က) ဘာ–ဓာတ် အရကား တေဇောဓာတ်လွန်ကဲသော နေဟူသော အဋ္ဌကလာပ်ရုပ်ရှစ်ခု၏ ဥပါဒ်ရ၏။

(ခ) ဏု–ပစ္စည်းအရကား ဥပ္ပါဒဝန္တဖြစ်သော နေဒြဗ်ရ၏။

### အဝုတ္တကတ္တုသာဓနေဉာဏ်ကောက်နည်း

ဝါကျအခိုက်၌ ကတ္တားကို မဟော၊ (ကံကိုသာဟော)သော်လည်း ပုဒ်ပြီးနိပ္ဖန္နအခိုက်၌ ကတ္တားကိုပင်ပြန်၍ အရကောက်ရသော ကတ္တုသာဓနမျိုးကို "အဝုတ္တကတ္တုသာဓနေ"ဟုခေါ်သည်။

ပြယုဂ်ကား–ဗျဉ္ဇီယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ–တည်း။

ယင်းအဝုတ္တကတ္တုသာဓနေပုဒ်ကို ဝုတ္တကတ္တုသာဓနေဝစနတ္ထပြုလိုလျှင် "အတ္ထေ ဗျဉ္ဇေန္တိ ပကာသေန္တီတိ ဗျဉ္ဇနာ"ဟုပြုရမည်။ အဝုတ္တကတ္တုသာဓနေပုဒ်ကို ဝုတ္တကတ္တုသာဓနေ အတိုင်းပင် ဉာဏ်ကောက်ရသည်။

### ဉာဏ်ကောက်ပုံ

(က) ဝိ–ဥပသာရပုဒ်၏ အရကား ဓာတွတ္ထာနုဝတ္တကဇောတကဂုဏ်ရ၏။

(ခ) အဥ္ဇ–ဓာတ်၏ အရကား အနက်ကို ပြတတ်သော အက္ခရာဟူသော အပေါင်းပညတ္တိသဒ္ဒါ၏ ဝါစကသတ္တိသည် မုချအားဖြင့် ရ၏။

(ဂ) ပထမဝီထိ, ဒုတိယဝီထိ၏ အာရုံဖြစ်သော ပရမတ္ထသဒ္ဒါ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာရတ္တအားဖြင့်ရ၏။

(ဃ) ယု–ပစ္စည်း၏ အရကား ထို.....သော သတ္တိမန္တဖြစ်သော အက္ခရာတို့ဒြဗ်ရ၏။

အမှာ။ ။ သဒ္ဒါဝါစကပုဒ်များ၌ ဤကဲ့သို့ သတ္တိ, သတ္တိမန္တဖွဲ့၍ ကောက်ရသည်။

http://www.dhammadownload.com



## ဟေတုကတ္တုသာဓနေ ညှသ်ကောက်နည်း

ဟေတုကတ္တုသာဓနေပုဒ်ကို ညှသ်ကောက်သည့်အခါ–

(က) သုဒ္ဓကတ္တုပုဒ် (ခ) ဟေတုကတ္တုပုဒ်

(ဂ) ပစ္စယတ္ထ–ဟု သုံးချက်ခွဲကောက်ရသည်။ ထိုတွင်–

(က) သုဒ္ဓကတ္တုပုဒ်–အရ ကာရိက်ကံ၏အရဖြစ်သော ပရမတ္ထတရားကို မုချအားဖြင့် ကောက်အပ်၏။

(ခ) ဟေတုကတ္တုပုဒ်–အရ ပစ္စည်းအရတရား၏ အာရမ္မဏပစ္စယသတ္တိ, ပကတူပနိဿယသတ္တိကို ဖလူပစာအားဖြင့် ကောက်အပ်၏။

(ဂ) ပစ္စည်းအရ ထိုမုချ+ဖလူပစာတို့ဖြင့် မှတ်အပ်သော ဟေတုကတ္တားဒြဗ်ကို ကောက်အပ်၏။

## အရကောက်ပုံကား

မာတာပိတူနံ ဟာဒယံ ပူရေတီတိ ပုရိသော။

(က) ပူရ–ဓာတ်အရ သုဒ္ဓကတ္တုပုဒ်ကြိယာကား အမိ+အဖတို့၏ သပ္ပီတိကတဏှာပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။

(ခ) ဟေတုကတ္တုပုဒ်ကြိယာ–အရကား ထိုအားတတ်သော ယောကျ်ားဒြဗ်၏ အာရမ္မဏပစ္စယသတ္တိ, ဥပနိဿယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။

(ဂ) ဏ္ဍသ–ပစ္စည်း၏ အရကား ထို...သော သားယောကျ်ားဒြဗ်ရ၏။

## ကိတန္တသမာသ်ညှသ်ကောက်နည်း

ကိတန္တသမာသ်ညှသ်ကောက်နည်းမှာ သမာသ်ညှသ်ကောက်နှင့် ကိတ်ညှသ်ကောက်တို့ကို သဘောပေါက်နေပါက ခက်ခဲသည့်အရာမဟုတ်။ စာမျက်နှာ(၁၄)၌ သုဒ္ဓကတ္တုသာဓနကိတန္တသမာသ်ညှသ်ကောက်ပုံကို ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော–ပုံစံဖြင့်ပြခဲ့ပြီ။

## ဟေတုကတ္တုသာဓနကိတန္တသမာသ်ညှသ်ကောက်ပုံ

ရတိံ ပေမံ ဇနေတီတိ ရတနံ။

(ယံ ဝတ္ထုတ္တယံ–သည်၊ ဝေနေယျသတ္တေ–တို့ကို၊ ရတိံ ပေမံ–နှစ်သက်ခြင်းကို၊ ဇနေတိ–၏၊ ဣတိ–ကြောင့်၊ ရတနံ–မည်၏။)

(က) ရတိ–ဟူသော ဝိသေသနပုဒ်၏အရကား နှစ်သက်ခြင်းသည် မုချ။

(ခ) ထို–၏+ရတနာသုံးပါးနှင့် အကျိုး+အကြောင်း၊ ဇေ+ဇနကစပ်–ဌာနူ။

(ဂ) ဇနေ–ဓာတ်၏အရ သုဒ္ဓကတ္တုပုဒ်ကြိယာကား ဝေနေယျသတ္တဝါတို့၏ သဒ္ဓါ, မေတ္တာ, ပါမောဇ္ဇ, ပီတိ–စသည် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

(ဃ) ဟေတုကတ္တုပုဒ်ကြိယာ၏ အရကား ထိုအားတတ်သော ရတနာသုံးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။

(င) အ–ပစ္စည်း၏ အရလည်းဖြစ်သော ရတနံ–ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထို–သော ရတနာသုံးပါးရ၏။

==================

http://www.dhammadownload.com



## ကမ္မသာဓနဉာဏ်ကောက်

ကမ္မသာဓနသည်– ၁။ သုဒ္ဓကမ္မသာဓန

၂။ ဟေတုကမ္မသာဓန–ဟုနှစ်မျိုးရှိသည်။

ထိုတွင်– သုဒ္ဓကမ္မသာဓနသည်လည်း–

၁။ ဝုတ္တကမ္မသာဓန

၂။ အဝုတ္တကမ္မသာဓန–ဟု နှစ်မျိုးရှိသည်။

## ဝုတ္တကမ္မသာဓနဉာဏ်ကောက်နည်း

ဝုတ္တကမ္မသာဓနပုဒ်ကို ဉာဏ်ကောက်သည့်အခါ–

(က) ကတ္တုဇ္ဈ (ခ) ကမ္မဇ္ဈ

(ဂ) ပစ္စယတ္ထ–ဟု သုံးချက်ခွဲ၍ ကောက်ရသည်။ ထိုတွင်–

(က) ကတ္တုဇ္ဈကြိယာအရ ကတ္တား၏အရဖြစ်သော ပရမတ္ထတရားကို မုချအားဖြင့် ကောက်အပ်၏။

(ခ) ကမ္မဇ္ဈကြိယာအရ ပစ္စည်းအရတရား၏ အာရမ္မဏပစ္စယသတ္တိကို ဖလူပစာ အားဖြင့်ကောက်အပ်၏။

(ဂ) ပစ္စည်းအရ ထိုမုချ+ဖလူပစာတို့ဖြင့်မှတ်အပ်သော ဝုတ္တကံဒြဗ်ကို ကောက်အပ်၏။

## အရကောက်ပုံကား

အရီယတိ ဉာယတီတိ အတ္ထော။

ယော အဘိဓေယျော–အကြင်အနက်ကို၊ အရီယတိ ဉာယတိ–သိအပ်၏၊ ဣတိ–ကြောင့်၊ သော အဘိဓေယျော–သည်၊ အတ္ထော–မည်၏။

(က) အရ–ဓာတ်၏အရ ကတ္တုဇ္ဈကြိယာကား အနက်ကို အာရုံပြု၍ သိတတ်သော ဉာဏ်သည် မုချအားဖြင့်ရ၏။

(ခ) ကမ္မဇ္ဈကြိယာအရကား ထိုအားတတ်သော အနက်ဒြဗ်၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာအားဖြင့် ရ၏။

(ဂ) ထ–ပစ္စည်း၏ အရကား အနက်ဒြဗ်ရ၏။

လေ့ကျင့်ရန်ပုံစံ။ ။ (က) ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ ပိဋကံ။

(ခ) ဘုဥ္ဇိတဗ္ဗန္တိ ဘတ္တံ။ (ဂ) ပရိယာပုဏိတဗ္ဗာတိ ပရိယတ္တိ။

(ဃ) ဒါတဗ္ဗန္တိ ဒိန္နံ။

## ရှင်းလင်းချက်

ကမ္မသာဓနပုဒ်ကို ဉာဏ်ကောက်ရာ၌ ကတ္တုဇ္ဈတရားနှင့် ကမ္မဇ္ဈတရားတို့ အာရမ္မဏပစ္စယပွန်+ပစ္စည်းအဖြစ်ဖြင့် ဆက်သွယ်၍ ပစ္စည်းပြိုင်ရမှသာလျှင် ကမ္မဇ္ဈအရ အာရမ္မဏပစ္စယသတ္တိကို ကောက်အပ်၏။ ကတ္တုဇ္ဈတရားနှင့် ကမ္မဇ္ဈတရားတို့ ပစ္စယပွန် +ပစ္စည်း ဆက်သွယ်၍ မရလျှင် ကမ္မဇ္ဈကြိယာအရ ပစ္စယုပ္ပန္နဘောဂုဏ်ကိုသာ ကောက်ရသည်။

http://www.dhammadownload.com



## ကမ္မဋ္ဌအရ ပစ္စယုပ္ပန္နဘောဂုဏ်ကို ကောက်ရသည့်ပုံစံ

ကတမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနိယံ အာရဒ္ဓံ–ဟူသော (အဘိ၊ဋ္ဌ၊၁၊၉၇။)ပါဠိ၌ အာရဒ္ဓံ–ကို အာရဘီယတေတိ အာရဒ္ဓံ–ဟုပြု ။

(က) အာ–ဥပသာရပုဒ်၏ အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

(ခ) ရဘ–ဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား မြတ်စွာဘုရား၏ ဝီရိယပြဋ္ဌာန်းသော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည် မုချ။

(ဂ) ကမ္မဋ္ဌကြိယာအရကား ကတမေ ဓမ္မာ ကုသလာ–အစရှိသော ပဒဘာဇနီ (ဝစီဘေဒသဒ္ဒါ)၏ သဟဇာတာဒိပစ္စယုပ္ပန္နဘောဂုဏ်သည် ကာရဏ္ဍာ။

(ဃ) တ–ပစ္စည်း၏ အရကား ထို–သော ကတမေ ဓမ္မာ ကုသလာ–အစရှိသော ပဒဘာဇနီ (ဝစီဘေဒသဒ္ဒါ)ရ၏။

## ထပ်မံ ရှင်းလင်းချက်

ဤ အာရဒ္ဓံ–ပြယုဂ်၌ ကတ္တုဋ္ဌအရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်နှင့် ကမ္မဋ္ဌအရ (တ–ပစ္စည်းအရ) အားထုတ်အပ်သော ကတမေ ဓမ္မာ ကုသလာ–စသော ပဒဘာဇနီ ဝစီဘေဒသဒ္ဒါတို့ တပြိုင်တည်းဖြစ်နေသဖြင့် ထိုစိတ္တုပ္ပါဒ်အားတတ်သော ကတမေ ဓမ္မာ ကုသလာ–စသော ပဒဘာဇနီ၏ အာရမ္မဏပစ္စယသတ္တိကို ကမ္မဋ္ဌအရ မကောက်နိုင်။

ဤသို့ ကတ္တုဋ္ဌအရနှင့် ကမ္မဋ္ဌအရတို့ အာရမ္မဏပစ္စယုပ္ပန်+ပစ္စည်းအဖြစ်ဖြင့် ဆက်သွယ်၍ မရသော ကမ္မသာဓနပုဒ်မျိုး၌ ပစ္စယုပ္ပန္နဘောကိုသာ ကမ္မဋ္ဌအရ ကောက်ရသည်။ တ–ပစ္စည်းအရ ဝစီဘေဒသဒ္ဒါကိုယူလျှင် အာရမ္မဏမျိုး မဟုတ်၊ သဟဇာတမျိုးသာဖြစ်သည်။ တ–ပစ္စည်းအရ ဒေသကပုဂ္ဂိုလ်၏ စိတ်ဖြင့် မှတ်သားထားသော မနသာဝဝတ္ထပိတသဒ္ဒါဖြစ်လျှင်ကား ကတ္တုဋ္ဌအရ အာရမ္မဏပစ္စယုပ္ပန်ဖြစ်၍ တ–ပစ္စည်းအရ အာရမ္မဏပစ္စည်းဖြစ်နိုင်သည်ကို အထူးသတိပြုမှတ်သားရာ၏။

## အဝုတ္တကမ္မသာဓန

ဝါကျအခိုက်၌ ကံကို မဟော (ကတ္တားကိုသာဟော)သော်လည်း ပုဒ်ပြီးနိမ့်မှ အခိုက်၌ ကံကိုပင် ပြန်၍ အရကောက်ရသော ကမ္မသာဓနမျိုးကို အဝုတ္တကမ္မသာဓန–ဟုခေါ်သည်။ ပြယုဂ်ကား– **နိဿာယ နံ ဝသတီတိ နိဿယော–တည်း။**

နံ အာစရိယံ–ကို၊ နိဿာယ–မှီ၍၊ ဝသတိ–၏၊ ဣတိ–ကြောင့်၊ သော အာစရိယော–သည်၊ နိဿယော–မည်၏။ (နိ+သိ+အ)

(က) နိ–ဥပသာရပုဒ်၏ အရကား နိဿယဘောဂုဏ်ရ၏။

(ခ) သိ–ဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား ဆရာကိုမှီ၍ နေသောတပည့်၏ သဒ္ဓါ, မေတ္တာပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် မုချ။

(ဂ) ကမ္မဋ္ဌကြိယာအရကား ထိုအားတတ်သော ဆရာဒြဗ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။

(ဃ) အ–ပစ္စည်း အရကား ထို....သော ဆရာဒြဗ်ရ၏။

http://www.dhammadownload.com



## ဟေတုကမ္မသာဓနေ ဉာဏ်ကောက်နည်း

ဟေတုကမ္မသာဓနပုဒ်မျိုးကို ဉာဏ်ကောက်သည့်အခါ–

(က) ဟေတုကတ္တုဒွန္ဒ (ခ) ဟေတုကမ္မဒွန္ဒ

(ဂ) ပစ္စယတ္ထ–ဟု သုံးချက်ခွဲ၍ ကောက်ရသည်။ ထိုတွင်–

(က) ဟေတုကတ္တုဒွန္ဒအရ ဟေတုကတ္တား၏ အရဖြစ်သော ပရမတ္ထတရားကို ကောက်အပ်၏။

(ခ) ဟေတုကမ္မဒွန္ဒအရ ပစ္စည်းအရတရား၏ အာရမ္မဏပစ္စယသတ္တိကို ကောက်အပ်၏။

(ဂ) ပစ္စည်းအရ ထို မုချ+ဥပစာတို့ဖြင့် မှတ်အပ်သော ဟေတုကံဒြဗ်ကို ကောက်အပ်၏။

### အရကောက်ပုံကား

နိပ္ပါဒေတဗ္ဗန္တိ နိပ္ဖါဒိတံ။ (နိ+ပဒ+တ)

(က) နိ–ဥပသာရပုဒ်၏ အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

(ခ) ပဒ–ဓာတ်၏အရ ဟေတုကတ္တုဒွန္ဒကြိယာကား– ထိုထို အမှုကို ပြီးစေတတ် (ပြုတတ်)သောသူ၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

(ဂ) ဟေတုကမ္မဒွန္ဒ ကြိယာအရကား ထိုအားတတ်သော ထိုထိုအမှု၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။

(ဃ) တ–ပစ္စည်း၏ အရကား ထို....သော ထိုထိုအမှုရ၏။

**ကမ္မသာဓနေ ဉာဏ်ကောက်ပြီး၏။**

==================

အမှာ။ ။ ကိတ်သာဓန (၇)ပါးရှိရာ ကတ္တုသာဓနနှင့် ကမ္မသာဓနတို့ ဉာဏ်ကောက်ပုံမှာ အရာလည်းကျယ်, ခက်လည်းခက်သဖြင့် အထူးကျက်မှတ်ထားရမည်။ ကျန်သာဓနတို့ ဉာဏ်ကောက်ပုံမှာ လွယ်ကူသွားပြီဖြစ်၍ ဤ၌ အကျယ်မပြတော့ဘဲ အကျဉ်းမျှသာ ပြဆိုသွားပါမည်။

## ကရဏသာဓနေ ဉာဏ်ကောက်

၁။ ကတ္တုဒွန္ဒ ၂။ ကရဏဒွန္ဒ ၃။ ပစ္စယတ္ထ– သုံးချက်ခွဲ။

ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။ (ပဒ+အ)

(က) ပဒ–ဓာတ်၏အရ ကတ္တုဒွန္ဒကြိယာကား ပုဒ်ကို အာရုံပြု၍ သိတတ်သော ဉာဏ်သည် မုချအားဖြင့်ရ၏။

(ခ) ကရဏဒွန္ဒကြိယာအရကား– ထိုအားတတ်သော (အက္ခရာအပေါင်း–ဟုဆိုအပ်သော) ပုဒ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။

(ဂ) အ–ပစ္စည်း၏ အရကား ထို...သော ပုဒ်ရ၏။

လေကျင့်ရန်ပုံစံ။ ။ သသတိ ဟိံသတိ သတ္တေ ဧတေနာတိ သတ္ထံ။ (သသု+ထ)

ဖုသန္တိ ဧတေနာတိ ဖဿော။ (ဖုသ+ဏ)

http://www.dhammadownload.com



## သမ္ပဒါနသာဓနေ ဉာဏ်ကောက်

၁။ ကတ္တုဠ္ဌ ၂။ သမ္ပဒါနဋ္ဌ ၃။ ပစ္စယတ္ထ–ဟု သုံးချက်ခွဲ။

ဒါတဗ္ဗော အဿာတိ ဒါနီယော။ (ဘိက္ခု)

(က) ဒါ–ဓာတ်၏အရ ကတ္တုဠ္ဌကြိယာကား ပေးလှူဗုဒ္ဓတ်သောသူ၏ သဒ္ဓါ, မေတ္တာ ပြဋ္ဌာန်းသော ပရိစ္စာဂစေတနာသည် မုချ။

(ခ) သမ္ပဒါနဋ္ဌကြိယာအရကား ထိုအားတတ်သော ပေးလှူရာဖြစ်သော ရဟန်းဒြပ်၏ အာရမ္မဏာပစ္စယသတ္တိသည် ဖလူ။

(ဂ) အနီယ–အရ ထို–သော ပေးလှူရာဖြစ်သော ရဟန်းဒြပ်ရ၏။

## အပါဒါနသာဓနေ ဉာဏ်ကောက်

၁။ ကတ္တုဠ္ဌ ၂။ အပါဒါနဋ္ဌ ၃။ ပစ္စယတ္ထ–ဟုသုံးချက်ခွဲ။

ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာတိ ဟေတု။

(က) ဟိ–ဓာတ်၏အရ ကတ္တုဠ္ဌကြိယာကား အကျိုးဖြစ်သော ပစ္စယုပ္ပန်ဓမ္မ၏ ဥပါဒ်သည် မုချ။

(ခ) အပါဒါနဋ္ဌကြိယာအရကား ထိုအားတတ်သော လောဘ–စသော ဟိတ်တရား တို့၏ ဟေတာဒိပစ္စယသတ္တိသည် ဖလူပစာ။

(ဂ) တု–ပစ္စည်း၏အရကား ထို–သော ဟိတ်ခြောက်ပါး တရားရ၏။

ဘာယန္တိ ဧတသ္မာတိ ဘယံ။ (ဘီ+ဏ)

(က) ဘီ–ဓာတ်၏အရ ကတ္တုဠ္ဌကြိယာကား ကြောက်တတ်သော သတ္တဝါတို့၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

(ခ) အပါဒါနဋ္ဌကြိယာ အရကား ထိုအားတတ်သော ကြောက်မက်ဖွယ်အာရုံ၏ အာရမ္မဏာပစ္စယသတ္တိသည် ဖလူပစာ။

(ဂ) ဏ–ပစ္စည်း၏အရကား ထို–သော ကြောက်မက်ဖွယ်အာရုံရ၏။

## အဓိကရဏသာဓနေ ဉာဏ်ကောက်

၁။ ကတ္တုဠ္ဌ ၂။ အဓိကရဏဋ္ဌ ၃။ ပစ္စယတ္ထ–ဟုသုံးချက်ခွဲ။

ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော။ (ဝိ+ဟရ+ဏ)

(က) ဝိ–ဥပသာရပုဒ်၏အရကား ဓာတွတ္ထဝိသေသကဘောဂဏ်ရ၏။

(ခ) ဟရ–ဓာတ်၏အရ ကတ္တုဠ္ဌကြိယာကား ရဟန်းတို့၏ ဣရိယာပုထ်လေးပါး ပြဋ္ဌာန်းသော စတုသေဋ္ဌတိရုပ်သည် မုချ။

(ဂ) အဓိကရဏဋ္ဌကြိယာအရကား ထိုအားတတ်သော ကျောင်းဒြပ်၏ ပကတူပ နိဿယသတ္တိသည် ဖလူပစာ။

(ဃ) ဏ–ပစ္စည်း၏အရကား ထို–သော ကျောင်းဒြပ်ရ၏။

http://www.dhammadownload.com



အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရာမော။ (အာ+ရမု+ဏ)

(က) အာ–ဥပသာရပုဒ်၏အရကား အာဂမနဘောဂုဏ်ရ၏။

(ခ) ရမု–ဓာတ်၏အရ ကတ္တုဌကြိယာကား သတ္တဝါတို့၏ ရာဂတဏှာ ပြဋ္ဌာန်းသော စိတ္တပျော်ပါဒ်သည် မှချ။

(ဂ) အဓိကရဏာဌကြိယာ အရကား ထိုအားတတ်သော အာရာမ်ခြံဗ်၏ အာရမ္မဏ ပစ္စယသတ္တိ, ပကတူပနိဿယသတ္တိသည် ဖလူပစာ။

(ဃ) ဏ–ပစ္စည်း၏အရကား ထို–သော အာရာမ်ခြံဗ်ရ၏။

## ဘာဝသာဓနေ ညှိသ်ကောက်

မုယှနံ မောဟော။ (မုဟ+ဏ)

မုဟ–ဓာတ်, ဏပစ္စည်းတို့၏ အရကား ဘာဝဝါစကပုဒ်တို့၏ သဘောသည် ဓာတ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် တွေဝေခြင်း မောဟရ၏။

✔ ဘာဝသာဓနေ၊ ဟူတုံက၊ ဓာတ်ရ ပစ္စည်းတူသည်သာ။

## အန္တ, မာန, ပစ္စယန္တပုဒ်တို့၏ ဝိဂ္ဂဟနှင့် ညှိသ်ကောက်မှတ်ဖွယ်

အန္တပစ္စယန္တပုဒ်များကို ကတ္တုသာဓနေဝစနတ္တပြုရသည်။ မာနပစ္စယန္တ–ပုဒ်များကိုကား အရာဌာနအားလျော်စွာ ဘော, ကံ, ကတ္တားသုံးမျိုးတွင် တစ်မျိုးမျိုးပြုရသည်။ မာန–မှ အန္တ–ပြန်သော ပုဒ်တို့ကို မာနပစ္စယန္တပုဒ်အတိုင်း ဝစနတ္တပြုရသည်။

▶ အန္တော ကတ္တရိ မာနော တု၊ ဘာဝေ ကမ္မနိ ကတ္တရိ။

အဋ္ဌကထာ+ဋီကာတို့၌ အနုသန္ဓေဝါကျရှိ ဒသေန္တော, ပကာသေန္တော–စသော ပုဒ်တို့ကို အနက်ပေးသည့်အခါ ဒသေန္တော–ပြလိုသော (ဝါ) မြင်စေလိုသော၊ ပကာသေန္တော–ထင်ရှားစေလိုသော၊ ဝဏ္ဏယန္တော–ဖွင့်ပြလိုသော–ဟု ကာမတ္ထ ပြန်ရသည်။ အန္တ–ပစ္စည်းက ကာမတ္ထကို ထွန်းပြသည်ဟုမှတ်။ ယင်းသို့ ကာမတ္ထကို ထွန်းပြသော အန္တပစ္စယန္တ, မာနပစ္စယန္တ–ပုဒ်တို့ကို အနာဂါတ်ဝိဘတ်ဖြင့် ဝစနတ္တပြုရသည်။

ပုံစံ။ ။ ဝဏ္ဏယိဿတီတိ ဝဏ္ဏယန္တော။

ဒဿယိဿတီတိ ဒသေန္တော။

ပကာသယိဿတီတိ ပကာသေန္တော–စသည်။

✔ နာဂါတ်နက်မှာ၊ မာနန္တာ၊ ရံခါ ကာမတ္ထကို ထွန်းသတည်း။ (ကြီး)

ပုံစံ ။ ။ ဣဒါနိ ယမတ္ထံ ဝေရဉ္ဇော ဗြာဟ္မဏော အသောသိ၊ တံ ပကာသေန္တော "သမဏော ခလု ဘော ဂေါတမော"တိ အာဒိမာဟ။ (ဝိဋ္ဌ၊၁၊၈၃။)

ဤပုံစံ၌– ပကာသေန္တော–ကို ပကာသယိဿတီတိ ပကာသေန္တော–ဟု ပြု။

(ယော ဥပါလိတ္ထေရော–သည်၊ အတ္တံ–ကို၊ ပကာသယိဿတိ–ထင်ရှားစေလတ္တံ့၊ ဣတိ–ကြောင့်၊ သော ဥပါလိတ္ထေရော–သည်၊ ပကာသေန္တော–မည်၏။)

(က) ပ–ဥပသာရပုဒ်၏အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

http://www.dhammadownload.com



(ခ) ကာသု–ဓာတ်၏အရ သုဒ္ဓကတ္တုပြုကြိယာကား ဝေရဥ္စာပုဏ္ဏားကြီးကြားသော "သမဏော ဓလု ဘော ဂေါတမော"အစရှိသော အနက်ဒြဗ်သည် မုချ။

(ဂ) ဟေတုကတ္တုပြု ကြိယာအရကား ထိုအားတတ်သော ဥပါလိမထေရ်၏ ကရုဏာပုဗ္ဗင်္ဂမဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဖလူ။

(ဃ) ဏေ–ပစ္စည်း၏ အရကား ရူပသိဒ္ဓိမတ္တ, ပဒသိလိဋ္ဌတာ–ဟု ဆိုအပ်သော ဘောဂုဏ်ရ၏။

(င) အန္တ–ပစ္စည်း၏ အရကား ထို–သော ဥပါလိမထေရ်ရ၏။

မှတ်ချက်။ ။ ဒဿေန္တ, ဒီပေန္တ, ပကာသေန္တ–ပုဒ်တို့ကို ညှိကောက်ရာ၌– ဟေတုကတ္တုအရ ဒေသကပုဂ္ဂိုလ်၏ ကရုဏာပုဗ္ဗင်္ဂမဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ကောက်ရသည်။

✔ ဒဿေန္တ, ဒီပေန္တ, ပကာသေန္တ၊ ကျမ်း၌ပြမှု၊ ကရုဏာရှေးရှု၊ ဉာဏ်ကိုယူ။(တွင်းကြီး၆၇၊)

## တွာဒိပစ္စယန္တပုဒ် ဝိဂ္ဂဟနှင့်ညှိကောက်မှတ်ဖွယ်

ကလာပါဒိသု ဘာဝတ္တော၊ တုနာဒျာဒိ ဝိဓီယတေ။
ကစ္စာနာဒီသု ကတွတ္တော၊ ကိတ်သညာယ ဝိဓီယတေ။
ကိတ်သညတ္တေကကတ္တုနု–မီတိ ဝုတ္တသဘာဝတော။
ကတ္တရိယေဝ တုနာဒီ၊ ကထိတံ ရူပသိဒ္ဓိယံ။

အထက်ပါ ဘေဒစိန္တာနှင့် အညီ တွာဒိပစ္စယန္တ–ပုဒ်တို့ကို

၁။ ကလာပ်ကျမ်းဆရာအလို ဘာဝသာဓနဝစနတ္ထ ပြုရသည်။

၂။ ကစ္စည်း, ရူပသိဒ္ဓိဆရာတို့အလို (အညေ ကိတ်, ကတ္တရိ ကိတ်–တို့ကိုထောက်၍) ကတ္တုသာဓနဝစနတ္ထပြုရသည်။

၃။ တဒ္ဓိတသမာသကိတကာ နာမံ ဝါ တဝေတုနာဒိသုစာတိ ဧတ္ထ အတဝေတုနာဒီသူတိ နာမဗျပဒေသဿ နိသေဓနတော တဒန္တာနံ နိပါတတ္တံ သိဒ္ဓံ ဘဝတိ–ဟူသော ရူပသိဒ္ဓိ (တဝေတုနာဒီသု ကာ–သုတ်အဖွင့်)ကို ထောက်လျှင် တွာဒိပစ္စယန္တပုဒ်များမှာ နိပါတ်ပုဒ် ဖြစ်သောကြောင့် ဝစနတ္ထမပြုကောင်း။

## ညှိကောက်ပုံ

နမတီတိ နတွာ။ (နမု+တွာ)

(က) နမု–ဓာတ်၏ အရကား ရှိခိုးသောသူ၏ ပဏာမစေတနာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

(ခ) ရှေးရှေး၌ဖြစ်သော ယောနိသောမနသိကာရ–စသည်သည် ဖလူ။

(ဂ) နောက်နောက်၌ဖြစ်သော အန္တရာယ်ကင်းခြင်း, ကျမ်းပြီးစီးခြင်း–စသော အကျိုးတရားများသည် ကာရကူ။

(ဃ) တွာ–ပစ္စည်း၏အရကား ထို–သော ရှိခိုးသောသူ ရ၏။

http://www.dhammadownload.com



ထိုသို့ပင် ရဂြားသော်လည်း တွာဒိပစ္စယန္တပုဒ်တို့သည် ကြိယာပုဒ်ဖြစ်၍ ကြိယာကို ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထ (အန္တတ္ထ) သည်သာလျှင် ပဓာနအားဖြင့်ရ၏။

(တစ်နည်း) နမနံ နတွာ။ (နမု+တွာ)

နမု–ဓာတ်+တွာ ပစ္စည်း၏ အရကား ဘာဝဝါစကပုဒ်တို့၏ သဘောသည် ဓာတ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် ရှိခိုးခြင်း(ပဏာမစေတနာ)ရ၏။

## ဝိသေသန ဉာဏ်ကောက်နည်း

ဝိသေသနပုဒ်သည် ဒြဗ်ကို မဟော၊ ဂုဏ်ကိုသာ ဟောသည်။ ထို့ကြောင့် ဝိသေသနပုဒ်တို့ကို ဝိဂြိုဟ်ဆို ဉာဏ်ကောက်သည့်အခါ ဝိသေသျဒြဗ်ဆိုက်အောင် ကောက်ပြီးနောက် အောက်ပါအတိုင်း ဝိသေသနဆက်ကောက်ရပြန်သည်။

## ကောက်ပုံကား

၁။ ဝိသေသနပုဒ်သည် သမာသ်နာမ်, တဒ္ဓိတ်နာမ် တစ်မျိုးမျိုးဖြစ်အံ့–

"ထိုသို့ပင် ရဂြားသော်လည်း ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာလျှင် ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုခဲ့ပြီးသော အန္တတ္ထသည်သာလျှင် ပဓာနအားဖြင့် ရ၏" ဟုကောက်ရသည်။

၂။ ဝိသေသနပုဒ်သည် ကိတ်နာမ်ပုဒ်ဖြစ်အံ့–

"ထိုသို့ပင် ရဂြားသော်လည်း ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာလျှင် ပဓာနအားဖြင့်ဟောမြဲဖြစ်သောကြောင့် ဆိုခဲ့ပြီးသော ဓာတွတ္ထသည်သာလျှင် ပဓာန အားဖြင့် ရ၏"ဟု ကောက်ရသည်။

မှတ်ချက်။ ။ သမာသ်တဒ္ဓိတ်အတွက် အန္တတ္ထကို ကောက်။
ကိတ်အတွက် ဓာတွတ္ထကို ကောက်။

**ဝိဂ္ဂဟနှင့်ဉာဏ်ကောက်လမ်းညွှန် ပြီး၏။**

=======================

http://www.dhammadownload.com



## ဝါကျ (၁၈) မျိုး မူလ+မူလီ+သင်္ကေတအနက် တွဲစပ်မှတ်ဖွယ်ဇယားပုံ

## "ဝါကျ (၁၈)မျိုး"

| စဉ် | မူလ | မူလီ | သင်္ကေတအနက် |
|---|---|---|---|
| ၁ | သခေ်ပ | ဝိတ္ထာရ | ချဲ့ဦးအံ့ |
| ၂ | ဝိတ္ထာရ | သခေ်ပ | အကျဉ်းချုပ်ဆိုအံ့ |
| ၃ | ဒဠှီယ | ဒဠှီကရဏ | မှန်၏/သင့်၏ |
| ၄ | အပါကဋ | တပ္ပါကဋီကရဏ | ထင်ရှားအောင်ပြဦးအံ့ |
| ၅ | နိဂမနီယ | နိဂမန | နိဂုံးကိုဆိုဦးအံ့ |
| ၆ | ဖလ | ကာရဏ | (ဟိ-ယသ္မာ) အကြင်ကြောင့် |
| ၇ | ကာရဏ | ဖလ | ထို့ကြောင့်/ဟိ-အကျိုးကို ဆိုအံ့ |
| ၈ | ယုတ္တိ/<br>လဒ္ဓဂုဏီယ | လဒ္ဓဂုဏ | အကျိုးကိုဆိုဦးအံ့/ထို့ကြောင့် |
| ၉ | အယုတ္တိ/<br>လဒ္ဓဒေါသီယ | လဒ္ဓဒေါသ | အပြစ်ကိုဆိုအံ့/<br>လဒ္ဓဒေါသထင်ရှားပြအံ့ |
| ၁၀ | အာရဒ္ဓ/<br>မူလစ္ဆေဒ | ဝါကျာရမ္ဘ | ဆက်ဦးအံ့ |
| ၁၁ | အမူလစ္ဆေဒ | ဥပနျာသ | ဆက်ဦးအံ့ |
| ၁၂ | သာမည | ဝိသေသ | အထူးကိုဆိုဦးအံ့ |
| ၁၃ | ဝိသေသ | သာမည | သာမညကား |
| ၁၄ | အန္ဝယ | ဗျတိရေက | ဗျတိရိက်ကား |
| ၁၅ | ဗျတိရေက | အန္ဝယ | အလျော်ကိုဆိုဦးအံ့/<br>စင်စစ်ကား/အန္ဝယကား |
| ၁၆ | သမ္ဘာဝနာ | ဂရဟာ | ထိုသို့ပင်...သော်လည်း |
| ၁၇ | ဂရဟာ | သမ္ဘာဝနာ | ထိုသို့ပင်....သော်လည်း |
| ၁၈ | ပက္ခ | ပက္ခန္တရ | အဖို့တပါးကို ဆိုဦးအံ့/<br>သည်သာမကသေး |

http://www.dhammadownload.com



## အာဂုံကျက်မှတ်ဆောင်ထားရမည့်
## ဝါကျ (၁၈) မျိုးဆိုရိုး အကျဉ်း

၁။ ရှေးဝါကျစကားရပ်ကို ထုတ်ဖော်ချဲ့ပြသောဝါကျသည် ဝိတ္ထာရဝါကျမည်၏။

၂။ ရှေးဝါကျစကားရပ်ကို အကျဉ်းချုံးသောဝါကျသည် သင်္ခေပဝါကျမည်၏။

၃။ ရှေးဝါကျစကားရပ်ကို ခိုင်မြဲအောင် ပြုပေးသောဝါကျသည် ဒဠှီကရဏဝါကျ မည်၏။

ယင်းသည်လည်း–

(က) ယုတ္တိဒဠှီကရဏဝါကျ

(ခ) အာဂမဒဠှီကရဏဝါကျ–ဟု နှစ်ပါးအပြားရှိ၏။ ထိုတွင်–

– ယုတ္တိအားဖြင့် ခိုင်မြဲအောင်ပြုပေးသော ဝါကျသည် ယုတ္တိဒဠှီကရဏ ဝါကျမည်၏။

– အာဂုံပါဠိတော်တို့ဖြင့် ခိုင်မြဲအောင်ပြုပေးသော ဝါကျသည် အာဂမဒဠှီ ကရဏဝါကျမည်၏။

၄။ ရှေးဝါကျစကားရပ်ကို ထင်ရှားအောင်ပြုပေးသော ဝါကျသည် တပ္ပါကဋီကရဏ ဝါကျမည်၏။

၅။ ရှေးဆိုခဲ့ပြီးသော စကားရပ်များကို ပြန်၍နိဂုံးအုပ်ပေးသော ဝါကျသည် နိဂမနဝါကျ မည်၏။

၆။ ရှေးဝါကျ၏ အကြောင်းကိုပြသော ဝါကျသည် ကာရဏဝါကျမည်၏။

၇။ ရှေးဝါကျ၏ အကျိုးကိုပြသော ဝါကျသည် ဖလဝါကျမည်၏။

၈။ ရှေးဝါကျမှ ရအပ်သော အကျိုးဂုဏ်ကို ပြတတ်သောဝါကျသည် (ဝါ) ရှေးဝါကျ၌ ဆိုထားခဲ့သည့်အတိုင်းယူလျှင် ရအပ်သော အကျိုးကို ပြသောဝါကျသည် (ဝါ) အကျိုးရင်းကို ပြပြီး၍ ထိုအကျိုးရင်းမှ တဆင့် ရအပ်သော အကျိုးတပါးကို ပြသော ဝါကျသည် လဒ္ဓဂုဏဝါကျမည်၏။

၉။ ရှေးဝါကျမှ ရအပ်သောအပြစ်ကို ပြတတ်သောဝါကျသည် (ဝါ) ရှေးဝါကျ၌ ဆိုထားသည့်အတိုင်းမယူလျှင် ရအပ်သောအပြစ်ကို ပြသောဝါကျသည် လဒ္ဓဒေါသ ဝါကျမည်၏။

၁၀။ ပြောလက်စစကား ပြတ်ပြီးမှ ပြန်၍ဆက်ပြသော ဝါကျသည် ဝါကျာရမ္ဘဝါကျမည်၏။

၁၁။ ရှေးဝါကျ၌ စကားမပြီးပြတ်ခဲ့၍ ဆက်လက်ပြသောဝါကျသည်(ဝါ) စကားစပ် သဖြင့် အပိုစကားတစ်ခုကို ဆက်လက်ပြသောဝါကျသည် (ဝါ) အမှာအထားကို ပြသောဝါကျသည် ဥပန္യာသဝါကျမည်၏။

၁၂။ ရှေးဝါကျစကားရပ်ကို အထူးပြုသောဝါကျသည် (ဝါ) ဤ၌ အလိုရှိအပ်သော အနက်ထူးကို ထုတ်ပြသောဝါကျသည် ဝိသေသဝါကျမည်၏။

၁၃။ ရှေးဝါကျ၏ အများဆိုင်အနက်ကို ထုတ်ဖော်ပြသော ဝါကျသည် သာမညဝါကျ မည်၏။

http://www.dhammadownload.com



၁၄။ ဆန့်ကျင်ဘက်အနက်ကို ပြသောဝါကျသည် ဗျတိရေကဝါကျမည်၏။
၁၅။ အလျော်ဖြစ်သောအနက်ကို ပြသောဝါကျသည် အန္တယဝါကျမည်၏။
၁၆။ ရှေးဝါကျ၏ စကားရပ်ကို ကဲ့ရဲ့သောဝါကျသည် (ဝါ) ကဲ့ရဲ့အပ်သော အနက်ကို ပြသောဝါကျသည် ဂရဟာဝါကျမည်၏။
၁၇။ ရှေးဝါကျစကားရပ်ကို ချီးမွမ်းသောဝါကျသည် (ဝါ) ချီးမွမ်းအပ်သော အနက်ကို ပြသောဝါကျသည် သမ္ဘာဝနာဝါကျမည်၏။
၁၈။ ရှေးဝါကျမှ အခြားအဖို့တပါးကို ပြသောဝါကျသည် ပက္ခန္တရဝါကျမည်၏။

အမှာ။ ။ ဤဝါကျ(၁၈)မျိုးအပြင် ပုစ္ဆာ+ဝိသဇ္ဇနာ၊ အနိယမ+နိယမ၊ ဥပမာန+ ဥပမေယျ–စသော ဝါကျအမည်များကိုလည်း သုံးစွဲလေ့ရှိသည်။ ၎င်းတို့ကို ဝါကျ(၁၈)မျိုးသို့သွင်းလျှင် ပက္ခ+ပက္ခန္တရ၌ ဝင်သည်။

==================

“နှစ်, သုံးအတွက်၊ သက်လုံကောင်းရန်၊ ဤနိယံများ ကျက်မှတ်ထား”

ဝိတ္ထာရ + သခ်ေပ

၁။ ဂုဏ္ဍတ်–သခ်ေ၊ တည်နေဝါကျာ၊ ပုဗ္ဗဋ္ဌာကို၊ ချဲ့ကာတက်ဘိ၊ နိပါတ်ဟိ၊ မှတ်သိ ဝိတ္ထာရာ။
၂။ ကထံ–တတ္ထ၊ ဟိတ်ပြနောက်မှာ၊ ဟိ–ရောက်လာ၊ ချဲ့ကာယူကြမင်း။
၃။ တတ္ထ–ချီလျက်၊ စကားတက်မူ၊ မှတ်ယူဝိတ္ထာရာ။
၄။ အနုသန္ဓေနောက်၊ တတ္ထရောက်၊ မဖေါက် ဝိတ္ထာရာ။
(အနုသန္ဓေနောက်၊ တတ္ထရောက်၊ မဖေါက် ဝိတ္ထာ၊ ပက္ခန္တာ။)
၅။ အဓိပ္ပါယော၊ အတ္ထောရှိက၊ ဂုဏ္ဍတ်ဖေါ်ပြ၊ စကားကျ။
၆။ ဣတိ ဝုတ္တံ၊ ဟောတိခံ၊ ပဒပိဏ္ဍတ္ထ၊ ဝိတ္ထာရ။
၇။ ဣဒံ ဝုတ္တံ၊ ဟောတိခံ၊ ဝါကျပိဏ္ဍတ္ထ၊ ဝိတ္ထာရ။
၈။ ဟောတုနောင်မှ၊ ဟိနှင့်ပြမူ၊ ချဲ့မှုသင့်မည်၊ ဝိတ္ထာပြီ။
၉။ ဟောတု–သရူပ၊ ချဲ့၍ပြ၊ မှတ်ကြဝိတ္ထာရာ။
၁၀။ သေယျထိဒံ၊ တက်လာပြန်၊ ဖေါ်ရန်ဂုဏ္ဍတ္ထ။
၁၁။ သေယျထိဒံ၊ တက်လာပြန်၊ မှတ်ရန် ဝိတ္ထာရ။
၁၂။ တထာ ဟိမှာ၊ ဉပကာ၊ ရံခါ ချဲ့, မြဲ, စွဲ။
၁၃။ အတ္တုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ ဟိ–ကိုမြင်၊ ချဲ့, ထင်, ဒဠှီစွဲ။
၁၄။ အဓိဝစနံ, နာမံ–ပုဒ်နောက်၊ ဟိ–လျှင်ရောက်၊ နက်ကောက် ချဲ့, ထင်, မြဲ။
၁၅။ ဟောတိ စေတ္ထ၊ စ–နက်ရ၊ သခ်ေပ–ဟုစွဲ။
၁၆။ အဓိပ္ပါယော၊ အတ္ထောနောက်တွင်၊ နိပါတ်မြင်၊ ချဲ့, ထင်, ဟိတ်, ဆက်,မြဲ။

http://www.dhammadownload.com



## ဒဠှီကရဏ

၁။ ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှား မခိုင်၊ ရှေ့နက်ယှိုင်၊ မြဲခိုင် ဒဠှီခင်း။

၂။ ဝုတ္တဒွေတ၊ အာဂမ၊ ယူရဒဠှီရင်း။
(ဝုတ္တဒွေတ၊ ယထာဟ–နှင့်၊ ယံ သန္ဓာယ ဝုတ္တံ၊ တွေ့ကြုံပြန်၊ မှန်ရန် အာဂမဒဠှီ။)
(အာဂမ–၏၊ ရှေ့နားဟိ၊ ယုတ္တိဒဠှီများသတည်း။)

၃။ တေနေဝါဟ၊ ဉာပက၊ တဝ ဒဠှီယာ။

၄။ ဧဝ, ကေဝလံ၊ နှစ်တန်ကပ်ရှိ၊ နိပါတ်ဟိ၊ ယုတ္တိ ဒဠှီစွဲ။

၅။ တထာ ဟိ–မှာ၊ ဉာပကာ၊ ရံခါ ချဲ့, မြဲ, စွဲ။

၆။ န ဟိ တက်ရာ၊ ဟိ–နက်မှာ၊ ဟိတ်ပါ ဒဠှီစွဲ။

၇။ အဓိပ္ပါယ်စနံ, နာမံ–ပုဒ်နောက်၊ ဟိ–လျှင်ရောက်၊ နက်ကောက် ချဲ့, ထင်, မြဲ။

၈။ အတ္ထုဒ္ဒါရ၊ ပြသည့်နောက်တွင်၊ ဟိ–ကိုမြင်၊ ချဲ့, ထင်, ဒဠှီစွဲ။

၉။ သန္နိဋ္ဌာန်နောင်၊ ဟိ–နှင့်ဆောင်၊ မြဲခေါင် ဒဠှီ၊ ဓာတကပြီ။

၁၀။ ဟေတု နောက်မှာ၊ ဟိ–သံဒွါ၊ ရံခါ ဒဠှီ၊ ဓာတကပြီ။

၁၁။ ဝုတ္တံ, တေနာဟ၊ စသည် ဝက္ခတိ၊ ရှိသည့်အညီ၊ ပုဒ်နှင့်ညီမှု၊ ဒဠှီဉာပက၊ စုဒ်ထုတ်ရ၊ မှတ်ကြ အရာမျှော်။

## တပ္ပါကဋီကရဏ

၁။ လီနတ်တဖြာ၊ ဥပမာနောက်၊ ဟိ–လျှင်ရောက်၊ နက်ကောက်ထင်ရှားခြင်း။

၂။ လီန–သင်္ကာ၊ ဗျာဘိစာကြောင့်၊ ယသ္မာနောက်၊ ပန–ရောက်၊ နက်ကောက် ထင်ရှားစွဲ။

၃။ မူလစကား၊ လျှို့ဝှက်ငြား၍၊ ထင်ရှားပြဘိ၊ နိပါတ်ရှိ၊ ယူဘိ ပါကဋ္ဌာ။

၄။ ရှေ့ဝါကျဝယ်၊ ပမာဆွယ်၍၊ နောက်ဝယ်ဝါကျ၊ တက်လာက၊ မှတ်ကြ ပါကဋီ။

၅။ အဓိပ္ပါယ်စနံ, နာမံ–ပုဒ်နောက်၊ ဟိလျှင်ရောက်၊ နက်ကောက် ချဲ့, ထင်, မြဲ။

၆။ အတ္ထုဒ္ဒါရ၊ ပြသည့်နောက်တွင်၊ ဟိ–ကိုမြင်၊ ချဲ့, ထင်, ဒဠှီစွဲ။

၇။ အဓိပ္ပါယော၊ အတ္ထောနောက်တွင်၊ နိပါတ်မြင်၊ ချဲ့, ထင်, ဟိတ်, ဆက်,မြဲ။

## နိဂမန

၁။ လဒ္ဓဂုဏ်ပြ၊ ဒေါသတစ်ဖုံ၊ နိဂုံးတစ်ဖြာ၊ သရုပ်မှာ၊ လျော်စွာ ဧဝံ–ပြ။

၂။ ဝိတ္ထာ–နောက်ရှိ၊ ဟောတိ စေတ္ထ၊ သင်္ဂဟ၊ မှတ်ကြ နိဂုံးသာ။

၃။ ဣတိ–မျှသာ၊ နိဂုံးသာ၊ ရံခါ သရုပ်ပြ။

၄။ တေန ဝုတ္တံ၊ တည်ပါဋ္ဌ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုံး–ထင်လှ၊ နောတက္က။

၅။ ဧဝံ ဆုံးသတ်၊ နိဂုံးမှတ်၊ ဆုံးဖြတ် အပြီးတည်း။

၆။ ဧတ္တာဝတာ၊ နိဂမာ၊ တစ်ခါ အဆုံးသတ်။

http://www.dhammadownload.com



## ကာရဏ+ ဖလ

၁။ န ဟိ–တက်ရာ၊ ဟိ–နက်မှာ၊ ဟိတ်ပါ ဒဋ္ဌီစွဲ။

၂။ အကျိုး၏နောက်၊ နိပါတ်ရောက်၊ မဖောက် ကာရဏာ။

၃။ တသ္မာ တင်းလင်းရှိရာ၊ ရှေ့ဟိ–သဒ္ဒါကား၊ ကာရဏာသာ များသတည်း။

၄။ တသ္မာနောက်၊ ကျိုးရင်းရောက်၊ ရှေ့ထောက် ဟိ–မှာ၊ အကြောင်းသာ။

၅။ ဒဋ္ဌီ–မည်ရ၊ ယင်းဝါကျ၊ ကာရဏာ ယူလေမြဲ။

၆။ အဓိပ္ပါယော၊ အတ္ထောနောက်တွင်၊ နိပါတ်မြင်၊ ချဲ့, ထင်, ဟိတ်, ဆက်,မြဲ။

## လဒ္ဓဂုဏ+ လဒ္ဓဒေါသ

၁။ လဒ္ဓဂုဏ်ပြ၊ ဒေါသတဖုံ၊ နိဂုံးတစ်ဖြာ၊ သရုပ်မှာ၊ လျော်စွာ ဇဝံ–ပြ။

၂။ ဇဝံ သတိ၊ သန္တေရှိလျက်၊ ယုတ္တိနောင်မှ၊ တက်တုံက၊ လဒ္ဓဂုဏ၊ အယုတ္တိ နောင်မှ၊ တက်တုံက၊ လဒ္ဓဒေါသ ခေါ်သတည်း။

၃။ ချဲ့, မြဲ–ဟိနောက်၊ တသ္မာ–ရောက်၊ မဖောက် လဒ္ဓဂုဏ်။

၄။ သီးခြား တသ္မာ၊ ရှိလေရာ၊ ယူပါ လဒ္ဓဂုဏ်။

၅။ အကြောင်း ဟိ–မှန်၊ အရင်းပြန်၊ နောက်ဌာန် လဒ္ဓဂုဏ်။

၆။ ဧဝဥ္စ ကတွာ၊ သာဓကော၊ တဖြာ လဒ္ဓဂုဏ်။

၇။ တေနေတံ ဝုစ္စတိ၊ ပါဠိတွေ့ကြုံ၊ လဒ္ဓဂုဏ်လည်းပြ၊ သာဓက။

၈။ တေန ဝုတ္တံ၊ တည်ပါဠ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊ နော တက္က။

၉။ ဧဝဥ္စ ကတွာ၊ တသ္မာ တေန၊ အယံ ဟေတ္တာတိ၊ မနသိကတွာ၊ ကျမ်းမှာ လာကြုံ၊ လဒ္ဓဂုဏ်။

၁၀။ တေနာဟု–ပြ၊ တေန ဝုတ္တံ၊ တွေ့ကြုံပြန်က၊ လဒ္ဓဂုဏ်လည်းပြ၊ မြင်းဆက်ခွ။

၁၁။ ကျိုးတဆက်မှ၊ ကျိုးဆက်ပြ၊ မှတ်ကြ လဒ္ဓဂုဏ်။

၁၂။ လဒ္ဓဂုဏ၊ ဟူလက၊ ကမ္ဗဆုံးထားစေ။

၁၃။ ဧဝဥ္စမှာ၊ ကျိုး+ပြစ်ရှာ၊ လျော်စွာအနက်ခင်း။

၁၄။ တေန–ဒသေတိ (ဒီပေတိ)၊ ပါဠိတွေ့ကြုံ၊ လဒ္ဓဂုဏ်။

၁၅။ ယဒိနောက်မှ၊ နိပါတ်ပြ၊ လဒ္ဓဒေါသစွဲ။

၁၆။ ယဒိနောက်မှ၊ စ–ပနနှင့်၊ တကွယှဉ်လျက်၊ စကားတက်က၊ လဒ္ဓဒေါသ ခေါ်သတည်း။

၁၇။ အညထာနောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသ–ဗျတိစွဲ။

၁၈။ ဣတရထာနောက်၊ ဟိ–လျှင်ရောက်မူ၊ မှတ်ယူ လဒ္ဓဒေါသ။

၁၉။ တသ္မာ–အတ္ထော၊ ဒဋ္ဌဗ္ဗော၊ မှတ်လော လဒ္ဓဂုဏ်။

http://www.dhammadownload.com

( ၆၂ ) ဝိဂ္ဂဟာနှင့် ဉာဏ်ကောက်လမ်းညွှန်

## ဝါကျာရမ္ဘ + ဥပနျာသ

၁။ ပြတ်ပြီးစင်းစင်း၊ စုဒ်ထုတ်လျှင်းမှု၊ မှတ်ယူ ဝါကျာရမ္ဘ။
၂။ မပြတ်စပ်ကာ၊ စုဒ်ထုတ်ရာကား၊ ဥပနျာသ၊ မှတ်သားကြ၊ ရှေးကထုံးမှီ၊ ကျမ်းအညီ။
၃။ ဧတ္တ စ–မှာ၊ စ–သဒ္ဒါ၊ မှတ်ပါ ဝါကျာရမ်။
၄။ အယံ–ဧတ္တ၊ တာဝ–နောက်မှာ၊ နိပါတ်ပါ၊ ဝါကျာရမ္ဘတွဲ။
၅။ အဓိပ္ပါယော၊ အဇ္ဈောနောက်တွင်၊ နိပါတ်မြင်၊ ချဲ့, ထင်, ဟိတ်, ဆက်, မြဲ။
၆။ စ ပန–ဟု၊ တကွ တက်ရာ၊ စ–နက်မှာ ဆက်၊ ပန–နက်၊ ထူးချက် ဓိပ္ပါယ်တွဲ။
၇။ အတိဒေသ၊ ညွှန်းဖွင့်က၊ ပက္ခ, ဝါကျာရမ်။

## ဝိသေသ + သာမည

၁။ သစေ ဣစ၊ နောက် ပန၊ ဝိသေသ–ဟုတွဲ။
၂။ အတ္ထုဒ္ဓေသ၊ ဟူလတ်က၊ ဝိသေသဝါကျပင်။
၃။ အတ္ထုဒ္ဓေသ၊ ပြလတ်က၊ ဣစ ပနထားမြဲသာ။
၄။ ပက္ခန္တရ–ဝိသေသ၊ နှစ်ဝ ယူလေပါ။
၄။ စ–ပန–ဟု၊ တကွတက်ရာ၊ စ–နက်မှာ ဆက်၊ ပန–နက်၊ ထူးချက်ဓိပ္ပါယ်တွဲ။
၅။ ဧဝ, စ, ဝါ၊ ပန–ပါမူ၊ ကန့်ယူ ဧဝ၊ စ–ဝါမျှသာ၊ ဆည်းပေါင်းရာ၊ ပနာ ထူးကြောင်းတွဲ။
၆။ မူလ–သာမန်၊ ဝါကျတ္ထံကို၊ ထူးရန် ထွန်းဘိ၊ နိပါတ်ရှိ၊ မှတ်သိ ဝိသေသာ။

## ဗျတိရေက + အန္ဝယ

၁။ ဗျတိရေက၊ အန္ဝယ၊ သေ၀–ပါ, မပါ။
၂။ အနက်ရောက်လျော်၊ နွယခေါ်၊ ပြန်သော် ဗျတိရေ။
၃။ အညထာ–နောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသ ဗျတိစွဲ။
၄။ န ဟိ, န စ၊ ဆိုသမျှ၊ ဗျတိရိုက်ချည်း၊ ဆရာနည်း။

## သမ္ဘာဝနာ + ဂရဟာ

၁။ ပန–စပ်ရာ၊ ယုတ်, နည်းပါ၊ ဂရဟာ–မှတ်စေချင်။
၂။ ယင်းတို့စပ်ရာ၊ များမြတ်ပါ၊ သမ္ဘာဝနာပင်။
၃။ ပန–နုဂ္ဂဟာ၊ ထွန်းတုံပါ၊ ကိဋ္ဌာ–အရုစိ။
၄။ ကိဋ္ဌာပိ–က၊ နုဂ္ဂဟ၊ ပန–အရုစိ။

## ပက္ခန္တရ + ပက္ခ

၁။ ဝါ–အထ ဝါ၊ အပိ စ–အပရော နယော၊ တက်သောဝါကျ၊ ပက္ခန္တရ။
၂။ ပေါင်းပြီး စိတ်ပြ၊ နောက်ပက္ခ၊ ယူကြ ပက္ခန်ပင်။
၃။ တတော ပရံ–နောက်၊ နိပါတ်ရောက်၊ နက်ထောက် အဖို့စွဲ။
၄။ အတ္ထုဒ္ဓေသ၊ ပြလတ်က၊ ဣစ ပန–ထားမြဲသာ။
၅။ ပက္ခန္တရ, ဝိသေသ၊ နှစ်ဝ ယူလေပါ။

====================

http://www.dhammadownload.com



## နိပါတ်ပုဒ်တို့၏ အဓ္ဓယုဒ္ဓါရပြ ဂါထာများ

ဟိ–အနက် (၉)

ဝါကျာရမ္ဘေ ဝိတ္ထာရေ စ၊ ဒဠှီယံ ဖလဟေတုကေ။

တပ္ပါကဋ္ဌီကရေ စေဝ၊ ဝိသေသေ အနွယေပိ စ။

ဇှတိရေကေ စ ဟိ–သဒ္ဒေါ၊ နဝတ္ထေသု ပကာသိတော။ (ဂန္ဓာဘရဏ။၇။)

✔ ဝါကျာရမ္ဘ၊ ဝိတ္ထာရနှင့်၊ ဖလ, ဟေတု၊ ဒဠှီပြု၍၊ ထင်မှု ပါကဋ၊ ဝိသေသနှင့်၊ နွယ, ဇှတိ၊ နက်ဟောရှိ၊ ဟိ–၏ ကိုးအတ္ထာ။

စ–အနက် (၉)

ဝါကျာရမ္ဘေ ဖလေ စေဝ၊ ကာရဏေ စ ဝိသေသကေ။

တပ္ပါကဋ္ဌီကရေ စေဝ၊ ဒဠှီယမ္ပိ ပက္ခန္တရေ။

အနွယေ ဇှတိရေကေ စ၊ စ–သဒ္ဒေါပိ ပဝတ္တရေ။ (ဂန္ဓာဘရဏ။၈။)

✔ ဟိ–နက်ကိုးတန်၊ ပက္ခန် ဖြည့်စွက်၊ ဝိတ်–ကို ဖျက်၊ စ–နက်ကိုးမျိုးသာ။

ပန–အနက် (၁၁)

ဝါကျာရမ္ဘေ ဝိသေသေ စ၊ ဟေတုဖလေသု အနွယေ။

ဒဠှီ တပ္ပါကဋ္ဌီကရေ၊ ဇှတိရေကေ ပက္ခန္တရေ။

သမ္ဘာဝနေ ဂရဟေ စ၊ ပန–သဒ္ဒေါ ပကာသိတော။ (ဂန္ဓာဘရဏ။၉။)

✔ စ–နက် ကိုးချက်၊ လောင်းစွက် သမ္ဘာဝနာ၊ ဂရဟာ၊ ဟောရာ ပန၊ ဆယ့်တစ်ရ။

အ–အနက် (၁၀)

ပဋိသေဓေ ဝုဒ္ဓိတဗ္ဘာဝေ၊ အညတ္ထေ သဒိသေပိ စ။

ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟာ+ပ္ပကေ။

ဣတိ–အနက် (၇)

ဣတိ ဟေတုပ္ပကာရေသု၊ အာဒိမိတ်ာ,ဝဓာရဏေ။

နိဒဿနေ ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။

ဝိ, အဝိ–အနက်(၄)

သမုစ္စယေ အပေက္ခေ စ၊ သမ္ဘာဝနေ စ နိန္ဒာယံ။

ဝိ–သဒ္ဒေါ စ အဝိ–သဒ္ဒေါ၊ စတုတ္ထေသု ပကာသိတော။

တစ်နည်း။ ။ သမ္ဘာဝနေ စ ဂရဟာ၊ ပေက္ခာသု စ သမုစ္စယေ။

ပဥှေ သံဝရဏေ စေဝ၊ အာသီသတ္ထေ အဝီ+ရိတံ။

ဝါ–အနက် (၇)

သမုစ္စယေ ဓောပမာယံ၊ သံသယေ ပဒပူရဏေ။

ဝဝတ္ထိတ ဝိဘာသာယံ၊ ဝါ–ဝဿဂ္ဂေ ဝိကပ္ပနေ။

http://www.dhammadownload.com



ဓဝ–အနက် (၄)

နိယမေ စာဝဓာရဏော၊ သန္နိဋ္ဌာနေ စ ဝုတ္တတော။

ပဒပူရဏမတ္တေပိ၊ ဓဝ–သဒ္ဒေါ ဝိဘာဝိနာ။

ဓဝံ–အနက်(၁၁)

ဓဝံ နိဒဿနာ+ကာရော၊ ပမာသု သမ္ပဟံသနေ။

ဥပဒေသေ စ ဝစန–ပဋိဂ္ဂါဟေ'ဝဓာရဏော။

ဂရဟာယေ ဒမတ္ထေ စ၊ ပရိမာဏေ စ ပုစ္ဆနေ။

တာဝ–အနက် (၄)

ပဋ္ဌမတ္ထေ ကမတ္ထေ စ၊ ဝတ္တာဗ္ဗန္တရာပေက္ခနေ။

အနုညာတေ တေသွ'တ္ထေသု၊ တာဝသဒ္ဒေါ ပဝတ္တတိ။ (ဓွ၁၁၃၀၊)

အမှာ။ ။ ဤသည်တို့ကား အမေးများသော နိပါတ်ပုဒ်တို့၏ အတ္ထုဒ္ဒေါရတို့ဖြစ်သည်။ စွမ်းနိုင်ပါက အဘိဓာန်အဗျယဝဂ်တစ်ခုလုံးကို ကျက်မှတ်ထားရမည်။

=========================

## ၅။ နံပါတ်ဆိုင်ရာ မှတ်သားဖွယ်များ

(၅) နံပါတ်ပုစ္ဆာ၌–ဓာတု, ပစ္စယ, ဝိဘတ္တိ, ဂဏ, ကာရက, ကြိယာ, ပဒ, လိင်္ဂ–တို့ကို မေးလေ့ရှိသည်။

ဓာတု–ဟူသည် = ဂမု, ပစ–စသော အာချာတ်ဓာတ်, ကိတ်ဓာတ်တို့တည်း။

ဓာတွတ္ထ–ဟူသည် = ဂမု–ဓာတ်၏ ဂတျတ္ထ၊ ပစ–ဓာတ်၏ ပါကတ္ထ–စသည်။

ပစ္စယ–ဟူသည် = (က) အာ, ဤ, ဣနီ–စသော နာမ်ပစ္စည်း၊
(ခ) ဏ, ဏိက–စသော တဒ္ဓိတ်ပစ္စည်း၊
(ဂ) ခ, ဆ, သ–စသော အာချာတ်ပစ္စည်း၊
(ဃ) တ, တဝန္တု, တာဝီ–စသော ကိတ်ပစ္စည်းတို့တည်း။

ပစ္စယတ္ထဟူသည် = (က) နာမ်ပစ္စည်း, အာချာတ်ပစ္စည်းတို့အတွက် ဓောတကတ္ထများ။
(ခ) တဒ္ဓိတ်ပစ္စည်းများအတွက် အပစ္စ–စသော အနက်များ။
(ဂ) ကိတ်ပစ္စည်းများအတွက် ကတ္တုတ္ထ–စသောအနက်များ။

ဝိဘတ္တိဟူသည် = (က) သိ–စသော နာမ်ဝိဘတ်။
(ခ) တိ–စသော အာချာတ်ဝိဘတ်တို့တည်း။

ဝိဘတျတ္ထဟူသည် = (က) နာမ်ဝိဘတ်များအတွက် လိင်္ဂတ္ထ–စသော အနက်များ။
(ခ) အာချာတ်ဝိဘတ်များအတွက် ကတ္တုတ္ထ–စသောအနက်များတည်း။

ဂဏ–ဟူသည် = (က) နာမ်အတွက် ပုရိသာဒိ–စသည်။
(ခ) အာချာတ်အတွက် ဘူဝါဒိ–စသည်။
(ဂ) ဥပသာရ, နိပါတ်တို့အတွက် ဂဏဝိမုတ်တည်း။

http://www.dhammadownload.com



ကာရန္တ–ဟူသည် = အကာရန္တ, အာကာရန္တ–စသည်။
(ကာရန္တယူရာ၌ ပကတိကာရန္တကိုသာ ယူရသည်။)
ပကတိကာရန်–ဟူသည် = ရုပ်စဉ်၍ ရကောင်းသော ပုဒ်များ၌ ရုပ်တည်သောအခါ နောက်ဆုံးသရပင်တည်း။ ရုပ်စဉ်၍ မရကောင်းသော ပုဒ်များ၌ကား ပုဒ်ပြီးသောအခါ နောက်ဆုံးသရပင်တည်း။
အာချာတ်ပုဒ်၌ ဓာတ်ကို ကာရန်ယူရသည်။
(ဥပမာ = ဂစ္ဆတိ–၌ ဂမု–ဓာတ်ဖြစ်၍ ဥကာရန္တ၊ ပစတိ–၌ ပစ–ဓာတ်ဖြစ်၍ အကာရန္တဟူလို)

ကာရက–ဟူသည် = ကတ္တုကာရက–စသည်နှင့် အာလပန, သာမိ–စသော အကာရကတို့တည်း။

ကာရကတ္ထ–ဟူသည်= ကတ္တားအနက်, ကံအနက်–စသည်တည်း။

ကြိယာ–ဟူသည် = အာချာတ်ကြိယာ, ကိတ်ကြိယာတို့တည်း။

ကြိယတ္ထ–ဟူသည် = ကတ္တားအနက်, ကံအနက်–စသည်တို့တည်း။

ပဒ–ဟူသည် = နာမ်, အာချာတ်, ဥပသာရ, နိပါတ်တို့တည်း။
(ထို–တွင် နာမ်ပုဒ်ဖြစ်လျှင် နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်ဟု ခွဲဖြေ။)

နိပါတ်–ဟူရာ၌

ဟိ, စ, ပန– စသော နိပါတ်ပုဒ်များသာမက နာမ်ပဋ္ဌမပိုင်းလာ တော, တြ–စသော ပစ္စည်းအဆုံးရှိသောပုဒ်များ၊ တဒ္ဓိတ်ကျမ်းလာ ထာ, က္ခတ္တုံ–စသော ပစ္စည်းအဆုံးရှိသော ပုဒ်များ၊ ကိတ်ကျမ်းလာ တုန, တွာန, တွာ, တုံ–စသော ပစ္စည်းအဆုံးရှိသောပုဒ်များကိုပါ ထည့်သွင်းယူရမည်။ ထိုပုဒ်များသည် နိပါတ်အမည်ရသည်နှင့် တပြိုင်နက် အလိင်+ ဂဏဝိမုတ် အမည်ရသည်ကို သတိပြုရမည်။

## ကျက်မှတ်ဘွယ်ရာ အဗျယ ပစ္စည်းများ ပြဂါထာ

တုန, တွာန, တဝေ, တွာ, တုံ၊ ဓာ, သော, ထာ, က္ခတ္တုမေဝ စ။
တော, ထ, တြ, ဟိဉ္စနံ, ဟိံ, ဟံ၊ ဓိ, ဟ, ဟိ, ဓ, ဓုနာ, ရဟိ။
ဒါနိ, ဝေါ, ဒါစနံ, ဒါ, ဓ္ဓ၊ ထံ, ထတ္တံ, ဓ္ဓါ, ဓ္ဓုအာဒယော။
သမာသော စာဗျယီဘာဝေါ၊ ယာဒေသော စာဗျယံ ဘဝေ။

လိင်္ဂ–ဟူသည်=

ပုလ္လိင်၊ ဣတ္ထိလိင်၊ နပုလ္လိင်၊ ဒွိလိင်၊ တိလိင်၊ အလိင်တို့တည်း။
(ဤ၌ လုံးဝရုပ်စဉ်၍ မရသော ဥပသာရပုဒ်, နိပါတ်ပုဒ်များနှင့် ရုပ်စဉ်၍ ရသော်လည်း လိင်ကြောင့် ရုပ်ထူးမရှိသော ပဉ္စ–အစ အဋ္ဌာရသ–အဆုံးရှိသော သင်္ချာ သဒ္ဒါ, တုမှ, အမှ–သဒ္ဒါတို့ကို "အလိင်"ဟု ဆုံးဖြတ်ရမည်။)

http://www.dhammadownload.com



## သဗ္ဗနာမ်ပုဒ်နှင့် စပ်၍ ဂိုဏ်းဆုံးဖြတ်ချက်
## (သဗ္ဗနာမ် ၂၇–ပုဒ်)

သဗ္ဗ, ကတရ, ကတမ, ဥဘယ, ဣတရ, အည, အညတရ, အညတမ, ပုဗ္ဗ, ပရ, အပရ, ဒက္ခိဏ, ဥတ္တရ, အဓရ, ယ, တ, ဧတ, ဣမ, အမု, ကိံ, ဧက, ဥဘ, ဒွိ, တိ, စတု, တုမှ, အမှ–ဣတိ သတ္တဝီသတိ သဗ္ဗနာမာနိ။

အထက်ပါ ၂၇–ပုဒ်တို့တွင်–

(က) အမု–သဒ္ဒါကို ရတ္တာဒိဂိုဏ်း၌ သွင်းသင့်၏။

(ခ) ဥဘ, ဒွိ, တိ, စတု, တုမှ, အမှ–သဒ္ဒါတို့ကို လက္ခဏာတူသော အခြားဂိုဏ်း မရှိ၍ အခြားဂိုဏ်း၌ သွင်းရန် ခဲယဉ်းသောကြောင့် "သဗ္ဗနာမ်ဂိုဏ်း"ဟုပင် ဆိုသင့်၏။

(ဂ) ကျန် သဗ္ဗ–မှစ၍ ဧက–အထိ သဗ္ဗနာမ်တို့ကို ယောကျ်ားစသော ပုလ္လိင်အနက်ကိုဟောလျှင် ပုရိသာဒိဂိုဏ်း၌ သွင်းပါ၊ မိန်းမ–စသော ဣတ္ထိလိင်အနက်ကို ဟောလျှင် ကညာဒိဂိုဏ်း၌သွင်းပါ။ စိတ်–စသော နပုလ္လိင်အနက်ကိုဟောလျှင် စိတ္တာဒိဂိုဏ်း၌သွင်းပါ။

► သဗ္ဗနာမ၊ ဟူလတ်က၊ ဝုတ္တ, ဝုစ္စမာနလိင် ယူမြဲ။

ဆရာတို့ကား သဗ္ဗနာမ်ပုဒ်မှန်သမျှ သဗ္ဗနာမ်ဂိုဏ်းဟုပင်ယူကြသည်။

### လိင်ဆုံးဖြတ်ရန်၊ ဤနိယံများ၊ ကျက်မှတ်ထား

၁။ ပစ္စည်း ဤ၊ အာ၊ ဣတ္ထိချာ၊ နောင်လာ နလုံးပြု။ (ရွှေကျင်။ ၄၀။)

၂။ သီ–ဩ, ယော–အာ၊ ပုံလိင်သာ၊ မြဲစွာ ဉာဏ်ဖြင့်ရှု။ (ရွှေကျင်။ ၃၉။)

၃။ အဗျယီနှင့်၊ ဒိဂုသမာသ်၊ နပုံလိင်ဟု၊ အမြဲမှတ်။ (ဘုရားကြီး။ ၁၈၉။)

၄။ အညပဒတ္ထ၊ သမာသမှာ၊ လိင်–သချာကို၊ မြဲစွာ အဟုတ်၊ အညပုဒ်၏၊ လိင်–ဝုစ်ယူလတ်၊ တူမြဲမှတ်။ (ဘုရားကြီး။၁၉၀။)

၅။ ဏျ, တ္တနှင့် တ္တနပေါင်းရုံး၊ ပစ္စည်းသုံးမှာ၊ နပုံသာ၊ တာမှာ ဣတ္ထိ၊ ကေနိမြဲသတည်း။(ကြီး။၂၂၁။)

၆။ ကိစ္စ ၅–ချက်၊ ဘော၌ သက်မူ၊ နပုံယူ၊ ကံ၌မူကား၊ လိင်သုံးပါး၊ ပြားလိမ့်စင်စစ် ဧကန်တည်း။ (ဘုရားကြီး။ ၂၃၄။)

၇။ ဘာဝ–အနက်၊ သက်သည့် တ–မှာ၊ နပုံသာ၊ ကြွင်း ၆–ဖြာမှာ၊ သုံးလိင်ဆံသတည်း။ (ကြီး။၂၄၂။)

၈။ ဣဝဏ္ဏန္တ, ဥဝဏ္ဏန္တ၊ ဂဟာမှနောက်၊ ရောက်သည့် အ–မှာ၊ ပုံလိင်သာ။(ကြီး။၂၅၀။)

၉။ အ, ဣပစ္စယ၊ ဒုတိယဏော၊ ဤသဘော၊ အဟော ပုံလိင်သာ။(ကြီး။ ၂၅၁။)

၁၀။ ကတ္တားအနက်၊ သက်သည့် ယုမှာ၊ သုံးလိင်သာ၊ ကြွင်း ၆–ဖြာမှာ၊ နပုံးများသတည်း။(ကြီး။ ၂၄၁။)

၁၁။ ဝိသေသန၊ တစ်ခုမျှနှင့်၊ ဝိသေသျများစွာ၊ ယှဉ်လေပါက၊ ဝိသေသနမှာ၊ တူမြဲရာသည်၊ ဦးစွာ ဝိသေသျ၊ လိင်–ဝုစ်တည်း။ (ဘုရားကြီး။ ၈၀။)

၁၂။ နှစ်, သုံး, လေးပါး၊ ကံ, ကတ္တားနှင့်၊ ထားသည့်အရာ၊ ကြိယာမှာ၊ မှန်စွာ နောက်ဖျား၊ ကံ, ကတ္တားနှင့်၊ တူပြား လိင်–ဝုစ်၊ အညီတည်း။ (ကြီး။၇၉။)

==================

http://www.dhammadownload.com



## သံဝဏ္ဏနာနိယံနှင့် လေ့ကျင့်ရန်ပုံစံများ

၁။ သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ကေကို၊ သမန္တာဂတ၊ သမ္ဗန္ဓနှင့်၊ ထိုမှတလီ၊ သမ်္ဂီတည့်၊ ပရိပုဏ္ဏ၊ သံပုဏ္ဏ–က၊ စသည်တို့နှင့်၊ ဖွင့်ပြလေရာ၊ မှတ်ပါမယုတ်၊ ဖွင့်နည်းထုတ်၊ တဒ္ဓုတ်, အဿတ္ထ၊ ကြံနည်းသိ။

ပုံစံ။ ။ ◆ ကလျာဏောတိ ကလျာဏဂုဏသမန္နာဂတော။ (ဝိ၊ဋ္ဌ၊၁။ ၈၄။)

◆ တာယ(ဥပေက္ခာယ)– သမန္နာဂတတ္တာ တတိယဈာနသမ်္ဂီ "ဥပေက္ခကော"တိ ဝုစ္စတိ။ (ဝိ၊ဋ္ဌ၊၁။၁၂၀။)

◆ သေနိယောတိ သေနာယ သမ္ဗန္ဓော။ (ဝိ၊ဋ္ဌ၊၁။၂၅၈။)

◆ ဘဒြေန––သမန္နာဂတတ္တာ "ဘဒြော ဘိက္ခူ"တိ သင်္ချံ ဂစ္ဆတိ။(ဝိ၊ဋ္ဌ၊၁။၂၀၇။)

◆ သရဝတီတိ သရသမ္ဗန္ဓာ။

၂။ သံဝဏ္ဏေတဗ္ဗ၊ ဒွိပဒ၊ ကြံကြံနည်းသိ၊ ဗဟုဗ္ဗီ။

ပုံစံ။ ။ မဂဓမဟာမတ္တောတိ မဂဓရဇ္ဇေ မဟာမတ္တော၊ မဟတိယာ ဣဿရိယမတ္တာယ သမန္နာဂတော။ (ဝိ၊ဋ္ဌ၊၁။၂၅၅။)

၃။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တားအဝုတ္တ၊ တတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓနကြံစရာ။

ပုံစံ။ ။ ◆ ဩတိဏ္ဏောတိ (ပ) ရာဂေန ဩတိဏ္ဏော။ (ဝိ၊ဋ္ဌ၊၂။၁၂၀။)

◆ ပရိယောနဒ္ဓါယာတိ တေန အဝိဇ္ဇဏ္ဍကောသေန သမန္တတော ဩနဒ္ဓါယ ဗဒ္ဓါယ ဝေဋ္ဌိတာယ။ (ဝိ၊ဋ္ဌ၊၁။၁၀၉။)

၄။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကမ္မ အဝုတ္တ၊ ဒုတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာဓနကြံစရာ။

ပုံစံ။ ။ ဩတိဏ္ဏောတိ (ပ) သယံ ဝါ ရာဂံ ဩတိဏ္ဏော။ (ဝိ၊ဋ္ဌ၊၂။၁၂၀။)

၅။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တ, သက္က၊ အရဟ, သက္ကုဏေယျ၊ အနုစ္ဆဝိက–စသည်တို့နှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။

ပုံစံ။ ။ ◆ ပုရိသဒမ္မာတိ အဒန္တာ ဒမေတုံ ယုတ္တာ–– ပုရိသာပိ။ (ဝိ၊ဋ္ဌ၊၁။၉၃။)

◆ သမ္မောဒနီယံ ယုတ္တဘာဝတော စ သမ္မောဒနီယံ။ (ဝိ၊ဋ္ဌ၊၁။၁၀၀။)

◆ သာရေတုံ နိရန္တရံ ပဝတ္တေတုံ အရဟာရူပတော၊– သာရဏီယံ။ (ဝိ၊ဋ္ဌ၊၁။၁၀၀။)

၆။ သံဝဏ္ဏေတဗ္ဗ၊ အပါကဋ၊ ဖြစ်တုံက၊ ကမ္မဝါစက၊ ပါကဋနှင့်၊ ဘာဝသဒ္ဒါ၊ ထည့်ကာနင်းသိပ်၊ တဒ္ဓိတ်ဘာဝ၊ နက်ထပြီးကာ၊ ဖွင့်ပြလာ၊ မှတ်ပါကမ္မသာဓန၊ ဘာဝပစ္စာန။

ပုံစံ။ ။ ဥဒ္ဒေသံ အာဂစ္ဆန္တီတိ သရူပေန ဥဒ္ဒိသိတဗ္ဗတံ အာဂစ္ဆန္တိ။ (ကင်္ခါ၊ဋ္ဌ။)

၇။ သံဝဏ္ဏေတဗ္ဗ၊ အပါကဋ၊ ဖြစ်လတ်က၊ ကတ္တုဝါစက၊ ပါကဋနှင့်၊ ဘာဝစွက်ကာ၊ ဖွင့်ပြလာ၊ မှတ်ပါမှုချ၊ ကတ္တုသာဓန၊ ဘာဝပစ္စာန။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်လမ်းညွှန်

၈။ အန္တ–ပစ္စယန္တ၊ ပုဒ်ပဒကို၊ မာနပစ္စယန္တနှင့် ဖွင့်၍ပြ၊ အန္တ–မာန ပြန်မြဲပ။
၉။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ကိတ်ဘာဝနှင့် ဖွင့်၍ပြ၊ တဒ္ဓိတ်ဘာဝကြံဂရာ။
ပုံစံ။ ။ ◆ သမံ, သမန္တတော ဝါ ပကာရေဟိ ဓာနန့် သမ္ဗဓေည်။
(သမ္ဗဓေနာတိတိ သမ္ဗာဓနော၊ တဿ ဘာဝေါ သမ္ဗဓေည်–ဟုပြု။)
◆ ဆန္တိတတ္တန္တိ ––ကာယိဋ္ဌနံ ကာယကမ္မော ဟာဒယမ်သစလနံ။(ဝိ၊ဋ္ဌ၊၁။၁၇၇။)
၁၀။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ တဒ္ဓိတ်ဘာဝနှင့် ဖွင့်၍ပြ၊ ကိတဘာဝကြံစရာ။
ပုံစံ။ ။ ထိနတာ ထိနံ၊ မိဒ္ဓတာ မိဒ္ဓံ။ (အဘိ၊ဋ္ဌ၊၁။၂၉၇။)
၁၁။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဗဟုဗ္ဗီဟိနှင့် ဖွင့်၍ပြ၊ အဿတ္ထိ ဟုကြံစရာ။
ပုံစံ။ ။ ◆ ဥပဋ္ဌိတဿတိတာယ သတိမာ။ (ဝိ၊ဋ္ဌ၊၁။၁၂၂။)
◆ လောဟိတိကာတိ လောဟိတဝဏ္ဏာ။ (ဝိ၊ဋ္ဌ၊၁။၂၅၀။)
၁၂။ သံဝဏ္ဏေတဗ္ဗ၊ သမာသ၊ အဿတ္ထိနှင့် ဖွင့်၍ပြ၊ ဗဟုဗ္ဗီဟိ ကြံစရာ။
ပုံစံ။ ။ သသမ္ဘာရန္တိ သမ္ဘာရဝန္တံ။ (သဟ သမ္ဘာရေဟိ ယံ ဝတ္တတီတိ သသမ္ဘာရံ–ဟုပြု။)

၁၃။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗီဟိနှင့် ဖွင့်၍ပြ၊ ကတ္တုသာဓနေ ကြံစရာ။
ပုံစံ။ ။ ◆ အဘိသမေတာဝိနီတိ ပဋိဝိဒ္ဓစတုသစ္စာ။ (ဝိ၊ဋ္ဌ၊၂။၂၁၅။)
◆ သမိတပါပတ္တာ သမဏော၊ ဗာဟိတပါပတ္တာ ဗြာဟ္မဏော။ (ဝိ၊ဋ္ဌ၊၁။၈၃။)

၁၄။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ အဿတ္ထိနှင့် ဖွင့်၍ပြ၊ ကတ္တုသာဓနေ ကြံစရာ။
ပုံစံ။ ။ ဘုတ္တာဝီတိ ဘုတ္တဝန္တံ။ (ဝိ၊ဋ္ဌ၊၁။၁၇၆။)

၁၅။ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ ယုပစ္စယ၊ အာကာရနှင့်၊ ဘာဂသဒ္ဒါ၊ ဖွင့်ပြရာ၊
ကြံပါဘာဝ၊ တဒ္ဓိတ။
ယု–ပုံစံ။ ။ သမံ, သမန္တတော ဝါ ပကာရေဟိ ဓာနန့် သမ္ဗဓေည်။ (မူလဋီကာ)
အာကာရပုံစံ။ ။ သရဏာကာရော သရဏတာ။ (အဋ္ဌသာလိနီ)
ဘာဝပုံစံ။ ။ သာမညန္တိ သမဏဘာဝေါ။ (ဝိ၊ဋ္ဌ၊၁။၂၅၇။)
၁၆။ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုပစ္စယ၊ အာကာရနှင့်၊ ဘာဝသဒ္ဒါ၊ ဖွင့်ပြရာ၊
ကြံပါ မုချ၊ ကိတ ဘာဝ။
ပုံစံ။ ။ ◆ လောမဟံသောတိ လောမာနံ ဟံသနံ။ (ဝိ၊ဋ္ဌ၊၁။၁၇၇။)
◆ ဝိရာဂေါတိ တဿာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ။ (ဝိ၊ဋ္ဌ၊၁။၁၂၀။)

၁၇။ သံဝဏ္ဏေတဗ္ဗ၊ သာမညကို၊ သရိက္ခက၊ သဒိသနှင့်၊ သမာန, ဏ္ဏဝ၊ စသည်တို့နှင့်၊
ဖွင့်ပြလေရာ၊ ဥပမာ၊ ကြံပါ တဒ္ဓိတ။
သရိက္ခကပုံစံ။ ။ ဝိတ္တိသရိက္ခကတာယ ဝိတ္တိ။ (အဘိ၊ဋ္ဌ၊၁။၁၈၇။)
သဒိသပုံစံ။ ။ ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ။ (ဝိ၊ဋ္ဌ၊၁။၁၃၂။)

သံဝဏ္ဏနာနိယံပြီး၏။

==================

http://www.dhammadownload.com



## ဥပစာ (၁၁)ပါး အကျဉ်းမှတ်ရန် ဇယား

| စဉ် | ဥပစာ | အကြောင်းအရာ | ပုံစံ |
|---|---|---|---|
| ၁။ | ကာရဏူပစာ | အကြောင်း၏အမည်ကို အကျိုး၌တင် | စက္ခုနာ ရူပံ ပဿတိ |
| ၂။ | ဖလူပစာ | အကျိုး၏အမည်ကို အကြောင်း၌တင် | သြဒနော ပစ္စတေ |
| ၃။ | သဒိသူ | အတူဖြစ်သောအနက်၏– အတူရှိသောအနက်၌တင် | သီဟော ဂါယတိ |
| ၄။ | ဌာနူ | ဌာန/ဌာနီ | မဉ္စာ ဃောသန္တိ |
| ၅။ | ဌာန္ယူ | ဌာနီ/ဌာန | ကုန္တာ ပစရန္တိ |
| ၆။ | ဂုဏူ | ဂုဏ်/ဂုဏေး | နီလော ပဋော |
| ၇။ | ဧကဒေသူ (အဝယဝူ) | အစိတ်/အပေါင်း | ရာဇာ အာဂစ္ဆတိ |
| ၈။ | ဧကဒေသျူ (သမုဒါယူ) | အပေါင်း/အစိတ် | သမုဒ္ဒေါ မယာ ဒိဋ္ဌော |
| ၉။ | သမီပျူ | အနီးရှိ/အနီးဖြစ် | ဂင်္ဂါယံ သဿံ တိဋ္ဌတိ |
| ၁၀။ | တဒ္ဓမ္မူ | ထင်ရှားရှိ/ထင်ရှားမရှိ | သသဝိသာဏံ |
| ၁၁။ | ဘေဒူပစာ | မပြားဘဲကို ပြားသကဲ့သို့ခေါ်ဝေါ်ခြင်း | သီလာပုတ္တကာသ သရီရံ |

ဆောင်။ ။ ကာရဏူ, ဖလူ၊ သဒိသူ၊ ဌာနူ, ဌာန္ယူ။
ဂုဏူ, ဒေသူ၊ ဒေသျူ၊ သမီပျူ, တဒ္ဓမ္မူ။
ဘေဒူပစာ၊ ပေါင်းထည့်ကာ၊ ဥပစာ ဆယ့်တစ်ဆူ။

### ဥပစာယူဆနည်း အကျဉ်း

သဒ္ဒါက တိုက်ရိုက်ဟောနိုင်သော, ဟောနေကျဖြစ်သော အနက်ကို မယူရဘဲ တိုက်ရိုက်မဟောနိုင်သော, ဟောနေကျ မဟုတ်သော တင်စားအပ်သော ဥပစာရဏ္ဍ အနက်ကိုသာ ယူရသော ပုဒ်မျိုးကို ဥပစာသဒ္ဒါဟု မှတ်ရမည်။

ဥပစာ အမည်ပေးလိုလျှင်–

(၁) သဒ္ဒါက တိုက်ရိုက်ဟောသော အနက်ကို ရှေးဦးစွာ ကောက်ပြီး

(၂) ဤနေရာ၌ ယူရသော အနက်ကို ကောက်ပါ။

(၃) ၄င်း ၁–၂ တို့၏ ဆက်စပ်ပုံကို စဉ်းစားကြည့်ပါ။

http://www.dhammadownload.com



(၄) သဒ္ဒါက အကြောင်းကို ဟောပါလျက် ဤနေရာ၌ အကျိုးကို အရကောက်ယူရလျှင် ကာရဏူပစာမည်၏။ သဒ္ဒါက အကျိုးကို ဟောပါလျက် ဤနေရာ၌ အကြောင်းကို အရကောက်ယူရလျှင် ဖလူပစာမည်၏–စသည်ဖြင့် သိမှတ်ရမည်။

မှတ်ချက်။ ။ (၁) ပုဒ်တစ်ခု၏ တိုက်ရိုက်ဟောနိုင်သော အနက်။

(၂) တိုက်ရိုက် မဟောနိုင်သော ဟောနေကျ မဟုတ်သော တင်စားအပ်သောအနက်ဟု နှစ်မျိုးရှိရာတွင်– ဥပစာတိုင်း၌ အနက်နှစ်မျိုးလုံးကို မယူရ။ တင်စားအပ်သော (ဥပစာ) အနက်တစ်မျိုးကိုသာ ယူရမည်။ အကယ်၍ အနက်နှစ်မျိုးလုံးကို ယူရလျှင် ဥပစာသဒ္ဒါမျိုး မဟုတ်၊ နည်း(၅၅)ပါးတွင် သင့်လျော်ရာနည်းဖြင့် အဓိပ္ပာယ်ယူဆရသော စကားမျိုးသာ ဖြစ်သည်။ ဤအချက်ကို အထူးသတိပြုရမည်။

## ဥပစာ (၁၁)ပါးလမ်းညွှန်

ဓါတ်။ ... (handwritten margin note)

### ၁။ ကာရဏူပစာ (နာနန္တရိကနည်း)

(အကြောင်း–မုချတ္ထ၊ အကျိုး–ဥပစာရတ္ထ။)

### ဆိုရိုး (အရကျက်ရန်)

"ကာရဏဿ နာမံ ဖလမှိ ဥပစာရော ဝေါဟာရော ကာရဏူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ အကြောင်း၏အမည်ကို အကျိုး၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် ကာရဏူပစာသဒ္ဒါမည်၏။ ပြယုဂ်ကား– စက္ခုနာ ရူပံ ပဿတိ–အစရှိသည်တည်း။

ဤပြယုဂ်၌ စက္ခု–သဒ္ဒါသည် အကြောင်းဖြစ်သော စက္ခုပသာဒဒြဗ်၏ စက္ခု–ဟူသောအမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဏ်ဒြဗ်၌တင်စား၍ အကျိုးဖြစ်သော စက္ခုဝိညာဏ်ဒြဗ်ကို စက္ခု–ဟု ခေါ်ဝေါ်ခြင်းကြောင့် ကာရဏူပစာသဒ္ဒါမည်၏။

မကင်းရာကို ဆိုသဖြင့် မကင်းတတ်သည်ကိုလည်း ရသောနည်းသည် နာနန္တရိကနည်းမည်၏။ ပြယုဂ်ကား– စက္ခုနာ ရူပံ ပဿတိ–အစရှိသည်တည်း။

ဤ၌ **'စက္ခုနာ'** ဟူသောနည်းသည် စက္ခုပသာဒတည်းဟူသော မကင်းရာကိုဆိုသဖြင့် စက္ခုဝိညာဏ်တည်းဟူသော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနန္တရိကနည်းမည်၏။

ရှင်း။ ။ စက္ခုနာ–သည် စက္ခုပသာဒကိုသာ ဟောရိုးထုံးစံရှိသည်။ စက္ခုဝိညာဏ်ကို ဟောရိုးထုံးစံ မရှိ။ ရူပံ ပဿတိ–ဟူသော တွဲဘက်စကားကို ထောက်လျှင်ကား ပသာဒရုပ်ဘာရားက မြင်ခြင်းကိစ္စကို မပြီးစေနိုင်။ ယင်း၌မှီသော ဝိညာဏ်စိတ်ကသာ မြင်ခြင်းကိစ္စကို ပြီးစေနိုင်သည်။ ထို့ကြောင့် စက္ခုနာ–အရ ဟောနေကျ (မုချတ္ထ) ဖြစ်သော ပသာဒရုပ်ကို မယူရတော့ဘဲ ဟောနေကျမဟုတ်သော တင်စားအပ်သော စက္ခုဝိညာဏ်ဟူသော အနက်ကိုသာ ယူရသောကြောင့် စက္ခုနာသဒ္ဒါကို ဥပစာသဒ္ဒါ–ဟု မှတ်ရမည်။

http://www.dhammadownload.com



ဥပစာလက္ခဏာများနှင့် စိစစ်ပါမူကား–

စက္ခုပသာဒက အကြောင်း၊ စက္ခုဝိညာဏ်က အကျိုးတည်း။ (တစ်နည်း) စက္ခုပသာဒက ဌာန၊ စက္ခုဝိညာဏ်က ဌာနီတည်း။ ဤသို့ အကြောင်း+အကျိုး လက္ခဏာနှင့် လည်းကောင်း၊ ဌာန+ဌာနီ လက္ခဏာနှင့် လည်းကောင်း ညီညွတ်သောကြောင့် စက္ခုနာ–ကို ကာရဏူပစာ (တစ်နည်း) ဌာနူပစာ–ဟု ကြံရသည်။

လေ့ကျင့်ရန်ပုံစံ။ (က) သောတေန သဒ္ဒံ သုတွာ။

(ခ) ဃာနေန ဂန္ဓံ ဃာယိတွာ။

(ဂ) ဇိဝှါယ ရသံ သာယိတွာ။

(ဃ) ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ။

(င) ဒါနံ ဒတွာ။ (အကြောင်း စေတနာ+အကျိုး ဒါနဝတ္ထု။)

## ၂။ ဖလူပစာ (အဝိနာဘာဝနည်း)

(အကျိုး – မုချဝတ္ထု။ အကြောင်း – ဥပစာရဝတ္ထု။)

### ဆိုရိုး (အရကျက်ရန်)

"ဖလဿ နာမံ ကာရဏမှိ ဥပစာရော ဝေါဟာရော ဖလူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ အကျိုး၏အမည်ကို အကြောင်း၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် ဖလူပစာသဒ္ဒါမည်၏။ ပြယုဂ်ကား– ဩဒနော ပစ္စတေ–အစရှိသည်တည်း။

ဤပြယုဂ်၌ 'ဩဒန'သဒ္ဒါသည် အကျိုးဖြစ်သော ထမင်းဒြပ်၏ ဩဒန–ဟူသောအမည်ကို အကြောင်းဖြစ်သော ဆန်ဒြပ်၌တင်စား၍ အကြောင်းဖြစ်သော ဆန်ဒြပ်ကို 'ဩဒန'ဟု ခေါ်ဝေါ်ခြင်းကြောင့် ဖလူပစာသဒ္ဒါမည်၏။

မကင်းတတ်သည်ကို ဆိုသဖြင့် မကင်းရာကိုလည်း ရသောနည်းသည် အဝိနာဘာဝနည်းမည်၏။ ပြယုဂ်ကား– ဩဒနော ပစ္စတေ–တည်း။

ဤ၌ 'ဩဒနော'ဟူသောနည်းသည် ထမင်းတည်းဟူသော မကင်းတတ်သည်ကို ဆိုသဖြင့် ဆန်တည်းဟူသော မကင်းရာကိုလည်း ရသောကြောင့် အဝိနာဘာဝနည်းမည်၏။

ရှင်း။ ။ ဤပုံစံ၌ ဩဒနသည် ထမင်းကိုသာ ဟောရိုးတည်း။ (မုချဝတ္ထု) ဆန်ကို ဟောရိုးထုံးစံမရှိ။ ပစတိ–ကို ထောက်သော် ဆန်ကို ယူမှ တွဲဘက်ညီမည်။ ထမင်း+ဆန်နှစ်မျိုးတွင် ထမင်းသည် (မုချဝတ္ထု)ဖလ၊ ဆန်သည် (ဥပစာရဝတ္ထု) ကာရဏတည်း။ ဤသို့ အကျိုး+အကြောင်း လက္ခဏာနှင့် ညီနေသောကြောင့် ဩဒနောကို ဖလူပစာဟုကြံရသည်။

လေ့ကျင့်ရန်ပုံစံ။ ။ (က) ဘတ္တံ ပစိတွာ။

(ခ) နတ္ထိ ဒိန္နံ, နတ္ထိ ယိဋ္ဌံ။

(အကျိုး–ဒါနဝတ္ထု + အကြောင်း–စေတနာ။)

http://www.dhammadownload.com





## ၃။ သဒိသူပစာ

( အတူဖြစ် သဒိသ (မုချတ္ထ)။ အတူရှိ သဒိသီ (ဥပစာရတ္ထ)။)

(တစ်နည်း) (နှိုင်းယှဉ်ကြောင်း ဥပမာန(မုချတ္ထ)၊ အနှိုင်းခံ ဥပမေယျ(ဥပစာရတ္ထ)။)

### ဆိုရိုး(အရကျက်ရန်)

"သဒိသဿ နာမံ သဒိသိမှိ ဥပစာရော ဝေါဟာရော သဒိသူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ အတူဖြစ်သော အနက်၏အမည်ကို အတူရှိသောအနက်၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် သဒိသူပစာသဒ္ဒါမည်၏။

ပြယုဂ်ကား– သီဟော ဂါယတိ–အစရှိသည်တည်း။

ဤ၌ 'သီဟ'သဒ္ဒါသည် အတူဖြစ်သော ခြင်္သေ့ဒြပ်၏ သီဟ–ဟူသောအမည်ကို အတူရှိသော လုလင်ဒြပ်၌တင်စား၍ အတူရှိသော လုလင်ဒြပ်ကို သီဟ–ဟု တင်စား ခေါ်ဝေါ်ခြင်းကြောင့် သဒိသူပစာသဒ္ဒါမည်၏။

ရှင်း။ ။ ဤပုံစံ၌ သီဟ–သည် ခြင်္သေ့ကိုသာ ဟောရိုးတည်း၊ (မုချတ္ထ) လုလင်ကို ဟောရိုးထုံးစံ မရှိ။ ဂါယတိ–ကို ထောက်သော် လုလင်ကိုယူမှ တွဲဘက်ညီမည်။ ခြင်္သေ့+လုလင် နှစ်မျိုးတွင် ခြင်္သေ့သည် သဒိသ–ဥပမာန၊ လုလင်သည် သဒိသီ–ဥပမေယျတည်း။ ဤသို့ သဒိသ+သဒိသီ၊ ဥပမာန+ ဥပမေယျလက္ခဏာနှင့် ညီညွတ်နေသောကြောင့် သီဟော–ကို သဒိသူပစာဟုကြံရသည်။

### လေ့ကျင့်ရန်ပုံစံ

(က) အရိယမဂ္ဂသဏ္ဍေန ဉတ္တိန္ဒ္ဓ တဏှာဝိဇ္ဇာမယံ။ (ဝိ၊ဋ္ဌ၊၁။၁၀၄။)

(ခ) နေတ္တိသဒိသတာယ ဘဝတဏှာ "နေတ္တိ" တိ အဓိပ္ပေတာ။ (ဒီ၊ ဋ္ဌ၊၁။၁၇၇။)

(ဂ) သော ဝေါ မမစ္စယေန သတ္ထာ။ (ဝိ၊ဋ္ဌ၊၁။၅။)

(သဒိသ–ဘုရားရှင်+သဒိသီ–ဓမ္မဝိနယ။)

(ဃ) ဝီရိယပါဒေဟိ သီလပထဝိယံ ပတိဋ္ဌာယ သဒ္ဓါဟတ္ထေန ကမ္မဿကတာ ဉာဏဖရသုံ ဂဟေတွာ။ (ဝိ၊ဋ္ဌ၊၁။၈၅။)

(င) ဝိတ္တိသရိက္ခကတာယ ဝိတ္တိ။ (အဘိ၊ဋ္ဌ၊၁။၁၈၇။)

(စ) ဒီပသဒိသတ္တာ ဒီပံ။ (ဝိ၊ဋ္ဌ၊၁။၁၃၂။)

(ဆ) သုတ္တသဘာဂတော စ "သုတ္တ" န္တိ အက္ခာတံ။ (ဝိ၊ဋ္ဌ၊၁။၁၅။)

မှတ်ချက်။ ။ ဥပမာနတ္ထရကမ္မဓာရယ်သမာသ်ပုဒ်၌ နောက်ပုဒ်တစ်စိတ်ဝယ် သဒိသူ–ပစာရသည်။ ထို့အတူ အတူဟူသောအနက်ကို ဟောသော သရိက္ခက, သဒိသ, သမာန, သဘာဂ–စသော သဒ္ဒါတို့နှင့် အဖွင့်ခံရသော သံဝဏ္ဏေတဗ္ဗပါဠိ၌ လည်း သဒိသူပစာရသည်ဟုမှတ်။

- ✔ ဥပမာကမ္မဓာရယ၊ နောက်ပဒ၊ မှတ်ကြံ သဒိသူ။
- ✔ သဒိသတ္ထဝါစက၊ သမာန ဝဂ္ဂ၊ စသည်တို့နှင့် ဖွင့်ပြလေရာ၊ ပုဒ်တိုင်းမှာ၊ ကြံပါ သဒိသူ။

http://www.dhammadownload.com



## ၄။ ဌာနူပစာ (နာနန္တရိကနည်း)

(ဌာန–မုချတ္ထ။ ဌာနီ–ဥပစာရတ္ထ။)

### ဆိုရိုး (အရကျက်ရန်)

"ဌာနဿ နာမံ ဌာနိမှိ ဥပစာရော ဝေါဟာရော ဌာနူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ ဌာန၏အမည်ကို ဌာနီ၌ တင်စား၍ခေါ်ဝေါ်ခြင်းသည် ဌာနူပစာသဒ္ဒါ မည်၏။

ပြယုဂ်ကား– မဉ္စာ ဃောသန္တိ–အစရှိသည်တည်း။

ဤ၌ မဉ္စာ–သဒ္ဒါသည် ဌာနဖြစ်သော ညောင်းစောင်းဒြဗ်၏ မဉ္စာ–ဟူသော အမည်ကို ဌာနီဖြစ်သော လူဒြဗ်၌တင်စား၍ ဌာနီဖြစ်သော လူဒြဗ်ကို မဉ္စာ–ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာသဒ္ဒါမည်၏။

ရှင်း။ ။ ဤပုံစံ၌ မဉ္စာ–သဒ္ဒါသည် (ဌာနဖြစ်သော) ကုဋင်ကိုသာ ဟောရိုးတည်း။ (ဌာနီဖြစ်သော)လူကို ဟောရိုးထုံးစံမရှိ။ ဃောသန္တိ–ကို ထောက်သော် (ဌာနီ)လူကို ယူမှ တွဲဘက်ညီမည်။ ကုဋင်+လူ နှစ်မျိုးတွင် ကုဋင်သည် မုချတ္ထ–ဌာန၊ လူသည် ဥပစာရတ္ထ–ဌာနီတည်း။ ဤသို့ ဌာန+ဌာနီ လက္ခဏာနှင့် ညီညွတ်နေသောကြောင့် မဉ္စာကို ဌာနူပစာဟု ကြံရသည်။

လေ့ကျင့်ရန် ပုံစံ။ ။ (က) ဂါမဓမ္မောတိ ဂါမဝါသီနံ သေဝနဓမ္မော။(ဝိ၊ဋ္ဌ၊၁။၂၂၂။)

(ဌာန–ရွာ + ဌာနီ–ရွာနေသူ)

(ခ) စက္ခုနာ ရူပံ ပဿတိ။

(ဂ) သဗ္ဗော ဂါမော အာဂတော။

(ဃ) ဝဇ္ဇိပုတ္တကာတိ ဝဇ္ဇိရဋ္ဌေ ဝေသာလိယံ ကုလာနံ ပုတ္တာ။ (ဝိ၊ဋ္ဌ၊၁။၁၉၄။)

## ၅။ ဌာနျူပစာ (အဝိနာဘာဝနည်း)

(ဌာနီ–မုချတ္ထ။ ဌာန–ဥပစာရတ္ထ။)

### ဆိုရိုး (အရကျက်ရန်)

"ဌာနိနော နာမံ ဌာနမှိ ဥပစာရော ဝေါဟာရော ဌာနျူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ ဌာနီ၏အမည်ကို ဌာန၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် ဌာနျူပစာ သဒ္ဒါမည်၏။

ပြယုဂ်ကား– ကုန္တာ ပဝိသန္တိ–အစရှိသည်တည်း။

ဤ၌ 'ကုန္တာ'သဒ္ဒါသည် ဌာနီဖြစ်သော လှံဒြဗ်၏ ကုန္တ–ဟူသောအမည်ကို ဌာနဖြစ်သော လူဒြဗ်၌တင်စား၍ ဌာနဖြစ်သော လူဒြဗ်ကို ကုန္တာ–ဟုခေါ်ဝေါ်ခြင်းကြောင့် ဌာနျူပစာသဒ္ဒါမည်၏။

http://www.dhammadownload.com



ရှင်း။ ။ ဤပုံစံ၌ ကုဏ္ဍာ–သည် (ဌာနီဖြစ်သော) လှံကိုသာ ဟောရိုးထုံးစံရှိသည်။ (ဌာန ဖြစ်သော)လူကို ဟောရိုးထုံးစံ မရှိ။ ပစရန္တိ–ကြိယာကို ထောက်သော် (ဌာန) လူကိုယူမှ တွဲဘက်ညီမည်။ လှံ+လူ နှစ်မျိုးတွင် လှံသည် မုချတ္ထ–ဌာနီ၊ လူသည် ဥပစာရတ္ထ– ဌာနတည်း။ ဤသို့ ဌာနီ+ဌာနလက္ခဏာ နှင့် ညီညွတ်နေသောကြောင့် ကုဏ္ဍာကို ဌာန္ယူပစာဟု ကြံရသည်။

လေ့ကျင့်ရန်ပုံစံ။ ။ (က) ဘေရိံ စရာပေသိ။ (ဝိ၊ဋ္ဌ၊၁။၂၆၇။)

(ဌာနီ–စည်+ ဌာန–စည်ထမ်းသူ)

(ခ) ယဋ္ဌိံ ပဝေသေယ။ (ဌာနီ–တောင်ဝှေး+ဌာန–ကိုင်ဆောင်သူ)

(ဂ) သာသနံ ပေသေတိ။

(ဌာနီ–သတင်းစကား+ဌာန–သတင်းဗို့သူ)

(ဃ) မဂဓမဟာမတ္တောတိ မဂဓရဉ္ဉော မဟာမတ္တော။(ဝိ၊ဋ္ဌ၊၁။၂၅၅။)

## ၆။ ဂုဏူပစာ (အဝိနာဘာဝနည်း)

(ဂုဏ်–မုချတ္ထ။ ဂုဏေး–ဥပစာရတ္ထ။)

### ဆိုရိုး (အရကျက်ရန်)

"ဂုဏဿ နာမံ ဂုဏိမှိ ဥပစာရော ဝေါဟာရော ဂုဏူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ ဂုဏ်၏အမည်ကို ဂုဏေး၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် ဂုဏူပစာ သဒ္ဒါမည်၏။ ပြယုဂ်ကား– နီလော ပဋော–အစရှိသည်တည်း။

ဤ၌ 'နီလ'သဒ္ဒါသည် အညိုဟူသော ဂုဏ်၏ နီလ–ဟူသော အမည်ကို ဂုဏေးဖြစ်သော ပုဆိုးဒြဗ်၌ တင်စား၍ ဂုဏေးဖြစ်သော ပုဆိုးဒြဗ်ကို နီလ–ဟု ခေါ်ဝေါ်ခြင်းကြောင့် ဂုဏူပစာသဒ္ဒါမည်၏။

ရှင်း။ ။ ဤပုံစံ၌ နီလော–သည် ညိုသောဂုဏ်ကိုသာ ဟောရိုးတည်း။ ပုဆိုးအဝတ်(ဂုဏေးဒြဗ်) ကို ဟောရိုးထုံးစံ မရှိ။ ပဋောကို ထောက်သော် အညိုဂုဏ်ရှိသော ပုဆိုးအဝတ် (ဂုဏေးဒြဗ်)ကိုယူမှ တွဲဘက်ညီမည်။ အညို+အဝတ်နှစ်မျိုးတွင် အညိုသည် မုချတ္ထ– ဂုဏ်၊ အဝတ်သည် ဥပစာရတ္ထ–ဂုဏေးတည်း။ ဤသို့ ဂုဏ်+ဂုဏေး လက္ခဏာနှင့် ညီညွတ်နေသောကြောင့် နီလောကို ဂုဏူပစာဟုကြံရသည်။

လေ့ကျင့်ရန် ပုံစံ။ ။ (က) ဥဠာရာယ ပသံသာယ။ (မြတ်သောဂုဏ်+ချီးကျူးသံ)

(ခ) ဇဝံ ကလျာဏော ကိတ္တိသဒ္ဒေါ။ (ဝိ၊ဋ္ဌ၊၁။၈၄။)

(ဂ) မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ။ (ပူဇာ, ဥတ္တမ, ပစုရဂုဏ်+ရဟန်းအပေါင်း)။

(ဃ) ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ။ (ဝိ၊ဋ္ဌ၊၁။၁၇၀။)

(င) အညော ဒီဃာ။ သေသာ ဖျဋ္ဌနာ။ တယော ရဿာ။ (ကစ္စည်းသုတ်)

► ဂုဏ်ကို လွှန်မြောက်၊ ဂုဏေးရောက်၊ မှတ်လောက် ဂုဏူပစာ။

http://www.dhammadownload.com



## ၇။ ဧကဒေသူပစာ (ဥပလက္ခဏ, ပဓာန, နိဒဿန)

### (အစိတ်–မုချတ္ထ။ အပေါင်း–ဥပစာရတ္ထ။)

### ဆိုရိုး (အရကျက်ရန်)

" ဧကဒေသဿ နာမံ ဧကဒေသိမှိ ဥပစာရော ဝေါဟာရော ဧကဒေသူပစာရော"ဟူသောဝစနတ္ထနှင့်အညီ အစိတ်၏အမည်ကို အပေါင်း၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် ဧကဒေသူပစာသဒ္ဒါမည်၏။

ပြယုဂ်ကား– ရာဇာ အာဂစ္ဆတိ–အစရှိသည်တည်း။

ဤ၌ ရာဇာ–ဟူသော သဒ္ဒါသည် အစိတ်ဖြစ်သော မင်းဒြပ်၏ ရာဇာ–ဟူသော အမည်ကို အပေါင်းဖြစ်သော မင်းနှင့်တကွ အခြွေအရံပရိသတ်အားလုံး၌ တင်စား၍ အပေါင်းဖြစ်သော မင်းနှင့်တကွ အခြွေအရံ ပရိသတ်အားလုံးကို ဤ၌ ရာဇာ–ဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသူပစာသဒ္ဒါမည်၏။

အစိတ်ကို မှတ်၍ဆိုသဖြင့် အပေါင်းကိုလည်း ရသောနည်းသည် ဥပလက္ခဏနည်းမည်၏။ ပြယုဂ်ကား– ရာဇာ အာဂစ္ဆတိ–အစရှိသည်တည်း။

ဤ၌ 'ရာဇာ' ဟူသော နည်းသည် မင်းတည်းဟူသော အစိတ်ကို မှတ်၍ ဆိုသဖြင့် မင်းနှင့်တကွ ခြွေရံပရိသတ်တည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်းမည်၏။

ပြဓာန်းသည်ကိုဆိုသဖြင့် မပြဓာန်းသည်ကိုလည်း ရသောနည်းသည် ပဓာန နည်းမည်၏။ ပြယုဂ်ကား– ရာဇာ အာဂစ္ဆတိ–အစရှိသည်တည်း။

ဤ၌ 'ရာဇာ' ဟူသောနည်းသည် မင်းတည်းဟူသော ပြဓာန်းသည်ကို ဆိုသဖြင့် ခြွေရံပရိသတ်တည်းဟူသော မပြဓာန်းသည်ကိုလည်း ရသောကြောင့် ပဓာနနည်းမည်၏။

အထင်ကို ဆိုသဖြင့် အလုံးစုံကိုရသောနည်းသည် နိဒဿနနည်းမည်၏။ ပြယုဂ်ကား– ရာဇာ အာဂစ္ဆတိ–အစရှိသည်တည်း။

ဤ၌ 'ရာဇာ'ဟူသော နည်းသည် မင်းတည်းဟူသော အထင်ကို ဆိုသဖြင့် မင်းနှင့်တကွ ခြွေရံပရိသတ်တည်းဟူသော အလုံးစုံကိုလည်းရသောကြောင့် နိဒဿန နည်းမည်၏။

ရှင်း။ ။ ဤပုံစံ၌ ရာဇာ–သဒ္ဒါသည် မင်းကိုသာ ဟောရိုးတည်း၊ အမတ်စသည်ကို ဟောရိုး ထုံးစံ မရှိ။ အာဂစ္ဆတိကို ထောက်သော် မင်းနှင့်တကွ ခြွေရံမှူးမတ်စသည်တို့ကိုပါ ယူမှ တွဲဘက်ညီမည်။ မင်း+မင်းနှင့်တကွ ခြွေရံ, မှူးမတ်စသည်နှစ်မျိုးတွင် မင်းသည် မုချတ္ထ–အစိတ် ဧကဒေသ၊ မင်းနှင့်တကွ ခြွေရံမှူးမတ်စသည်တို့ကား ဥပစာရတ္ထ– အပေါင်း ဧကဒေသီတည်း။ ဤသို့ အစိတ်+အပေါင်း လက္ခဏာနှင့် ညီညွတ်နေသော ကြောင့် "ရာဇာ"ကို ဧကဒေသူပစာဟု ကြံရသည်။ အဝယဝူပစာဟုလည်း ခေါ်သည်။

http://www.dhammadownload.com



မှတ်ချက်။ ။ ကေဒေသူပစာရသော ပုံစံပြယုဂ်တို့၌ ဥပလက္ခဏာ, နိဒဿန, အမြဲရသည်။ ပဓာနနည်းကား အမြဲမရ၊ ဌာနာနုရူပသာ။

✔ နိဒဿ, ဥပ, ပဓာန၊ မှတ်ကြ ကေဒေသူ။

လေ့ကျင့်ရန် ပုံစံ။ ။ (က) သတ္တာ ဒေဝမနုဿာနံ။ (ဝိ၊ဋ္ဌ၊၁။၉၄။)

(ခ) အနုတ္တရော ပုရိသဒမ္မသာရထိ။ (ဝိ၊ဋ္ဌ၊၁။၉၃။)

(ဂ) ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ။ (ဝိ၊ဋ္ဌ၊၁။၉၀။)

(ဃ) အပရဏ္ဏတ္တိ မုဂ္ဂမာသာဒီနိ၊ ဥစ္ဆုခေတ္တာဒိကမ္ပိ ဧတ္ထေဝ သင်္ဂဟိတံ။ (ဝိ၊ဋ္ဌ၊၁။၂၉၆။)

## ၈။ ကေဒေသျူပစာ

(အပေါင်း–မုချတ္ထ။ အစိတ်–ဥပစာရတ္ထ။)

### ဆိုရိုး(အရကျက်ရန်)

"ကေဒေသိနော နာမံ ကေဒေသမှိ ဥပစာရော ဝေါဟာရော ကေဒေသျူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ အပေါင်းဖြစ်သောဒြဗ်၏ အမည်ကို အစိတ်ဖြစ်သောဒြဗ်၌ တင်စား ခေါ်ဝေါ်ခြင်းသည် ကေဒေသျူပစာသဒ္ဒါမည်၏။

ပြယုဂ်ကား– သမုဒ္ဒေါ မယာ ဒိဋ္ဌော–အစရှိသည်တည်း။

ဤ၌ 'သမုဒ္ဒ'သဒ္ဒါသည် အပေါင်းဖြစ်သော သမုဒြာတစ်စင်းလုံးဒြဗ်၏ သမုဒ္ဒ–ဟူသော အမည်ကို အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစိတ်ဒြဗ်၌ တင်စား၍ အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒြာတစိတ်ဒြဗ်ကို သမုဒ္ဒ–ဟု ခေါ်ဝေါ်ခြင်းကြောင့် ကေဒေသျူပစာသဒ္ဒါမည်၏။

ရှင်း။ ။ ဤပုံစံ၌ သမုဒ္ဒသည် သမုဒ္ဒရာတစ်စင်းလုံးကိုသာ ဟောရိုးတည်း။ မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစိတ်တဒေသကို ဟောရိုး ထုံးစံမရှိ။ တွဲဘက် ဒိဋ္ဌောကို ထောက်သော် မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစိတ်တဒေသမျှကို ယူမှ တွဲဘက်ညီမည်။ သမုဒ္ဒရာတစင်းလုံး+သမုဒ္ဒရာတစိတ်တဒေသနှစ်မျိုးတွင် သမုဒ္ဒရာ တစင်းလုံးသည် မုချတ္ထ–အပေါင်း၊ သမုဒ္ဒရာတစိတ်တဒေသသည် ဥပစာရတ္ထ–အစိတ် တည်း။ ဤသို့ အပေါင်း+အစိတ်လက္ခဏာနှင့် ညီညွတ်နေသောကြောင့် သမုဒ္ဒေါကို ကေဒေသျူပစာ–ဟု ကြသည်။ သမုဒ္ဒါယူပစာ–ဟု လည်း ခေါ်သည်။

လေ့ကျင့်ရန် ပုံစံ။ ။ (က) ဓမ္မဝိနယဝသေန ဒုဝိဓံ။ (ဝိ၊ဋ္ဌ၊၁။၁၃။)

(ခ) ဘဂဝါ စ အနုတ္တရေန အရိယမဂ္ဂေန။(ဝိ၊ဋ္ဌ၊၁။၈၄။)

(ဂ) ဗြဟ္မစရိယန္တိ မဂ္ဂဗြဟ္မစရိယံ။(ဝိ၊ဋ္ဌ၊၁။၁၇၃။)

(ဃ) ဗြာဟ္မဏောတိ ဓာတိဗြာဟ္မဏော။(ဝိ၊ဋ္ဌ၊၁။၁၀၁။)

(င) အပညတ္တေ သိက္ခာပဒေတိ ပဌမပါရာဇိကသိက္ခာပဒေ အဋ္ဌပိတေ။(ဝိ၊ဋ္ဌ၊၁။၁၇၉။)

(စ) မာတုတိ ဓနေတ္တိယာ။ (ဝိ၊ဋ္ဌ၊၁။၁၇၆။)

(ဆ) ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ (ဝိ၊ဋ္ဌ၊၁။၅။)

(ဇ) ဒိဂုသောကတ္တံ။ (ကစ္စည်းသုတ်)

http://www.dhammadownload.com



## ၉။ သမီပျူပစာ (ရှင်းနည်း)

(သမီပီ = အနီးရှိ – မုချတ္ထ။ သမီပ = အနီးဖြစ် – ဥပစာရတ္ထ။)

### ဆိုရိုး (အရကျက်ရန်)

"သမီပိနော နာမံ သမီပမှိ ဥပစာရော ဝေါဟာရော သမီပျူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ အနီးရှိသော ဝတ္ထု၏အမည်ကို အနီးဖြစ်သော ဝတ္ထု၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် သမီပျူပစာသဒ္ဒါမည်၏။

ပြယုဂ်ကား– ဂင်္ဂါယံ သဿံ တိဋ္ဌတိ–အစရှိသည်တည်း။

ဤ၌ 'ဂင်္ဂါ'သဒ္ဒါသည် အနီးရှိသော ဂင်္ဂါမြစ်၏ ဂင်္ဂါ–ဟူသော အမည်ကို အနီးဖြစ်သော ကမ်းနားဒြပ်၌တင်စား၍ အနီးဖြစ်သော ကမ်းနားဒြပ်ကို ဂင်္ဂါ–ဟု ခေါ်ဝေါ်ခြင်းကြောင့် သမီပျူပစာသဒ္ဒါမည်၏။

ရှင်း။ ။ ဤပုံစံ၌ ဂင်္ဂါသည် ကမ်းစပ်အနီးရှိ မြစ်ရေ (သမီပီ)ကိုသာ ဟောရိုးတည်း။ ကမ်းကို ဟောရိုး မရှိ။ သဿံ တိဋ္ဌတိ–ကို ထောက်သော် အနီးဖြစ်သော ကမ်းနားဒြပ်ကို ယူမှ တွဲဘက်ညီမည်။ ဂင်္ဂါမြစ်+ကမ်းနားဒြပ်နှစ်မျိုးတွင် မြစ်သည် မုချတ္ထ–သမီပီ၊ ကမ်းနားဒြပ်သည် ဥပစာရတ္ထ–သမီပတည်း။ ဤသို့ သမီပီ+သမီပလက္ခဏာနှင့် ညီညွတ်နေသောကြောင့် ဂင်္ဂါယံကို သမီပျူပစာဟု ကြံသည်။

လေ့ကျင့်ရန်ပုံစံ။ ။ (က) သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ။

(သမီပီ–မြို့+ သမီပ–ဇေတဝန်)

(ခ) ပရိနိဗ္ဗာနကာလေ အဘာသိ။

(သမီပီ=ပရိနိဗ္ဗာန်စံတော်မူစဉ်ကာလ။ သမီပ=ပရိနိဗ္ဗာန်စံခါနီးကာလ)

(ဂ) ဂင်္ဂါယ စရန္တိ၊ ယမုနာယ စရန္တိ။ (ဝိ၊ဋ္ဌ၊၁။၈၂။)

(ဃ) ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ။ (ဝိ၊ဋ္ဌ၊၁။၈၂။)

## ၁၀။ တဒ္ဓမ္မူပစာ (ရှင်းနည်း)

(ထင်ရှားရှိ – မုချတ္ထ။ ထင်ရှားမရှိ – ဥပစာရတ္ထ။)

(မရှိတာကို အရှိလုပ်ပြီး ဆိုထားသော စကားမျိုး)

### ဆိုရိုး (အရကျက်ရန်)

"တဒ္ဓမ္မဿ နာမံ တဒ္ဓမ္မမှိ ဥပစာရော ဝေါဟာရော တဒ္ဓမ္မူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ ထင်ရှားရှိသော ဝတ္ထု၏အမည်ကို ထင်ရှားမရှိသောဝတ္ထု၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် တဒ္ဓမ္မူပစာသဒ္ဒါမည်၏။ ကား–သသဝိသာဏံ–စသည်တည်း။

ဤ၌ 'ဝိသာဏ'သဒ္ဒါသည် ထင်ရှားရှိသော ကျွဲ၊ နွားအစရှိသော သတ္တဝါတို့၏ ဦးချိုဒြပ်၏ ဝိသာဏ–ဟူသောအမည်ကို ထင်ရှားမရှိသော ယုန်၏ ဦးချိုဒြပ်၌ တင်စား၍ ထင်ရှားမရှိသောယုန်၏ ဦးချိုဒြပ်ကို ဝိသာဏ–ဟု ခေါ်ဝေါ်ခြင်းကြောင့် တဒ္ဓမ္မူပစာသဒ္ဒါမည်၏။

http://www.dhammadownload.com



ရှင်း။ ။ ဤပုံစံ၌ ချိုကို ဟောသော ဝိသာဏသဒ္ဒါကို ချိုမရှိသော သသသဒ္ဒါနှင့်တွဲစပ်၍ သသဝိသာဏံဟု သုံးစွဲထားရကား မရှိတာကို အရှိလုပ်၍ ဆိုထားသဖြင့် ဝိသာဏကို တဒ္ဓမ္မူပစာဟု ကြံရသည်။ ဤဥပစာမျိုးမှာ လွန်စွာအသုံးများသည်၊ အလင်္ကာနည်းအရ ဆိုပါမူ သမာဓိဂုဏ်မြောက်သော စကားမျိုးပင်တည်း။

လေ့ကျင့်ရန်ပုံစံ။ ။ (က) ဝိသဃဂန္ဓံ ဝါယန္တော။ (ဝိ၊ဋ္ဌ၊၁။၉။)

(အနံ့မဲ့ ကိလေသာကို အနံ့ထွက်သကဲ့သို့ဆို)

(ခ) လောမဟံသောတိ လောမဟံသနံ။ (ဝိ၊ဋ္ဌ၊၁။၁၇၇။)

(ဂ) ဘုန်းကြီးသား၊ ယုန်ချို၊ လိပ်မွေး၊ ပုဇွန်သွေး၊ ခွေးလေး တောင်ပန်ဖြူ။

မှတ်ချက်။ ။ တကယ်အမှန်ကား မရှိ၊ သို့သော် လူအများ ပြောရိုးဆိုစဉ်ရှိသော ဝေါဟာရစကားများ–ဟုမှတ်။

## ၁၁။ ဘေဒူပစာ (အဘေဒနည်း)

(မကွဲပြားဘဲလျက် ကွဲပြားသကဲ့သို့ ဆိုသောစကားမျိုး။)

(တခြားစီ မဟုတ်သော်လည်း တခြားစီခွဲ၍ ဆိုသော စကားမျိုး။)

### ဆိုရိုး(အရကျက်ရန်)

"အဘေဒမှိ ဘေဒံ ဝိယ ဥပစာရော ဝေါဟာရော ဘေဒူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ မပြားဘဲကို ပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းသည် ဘေဒူပစာသဒ္ဒါမည်၏။ ပြယုဂ်ကား– သီလာပုတ္တကဿ သရီရံ–အစရှိသည်တည်း။

ဤ၌ သီလာပုတ္တက–သဒ္ဒါသည် ကိုယ်မှ ကျောက်သား မပြားဘဲကို ပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် ဘေဒူပစာသဒ္ဒါမည်၏။

အပြားမဲ့အားဖြင့် ဆိုအပ်သောနည်းသည် အဘေဒနည်းမည်၏။

ပြယုဂ်ကား သီလာပုတ္တကဿ သရီရံ–အစရှိသည်တည်း။

ဤ၌ 'သီလာပုတ္တကဿ'ဟူသော နည်းသည် ကိုယ်နှင့် ကျောက်သားကို အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့် အဘေဒနည်းမည်၏။

ရှင်း။ ။ ဤပုံစံ၌ သီလာပုတ္တကဿ–နှင့် သရီရံ–မှာ အနက်အရကောက်အားဖြင့် တစ်ခုတည်းသာဖြစ်၍ မကွဲပြားပေ။ သို့ရာတွင် ဝိဘတ်တစ်ခုစီခွဲ၍ ပြောဆို သုံးစွဲထားလေ့ရှိသောကြောင့် ဘေဒူပစာ–ဟု ကြံရသည်။

လေ့ကျင့်ရန် ပုံစံ။ ။ (က) တထာဂတဿ ကာယော။

(ခ) မမ သရီရံ။

(ဂ) ဘိက္ခူနံ သံဃော။

(ဃ) ဓနပဒစာရိကံ ပက္ကမိံသု။ (ဝိ၊ဋ္ဌ၊၁။၂၄၉။)

(င) ဂဇ္ဇဿ သေယျာ ဂဇ္ဇသေယျာ။ (ဝိ၊ဋ္ဌ၊၁။၁၀၇။)

(စ) စာရိကံ စရမာနော။ (သွားခြင်းကြိယာ တစ်ခုတည်းကို နှစ်ပုဒ်ခွဲဆို)

http://www.dhammadownload.com



## "နည်း, ဥပစာတွဲစပ်ပုံ ဆောင်ပုဒ်များ"

၁။ နာနန္တရိက၊ ကာရဏာ၊ ဌာန ဥပစာ။
၂။ ဂုဏူ+ဖလူ၊ ဌာနျူ၊ နည်းမှူ အဝိနာ။
၃။ ကေဒေသျူ၊ သမီပျူ၊ သဒိသူ, ရုဠှီသာ။
၄။ နိဒသ်+ဥပ၊ ပဓာန၊ မှတ်ကြ ကေဒေသူ။
၅။ ရုဠှီ+နေယျ၊ အဘေဒ၊ သုံး၀ ခပ်သိမ်းမှာ။

မှတ်ချက်။ ။ ဆောင်ပုဒ်များ၌ တိုက်ရိုက်မပါသော်လည်း ကေဒေသူပစာ၌– ပစ္စာသန္နနည်း, ယေဘုယျနည်း, တဗ္ဗဟုလနည်းများလည်း အရာဌာနအားလျော်စွာ ရနိုင်သေးသည်။ ကေဒေသျူပစာ၌– ပစ္စာသတ္တိ, ဂေါဗလိဗဒ္ဒ, ပုညဉာဏသမ္ဘာရ, ပါရိသေသနည်းများလည်း အရာဌာနအားလျော်စွာ ရနိုင်သေးသည်။

✔ ပစ္စာသန္န၊ ယေဘုယျနှင့်၊ တဗ္ဗဟုလ၊ ဤသုံး၀၊ မှတ်ကြ ကေဒေသူ၊ ဌာနာနုရူပယူ။
✔ ပစ္စာသတ္တိ၊ ဂေါဗလိနှင့်၊ ပါရိ, ပုည၊ ဤလေး၀၊ မှတ်ကြ ကေဒေသျူ၊ ဌာနာနုရူပယူ။

## "အောက်ပါတို့ကို တစ်မူစီကျက်မှတ်ထားပါ"

### ၁။ ပစ္စာသန္နနည်း(ကေဒေသူ)

ဆိုရိုး (အရကျက်ရန်)

အနီးကို ဆိုသဖြင့် အဝေးကိုလည်း ရသောနည်းသည် ပစ္စာသန္နနည်းမည်၏။

ပြယုဂ်ကား– "ကာကေ ဝါရေယ မဇ္ဇမှာ"အစရှိသည်တည်း။ ဤပြယုဂ်၌ ကာကေ–ဟူသော နည်းသည် ကျီးတည်းဟူသော အနီးကို ဆိုသဖြင့် သိမ်း, စွန်အစရှိသော အဝေးကိုလည်း ရသောကြောင့် ပစ္စာသန္နနည်းမည်၏။

ဆောင်။ ။ နီးစပ်၍သာ၊ ပြဆိုပါ၊ ဝေးရာလည်းရ၊ ပစ္စာသန္န။

ရှင်း။ ။ ဤပုံစံ၌ ကာကေ–သည် (လူတို့နှင့် အနေနီးစပ်သော) ကျီးကိုသာ ဦးတည်ပြောဆိုသော်လည်း ငါးကို ချီသုတ်နိုင်သော သိမ်း, စွန်, ကြောင်, ခွေး–စသည်တို့ကိုလည်း မောင်းနှင်ရမည်ဖြစ်သောကြောင့် ပစ္စာသန္နနည်းဖြင့် ပြဆိုထားသော စကားမျိုးတည်း။

ဥပစာ။ ။ အစိတ် – ကျီး (မုချတ္ထ)
အပေါင်း – ကျီး, သိမ်း, စွန်, ကြောင်, ခွေး–စသည်။ (ဥပစာ)

လေ့ကျင့်ရန်ပုံစံ။ ။ (က) ကာကေ ရက္ခန္တိ တဏ္ဍုလာ။ (ကစ္စည်း)
(ခ) ယဝါ ပဋိသေဓေန္တိ ဂါဝေါ။ (ကစ္စည်း)
(ဂ) ငါးကြော်ခွက်ကို ကြွက်မစားစေနဲ့။

✔ ရက္ခဏတ္ထစနမဇ္ဇိတံသုတ်၊ ပုံစံပြယုဂ်ဝယ်၊ ကံပုဒ်မှန်သမျှ၊ ပစ္စာသန္န၊ မှတ်ကြ ကေဒေသူ။ (နေ၁မတိ)

http://www.dhammadownload.com



## ၂။ ယေဘုယျနည်း (ကေဒေသူ)

ဆိုရိုး (အရကျက်ရန်)

ဌာနီဖြင့် ဌာနကို မှတ်၍ အများကိုဆိုသဖြင့် အနည်းကိုလည်း ရသောနည်းသည် ယေဘုယျနည်းမည်၏။ ပြယုဂ်ကား– "ခဒိရဝနံ"အစရှိသည်တည်း။

ဤ၌ 'ခဒိရဝနံ'ဟူသောနည်းသည် ရှားပင်တည်းဟူသော ဌာနီဖြင့် တောတည်းဟူသော ဌာနကို မှတ်၍ ရှားပင်တည်းဟူသော အများကိုဆိုသဖြင့် ထိုတော၌ရှိသော သစ်ဆိမ့်, သဖန်းခါးအစရှိသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်းမည်၏။

ဥပစာ။ ။ အစိတ် – ရှားပင် (မုချတ္ထ)

အပေါင်း – ရှားပင်, သစ်ဆိမ့်, သဖန်းခါး–စသည်။ (ဥပစာရတ္ထ)

လေ့ကျင့်ရန်ပုံစံများ။ ။ (က) လုမ္ဗိနီဝနေ။ (ဝိ၊ဋ္ဌ၊၁။၈၂။) (ခ) ဝေဠုဝနေ။

(ဂ) ဗြာဟ္မဏဂါမော။ (ဃ) နှင်းဆီခြံ, လိမ္မော်ခြံ–စသည်။

(င) မွန်ပြည်နယ်, ရခိုင်ပြည်နယ်–စသည်။

မှတ်ချက်။ ။ ယေဘုယျနည်း ပုံစံပြယုဂ်၌ ကေဒေသူပစာတင်သည့်အခါ ရှေ့ပုဒ်တစ်စိတ်၌သာ တင်ရသည်။

## ၃။ တဗ္ဗဟုလနည်း (ကေဒေသူ)

ဆိုရိုး (အရကျက်ရန်)

ဌာနဖြင့် ဌာနီကို မှတ်၍ အများကိုဆိုသဖြင့် အနည်းကိုလည်း ရသောနည်းသည် တဗ္ဗဟုလနည်းမည်၏။ ပြယုဂ်ကား– "ဝနစရကော"အစရှိသည်တည်း။

ဤ၌ 'ဝနစရကော"ဟူသောနည်းသည် တော–တည်းဟူသော ဌာနဖြင့် မုဆိုး–တည်းဟူသော ဌာနီကို မှတ်၍ တော၌ ကျင်လည်ခြင်းတည်းဟူသော အများကို ဆိုသဖြင့် ရွာ၌ ကျင်လည်ခြင်းတည်းဟူသော အနည်းကိုလည်း ရသောကြောင့် တဗ္ဗဟုလနည်းမည်၏။

ဥပစာ။ ။ အစိတ် – တော၌ ကျင်လည်ခြင်း (မုချတ္ထ)

အပေါင်း – တော၌ ကျင်လည်ခြင်း, ရွာ၌ကျင်လည်ခြင်း–စသည်။ (ဥပစာရတ္ထ)

လေ့ကျင့်ရန်ပုံစံများ။ ။ (က) အရညဝါသိကော။

(ဂ) ဝေသာလိဝါသိနော, ဝေသာလိကာ။

====================

## ၁။ ပစ္စာသတ္တိနည်း (ကေဒေသျူ)

ဆိုရိုး (အရကျက်ရန်)

ရသင့်တိုင်းကို မယူမူ၍ အနီးကိုသာ ယူရသောနည်းသည် ပစ္စာသတ္တိနည်းမည်၏။ ပြယုဂ်ကား–"သော ဣမံ လောကံ သဒေဝကံ သမာရကံ"စသည်တည်း။

ဤ၌ "သမာရကံ"ဟူသောနည်းသည် နတ်ပြည်ခြောက်ထပ်တည်းဟူသော ရသင့်တိုင်းကို မယူမူ၍ ဝသဝတ္တီနတ်ပြည်တည်းဟူသော အနီးကိုသာ ယူရသောကြောင့် ပစ္စာသတ္တိနည်းမည်၏။

http://www.dhammadownload.com



✔ ရသင့် မယူ၊ နီးရာယူ၊ မှတ်ယူ ပစ္စာသတ္တိ။

ရှင်း။ ။ ဤပုံစံ၌ သမာရကံသည် မာရ်နတ်မင်းပိုင်နက် နယ်မြေ နတ်ပြည် ၆-ထပ် ရသင့်တိုင်းကို မယူဘဲ သဒေဝကံကိုထောက်၍ အနီးဖြစ်သော ဝသဝတ္တီ နတ်ပြည်ကိုသာ ယူရမည်ဖြစ်သောကြောင့် ပစ္စာသတ္တိနည်းဖြင့် ပြဆို ထားသော စကားမျိုးတည်း။

ဥပစာ။ ။ အပေါင်း – နတ်ပြည် ၆-ထပ်။ (မုချတ္ထ)

အစိတ် – ဝသဝတ္တီနတ်ပြည်။ (ဥပစာရတ္ထ)

## ၂။ ပါရိသေသနည်း (ကေဒေသျူ)

### ဆိုရိုး (အရကျက်ရန်)

ဆိုခဲ့ပြီးသည်မှလည်းကောင်း, ဆိုလတ္တံ့သည်မှလည်းကောင်း အကြွင်းကို ယူရသောနည်းသည် ပါရိသေသနည်းမည်၏။

ပြယုဂ်ကား– "သော ဣမံ လောကံ သဒေဝကံ သမာရကံ"အစရှိသည်တည်း။

ဤ၌ "သဒေဝကံ"ဟူသောနည်းသည် ဆိုလတ္တံ့သော ဝသဝတ္တီနည်ပြည်မှ ကြွင်းသော နတ်ပြည်ငါးထပ်ကို ယူရသောကြောင့် ပါရိသေသနည်းမည်၏။

ဥပစာ။ ။ အပေါင်း – နတ်ပြည် ၆-ထပ်။ (မုချတ္ထ)

အစိတ် – အောက်နတ်ပြည် ၅-ထပ်။ (ဥပစာရတ္ထ)

လေ့ကျင့်ရန်ပုံစံများ။ ။

(က) ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ (ဒီ၊၂၊၁၊၅။)

(ခ) ပဒတော ဒုတိယာစတုတ္ထီဆဋ္ဌီသု ဝေါနော။ (ကစ္စည်း)

## ၃။ ဂေါဗလီဗဒ္ဒနည်း (ကေဒေသျူ)

### ဆိုရိုး (အရကျက်ရန်)

ဂေါ-သဒ္ဒါသည် ယှဉ်ဘက် ဗလီဗဒ္ဒသဒ္ဒါ၏ အနက်ကို ချန်လှပ်၍ နွားငယ်, နွားလတ်တည်းဟူသော အနက်ကို ဟောသကဲ့သို့ ယှဉ်ဘက်သဒ္ဒါ၏ အနက်ကို ချန်၍ ဟောသောနည်းသည် ဂေါဗလီဗဒ္ဒနည်းမည်၏။

ပြယုဂ်ကား– "ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော"အစရှိသည်တည်း။

ဤ၌ ဓမ္မော-ဟူသော နည်းသည် ဝိနယပိဋကတ်တည်းဟူသော ယှဉ်ဘက် ဝိနယသဒ္ဒါ၏ အနက်ကို ချန်လှပ်၍ သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်ကိုသာ ဟောသောကြောင့် ဂေါဗလီဗဒ္ဒနည်းမည်၏။

ဥပစာ။ ။ အပေါင်း – သုတ်, အဘိဓမ္မာ, ဝိနည်း။ (မုချတ္ထ)

အစိတ် – သုတ်, အဘိဓမ္မာ။ (ဥပစာရတ္ထ)

http://www.dhammadownload.com



## ၄။ ပုညဉာဏသမ္ဘာရနည်း (ကေဒေသျှ)

ဆိုရိုး (အရကျက်ရန်)

ပုည–သဒ္ဒါသည် ယှဉ်ဘက် ဉာဏသမ္ဘာရ–သဒ္ဒါ၏ အနက်ကို ချန်လှပ်၍ ဉာဏ်၏ အဆောက်အဦးမှတပါး ကောင်းမှုကိုသာ ဟောသကဲ့သို့ ယှဉ်ဘက်သဒ္ဒါ၏ အနက်ကို ချန်၍ ဟောသောနည်းသည် ပုညဉာဏသမ္ဘာရနည်းမည်၏။ ပြယုဂ်ကား– "ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော"အစရှိသည်တည်း။

ဤ၌ ဓမ္မော–ဟူသောနည်းသည် ဝိနယပိဋကတ်တည်းဟူသော ယှဉ်ဘက် ဝိနယသဒ္ဒါ၏ အနက်ကို ချန်လှပ်၍ သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်ကိုသာ ဟောသောကြောင့် ပုညဉာဏသမ္ဘာရနည်းမည်၏။

===========

"ရုဠှီ, နေယျ၊ အဘေဒ၊ သုံး၀ ခပ်သိမ်းမှာ"

အထက်ပါ နိယံနှင့်အညီ ဖြေဆိုတတ်ရန် အောက်ပါနမူနာပုံစံတို့ကို ကျက်မှတ်ထားရမည်။

(က) ထို၌ထင်သောအားဖြင့် ဤ၌ ခေါ်ဝေါ်အပ်သောနည်းသည် ရုဠှီနည်းမည်၏။ ပြယုဂ်ကား– စက္ခုနာ ရူပံ ပဿတိ–အစရှိသည်တည်း။

ဤ၌ စက္ခုနာဟူသောနည်းသည် စက္ခုပသာဒတည်းဟူသော ထို၌ ထင်သောအားဖြင့် စက္ခုဝိညာဏ်တည်းဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရုဠှီနည်းမည်၏။

(ခ) ဆောင်၍ ယူရသော အနက်ရှိသောနည်းသည် နေယျတ္ထနည်းမည်၏။ ပြယုဂ်ကား– စက္ခုနာ ရူပံ ပဿတိ–အစရှိသည်တည်း။

ဤ၌ စက္ခုနာဟူသောနည်းသည် စက္ခုပသာဒကို ဆိုသော်လည်း စက္ခုဝိညာဏ်ကို ဆောင်၍ယူရသော အနက်ရှိသောကြောင့် နေယျတ္ထနည်းမည်၏။

(ဂ) အပြားမဲ့အားဖြင့် ဆိုသောနည်းသည် အဘေဒနည်းမည်၏။ ပြယုဂ်ကား– စက္ခုနာ ရူပံ ပဿတိ–အစရှိသည်တည်း။

ဤ၌ စက္ခုနာဟူသောနည်းသည် စက္ခုပသာဒနှင့် စက္ခုဝိညာဏ်ကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒနည်းမည်၏။

ဥပစာ ပြီးပါပြီ။

=================

http://www.dhammadownload.com



## နေတ္တိဟာရ

နေတ္တိဟာရထုတ်ရာ၌–
(က) နိဒါန်း
(ခ) စာကိုယ် (ဝေဖန်စိစစ်ချက်)
(ဂ) နိဂုံး–ဟူ၍ အင်္ဂါ(၃)ချက် ပါရှိစေရမည်။

နေတ္တိဟာရနှင့် ပက်သက်၍ ဆရာများစွာတို့ တစ်ပါးနှင့် တစ်ပါး ကွဲပြားနေကြသော်လည်း ထုတ်နည်းပုံစံ စနစ်ကျဖို့, အစဉ်အလာကျဖို့သာ အဓိကဖြစ်သည်။ ထုတ်နည်းပုံစံ စနစ်ကျလျှင် မှန်ကန်သည်ဟု မှတ်ယူရမည်သာ။

စနစ်တကျ ဖြေဆိုတတ်ရန်မှာကား မူတစ်ခုကို ကျေပြွန်စွာ ကျက်မှတ်ထားရမည်။ ကျက်မှတ်ရန် ပုံစံတစ်ခုစီကိုလည်း ဖော်ပြသွားပါမည်။

မေးခွန်း၌ ဖော်ပြထားသော ပါဠိဝါကျ, ပုဒ်တို့၏ အဘိဓေယျာနည်းအရ ဖြစ်သင့်သော တရားကိုယ်များကို တိကျမှန်ကန်အောင် ကောက်ယူတတ်ရမည်။ ယင်းသို့ တရားကိုယ်ကောက်ယူတတ်ဖို့အတွက် ကိတ်ဉာဏ်ကောက်ကို ကျနစွာ နားလည်ထားရမည်။

## ၁။ ဒေသနာဟာရ

### (ရှေးဦးလမ်းညွှန် မှတ်သားရန်)

ဒေသနာဟာရ–ဟူသည် သုတ်၌လာသော တရားတို့ကို အဿာဒစသည်ဖြင့် ဝေဖန်ခြင်းပင်တည်း။ ယင်းဒေသနာဟာရသည်–

၁။ သုတ်၌လာသောတရားတို့ကို အဿာဒစသည်ဖြင့် ဝေဖန်ခြင်း အဿာဒါဒိဒေသနာဟာရ။

၂။ သစ္စာအားဖြင့် ထုတ်ပြခြင်း စတုသစ္စဒေသနာဟာရ–ဟူ၍ နှစ်မျိုးရှိသည်။

ထိုတွင်–

၁။ အဿာဒစသည်ကို ရှေးဦးစွာထုတ်ပြီး သစ္စာကိုနောက်မှ ထုတ်လျှင် အဿာဒါဒိဒေသနာဟာရမည်၏။

၂။ သစ္စာကို ရှေးဦးစွာထုတ်ပြီး အဿာဒစသည်ကို နောက်မှ ထုတ်ပြလျှင် စတုသစ္စဒေသနာဟာရမည်၏။

များသောအားဖြင့် နာမ်တရားများရသောပုဒ်တို့၌ အဿာဒါဒိဒေသနာဟာရ ထုတ်ပါဟု မေးတတ်သည်။ ခန္ဓာငါးပါးရသော လောကော, ဗုဒ္ဓေါစသောပုဒ်တို့၌ စတုသစ္စဒေသနာဟာရထုတ်ပါဟု မေးတတ်သည်။

http://www.dhammadownload.com



အန္တတ်, ဗာဟျတ် ခွဲခြား၍ မေးခဲ့လျှင်–

၁။ အန္တတ္တကိုယူ၍ ထုတ်က အဿာဒါဒိဒေသနာဟာရနည်းဖြင့် ထုတ်။

၂။ ဗာဟျတ္တကိုယူ၍ ထုတ်က စတုသစ္စဒေသနာဟာရနည်းဖြင့် ထုတ်။

- ✔ အန္တတ်အရ၊ ကောက်ယူက၊ အဿာဒ–ရှေးဦးထုတ်။
- ✔ ဗာဟျတ်အရ၊ ကောက်ယူက၊ သစ္စ–ရှေးဦးထုတ်။
- ✔ ပုဒ်နှင့်ဓာတ်ကို ၊ အန္တတ်ဆိုသည်၊ ပစ္စည်းဝိဘတ်၊ ဗာဟျတ် နှစ်ရပ်ထူးပုံသိ။

## အဿာဒါဒိဒေသနာဟာရထုတ်ပုံ (အရကျင့်ရန်)

(နိဒါန်း)

ဒေသနာဟာရဟူသော်ကား "ဒေသီယတိ သံဝဏ္ဏီယတိ သုတ္တတ္ထော ဧတာယာ–တိ ဒေသနာ၊ ဒေသနာ စ သာ ဟာရော စာတိ ဒေသနာဟာရော"ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော တရားတို့ကို အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိတို့ဖြင့် ဖွင့်ပြကြောင်းလက္ခဏာရှိသော ဟာရသည် ဒေသနာဟာရမည်၏။

စာကိုယ် (ဝေဖန်စိစစ်ချက်)

ပြယုဂ်ကား– ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဟူသည်တည်း။

ဤပြယုဂ်၌ ဂစ္ဆာမိ–ဝယ် အန္တတ္တဖြစ်သော ဂမု–ဓာတ်အရ ဘုရားကို ကိုးကွယ်ဆည်းကပ်သောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော သဒ္ဓါ, ပညာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ –

ထိုစိတ္တုပ္ပါဒ်နှင့်ယှဉ်သော သောမနဿဝေဒနာသည် သာယာအပ်သောကြောင့် အဿာဒမည်၏၊ ထိုကိုသာယာတတ်သော တဏှာသည်လည်း အဿာဒမည်၏။

သာယာအပ်, သာယာတတ်သောတရားသည်ပင် သင်္ခါရဒုက္ခဖြစ်၍ (တေဘူမက သင်္ခါရတို့၌ အကျုံးဝင်သောကြောင့်) အာဒီနဝမည်၏။

ဘုရားကို ကိုးကွယ်ဆည်းကပ်သူသည် လိုလားတောင့်တအပ်သော အရိယာမဂ်နှင့် နိဗ္ဗာန်သည် နိဿရဏမည်၏။

ဖိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း၊ အန္တရာယ်ပျောက်ကင်းခြင်းစသော ပစ္စုပ္ပန်အကျိုးအမျိုးမျိုးသည်လည်းကောင်း၊ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိစသော တမလွန်အကျိုးအမျိုးမျိုးသည်လည်းကောင်း ဖလမည်၏။

ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယစသော အကြောင်းအမျိုးမျိုးသည်လည်းကောင်း၊ ဘုရားတည်းဟူသော အတိဏ္ဏဋ္ဌာရုံသည်လည်းကောင်း၊ မဂ်၏ရှေ့အဖို့၌ဖြစ်သော အကျင့်ပဋိပဒါသည်လည်းကောင်း ဥပါယမည်၏။

မဂ်, ဖိုလ်, နိဗ္ဗာန်ကို လိုလားတောင့်တကြကုန်သော သူတို့သည် (ဝါ) အန္တရာယ်ကင်းခြင်းစသော အကျိုးကို အလိုရှိသောသူတို့သည် မြတ်စွာဘုရားကို ကိုးကွယ်

http://www.dhammadownload.com



ဆည်းကပ်ကြကုန်ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိမည်၏။

ထိုအဿာဒစသည်တို့တွင်–

အာဒီနဝေါ ဖလဉ္စ ဒုက္ခံ–ဟူသည်နှင့်အညီ အာဒီနဝသည်လည်းကောင်း၊ ဖလသည်လည်းကောင်း ဒုက္ခသစ္စာမည်၏။

အဿာဒေါ သမုဒယော–ဟူသည်နှင့်အညီ အဿာဒသည် သမုဒယသစ္စာမည်၏။

နိဿရဏံ နိရောဓော–ဟူသည်နှင့်အညီ နိဿရဏသည် နိရောဓသစ္စာမည်၏။

ဥပါယော အာဏတ္တိ စ မဂ္ဂေါ–ဟူသည်နှင့်အညီ ဥပါယသည်လည်းကောင်း၊ အာဏတ္တိသည်လည်းကောင်း မဂ္ဂသစ္စာမည်၏။

**နိဂုံး**

ဤသို့လျှင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဟူသော ဒေသနာတော်သည် အဿာဒ– စသည်ကို ဝေဘန်လျက် သစ္စာလေးပါးကို ဟောကြားတတ်သောကြောင့် (အဿာဒါဒိ) ဒေသနာဟာရမည်၏ ဟူလိုသောဝ်။

(ဤကား ကုသိုလ်ဓမ္မကိုယူ၍ အဿာဒါဒိထုတ်ပုံတည်း။)

## အကုသိုလ်ကိုယူ၍ အဿာဒါဒိဒေသနာဟာရထုတ်ပုံ

ပါဏံ ဟနတိ–ဟူသော ပြယုဂ်၌ ဟနတိ–ဝယ် အန္တတ္ထဖြစ်သော ဟန–ဓာတ်အရ သတ္တဝါကို သတ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ဝစေကေစတနာ ပြဋ္ဌာန်းသော ဒေါသမူအကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍–

ထို–သည် သာယာအပ်သောကြောင့် အဿာဒမည်၏။ ထိုကို သာယာတတ်သော တဏှာသည်လည်း အဿာဒမည်၏။

သာယာအပ်၊ သာယာတတ်သော ထိုတရားသည်ပင် သင်္ခါရဒုက္ခဖြစ်၍ (တေဘူမကသင်္ခါရတို့၌ အကျုံးဝင်သောကြောင့်) အာဒီနဝမည်၏။

ထိုစိတ္တုပ္ပါဒ်၏ ထွက်မြောက်ရာဖြစ်သော မဂ်နှင့် နိဗ္ဗာန်သည် နိဿရဏမည်၏။

အသက်တိုခြင်း၊ အနာရောဂါများခြင်းစသော ပစ္စုပ္ပန်အကျိုးအမျိုးမျိုးသည် လည်းကောင်း၊ ဘဝဝိပတ္တိ၊ ဘောဂဝိပတ္တိ–စသော သံသရာတမလွန်အကျိုး အမျိုးမျိုး သည်လည်းကောင်း ဖလမည်၏။

အယောနိသောမနသိကာရ၊ အသပ္ပုရိသူပနိဿယစသော အကြောင်းတရား များသည်လည်းကောင်း၊ သတ်အပ်သော သတ္တဝါသည်လည်းကောင်း ဥပါယမည်၏။

အပါယ်ဒုဂ္ဂတိမှ လွတ်မြောက်လိုသော သူတို့သည် ပါဏာတိပါတအမှုမှ ရှောင်ကြဉ်ကြကုန်ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်ခြင်းသည် အာဏတ္တိမည်၏။

http://www.dhammadownload.com



ထိုအဿာဒစသည်တို့တွင်–

အာဒီနဝေါ ဖလဥ္စ ဒုက္ခံ–ဟူသည်နှင့်အညီ ။ပ။ မဂ္ဂသစ္စာမည်၏။

ဤသို့လျှင် ပါဌ် ဟနတိ–ဟူသော ဒေသနာတော်သည် အဿာဒစသည်ကို ဝေဖန်လျက် သစ္စာလေးပါးကို ဟောကြားတတ်သောကြောင့် (အဿာဒါဒိ) ဒေသနာ ဟာရမည်၏ ဟူလိုသောဝ်။

## လေ့ကျင့်ရန် နမူနာပုံစံများ

(၁) ဒါနံ ဒေတိ=ဒါနစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်။

(၂) သီလံ သမာဒိယတိ= သီလဝိရတီစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်။

(၃) ဥပေါသထကမ္မံ ကရောတိ =ဥပေါသထစေတနာ ပြဋ္ဌာန်းသောမဟာကုသိုလ် စိတ္တုပ္ပါဒ်။

(၄) အဒိန္နံ အာဒိယတိ= ထေယျစေတနာ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်။

(၅) ပရဒါရံ ဂစ္ဆတိ=မိစ္ဆာစာရစေတနာ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်။

(၆) ဗုဒ္ဓံ ဝန္ဒတိ = ပဏာမစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်။

## စတုသစ္စဒေသနာ ဟာရထုတ်ပုံ

(နိဒါန်း၊ ဆိုရိုး ရှေးနည်းတူ)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–၌ ဂစ္ဆာမိ–ဝယ် ဗာဟုဗျတ္တဖြစ်သော မိဝိဘတ်၏အရ ဘုရားကို ကိုးကွယ်ဆည်းကပ်သောသူ၏ လောကီခန္ဓာငါးပါးကို ယူ၍–

ထို–တွင် လောဘကြဉ်သော လောကီခန္ဓာငါးပါးသည် "ပဥ္စုပ္ပါဒါနက္ခန္ဓာ ဒုက္ခံ အရိယသစ္စံ" ဟူသည်နှင့်အညီ ဒုက္ခသစ္စာမည်၏။

"တဿ မူလကာရဏဘာဝေန ပုရိမနိပ္ဖန္နတဏှာ သမုဒယသစ္စံ "ဟူသည်နှင့် အညီ ထိုခန္ဓာငါးပါး၏ အကြောင်းရင်း၏အဖြစ်ဖြင့် ရှေးဘဝ၌ ဖြစ်ပြီးသော တဏှာ–သည် သမုဒယသစ္စာမည်၏။

ဥဘိန္နမပ္ပဝတ္တိ နိရောဓသစ္စံ–ဟူသည်နှင့်အညီ ဒုက္ခ, သမုဒယနှစ်ပါးတို့၏ မဖြစ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

နိရောဓပဇာနနပဋိပဒါ မဂ္ဂသစ္စံ–ဟူသည်နှင့်အညီ နိဗ္ဗာန်ကို သိကြောင်း ဖြစ်သောအကျင့်သည် မဂ္ဂသစ္စာမည်၏။

ထိုလေးပါးတို့တွင်–

သမုဒယဖြင့် အဿာဒဖြစ်၏။ (သမုဒယသစ္စာသည် အဿာဒမည်၏ဟူလို)

ဒုက္ခဖြင့် အာဒီနဝဖြစ်၏။

နိရောဓ, မဂ္ဂတို့ဖြင့် နိဿရဏဖြစ်၏။

ဣဒါနိ ဖလပဥ္စကသည် ဖလမည်၏။ (ဝါ) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဟူသော ဝါကျ၏အစွမ်းဖြင့် ရအပ်သော အန္တရာယ်ကင်းပျောက်ခြင်းစသော ပစ္စုပ္ပန်အကျိုး

http://www.dhammadownload.com



အမျိုးမျိုးသည်လည်းကောင်း၊ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိစသော တမလွန်အကျိုး အမျိုးမျိုးသည်လည်းကောင်း ဖလမည်၏။

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဟေတုပဉ္စကသည် ဥပါယမည်၏။(ဝါ) ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယစသော အကြောင်းအမျိုးမျိုး သည်လည်းကောင်း၊ မဂ်၏ ရှေးအဖို့၌ဖြစ်သော အကျင့်ပဋိပဒါသည်လည်းကောင်း ဥပါယမည်၏။

မဂ်, ဖိုလ်, နိဗ္ဗာန်ကို လိုလားတောင့်တကြကုန်သောသူတို့သည်(ဝါ) အန္တရာယ် ကင်းပျောက်ခြင်းစသော အကျိုးကို အလိုရှိကုန်သောသူတို့သည် ဘုရားကို ကိုးကွယ်ဆည်းကပ်ကြလေကုန်ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိမည်၏။

ဤသို့လျှင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဟူသော ဒေသနာတော်သည် သစ္စာလေးပါး ကို ဟောကြားလျက် အဿာဒစသည်ကို ဝေဖန်တတ်သောကြောင့် (စတုသစ္စ) ဒေသနာဟာရမည်၏ ဟူလိုသော်။

## အကုသိုလ်ကိုယူ၍ စတုသစ္စဒေသနာဟာရထုတ်ပုံ

ပါဏံ ဟနတိ–၌ ဟနတိ–ဝယ် ဗာဟုလ္လဖြစ်သော တိဝိဘတ်အရ သတ္တဝါ ကို သတ်သောပုဂ္ဂိုလ်၏ လောကီခန္ဓာငါးပါးကိုယူ၍

ထို–တွင် လောဘကြီးသော လောကီခန္ဓာငါးပါးသည် "ပဉ္စုပ္ပါဒါနက္ခန္ဓာ ဒုက္ခံ အရိယသစ္စံ"ဟူသည်နှင့်အညီ ဒုက္ခသစ္စာမည်၏။ (ပ) ဣဒါနိ ဖလပဉ္စက– သည် ဖလမည်၏။ (ပေယျာလမှာ ကုသိုလ်အတိုင်းဖြစ်သည်။)

(ဝါ) ပါဏံ ဟနတိ–ဟူသောဝါကျ၏ အစွမ်းဖြင့်ရအပ်သော အသက်တိုခြင်း, အနာရောဂါများခြင်းစသော ပစ္စုပ္ပန်အကျိုးအမျိုးမျိုးသည်လည်းကောင်း၊ ဘဝဝိပတ္တိ, ဘောဂဝိပတ္တိစသော တမလွန်အကျိုးအမျိုးမျိုးသည်လည်းကောင်း ဖလမည်၏။

အယောနိသောမနသိကာရ, အသပ္ပုရိသူပနိဿယစသော အကြောင်း တရားများသည် ဥပါယမည်၏။

အပါယ်ဒုဂ္ဂတိမှ လွတ်မြောက်လိုသောသူတို့သည် ပါဏာတိပါတအမှုမှ ရှောင်ကြဉ်ကြကုန်ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်ခြင်းသည် အာဏတ္တိမည်၏။

ဤသို့လျှင် ပါဏံ ဟနတိ–ဟူသော ဒေသနာတော်သည် ။ပ။ စတုသစ္စ ဒေသနာဟာရမည်၏ ဟူလိုသောဝ်။

========================

http://www.dhammadownload.com



## ၂။ ဝိစယဟာရ

ဝိစယဟာရ ဆယ့်တစ်မျိုးပြားသော်လည်း ဤ၌ကား စာမေးပွဲ၌ အသုံးများသော ပဒဝိစယဟာရ တစ်မျိုးတည်းကိုသာ ပြည့်စုံစွာ ဖော်ပြပါမည်။

### ပဒဝိစယဟာရ စိစစ်ရန်–ဆောင်ပုဒ်လင်္ကာများ

(က) စိတ်၊ အရိယာ၊ မာဂဓာနှင့်၊ အနုတ္တာ–နိပ္ပန္န၊ ငါးစုံမျှ၊ စစ်ကြ သဒ္ဒါများ။

(ခ) ပုဒ်လေး, နာမ်ငါး၊ ခြောက်ပါး သမာသ်၊ လေးရပ် တဒ္ဓိတ်၊ ကိတ်စုနှစ်ရပ်၊ ဝိဘတ် ခုနှစ်၊ ဝုစ်မှာ နှစ်၊ ရွေးစစ် ဝိစယာ။

(ဂ) တျာချန်၊ ပရံ+အတ္တ၊ သုံး၀ ပုရိသ်၊ သုံးစိတ် ယောဂ၊ ဥဘယ ဝုစ်၊ ပယုဇ္ဇကတ္တု၊ ဓာတု သမ္ဗ၊ ဝိကရဏပစ္စ၊ ဘူဝါဒိက၊ ကာရိတနှင့်၊ သဝုဒ္ဓိက၊ အ၀၀၊ စစ်ကြ အာချာတ်ပုဒ်။

### (က) ကိတ်နာမ်ပုဒ် ပဒဝိစယဟာရထုတ်ပုံ

ဝိစယဟာရဟူသော်ကား "ဝိစိနာတိ ဧတေန ပဒပဥှာဒယောတိ ဝိစယော၊ ဝိစယော စ သော ဟာရော စာတိ ဝိစယဟာရော"ဟူသော ဝစနတ္ထနှင့်အညီ ပဒ, ပုစ္ဆာ, ဝိဿဇ္ဇနာ, ပုဗ္ဗာပရ, အနုဂီတိ, အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိအားဖြင့် ဆယ့်တစ်ပါးသော အနက်တို့ကို စိစစ်ကြောင်းဖြစ်သော ကြောင့် ဝိစယဟာရမည်၏။

ပဒဝိစယဟာရဟူသော်ကား ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဟူသောဝါကျ၌ ဗုဒ္ဓ–ဟူသောပုဒ်သည် "သဇ္ဇတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ"ဟူသော ဝစနတ္ထနှင့်အညီ သောတဝိညာဏ်၏ အာရုံ၏ဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒါမည်၏။

ထိုသဒ္ဒါသည်–

စိတ္တသေဒ္ဒါ + ဥတုသေဒ္ဒါ နှစ်ပါးတို့တွင် စိတ္တသေဒ္ဒါမည်၏။

အရိယသဒ္ဒါ + မိလက္ခုသဒ္ဒါ နှစ်ပါးတို့တွင် အရိယသဒ္ဒါမည်၏။

မာဂဓသဒ္ဒါ + သက္ကတသဒ္ဒါစသည်တို့တွင် မာဂဓသဒ္ဒါမည်၏။

အနုတ္တသဒ္ဒါ + ရုဋ္ဌိသဒ္ဒါ နှစ်ပါးတို့တွင် အနုတ္တသဒ္ဒါမည်၏။

နိပ္ဖန္နသဒ္ဒါ + အနိပ္ဖန္နသဒ္ဒါ နှစ်ပါးတို့တွင် နိပ္ဖန္နသဒ္ဒါမည်၏။

ထိုသဒ္ဒါသည် "ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ"ဟူသော ဝစနတ္ထနှင့်အညီ အနက်ကို သိကြောင်းဖြစ်သောကြောင့် ပုဒ်မည်၏။

ထိုပုဒ်သည်–

နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်လေးပါးတို့တွင် နာမ်ပုဒ်မည်၏။

http://www.dhammadownload.com



နာမနာမ်စသောငါးပါးတို့တွင် ကိတ်နာမ်မည်၏။
ကတ္တုသာဓနစသော ခုနစ်ပါးတို့တွင် ကတ္တုသာဓနပုဒ်မည်၏။
သျှာဒျန္တပုဒ်, တျာဒျန္တပုဒ်နှစ်ပါးတို့တွင် သျှဒျန္တပုဒ်မည်၏။
ပထမာဝိဘတျန္တစသော ခုနစ်ပါးတို့တွင် ဒုတိယာဝိဘတျန္တပုဒ်မည်၏။
ကေဝလနန္တ, ဗဟုဝစနန္တနှစ်ပါးတို့တွင် ကေဝစနန္တပုဒ်မည်၏။
ဤသို့ စသည်ဖြင့် ပုဒ်ကို စိစစ်ခြင်းသည် ပဒဝိစယဟာရမည်၏ဟူလိုသောဝ်။

## (ခ) သမာသ်နာမ်ပုဒ် ပဒဝိစယဟာ ရထုတ်ပုံ

ရာဇပုတ္တော–ဟူသောပုဒ်သည် "သပ္ပတိ သောတဝိညာဏ ။ပ။ နိပ္ဖန္နသဒ္ဒါမည်၏။ ထိုသဒ္ဒါသည်–

ပဇ္ဇတေ ဉာယတေ ။ပ။ နာမနာမ်စသော ငါးပါးတို့တွင် သမာသ်နာမ်မည်၏။
အဗျာယီဘာဝသမာသ်စသော ခြောက်ပါးတို့တွင် တပ္ပုရိသ်သမာသ်မည်၏။
အမာဒိတပ္ပုရိသ်, ဥဘောတပ္ပုရိသ် နှစ်ပါးတို့တွင် အမာဒိတပ္ပုရိသ်မည်၏။
ဒုတိယာတပ္ပုရိသ်စသော ခြောက်ပါးတို့တွင် ဆဋ္ဌီတပ္ပုရိသ်မည်၏။
သျှာဒျန္တပုဒ်, တျာဒျန္တပုဒ်နှစ်ပါးတို့တွင် သျှာဒျန္တပုဒ်မည်၏။
ပထမာဝိဘတျန္တစသော ခုနစ်ပါးတို့တွင် ပထမာဝိဘတျန္တပုဒ်မည်၏။
ကေဝစနန္တ, ဗဟုဝစနန္တ နှစ်ပါးတို့တွင် ကေဝစနန္တပုဒ်မည်၏။ ဤသို့ စသည်ဖြင့် ပုဒ်ကိုစိစစ်ခြင်းသည် ပဒဝိစယဟာရမည်၏။

## (ဂ) တဒ္ဓိတ်နာမ်ပုဒ် ပဒဝိစယဟာ ရထုတ်ပုံ

ဝါသိဋ္ဌော–ဟူသောပုဒ်သည်"သပ္ပတိ သောတဝိညာဏ ။ပ။ နိပ္ဖန္နသဒ္ဒါမည်၏။ ထိုသဒ္ဒါသည်–

ပဇ္ဇတေ ဉာယတေ ။ပ။ နာမနာမ်စသော ငါးပါးတို့တွင် တဒ္ဓိတ်နာမ်မည်၏။
သာမညတဒ္ဓိတ်, အဗျယတဒ္ဓိတ်, ဘာဝတဒ္ဓိတ်, သွတ္တတဒ္ဓိတ်လေးပါးတို့တွင် သာမညတဒ္ဓိတ်မည်၏။
အပစ္စတဒ္ဓိတ်, တရတျာဒိတဒ္ဓိတ်စသည်တို့တွင် အပစ္စတဒ္ဓိတ်မည်၏။
သျှာဒျန္တပုဒ်, တျာဒျန္တပုဒ် နှစ်ပါးတို့တွင် သျှာဒျန္တပုဒ်မည်၏။
ပထမာဝိဘတျန္တစသော ခုနစ်ပါးတို့တွင် ပထမာဝိဘတျန္တပုဒ်မည်၏။
ကေဝစနန္တ, ဗဟုဝစနန္တ နှစ်ပါးတို့တွင် ကေဝစနန္တပုဒ်မည်၏။
ဤသို့စသည်ဖြင့် ပုဒ်ကို စိစစ်ခြင်းသည် ပဒဝိစယဟာရမည်၏။

## (ဃ) အာချာတ်ပုဒ် ပဒဝိစယဟာ ရထုတ်ပုံ

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟူသော ဝါကျ၌ ဂစ္ဆာမိ–ဟူသောပုဒ်သည် သပ္ပတိ သောတဝိညာဏ ။ပ။ မာဂဓသဒ္ဒါမည်၏။

http://www.dhammadownload.com



အနုတ္တသဒ္ဒါ, ရှင်္ဋီသဒ္ဒါနှစ်ပါးတို့တွင် ရှင်္ဋီသဒ္ဒါမည်၏။
နိပ္ပန္နသဒ္ဒါ, အနိပ္ပန္နသဒ္ဒါ နှစ်မျိုးတို့တွင် အနိပ္ပန္နသဒ္ဒါမည်၏။
ထိုသဒ္ဒါသည်- ပဗ္ဗတေ ဉာယတေ ။ပ။ အာချာတ်ပုဒ်မည်၏။
သျာဒျန္တပုဒ်, တျာဒျန္တပုဒ်နှစ်ပါးတို့တွင် တျာဒျန္တပုဒ်မည်၏။
ဝတ္တမာနဝိဘတျန္တစသည်တို့တွင် ဝတ္တမာနဝိဘတျန္တပုဒ်မည်၏။
ပရဿပုဒ်, အတ္တနောပုဒ်နှစ်ပါးတို့တွင် ပရဿပုဒ်မည်၏။
ပဌမပုရိသ်စသော သုံးပါးတို့တွင် ဥတ္တမပုရိသ်မည်၏။
နာမယောဂစသော သုံးပါးတို့တွင် အမှယောဂပုဒ်မည်၏။
ကေဝစနန္တ, ဗဟုဝစနန္တ နှစ်ပါးတို့တွင် ကေဝစနန္တပုဒ်မည်၏။
ပယုဇ္ဇမာန, အပ္ပယုဇ္ဇမာန နှစ်ပါးတို့တွင် အပ္ပယုဇ္ဇမာနပုဒ်မည်၏။
ဘော, ကံ, ကတ္တား သုံးပါးတို့တွင် ကတ္တုဝါစကပုဒ်မည်၏။
သဗ္ဗဓာတ်, အသဗ္ဗဓာတ်နှစ်ပါးတို့တွင် သဗ္ဗဓာတ်ပုဒ်မည်၏။
သဝိကရဏ, အဝိကရဏ နှစ်ပါးတို့တွင် သဝိကရဏပုဒ်မည်၏။
ဘူဝါဒိဂဏိကစသည်တို့တွင် ဘူဝါဒိဂဏိကပုဒ်မည်၏။
သကာရိတ,အကာရိတနှစ်ပါးတို့တွင် အကာရိတပုဒ်မည်၏။
သဝုဒ္ဓိက, အဝုဒ္ဓိက နှစ်ပါးတို့တွင် အဝုဒ္ဓိကပုဒ်မည်၏။
ဤသို့စသည်ဖြင့် ပုဒ်ကို စိစစ်ခြင်းသည် ပဒဝိစယဟာရမည်၏။

## (င) ဥပသာရပုဒ် ပဒဝိစယဟာရထုတ်ပုံ

ဝေရဥ္ဇာယံ ဝိဟရတိ-၌ ဝိဟရတိ-ဝယ် ဝိ-ဟူသောပုဒ်သည် "သပ္ပတိ သောတဝိညာဏ ။ပ။ မာဂဓသဒ္ဒါ-မည်၏။
အနုတ္တသဒ္ဒါ, ရှင်္ဋီသဒ္ဒါနှစ်ပါးတို့တွင် ရှင်္ဋီသဒ္ဒါမည်၏။
နိပ္ပန္နသဒ္ဒါ, အနိပ္ပန္နသဒ္ဒါနှစ်ပါးတို့တွင် အနိပ္ပန္နသဒ္ဒါမည်၏။
ထိုသဒ္ဒါသည် ပဗ္ဗတေ ဉာယတေ ။ပ။ ဥပသာရပုဒ်မည်၏။
ဤသို့ ပုဒ်ကိုစိစစ်ခြင်းသည် ပဒဝိစယဟာရမည်၏။

## (စ) နိပါတ်ပုဒ် ပဒဝိစယဟာရထုတ်ပုံ

ကိဿ ပန ထေရော-စသော ဝါကျ၌ ပန-ဟူသော ပုဒ်သည်"သပ္ပတိ ။ပ။ အနိပ္ပန္နသဒ္ဒါမည်၏။
ထိုသဒ္ဒါသည်- ပဗ္ဗတေ ဉာယတေ ။ပ။ နိပါတ်ပုဒ်မည်၏။
သဝိဘတ္တိယုတ္တ, အဝိဘတ္တိယုတ္တနှစ်ပါးတို့တွင် အဝိဘတ္တိယုတ္တနိပါတ်ပုဒ်-မည်၏။
ဤသို့ ပုဒ်ကို စိစစ်ခြင်းသည် ပဒဝိစယဟာရမည်၏။

==================

http://www.dhammadownload.com



## ၃။ ယုတ္တိဟာရ

### (က) ကိတ်နာမ်ပုဒ် ယုတ္တိဟာရစိစစ်ပုံ

ယုတ္တိဟာရဟူသော်ကား "ယုတ္တာယုတ္တိံ ဝိစာရေတိ ဓောနာတိ ယုတ္တိ၊ ယုတ္တိ စ သာ ဟာရောစာတိ ယုတ္တိဟာရော"ဟူသော ဝစနတ္ထနှင့်အညီ သဒ္ဒါ, အနက်အားဖြင့် သင့်/မသင့်ကို စိစစ်ကြောင်းဖြစ်သောကြောင့် ယုတ္တိဟာရမည်၏။

အဘယ်သို့ စိစစ်သနည်းဟူမူကား–

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟူသော ဝါကျ၌ ဗုဒ္ဓံ–ဟူသောပုဒ်သည် မာဂဓဘာသာ, သဘာဝနိရုတ္တိဖြစ်၍ သဒ္ဒါအားဖြင့် သင့်၏။

ဗုဒ္ဓါပဒေသ, သံဃာပဒေသ, သမ္ဗဟုလာထေရာပဒေသ, ဧကထေရာပဒေသဟူသော မဟာပဒေသလေးပါး၊ သစ္စာလေးပါးကို ဟောသောသုတ်၊ ရာဂဝိနယစသော ဝိနည်း၊ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော ဓမ္မတာ၊ ဤလေးပါးနှင့် မဆန့်ကျင်သောကြောင့် အနက်အားဖြင့် သင့်၏။

(ဝါ) ဗုဒ္ဓံဟူသောပုဒ်ကို–

စိတ္တဇသဒ္ဒါယူသော် သင့်၏၊ ဥတုဇသဒ္ဒါ ယူသော် မသင့်၊ (ပ) သျာဒျန္တပုဒ်ယူသော် သင့်၏၊ တျာဒျန္တပုဒ်ယူသော် မသင့်၊ ဒုတိယန္တယူသော် သင့်၏၊ ပဌမန္တယူသော် မသင့်၊ ဧကဝစနန္တယူသော် သင့်၏၊ ဗဟုဝစနန္တယူသော် မသင့်။

(ဤသို့စသည်ဖြင့် ပဒဝိစယနှင့် အတူထုတ်)

ဗုဒ္ဓံဟူသောပုဒ်၏အနက်ကို ဘုရားဟူသော အနက်ယူသော် သင့်၏။ အခြားအနက်ယူသော် မသင့်၊ ဗုဓ–ဓာတ်၏အနက်ကို ဉာဏတ္ထယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ တ–ပစ္စည်း၏အနက်ကို ကတ္တုသာဓနတ္ထယူသော် သင့်၏၊ ကမ္မသာဓနတ္ထယူသော် မသင့်။ ဒုတိယာဝိဘတ်၏ အနက်ကို ကမ္မတ္ထယူသော် သင့်၏၊ ကတ္တတ္ထစသည်ယူသော် မသင့်။ အဝုတ္တကံယူသော် သင့်၏၊ ဝုတ္တကံယူသော် မသင့်။

ဤသို့စသည်ဖြင့် သဒ္ဒါ, အနက်အားဖြင့် သင့်/မသင့်ကို စိစစ်ခြင်းသည် ယုတ္တိဟာရမည်၏ဟူလိုသောဝ်။

### (ခ) အာချာတ်ပုဒ် ယုတ္တိဟာရစိစစ်ပုံ

ဂစ္ဆာမိ–ဟူသောပုဒ်သည် မာဂဓဘာသာ ။ပ။ ဤလေးပါးနှင့် မဆန့်ကျင်သောကြောင့် အနက်အားဖြင့်သင့်၏။ (ဝါ) ဂစ္ဆာမိ–ဟူသောပုဒ်ကို စိတ္တဇသဒ္ဒါ ယူသော် သင့်၏၊ ဥတုဇသဒ္ဒါယူသော် မသင့်၊ (ပ) တျာဒျန္တပုဒ်ယူသော် သင့်၏၊ သျာဒျန္တပုဒ်ယူသော် မသင့်။ (ဤသို့စသည်ဖြင့် ပဒဝိစယနှင့် အတူထုတ်)

http://www.dhammadownload.com



## ( ၉၂ )

ဂစ္ဆာမိ–၌ (ဂမု+အ+တိ) ဂမု–ဓာတ်၏အနက်ကို ဘဇနတ္ထ, သေဝနတ္ထ, ပယိရုပါသနတ္ထ, ဓာနနတ္ထ ယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ အ–ပစ္စည်း၏ အနက်ကို ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ (ဝါ) ဘူဝါဒိဂဏဇောတကယူသော် သင့်၏၊ အညဂဏဇောတကယူသော် မသင့်။ မိ–ဝိဘတ်၏အနက်ကို ကြိယာပဓာနယူသော် သင့်၏၊ သတ္တပဓာနယူသော် မသင့်။ ကတ္တုတ္ထဝါစကယူသော် သင့်၏၊ ကမ္မတ္ထဝါစကယူသော် မသင့်။ ပစ္စုပ္ပန္နတ္ထယူသော် သင့်၏၊ အတီတာနာဂတတ္ထယူသော် မသင့်။ ဧကဝစနတ္ထယူသော် သင့်၏၊ ဗဟုဝစနတ္ထယူသော် မသင့်။

ဤသို့စသည်ဖြင့် သဒ္ဒါ, အနက်အားဖြင့် သင့်/မသင့်ကို စိစစ်ခြင်းသည် ယုတ္တိဟာရမည်၏ ဟူလိုသောဝ်။

မှတ်ချက်။ ။ ယုတ္တိဟာရသည် (က) သဒ္ဒယုတ္တိဟာရ = သဒ္ဒါအားဖြင့် သင့်/မသင့်ကို စိစစ်ခြင်း၊ (ခ) အတ္ထယုတ္တိဟာရ = အနက်အားဖြင့် သင့်/မသင့်ကို စိစစ်ခြင်းဟု နှစ်မျိုးရှိသည်။ ထိုတွင် (က) သဒ္ဒယုတ္တိဟာရ စိစစ်ပုံမှာ ပဒဝိစယဟာရ စိစစ်ပုံနှင့် အတူတူပင်ဖြစ်သည်။ ထို့ကြောင့် အတ္ထယုတ္တိဟာရ စိစစ်ပုံကိုသာ အထူး သတိပြု မှတ်သားရမည်။

### ဥပသာ ရပုဒ် အတ္ထယုတ္တိဟာရစိစစ်ပုံ

ဝိဟရတိ–၌ ဝိ–သဒ္ဒါ၏အနက်ကို ဝိစ္ဆိန္နနတ္ထယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ ဥပနဂရံ–၌ ဥပ–သဒ္ဒါ၏အနက်ကို သမီပတ္ထယူသော် သင့်၏။ အညတ္ထယူသော် မသင့်။

### နိပါတ်ပုဒ် အတ္ထယုတ္တိဟာရစိစစ်ပုံ

ကိဿ ပန ထေရော–၌ ပန–သဒ္ဒါ၏အနက်ကို ပုစ္ဆနတ္ထယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ အဿောသိ ခေါ ဝေရဉ္ဇော–၌ ခေါ–သဒ္ဒါ၏ အနက်ကို ပဒပူရဏမတ္တ, အဝဓာရဏတ္ထယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။

### တဒ္ဓိတ်နာမ်ပုဒ် အတ္ထယုတ္တိဟာရစိစစ်ပုံ

ဝါသိဋ္ဌော–၌ (ဝသိဋ္ဌ+ဏ) ဝသိဋ္ဌ–ပုဒ်၏အနက်ကို ဝသိဋ္ဌမည်သော ရသေ့ အနက်ယူသော် သင့်၏၊ အခြားအနက်ယူသော် မသင့်။ ဏ–ပစ္စည်း၏အနက်ကို အပစ္စအနက်ယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ ဝါသိဋ္ဌဟူသော ပုဒ်လုံး၏ အနက်ကို ဝသိဋ္ဌမည်သော ရသေ့၏သားဟူသော အနက်ယူသော် သင့်၏၊ အညတ္ထ ယူသော် မသင့်။ သိ–ဝိဘတ်၏အနက်ကို လိင်္ဂတ္ထယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ ဧကဝစနတ္ထယူသော် သင့်၏၊ ဗဟုဝစနတ္ထယူသော် မသင့်။ ဤသို့ သဒ္ဒါ အနက်အားဖြင့် သင့် /မသင့်ကို စိစစ်ခြင်းသည် ယုတ္တိဟာရမည်၏ ဟူလို။

==================

http://www.dhammadownload.com



## ၄။ ပဒဋ္ဌာနဟာရ

### (ရှေးဦးလမ်းညွှန် မှတ်သားရန်)

ပဒဋ္ဌာနဟာရသည်–

၁။ ဩရုယှော့ရုယှပဒဋ္ဌာနဟာရ

၂။ အာရုယှာရုယှပဒဋ္ဌာနဟာရဟု နှစ်မျိုးရှိသည်။ ထိုတွင်–

၁။ ပုဒ်တစ်ခု၏ တရားကိုယ်ကို တိကျစွာကောက်ယူပြီးနောက် ထိုတရားကိုယ်၏ အနီးကပ်ဆုံးအကြောင်း၊ ထိုအကြောင်း၏ အနီးကပ်ဆုံး အကြောင်းစသည်ဖြင့် တရားကိုယ်ကို ပင်မအကျိုးထား၍ အကြောင်းဘက်သို့သာ ဆုတ်၍ ဆုတ်၍ ထုတ်သောနည်းကို "ဩရုယှော့ရုယှပဒဋ္ဌာနဟာရ = အောက်သက်ထုတ်နည်း"ဟုခေါ်သည်။

၂။ ပုဒ်တခု၏ တရားကိုယ်ကို တိကျစွာကောက်ယူပြီးနောက် ထိုတရားကိုယ်၏ အနီးကပ်ဆုံး အကျိုး, ထိုအကျိုး၏ အနီးကပ်ဆုံး အကျိုးစသည်ဖြင့် တရားကိုယ်ကို ပင်မအကြောင်းထား၍ အကျိုးဘက်သို့သာ တက်၍ တက်၍ ထုတ်သောနည်းကို "အာရုယှာရုယှပဒဋ္ဌာနဟာရ = အထက်တက်ထုတ်နည်း" ဟု ခေါ်သည်။

ယင်းသို့ အကြောင်း + အကျိုးလှည့်ထုတ်ရာ၌–

၁။ တရားကိုယ်သည် ပဋိစ္စသမုပ္ပါဒ်သို့ဝင်လျှင် ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အကြောင်း+အကျိုး ကုန်စင်အောင် လှည့်၍ ထုတ်ရသည်။

၂။ တရားကိုယ်သည် ဝီထိစိတ်အစဉ်သို့ သက်ဝင်နေလျှင် စိတ်ဖြစ်စဉ်အတိုင်း ဝီထိနည်းဖြင့် အကြောင်း+အကျိုးကုန်စင်အောင် လှည့်၍ ထုတ်ရသည်။ (မဟာဝဂ္ဂတ်, လောကုတ္တရာစိတ္တုပ္ပါဒ်များကို ကောက်ရာ၌ ဤဝီထိနည်းကို အသုံးများသည်)

၃။ တရားကိုယ်သည် ဗုဒ္ဓဉာဏ်တော်တစ်မျိုးမျိုး ဖြစ်နေလျှင် ဒု, ရု, ဘိနိစသော ဆောင်ပုဒ်လက္ခာများနှင့်အညီ အကြောင်း+အကျိုးလှည့်၍ထုတ်ရသည်။

တစ်နည်းအားဖြင့် –

၁။ တရားကိုယ်သည် ကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်နေလျှင် "ပုဗ္ဗေ, ပတိ, သပ္ပုရိ" အစရှိသော ဆောင်ပုဒ်လက္ခာများနှင့်အညီ အကြောင်း+အကျိုး လှည့်၍ ထုတ်ရသည်။

၂။ တရားကိုယ်သည် အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်နေလျှင် "ပုဗ္ဗေ, ပတိ, သပ္ပုရိ"စသော ဆောင်ပုဒ်လက္ခာများကို ဗျတိရိက်နည်းဖြင့် အဓိပ္ပာယ်ယူ၍ အကြောင်း+ အကျိုး လှည့်ထုတ်ရသည်။

စနစ်တကျထုတ်ရန်မှာ– အောက်ပါ ဆောင်ပုဒ်လက္ခာများနှင့် နမူနာပုံစံ အသီးသီးကို ကျက်မှတ်ထားရမည်။

http://www.dhammadownload.com



## ကျက်မှတ်ဘွယ် ဆောင်ပုဒ်လင်္ကာများ

၁။ ပုဗ္ဗေ, ပတိ၊ သပ္ပုရိ၊ ပဏိဓိ, ဗုဒ္ဓုပ္ပါဒ်။
သဒ္ဓမ်, ယောနိ၊ အကြောင်းရှိ၊ ဖြစ်၏ စိတ္တုပ္ပါဒ်။
၂။ သမထ, ဝိပဿ၊ မဂ်, ဖိုလ်ဉာဏ်၊ တက်ရန် နိဗ္ဗာန်ဓာတ်။
အကုသိုလ်မှာ၊ ပြန်ဆိုပါ၊ တက်ရာ အပါယ်ရပ်။
၃။ ပဋိစ္စအတွင်း၊ တရားကိုယ်သွင်း၊ ဆင်းလေ-တက်လေအပ်။
၄။ ကျိုး စိတ္တုပ်+ပွန်၊ ကြောင်း တိတ်ပြန်က၊ ဩရုယှ-ယူ၊
အာရုယှူ၊ သွားမှု အနာဂါတ်။
၅။ ပဒဋ္ဌာန်မှာ၊ ရှေးရှေးသာ၊ နောက်မှာ အကျိုးမှတ်။

(က) ဒု, ရူ, ဘိနီ၊ ပါရမီ၊ စာဂီ-စရိယ။
ဗောဓိမဏ္ဍောင်၊ စတုရင်၊ ပေါ်ထင် ဝီရိယ။
အာ, စတုဈာန်၊ ဝဇီရံ၊ အောက်ဉာဏ် မဂ်+ဖိုလ်ပြ။
ဆုံး မဂ်+ဖိုလ်မှန်၊ ဆင်ခြင်ရန်၊ သဗ္ဗံ ဓာနာတိ။
ဂုဏ်, ဒေသနာ၊ ဝေနေယျာ၊ ဟိတာ-စဉ်တိုင်းသိ။
(တစ်နည်း) ဂုဏ်, ဒေသနာ၊ ဓီသဒ္ဓါ၊ သုတမယာထည့်။

(ခ) ဝေဒနစ်ဖြာ၊ ကျင့်နည်းသာ၊ သမ္မာ ပဋိပတ္တိ။
စင်ကြယ်သီလ၊ ပါမောဇ္ဇ၊ ပီတျ, ပဿ်, သု, ဓိ။
ယထာဘူတာ၊ နိဗ္ဗိဒါ၊ ဝိရာ, ဝိမုတ္တိ။
ဝိမုတ္တိဉာဏ်၊ ဒဿနံ၊ တက်ရန် နုပါဒိ။
ရှေးရှေးကြောင်းသာ၊ နောက်ကျိုးဖြာ၊ မှန်စွာထုတ်လေဘိ။
ဤဟာမက၊ သီလေက၊ ထုတ်ရ လွယ်လိမ့်ဘိ။

ပဒဋ္ဌာနဟာရထုတ်ရန် တရားကိုယ်ကောက်ရာ၌-

၁။ ကုသိုလ်စိတ္တုပ္ပါဒ် ၂။ အကုသိုလ်စိတ္တုပ္ပါဒ်
၃။ ယင်းစိတ္တုပ္ပါဒ်ကို ပဋိစ္စသမုပ္ပါဒ်၌သွင်းပုံ
၄။ မဟဂ္ဂုတ်, လောကုတ္တရာစိတ္တုပ္ပါဒ်များ
၅။ ဗုဒ္ဓဉာဏ်တော်များ

ဤငါးချက်ကို သဘောပေါက် နားလည်ထားရမည်။

အနည်းငယ်ရှင်းပြပါဦးမည်-

ပဒဋ္ဌာန်ဟူသည် ပါဠိပျက် စကားလုံး။ ပဒ+ဌာနသဒ္ဒါနှစ်ခုလုံးသည် "နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ"ဟူသော အဘိဓာန်(၉၁)လာသည့်အတိုင်း "အကြောင်း" ဟူသော အနက်ချည်းဟောကြသည်။ အနက်တူသဒ္ဒါနှစ်ခု ပေါင်းစပ်ထားသောကြောင့် "အလွန်နီးသော အကြောင်း၊ အနီးကပ်ဆုံး အကြောင်း"ဟု အဓိပ္ပါယ်ရသည်။ ယင်း အနီးကပ်ဆုံး အကြောင်းကိုပင် "ကာရဏံ ယံ သမာသန္နံ၊ ပဒဋ္ဌာနန္တိ တံ မတံ" ဟူသော အဘိဓာန် (၉၂)အရ ပဒဋ္ဌာန်ဟု ခေါ်သည်။

http://www.dhammadownload.com



မူလတရားကိုယ်၏ အနီးကပ်ဆုံးအကြောင်းနှင့် အနီးကပ်ဆုံးအကျိုးကို ကိုင်တွယ်ရာ၌ "ပစ္စုပ္ပန်မူ၊ မုချယူ၊ ရှေးဖလှူ+ကာရဏကို နောက်စိတ်သွင်း"ဟူသော အာချာတ်, ကိတ်ဉာဏ်ကောက်နိယံ စည်းကမ်းအတိုင်း–

(၁) အရကောက်ထားသည့် တရားကိုယ်စိတ္တုပ္ပါဒ်ကို ပစ္စုပ္ပန်(မုချ)အနေဖြင့် ဆုပ်ကိုင်ထားပါ။

(၂) ယင်းစိတ္တုပ္ပါဒ် ဖြစ်ပေါ်လာခြင်း၏ အတိတ်အကြောင်းတရားများကို ရှာပါ။

(၃) ယင်းစိတ္တုပ္ပါဒ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အနာဂါတ်အကျိုးတရား များကို ရှာပါ။

(ဤသုံးချက်ကို အလွယ်တကူရှာဖွယ်နိုင်ရန် ဆောင်ပုဒ်လင်္ကာများကို ကျက်မှတ်ထားရမည်။)

## ကုသိုလ်နှင့် အကုသိုလ် အကြောင်း+ အကျိုးများ

(က) ကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်ပေါ်လာရခြင်း၏ အတိတ်အကြောင်းများမှာ–

၁။ ပုဗ္ဗေ စ ကတပုညတာ
၂။ ပတိရူပဒေသဝါသ
၃။ သပ္ပုရိသူပနိဿယ
၄။ အတ္တသမ္မာပဏိဓိ
၅။ ဗုဒ္ဓုပ္ပါဒနဝမက္ခဏ
၆။ သဒ္ဓမ္မဿဝန
၇။ ယောနိသောမနသိကာရ–တို့ဖြစ်သည်။

(ခ) အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်ပေါ်လာရခြင်း၏ အတိတ်အကြောင်းများမှာ–

၁။ ပုဗ္ဗေစ အကတပုညတာ
၂။ အပ္ပဋိရူပဒေသဝါသ
၃။ အသပ္ပုရိသူပနိဿယ
၄။ အတ္တသမ္မာအပ္ပဏိဓိ (မိစ္ဆာပဏိဓိ)
၅။ အက္ခဏ
၆။ အသဒ္ဓမ္မဿဝန
၇။ အယောနိသောမနသိကာရ–တို့ဖြစ်သည်။

ဤအကြောင်းတရားတို့တွင်လည်း ရှေးရှေးသည် အကြောင်း၊ နောက်နောက် သည် အကျိုးဖြစ်သည်ဟု မှတ်။

(ဂ) ကုသိုလ်စိတ္တုပ္ပါဒ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အနာဂါတ်အကျိုးများမှာ– သမထ, ဝိပဿနာ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ဖြစ်သည်။

(ဃ) အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အနာဂါတ်အကျိုးများမှာ– အသက်တိုခြင်း, အနာရောဂါများခြင်း, သူတပါးနှိပ်စက်ခံရခြင်း, ဒုဂ္ဂတိဘဝ သို့ လားရခြင်း, အပါယ်ငရဲ၌ ကျရောက်ရခြင်းစသည်တို့ဖြစ်သည်။

## ၁။ ကုသိုလ်အတွက် ပဒဋ္ဌာနဟာရ ရထုတ်ပုံ (အရကျက်ရန်)

ပဒဋ္ဌာနဟာရဟူသော်ကား– "ပဒဋ္ဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဋ္ဌာနော၊ ပဒဋ္ဌာနော စ သော ဟာရော စာတိ ပဒဋ္ဌာနဟာရော"ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ လာသောတရားတို့၏ ပဒဋ္ဌာန်ကို ဩရယော့ာရယှအားဖြင့်လည်းကောင်း, အာရယှာရယှ အားဖြင့်လည်းကောင်း စိစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနဟာရမည်၏။

http://www.dhammadownload.com



အဘယ်သို့ စိစစ်သနည်းဟူမူကား–

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟူသော ဝါကျ၌ ဂစ္ဆာမိ–ဝယ် ဂမု–ဓာတ်အရ သဒ္ဓါ, ပညာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ ထိုမဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း။ ထို၏ ပဒဋ္ဌာန်ကား သဒ္ဓမ္မဿဝနတည်း။ ထို၏ ပဒဋ္ဌာန်ကား ဗုဒ္ဓုပ္ပါဒနဝမက္ခဏတည်း။ ထို၏ ပဒဋ္ဌာန်ကား အတ္တသမ္မာပဏိဓိတည်း။ ထို၏ ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယတည်း။ ထို၏ ပဒဋ္ဌာန်ကား ပတိရူပဒေသဝါသတည်း။ ထို၏ ပဒဋ္ဌာန်ကား ပုဗ္ဗေ စ ကတပုညတာတည်း။ ဤသို့ အောက်သက် ဩရုယှော့ရုယှအားဖြင့်လည်းကောင်း။

ထိုမဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် သမထ၏ ပဒဋ္ဌာန်တည်း။ ထိုသည် ဝိပဿနာ၏ ပဒဋ္ဌာန်တည်း။ ထိုသည် မဂ်ဉာဏ်၏ ပဒဋ္ဌာန်တည်း။ ထိုသည် ဖိုလ်ဉာဏ်၏ ပဒဋ္ဌာန်တည်း။ ထိုသည် နိဗ္ဗာန်၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနဟာရမည်၏ဟူလိုသော်။

## ၂။ အကုသိုလ်အတွက် ပဒဋ္ဌာနဟာရထုတ်ပုံ (အရကျက်ရန်)

(နိဒါန်း, ဆိုရိုး, ထုံးစံအတိုင်း)

အဘယ်သို့ စိစစ်သနည်းဟူမူကား–

"ပါဏံ ဟနတိ" ဟူသောဝါကျ၌ ဟနတိ–ဝယ် ဟန–ဓာတ်အရ ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် (ဒေါသမူစိတ္တုပ္ပါဒ်) ကို ယူ၍–

ထိုဒေါသမူ အကုသိုလ်စိတ္တုပ္ပါဒ်၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။ ထို၏ ပဒဋ္ဌာန်ကား အသဒ္ဓမ္မဿဝနတည်း။ ထို၏ ပဒဋ္ဌာန်ကား အက္ခဏတည်း။ ထို၏ ပဒဋ္ဌာန်ကား အတ္တသမ္မာအပ္ပဏိဓိ(မိစ္ဆာပဏိဓိ)တည်း။ ထို၏ပဒဋ္ဌာန်ကား အသပ္ပုရိသူပနိဿယတည်း။ ထို၏ပဒဋ္ဌာန်ကား အပ္ပတိရူပ ဒေသဝါသတည်း။ ထို၏ ပဒဋ္ဌာန်ကား ပုဗ္ဗေ စ အကတပုညတာတည်း။ ဤသို့ အောက်သက် ဩရုယှော့ရုယှအားဖြင့်လည်းကောင်း။

ထိုအကုသိုလ်စိတ္တုပ္ပါဒ်သည် အသက်တိုခြင်း, အနာရောဂါများခြင်း, သူတပါးနှိပ်စက်ခံရခြင်း, ဒုဂ္ဂတိဘဝသို့ ရောက်ရခြင်း, အပါယ်ငရဲ၌ ကျရောက်ရခြင်းစသည်တို့၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနဟာရမည်၏ဟူလိုသော်။

http://www.dhammadownload.com



## ၃။ ကုသိုလ်, အကုသိုလ်တို့ကို ပဋိစ္စသမုပ္ပါဒ်၌ သွင်းပုံ

ပဋိစ္စသမုပ္ပါဒ်နည်းထုတ်ရာ၌–

"ဇရာမရဏမုစ္ဆာယ၊ ပီဠိတာန'မဘိဏှသော။

အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ"ဟူသော သင်္ဂဟပါဠိအရ အဝိဇ္ဇာ၏ ပဒဋ္ဌာန်ကား အာသဝေါတရားလေးပါးတည်း။ အာသဝေါတို့၏ ပဒဋ္ဌာန်ကား ဇရာမရဏမုစ္ဆာတို့တည်း။

ဇရာမရဏမုစ္ဆာဟူရာ၌ မုစ္ဆာဟူသည် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့တည်း။ သောကစသော တရားငါးပါးတို့သည် တွေဝေ မိန်းမောကြောင်း တရားများဖြစ်သောကြောင့် "မုစ္ဆာ" အမည်ရကြသည်။ ထို့ကြောင့် ဇရာမရဏမုစ္ဆာဟူသည် ဇာတိပစ္စယာ ဇရာမရဏ (ပ) ဒေါမနဿုပါယာသာ သမ္ဘဝန္တိ–ပင်တည်း။

ဤသို့ "အဝိဇ္ဇာ၏ ပဒဋ္ဌာန်သည် အာသဝ၊ အာသဝ၏ ပဒဋ္ဌာန်သည် ဇရာမရဏမုစ္ဆာ"ဟု ယူမှသာလျှင် ပဋိစ္စသမုပ္ပါဒ် အစနှင့်အဆုံး ဆက်စပ်လေတော့သည်။

ပြဆိုခဲ့ပြီးသော ဤအခြေခံသဘောတရားကို နားလည်ပြီးနောက် မိမိ ကောက်ထားသည့် တရားကိုယ်ကို ပဋိစ္စသမုပ္ပါဒ်ထဲသို့ သွင်းတတ်ဖို့လည်း အရေးကြီးသည်။

**ပဋိစ္စသမုပ္ပါဒ်ဝင်ရန် (သွင်းရန်) အောက်ပါအတိုင်း ယေဘုယျ သတ်မှတ်ထားပါ။**

၁။ လောကီကုသိုလ်စိတ္တုပ္ပါဒ်ကိုကောက်လျှင် သင်္ခါရမှ ဝင်ပါ။

၂။ အကုသိုလ်စိတ္တုပ္ပါဒ်ကိုကောက်လျှင်လည်း သင်္ခါရမှပင် ဝင်ပါ။

၃။ မောဟကို သီးသန့်ကောက်လျှင် အဝိဇ္ဇာမှ ဝင်ပါ။

၄။ လောကီဝိပါက်စိတ္တုပ္ပါဒ်ကိုကောက်လျှင် ဝိညာဏ်မှ ဝင်ပါ။

၅။ ဖဿ, ဝေဒနာ, တဏှာတို့ကို ကောက်လျှင် ဖဿမှ, ဝေဒနာမှ, တဏှာမှဝင်ပါ။

၆။ ရုပ်ကိုကောက်လျှင် နာမ်ရုပ်, သဠာယတနတို့တွင် တခုခုမှ သင့်လျော်သလို ဝင်ပါ။

၇။ ပြင်းထန်စွာခံစားရသည့် ဝေဒနာကို ကောက်လျှင် သောကစသော ငါးပါးတွင် တစ်ပါးပါးမှ သင့်လျော်သလို ဝင်ပါ။

### ကုသိုလ်စိတ္တုပ္ပါဒ်ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ပဒဋ္ဌာနဟာရထုတ်ပုံ (အရကျက်ရန်)

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"၌ ဂစ္ဆာမိ–ဝယ် ဂမု–ဓာတ်အရ ဘုရားကို ကိုးကွယ်ဆည်းကပ်သူ၏သန္တာန်၌ဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍–

ထိုစိတ္တုပ္ပါဒ်၌ယှဉ်သော စေတနာသည် သင်္ခါရတည်း။ ထိုသင်္ခါရ၏ ပဒဋ္ဌာန်ကား အဝိဇ္ဇာတည်း။ ထို–၏ ပဒဋ္ဌာန်ကား အာသဝေါတရားလေးပါးတည်း။ ထို–၏ ပဒဋ္ဌာန်ကား ဇရာ, မရဏ, မုစ္ဆာတည်း။ ထို–၏ ပဒဋ္ဌာန်ကား ဇာတိတည်း။ (ပ) ဝိညာဏ်တည်း။ ဤသို့ အောက်သက် ဩရောဟာရုယှအားဖြင့် လည်းကောင်း။

http://www.dhammadownload.com



ထိုသင်္ခါရသည် ဝိညာဏ်၏ ပဒဋ္ဌာန်တည်း။ ထို–သည် နာမ်ရုပ်၏ ပဒဋ္ဌာန်တည်း။ (ပ) ထို–သည် ဇာတိ၏ ပဒဋ္ဌာန်တည်း ။ ထို–သည် ဇရာ, မရဏ, မုစ္ဆာ၏ ပဒဋ္ဌာန်တည်း။ ထို–သည် အာသဝေါ၏ ပဒဋ္ဌာန်တည်း။ ထို–သည် အဝိဇ္ဇာ၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်ကြောင်း ဖြစ်သောကြောင့် ပဒဋ္ဌာနဟာရမည်၏ ဟူလိုသော်။

**အကုသိုလ်စိတ္တုပ္ပါဒ်ကို**
**ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ပဒဋ္ဌာနဟာရထုတ်ပုံ (အရကျက်ရန်)**

"ပါဏံ ဟနတိ"၌ ဟနတိ–ဝယ် ဟန–ဓာတ်အရ ဒေါသမူအကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍–

ထိုစိတ္တုပ္ပါဒ်၌ယှဉ်သော စေတနာသည် သင်္ခါရတည်း။ ထိုသင်္ခါရ၏ ပဒဋ္ဌာန်ကား အဝိဇ္ဇာတည်းစသည်ဖြင့် ထုတ်လေ။

**စန္ဒာဂါးပါးရသော ပုဒ်များ၌**
**ပဒဋ္ဌာနဟာရထုတ်ပုံ (အရကျက်ရန်)**

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"၌ ဂစ္ဆာမိ–ဝယ် ဗာဟုျတ္တဖြစ်သော မိ–ဝိဘတ်အရ ဘုရားကို ကိုးကွယ်ဆည်းကပ်သော အကျွန်ုပ်၏ လောကီခန္ဓာငါးပါးကို ယူ၍–

ထို–၏ ပဒဋ္ဌာန်ကား သာမညအားဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရတည်း။ ထိုတွင်–

အဝိဇ္ဇာ၏ ပဒဋ္ဌာန်ကား အာသဝေါတရားလေးပါးတည်း။

တဏှာ၏ ပဒဋ္ဌာန်ကား ဝေဒနာတည်း။

ဥပါဒါန်၏ ပဒဋ္ဌာန်ကား တဏှာတည်း။

ကံ(ဘဝ)၏ ပဒဋ္ဌာန်ကား ဥပါဒါန်တည်း။

အာဟာရ၏ ပဒဋ္ဌာန်ကား ခဲဘွယ်ဘောဇဉ်ဟူသော အဋ္ဌကလာပ်ရုပ်နှင့် အဇ္ဈတ္တစတုသမုဋ္ဌာနိကရုပ်ကလာပ်တည်း။ ဤသို့ အောက်သက် ဩရုယှောရုယှ အားဖြင့်လည်းကောင်း။

ထိုလောကီခန္ဓာငါးပါးသည် ပုညာပုညဝိပါက၏ ပဒဋ္ဌာန်တည်း။ ထို–တွင် ပုညသည် ကုသလဝိပါက်ဝိညာဏ်(ကွဋ္ဌာရုံ)၏ ပဒဋ္ဌာန်တည်း။

အပုညသည် အကုသလဝိပါက်ဝိညာဏ်၏ ပဒဋ္ဌာန်တည်း။

ထို–သည် သဠာယတန၏ ပဒဋ္ဌာန်တည်းမသည် ထုတ်။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနဟာရ–မည်၏ ဟူလို။

http://www.dhammadownload.com



၄။ ဗုဒ္ဓဉာဏ်တော်များ အရကောက်ရာ၌–

၁။ ဒုက္ခိတသတ္တဝါ — ၂။ မဟာကရုဏာတော်
၃။ မဟာဘိနိဟာရ — ၄။ ပါရမီ(၁၀)ပါး၊ အပြား ၃၀၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယ ၃–ပါး။
၅။ မဟာဗောဓိမဏ္ဍိုင် — ၆။ စတုရင်္ဂဝီရိယ
၇။ အာနာပါနစတုတ္ထစျာန် — ၈။ မဟာဝဇီရဉာဏ်
၉။ အောက်မဂ်, အောက်ဖိုလ်ဉာဏ် — ၁၀။ အရဟတ္တမဂ်ဉာဏ်
၁၁။ အရဟတ္တဖိုလ်ဉာဏ် — ၁၂။ ပစ္စဝေက္ခဏာဉာဏ်
၁၃။ သဗ္ဗညုတဉာဏ်တော် — ၁၄။ သကလဗုဒ္ဓဂုဏ်တော်
၁၅။ ဒေသနာဉာဏ်တော် — ၁၆။ ဝစီဘေဒပရမတ္ထသဒ္ဒ
၁၇။ သုတမယဉာဏ်စသော ဝေနေယျတို့၏ ဟိတသုခ–တို့တည်း။

ဤ၌ ဝေနေယျတို့၏ ဟိတသုခများမှာ–

၁။ သုတမယဉာဏ် — ၂။ အတ္ထဝေဒ, ဓမ္မဝေဒ
၃။ ပဋိပတ်နည်းကိုသိခြင်း — ၄။ သမ္မာပဋိပတ်
၅။ ပရိသုဒ္ဓသီလ — ၆။ ပါမောဇ္ဇ
၇။ ပီတိ — ၈။ ပဿဒ္ဓိ
၉။ သုခ — ၁၀။ သမာဓိ
၁၁။ ယထာဘူတဉာဏ် — ၁၂။ နိဗ္ဗိဒါဉာဏ်
၁၃။ ဝိရာဂ — ၁၄။ ဝိမုတ္တိ
၁၅။ ဝိမုတ္တိဉာဏဒဿန — ၁၆။ အနုပါဒိသေသနိဗ္ဗာန်–တို့တည်း။

မှတ်ချက် ။ ။ ဘုရားရှင်နှင့်ဆိုင်သော ၁၇–ချက်တို့တွင် တစ်ခုခုကိုကောက်ယူထားပါက ရှေ့တိုး နောက်ဆုတ် ပဒဋ္ဌာန်ထုတ်။ သုတမယဉာဏ်စသော (၁၆) ချက်ကား ဝေနေယျတို့၏ ဟိတသုခအစိတ်သရုပ်များဖြစ်သည်။ ဤ(၁၆) ချက်ကို ထုတ်ပြခဲ့ပြီးသော မဟာကုသိုလ်စိတ္တုပ္ပါဒ်အရာ၌လည်း ထုတ်နိုင်သည်။

## ဒသော့တုံ၊ ဒသောန္တော၊ ပကာသေန္တော၊ အာဟ၊ အာရဒ္ဓ–တို့၌ တရားကိုယ်ကောက်ပုံ

၁။ ဒသောတုံ+အာဟ၊ နှစ်ပါးပြမှု၊ ဆန္ဒရှေးရှု၊ ဉာဏ်ကိုယူ။
၂။ ဒသောန္တော, ဒီပေန္တော, ပကာသေန္တော၊ ကျမ်းဦးပြမှု၊ ကရုဏာရှေးရှု၊ ဉာဏ်ကိုယူ။
၃။ ဒသောတုံ+အာရဒ္ဓ၊ တဖန်ပြမှု၊ ဝီရိယရှေးရှု၊ ဉာဏ်ကိုယူ။

(တွင်းကြီး၊ ၅၅။ ၅၆။ ၅၇။)

http://www.dhammadownload.com



မဟဂ္ဂုတ်+လောကုတ္တရာစိတ္တုပ္ပါဒ် ပဒဋ္ဌာန်ထုတ်ရာ၌-

မူလတရားကိုယ်နှင့် အကြောင်း+အကျိုးဆက်စပ်ပုံကို ယေဘုယျအားဖြင့် အောက်ပါအတိုင်းမှတ်သားရမည်။

(က) ၁။ ရူပကုသိုလ်ဈာန်စိတ္တုပ္ပါဒ်။ (တရားကိုယ်)

၂။ တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း၊ သဒ္ဓမ္မသဝန၊ ယောနိသောမနသိကာရ-စသည်၊ ပဋ္ဌာနန္တရိယကံမှကင်းခြင်း၊ န, ဒ, မ, ပ, ဉ, နု, ဂေါ။ (ဤကား တရားကိုယ်၏ အကြောင်းတရားများတည်း။)

၃။ နီဝရဏမှ ကင်းခြင်း၊ ရူပဈာနသမာပတ္တိသုခ၊ ရူပဘုံ၌ ဖြစ်ရခြင်း။ (ဤကား တရားကိုယ်၏ အကျိုးတရားများတည်း။)

(ခ) ၁။ အရူပကုသိုလ်စိတ္တုပ္ပါဒ်။ (တရားကိုယ်)

၂။ တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း၊ သဒ္ဓမ္မသဝန၊ ယောနိသောမနသိကာရ-စသည်၊ ပဋ္ဌာနန္တရိယကံမှ ကင်းခြင်း၊ ရူပဈာန်ကို ရခဲ့ခြင်း၊ ပ, ဉ, နု, ဂေါ။ (အကြောင်း)

၃။ အရူပဈာနသမာပတ္တိသုခ၊ အရူပဘုံ၌ ဖြစ်ရခြင်း၊ အဘိညာဉ်တို့ကို ရခြင်း။ (အကျိုး)

(ဂ) ၁။ မဂ်စိတ္တုပ္ပါဒ်။ (တရားကိုယ်)

၂။ တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း၊ သဒ္ဓမ္မသဝန၊ ယောနိသောမနသိကာရ-စသည်၊ ပဋ္ဌာနန္တရိယကံမှ ကင်းခြင်း၊ ပ, ဉ, နု, ဂေါ(ဝေါ)။ (အကြောင်း)

၃။ ဖိုလ်လေးပါး၊ ပစ္စဝေက္ခဏာဉာဏ်၊ ဖလသမာပတ္တိသုခ၊ အနုပါဒိသေသ နိဗ္ဗာန်။ (အကျိုး)

(ဃ) ၁။ ဖိုလ်စိတ္တုပ္ပါဒ်။ (တရားကိုယ်)

၂။ မဂ်လေးပါး၊ ပ, ဉ, နု, ဂေါ(ဝေါ)။ (အကြောင်း)

၃။ ဖလသမာပတ္တိသုခ၊ ကိလေသဝိမုတ္တိမှ စ၍ အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်။ (အကျိုး)

## ရူပကုသိုလ်ဈာန်စိတ္တုပ္ပါဒ် နမူနာထုတ်ပုံ (ကျက်ရန်)

ရူပကုသိုလ်ဈာန် စိတ္တုပ္ပါဒ်ကိုယူ၍-

ထို-၏ ပဒဋ္ဌာန်ကား ဂေါတြဘုတည်း။ ထို၏ ပဒဋ္ဌာန်ကား အနုလုံတည်း။ ထို-၏ ပဒဋ္ဌာန်ကား ဥပစာတည်း။ (ပ) ထို၏ ပဒဋ္ဌာန်ကား ပဋ္ဌာနန္တရိယကံမှ ကင်းခြင်းတည်း။ ထို၏ ပဒဋ္ဌာန်ကား သဒ္ဓမ္မသဝန, ယောနိသောမနသိကာရစသည် တည်း။ ထို၏ ပဒဋ္ဌာန်ကား တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်းတည်း။ ဤသို့ အောက်သက် ဩရောဟာရောဟယာအားဖြင့်လည်းကောင်း။

http://www.dhammadownload.com



ထိုရူပကုသိုလ်ဈာန်စိတ္တုပ္ပါဒ်သည် နီဝရဏတို့မှ ကင်းခြင်း၊ ရူပဈာန သမာပတ္တိသုခ၊ ရူပဘုံ၌ ဖြစ်ရခြင်း၊ အရူပဈာန်ကို ရခြင်း၊ အဘိညာဉ်တို့ကို ရခြင်း၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်ကြောင်း ဖြစ်သော ကြောင့် ပဒဋ္ဌာနဟာရမည်၏ဟူလို။

အမှာ ။ ။ ကျန် မဟာဂ္ဂုတ်၊ လောကုတ္တရာ တရားကိုယ်များအတွက် ထုတ်ပုံမှာ မထူးတော့ပါ။ နည်းမှီ၍ ထုတ်လေ။

===================

## ၅။ လက္ခဏဟာရ
## (လက္ခဏာတူတရားစုများကို ထုတ်ပြခြင်း)

✔ သုတ်၌ မိန့်မှာ၊ မြတ်ဓမ္မာနှင့်၊ လက္ခဏာတူမျှ၊ သဟာစာရီ၊ တူညီ ကိစ္စ၊ တူမျှ ဟေတု၊ တူမှု ဖလ၊ တူမျှ အာရုံ၊ ဓာတ်၊ ဂုဏ်၊ ကြိယ၊ ဒဗ္ဗ၊ နာမ်အား၊ တူတရားကို၊ မှတ်သား၍သာ၊ ယူရပါသည်၊ ထုတ်ပါ လက္ခဏဟာရတည်း။

### ဘုရားရှင်၏အရဟတ္တမဂ်ဉာဏ်ကို ယူ၍ ထုတ်ပုံ (ကျက်ရန်)

လက္ခဏဟာရဟူသော်ကား လက္ခီယန္တိ ဧတေန အဝုတ္တာပိ ဓမ္မာတိ လက္ခဏံ၊ လက္ခဏဉ္စ တံ ဟာရော စာတိ လက္ခဏဟာရော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သောတရားနှင့် ဧကလက္ခဏ၊ သဟာစာရီ၊ သမာနကိစ္စ၊ သမာနဟေတု၊ သမာနဖလ၊ သမာနာရမ္မဏ၊ ဓာတ်၊ ဂုဏ်၊ ကြိယာ၊ ဒြဗ်၊ နာမ်အားဖြင့် တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏဟာရမည်၏။

အဘာယ်သို့ မှတ်သနည်းဟူမူကား-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-၌ ဗုဒ္ဓ-ဝယ် ဗုဓ-ဓာတ်အရ ဘုရားရှင်၏ အရဟတ္တ မဂ်ဉာဏ်ကို ယူ၍ ထိုကိုယူသဖြင့် ထိုအရဟတ္တမဂ်ဉာဏ်နှင့် နိယျာနလက္ခဏာအားဖြင့် တူသော မဂ္ဂင်ခြောက်ပါးကိုလည်းကောင်း၊ ထိုနှင့် တကွဖြစ်လေ့ရှိသော မဂ်စိတ္တုပ္ပါဒ် ကိုလည်းကောင်း၊ ထိုနှင့် သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော တူသောကိစ္စ ရှိသော မဂ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထိုနှင့် မဂ္ဂပစ္စည်းတည်းဟူသော ဟိတ်၊ ဟေတုတ္တတည်းဟူသော ဟိတ်အဖြစ်ဖြင့် တူသော မဂ္ဂင်ခြောက်ပါး၊ အလောဘ၊ အဒေါသတည်းဟူသော တူသောဟိတ်ရှိသော စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထိုနှင့် အရဟတ္တဖိုလ်တည်းဟူသော တူသော အကျိုးရှိသော မဂ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထိုနှင့် နိဗ္ဗာန်တည်းဟူသော တူသော အာရုံရှိသော စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထိုနှင့် မဂ်ဓာတ်အားဖြင့်တူသော မဂ္ဂင်ခြောက်ပါး၊ ကုသိုလ်ဓာတ်အားဖြင့် တူသောမဂ် စိတ္တုပ္ပါဒ်၊ လောကုတ္တရာဓာတ်အားဖြင့်တူသော လောကုတ္တရာတရားကိုးပါးကိုလည်း

http://www.dhammadownload.com



ကောင်း၊ ထိုနှင့် ပဏီတစသော ဂုဏ်အားဖြင့်တူသော လောကုတ္တရာတရားကိုးပါးကို လည်းကောင်း၊ ထိုနှင့် ပဇာနနကြိယာအားဖြင့်တူသော ဒသဗလ, စတုဝေသာရဇ္ဇ စသော ဉာဏ်တော်ကိုလည်းကောင်း၊ ထိုနှင့် ပရမတ္ထဓမ္မဒြဗ်အားဖြင့်တူသော အစိတ်စိတ်သော ပရမတ္ထဓမ္မဒြဗ်ကိုလည်းကောင်း၊ ထိုနှင့် မဂ်ဟူသောအမည်အားဖြင့် တူသော မဂ္ဂင်ခြောက်ပါးကိုလည်းကောင်း ယူအပ်၏။

ဤသို့ သုတ်၌မလာသောတရားတို့ကို ကေလက္ခဏစသောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏဟာရမည်၏ဟူလို။

## ခန္ဓာငါးပါးယူ၍ ထုတ်ပုံ (အရကျက်ရန်)

ထိုခန္ဓာငါးပါးကို ယူသဖြင့် ထိုနှင့် အနိစ္စစသော လက္ခဏာတူသောကြောင့် လည်းကောင်း၊ ထိုနှင့် တကွဖြစ်လေ့ရှိသောကြောင့်လည်းကောင်း၊ ထိုနှင့် မိမိတို့ ကိစ္စကို ပြီးစေခြင်းတူသောကြောင့်လည်းကောင်း၊ ထိုနှင့် အဝိဇ္ဇာစသောအကြောင်း, ဟေတုပစ္စည်းစသော အကြောင်းတူသောကြောင့်လည်းကောင်း၊ ထိုနှင့် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်စသော အကျိုးတူသောကြောင့်လည်းကောင်း၊ ထိုနှင့် အာရမ္မဏ, အနာရမ္မဏအဖြစ်တူသောကြောင့်လည်းကောင်း၊ ထိုနှင့် ရုပ္ပန, နမန ဓာတ်တူသောကြောင့်လည်းကောင်း၊ ထိုနှင့် ဟီန, ပဏီတစသောဂုဏ်တူသောကြောင့် လည်းကောင်း၊ ထိုနှင့် ထိုထို အမူအရာ ကြိယာတူသောကြောင့်လည်းကောင်း၊ ထိုနှင့် ပရမတ္ထဓမ္မဒြဗ်တူသောကြောင့်လည်းကောင်း၊ ထိုနှင့် ပရမတ္ထဓမ္မသင်္ခတအမည် တူသောကြောင့်လည်းကောင်း၊ အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေတို့ကို ယူအပ်၏။

ဤသို့ ။ပ။ လက္ခဏဟာရမည်၏ဟူလိုသော်။

## ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်ပုံ (အရကျက်ရန်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–၌ ဂစ္ဆာမိ–ဝယ် ဂမု–ဓာတ်အရ ဘုရားကို ကိုးကွယ်ဆည်းကပ်သူ၏ သန္တာန်၌ သဒ္ဓါ, ပညာပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍–

ထိုကိုယူသဖြင့် ထိုနှင့် အနဝဇ္ဇလက္ခဏာ၊ တကွဖြစ်လေ့ရှိခြင်း သဟဇာရီ၊ အကုသိုလ်တို့ကို ဖျက်ဆီးခြင်းကိစ္စ၊ ယောနိသောမနသိကာရစသော အကြောင်း (ဟေတု)၊ သုခဝိပါကစသော အကျိုး(ဖလ)၊ ဣဋ္ဌာရမ္မဏစသော အာရုံ (အာရမ္မဏ)၊ ကုသိုလ်ဓာတ်၊ ဖြူစင်သော သုက္ကဂုဏ်၊ ဘဇေ, သေဝန, ပယိရုပါသန, ဇာနနကြိယာ၊ ပရမတ္ထဓမ္မဒြဗ်၊ ပရမတ္ထဓမ္မ၊ သင်္ခတဟူသောအမည်အားဖြင့် တူသောကြောင့် ကြွင်းသောကုသိုလ်စိတ္တုပ္ပါဒ်တို့ကိုလည်း ယူအပ်ကုန်၏။

ဤသို့ ။ပ။ လက္ခဏဟာရမည်၏ ဟူလိုသော်။

http://www.dhammadownload.com



## အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်ပုံ (အရကျက်ရန်)

ပါဌ် ဟနတိ–၌ ဟနတိ–ဝယ် ဟန–ဓာတ်အရ ဝဓကစေတနာပြဋ္ဌာန်းသော ဒေါသမူအကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍–

ထိုကိုယူသဖြင့် ထိုနှင့် သာဝဇ္ဇလက္ခဏာ၊ တကွဖြစ်လေ့ရှိခြင်း သဟာစာရီ၊ မကောင်းကျိုးကို ဖြစ်စေခြင်းကိစ္စ၊ အယောနိသောမနသိကာရစသော အကြောင်း၊ ဒုက္ခဝိပါကစသော အကျိုး၊ အနိဋ္ဌာရမ္မဏာဟူသော အာရုံ၊ အကုသိုလ်ဟူသော ဓာတ်၊ မည်းညစ်သော ကဏှဂုဏ်၊ ဟနနကြိယာ၊ ပရမတ္ထမဇ္ဈဒြဗ်၊ ပရမတ္ထမဇ္ဈ, သခ်ိတဟူသော အမည်အားဖြင့်တူသောကြောင့် ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။

ဤသို့ ။ပ။ လက္ခဏာဟာရမည်၏ဟူလိုသော်။

(တစ်နည်း)

"ဤလက္ခဏာဟာရ၌ လက္ခဏာတူတရားတို့ကို မှတ်သား၍ ထုတ်ရသည် ဆိုသဖြင့် ကုသိုလ်စိတ္တုပ္ပါဒ်ကို မူလတရားကိုယ်အဖြစ် ယူထားရာဝယ်– ကျန် ကုသိုလ်များကိုသာမက အကုသိုလ်, ဝိပါက်, ကြိယာ, ရုပ်စသည်တို့ကိုလည်း ထုတ်ပြကြသေးသည်။ ထိုနည်းကို ထုတ်တတ်ရန် အောက်ပါဆောင်ပုဒ်လင်္ကာကို ကျက်မှတ်ထားရမည်။

✔ သာဝဇ္ဇာ–နဝဇ္ဇ၊ နမန၊ ရာသ, အနိစ္စာ–လက္ခဏာ။

✔ အကု,ကု–ကျန်၊ နာမက္ခန်၊ ရုပ်, ခန်, အာ, ဓာ၊ ကောက်ယူပါ။

အဓိပ္ပာယ်။ ။ သာဝဇ္ဇလက္ခဏာဖြင့် ကျန်အကုသိုလ်ကို ထုတ်ပါ။
အနဝဇ္ဇလက္ခဏာဖြင့် ကျန်ကုသိုလ်ကို ထုတ်ပါ။
နမနလက္ခဏာဖြင့် ကျန်နာမက္ခန္ဓာတို့ကို ထုတ်ပါ။
ရာသဋ္ဌလက္ခဏာဖြင့် ရူပက္ခန္ဓာတို့ကို ထုတ်ပါ။
အနိစ္စာဒိလက္ခဏာဖြင့် အာယတန, ဓာတ်, သစ္စာ, က္ခန္ဓေတို့ကို ထုတ်ပါ။
ဤသို့ ထက်အောက်အစဉ်အတိုင်း အဓိပ္ပါယ်ယူရမည်။

## (တစ်နည်း) ကုသိုလ်မူလက္ခဏာဟာရထုတ်ပုံ (အရကျက်ရန်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–၌ ဂစ္ဆာမိ–ဝယ် ဂမု–ဓာတ်အရ သဒ္ဓါ, ပညာပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍–

ထိုကိုယူသဖြင့် ထိုကုသိုလ်စိတ္တုပ္ပါဒ်နှင့် အနဝဇ္ဇလက္ခဏာ ။ပ။ ပရမတ္ထမဇ္ဈ, သခ်ိတဟူသော အမည်အားဖြင့် တူသော ကြွင်းသော ကုသိုလ်စိတ္တုပ္ပါဒ်တို့ကိုလည်း ယူအပ်ကုန်၏။ ထိုကုသိုလ်စိတ္တုပ္ပါဒ်နှင့် နမနလက္ခဏာ၊ တကွဖြစ်လေ့ရှိခြင်း သဟာစာရီ၊ မိမိတို့ဆိုင်ရာကိစ္စ၊ အဝိဇ္ဇာစသော အကြောင်း၊ သင်္ခါရစသော အကျိုး၊ မိမိတို့ဆိုင်ရာ အာရုံ၊ နမနဓာတ်၊ ဟီန,ပဏီတစသော ဂုဏ်၊ မိမိတို့ဆိုင်ရာ ကြိယာ၊ ပရမတ္ထမဇ္ဈဟူသော ဒြဗ်၊ ပရမတ္ထမဇ္ဈ,သခ်ိတဟူသော အမည်အားဖြင့်တူသော ကြွင်းသော နာမက္ခန္ဓာ

http://www.dhammadownload.com



တို့ကိုလည်း ယူအပ်ကုန်၏။ ထိုနာမက္ခန္ဓာလေးပါးနှင့် ရာသဋ္ဌလက္ခဏာအား ဖြင့်တူသော ရူပက္ခန္ဓာကိုလည်း ယူအပ်၏။ ထိုခန္ဓာငါးပါးနှင့် အနိစ္စစသော လက္ခဏာ၊ တကွဖြစ်လေ့ရှိခြင်း သဟစာရီ၊ (ပ) ပရမတ္ထဓမ္မ၊ သခ်ံတဟူသော အမည်အားဖြင့် တူသော ကြွင်းသော အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေတို့ကိုလည်း ယူအပ်ကုန်၏။

ဤသို့လျှင် ။ပ။ လက္ခဏဟာရမည်၏ဟူလိုသော်။

အမှာ။ ။ အကုသိုလ်ဓမ္မကို ကောက်ရာ၌လည်း ဤနည်းကိုမှီး၍ ထုတ်ရမည်။

## ရုပ်ဓမ္မလက္ခဏဟာရထုတ်ပုံ (အရကျက်ရန်)

မဟာဘုတ်လေးပါးကို (တရားကိုယ်) ယူ၍ ထိုကိုယူသဖြင့် ထိုနှင့် ရုပ္ပန လက္ခဏာ၊ တကွဖြစ်လေ့ရှိခြင်း သဟစာရီ၊ ဝိကိရဏကိစ္စ၊ ဝိညာဏ်ဟူသော အကြောင်း၊ သဠာယတနစသောအကျိုး၊ အနာရမ္မဏ၊ အဗျာကတဓာတ်၊ ဝိပရိဏာမဂုဏ်၊ ရုပ္ပနကြိယာ၊ ပရမတ္ထဓမ္မဒြပ်၊ ပရမတ္ထဓမ္မ,သခ်ံတဟူသော အမည်အားဖြင့် တူသောကြောင့် ကြွင်းသော ဥပါဒါရုပ်တို့ကိုလည်း ယူအပ်ကုန်၏။

ဤသို့ သုတ်၌ မလာသော ။ပ။ လက္ခဏဟာရမည်၏ဟူလိုသော်။

=======================

## ၆။ အာဝတ္တဟာရ

### (ရှေးဦးလမ်းညွှန်မှတ်သားရန်)

ဤအာဝတ္တဟာရထုတ်ရာ၌—

၁။ တရားကိုယ်ကို တိကျမှန်ကန်စွာ ကောက်ယူပါ။

၂။ ယင်းတရားကိုယ်၏ အကြောင်းတရားများကို ရှာဖွေပါ။

၃။ ယင်းအကြောင်းတရားမှတဆင့် ကုသိုလ် (သို့မဟုတ်) အကုသိုလ် တရားတို့အဆက်ဆက်လည်ပုံကို သဘာဂအားဖြင့် ဖော်ပြပါ။

၄။ ကောက်ယူထားသည့်တရားကိုယ်က ကုသိုလ်ဖြစ်လျှင် ဝိသဘာဂ အကုသိုလ်ကိုပါ ယူ၍၊ အကုသိုလ်ဖြစ်လျှင် ဝိသဘာဂကုသိုလ်ကိုပါ ယူ၍ အကြောင်း တရားများကို ရှာပြီး ယင်းအကြောင်းတရားများမှ တဆင့် ဝိသဘာဂတရားများ အဆက်ဆက်လည်ပုံကို ဖော်ပြပါ။ ဤအချက်လေးချက်ကို ကြိုတင်နားလည်ထားရမည်။

### ကျက်မှတ်ထားရန် ဆောင်ပုဒ်များ

- ✔ ယောနိ—သဒ္ဓမ်၊ သပ္ပုရိသံ၊ ခဏ်—စက္က၊ အပ္ပမာဒ။
- ✔ ထိုလျှင်အကြောင်း၊ တရားပေါင်း၊ လည်းတောင်း အာဝတ္တ။
- ✔ အကုသိုလ်မှာ၊ ပြန်၍သာ၊ ဆိုပါမခက်လှ။

http://www.dhammadownload.com



## ကုသိုလ်စမ္မအာဝဇ္ဇဟာရထုတ်ပုံ (အရကျက်ရန်)

အာဝဇ္ဇဟာရဟူသော်ကား အာဝဇ္ဇိယန္တိ သဘာဂဝိသဘာဂဓမ္မာ ဧတေနာတိ အာဝဇ္ဇော၊ အာဝဇ္ဇော စ သော ဟာရော စာတိ အာဝဇ္ဇဟာရော-ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌လာသော တရားတို့၏ ပဒဋ္ဌာန်ကိုရှာ၍ သဘာဂ, ဝိသဘာဂဓမ္မတို့ကို လည်စေကြောင်း ဖြစ်သောကြောင့် အာဝဇ္ဇဟာရမည်၏။

အဘယ်သို့ လည်စေသနည်းဟူမူကား-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဟူသော ဝါကျ၌ ဂစ္ဆာမိ-ဝယ် ဂမု-ဓာတ်အရ သဒ္ဓါ, ပညာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍-

ထို၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပ-နိဿယ, နဝမက္ခဏ, စက္ကသမ္ပတ္တိ, အပ္ပမာဒအစရှိသည်တည်း။

ထိုတွင် ယောနိသောမနသိကာရကို ယူသဖြင့် ယောနိသောမနသိကာရလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။

သဒ္ဓမ္မဿဝနကို ယူသဖြင့် ထိုလျှင် အကြောင်းရှိသော (ပ) လည်ကုန်၏။

သပ္ပုရိသူပနိဿယကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

နဝမက္ခဏကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

စက္ကသမ္ပတ္တိကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

အပ္ပမာဒကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

ဤသို့ သဘာဂအားဖြင့် လည်စေခြင်းသည် သဘာဂါဝဇ္ဇနမည်၏။

ဂစ္ဆာမိ-အရ မှီဝဲဆည်းကပ်ခြင်းကို ဆိုသဖြင့် ထို၏ဆန့်ကျင်ဘက်ဖြစ်သော မမှီဝဲ, မဆည်းကပ်ခြင်းကိုလည်းယူအပ်၏။ ထို၏ပဒဋ္ဌာန်ကား အယောနိသောမသိကာရ, အသဒ္ဓမ္မဿဝန, အသပ္ပုရိသူပနိဿယ, အက္ခဏ, စက္ကဝိပတ္တိ, ပမာဒအစရှိသည်တည်း။

ထိုတွင်- အယောနိသောမနသိကာရကို ယူသဖြင့် ထိုလျှင်အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

အသဒ္ဓမ္မဿဝနကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

အသပ္ပုရိသူပနိဿယကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

အက္ခဏကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

စက္ကဝိပတ္တိကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

ပမာဒကို ယူသဖြင့် ထိုလျှင် (ပ) လည်ကုန်၏။

ဤသို့ ဝိသဘာဂအားဖြင့် လည်စေခြင်းသည် ဝိသဘာဂါဝဇ္ဇနမည်၏။

ဤသို့လျှင် သုတ်၌လာသောတရားတို့၏ ပဒဋ္ဌာန်ကိုရှာ၍ သဘာဂ, ဝိသဘာဂ ဓမ္မတို့ကို လည်စေကြောင်း ဖြစ်သောကြောင့် အာဝဇ္ဇဟာရမည်၏ဟူလိုသော်။

အမှာ။ ။ အကုသိုလ်ဓမ္မထုတ်ပုံမှာ ကုသိုလ်ဓမ္မထုတ်ပုံကို နည်းမှီ၍ ထုတ်ရံပင်။

---

http://www.dhammadownload.com



## ၇။ ပရိဝတ္တနဟာရ

### (ရှေးဦးလမ်းညွှန်မှတ်သားရန်)

ဤပရိဝတ္တနဟာရ၌–

(က) မူလတရားကိုယ်သည် ကုသိုလ်ဓမ္မဖြစ်လျှင်–

၁။ ယင်း ကုသိုလ်နှင့် ကုသိုလ်၏ အကြောင်းတရားများကို ရှေးဦးစွာထုတ်ပြရာ၏။

၂။ ထို့နောက် မူလတရားကိုယ် ကုသိုလ်ဓမ္မကြောင့် ဆန့်ကျင်ဘက် အကုသိုလ်ဓမ္မများ ကင်းပျောက်သွားပုံကို ပြဆိုရာ၏။

၃။ ထို့နောက် မူလတရားကိုယ် ကုသိုလ်ဓမ္မ၏ အကျိုးတရားများ စည်ပင် ပြန့်ပွားများကုန်၏ဟု ပြန်အုပ်ရာ၏။

(ခ) မူလတရားကိုယ်သည် အကုသိုလ်ဓမ္မဖြစ်နေလျှင်

၁။ ယင်းအကုသိုလ်နှင့် အကုသိုလ်၏ အကြောင်းတရားများကို ရှေးဦးစွာထုတ်ပြရာ၏။

၂။ ထို့နောက် မူလတရားကိုယ် အကုသိုလ်ဓမ္မကြောင့် ဆန့်ကျင်ဘက် ကုသိုလ်ဓမ္မများ ကင်းပျောက်သွားပုံကို ပြဆိုရာ၏။

၃။ ထို့နောက် မူလတရားကိုယ် အကုသိုလ်ဓမ္မ၏ အကျိုးတရားများ စည်ပင် ပြန့်ပွားများကုန်၏ဟုပြန်အုပ်ရာ၏။

### ကျက်မှတ်ရန်ဆောင်ပုဒ်လင်္ကာများ

၁။ ကုသိုလ်ဓမ္မ၊ ယှဉ်ပါက၊ ကင်းပအကုသိုလ်။
အကုရင်းခံ၊ ကျိုးတန်တန်၊ ပြန်လှန်လည်စေလို။

၂။ အသဒ္ဓိယ၊ ကောသဇ္ဇနှင့်၊ ပမာဒ, ဣဿာ၊ မစ္ဆေရာ၊ စ,ဖြာ အကုသိုလ်။
ပစ္စုပ်+သံသာ၊ ဘေးနှစ်ဖြာ၊ ကင်းကွာ ပ,ပျောက်ဆို။
ကုသိုလ်ရင်းခံ၊ ကျိုးတန်တန်၊ အမှန်တိုးသကို။

၃။ အကု–ယှဉ်ဘိ၊ ကု–ကင်း၏၊ စရှိပြန်၍ဆို။
ပရိဝတ္တန၊ ဤဟာရ၊ မှတ်ကြ–သူ့အဆို။

### ကုသိုလ်ဓမ္မပရိဝတ္တနဟာရထုတ်ပုံ (အရကျက်ရန်)

ပရိဝတ္တနဟာရဟူသော်ကား "ပဋိပက္ခဝသေန ပရိဝတ္တိယန္တိ ဣမိနာ သုတ္တေ ဝုတ္တဓမ္မာတိ ပရိဝတ္တနော၊ ပရိဝတ္တနော စ သော ဟာရော စာတိ ပရိဝတ္တနဟာရော" ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်ကုန်သော ကုသိုလ်ဓမ္မတို့ကို ထို၏ ပဋိပက္ခ အကုသိုလ်ဓမ္မဖြင့် လည်းကောင်း၊ အကုသိုလ်ဓမ္မတို့ကို ထို၏ ပဋိပက္ခကုသိုလ်ဓမ္မဖြင့် လည်းကောင်း လည်စေကြောင်း (ပယ်ကြောင်း) ဖြစ်သောကြောင့် ပရိဝတ္တနဟာရမည်၏။

http://www.dhammadownload.com



အဘယ်သို့လည်စေသနည်း (ပယ်သနည်း) ဟူမူကား –

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–၌ ဗုဒ္ဓသရဏဂုံ ခံယူဆောက်တည်သူ၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ, ပညာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထို၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရစသည်တို့ကိုလည်းကောင်း ယူအပ်ကုန်၏။

ထိုကိုယူသဖြင့် ထို၏ပဋိပက္ခဖြစ်သော အဿဒ္ဓိယ, ပမာဒ, ကောသဇ္ဇ, ဗ္ဗာဿ, မစ္ဆေရအစရှိသော အကုသိုလ်တို့သည်လည်းကောင်း၊ ထိုအကုသိုလ်၏ အကြောင်းဖြစ်သော အယောနိသောမနသိကာရ အစရှိသည်တို့သည်လည်းကောင်း၊ ထိုအကုသိုလ်လျှင် အကြောင်းရင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာနှစ်ဖြာသောဘေးတို့သည်လည်းကောင်း ပပျောက်ကုန်၏။

ထို(ဗုဒ္ဓသရဏဂမန) မဟာကုသိုလ်စိတ္တုပ္ပါဒ်လျှင် အကြောင်းရင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာနှစ်ဖြာသော ကောင်းကျိုးတရားတို့သည် စည်ပင်ပြန့်ပွားများကုန်၏။

ဤသို့လျှင် သုတ်၌ဟောအပ်ကုန်သော တရားတို့ကို ပဋိပက္ခအားဖြင့် လည်စေခြင်းသည် (ပယ်ခြင်းသည်) ပရိဝတ္တနဟာရမည်၏ ဟူလိုသော်။

## အကုသိုလ်မှပရိဝတ္တနဟာရထုတ်ပုံ (အရကျက်ရန်)

ပါဏံ ဟနတိ–၌ ဝဓကပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထို၏ အကြောင်းဖြစ်သော အယောနိသောမနသိကာရစသည်တို့ကိုလည်းကောင်း ယူအပ်ကုန်၏။

ထိုကို ယူသဖြင့် ထို၏ ပဋိပက္ခဖြစ်သော အဒေါသ, သဒ္ဓါ, သမ္မာဝါယာမ, အပ္ပမာဒ, အလောဘစသော ကုသိုလ်တရားတို့သည်လည်းကောင်း၊ ထိုကုသိုလ်၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရအစရှိသည်တို့သည်လည်းကောင်း၊ ထိုကုသိုလ်လျှင် အကြောင်းရင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာနှစ်ဖြာသော ကောင်းကျိုးတရားတို့သည်လည်းကောင်း ပပျောက်ကုန်၏။

ထိုဒေါသပြဋ္ဌာန်းသော အကုသိုလ်လျှင် အကြောင်းရင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာနှစ်ဖြာသောဘေးတို့သည် စည်ပင်ပြန့်ပွားများကုန်၏။

ဤသို့လျှင် ။ပ။ ပရိဝတ္တနဟာရမည်၏ ဟူလိုသော်။

## ဒါနမယကုသိုလ်စသည်အတွက် အသေးစိတ်ပဋိပက္ခမှုများ

(က) ဒါနံ ဒေတိ–၌ ဒါနမယကုသိုလ်ကိုယူ၍ အထက်ဆိုခဲ့ပြီး ကုသိုလ်မှုနှင့် အတူထုတ်။

(ခ) သီလံ သမာဒိယတိ–၌ သီလမယကုသိုလ်ကို ယူ၍– ထိုကိုယူသဖြင့် ထို၏ ပဋိပက္ခဖြစ်သော အဿဒ္ဓိယ, ဒုဿီလျ, အနာစာရီ, ဒုပ္ပဋိပတ္တိ, မိစ္ဆာပဋိပတ္တိ စသော အကုသိုလ်, ထိုလျှင်အကြောင်းရှိသော ပစ္စုပ္ပန်+သံသရာ နှစ်ဖြာသော ဘေးတို့သည် ပပျောက်ကုန်၏စသည်ဖြင့်ထုတ်။

http://www.dhammadownload.com



(ဂ) ဘာဝနာမယကုသိုလ်ကို ယူရာ၌ ထိုကို ယူသဖြင့် ထို၏ ပဋိပက္ခဖြစ်သော သကလဝဋ္ဋဒုက္ခဘေးတို့သည် ပပျောက်ကုန်၏ဟု ထုတ်။
ဘာဝနာသည်– သမထဘာဝနာ, ဝိပဿနာဘာဝနာဟုနှစ်မျိုးရှိသည်။

သမထဘာဝနာတို့တွင်–

| | |
|---|---|
| ပထမဈာန်ဖြင့် | နီဝရဏကင်း၏။ |
| ဒုတိယဈာန်ဖြင့် | ဝိတက်ကင်း၏။ |
| တတိယဈာန်ဖြင့် | ဝိစာရကင်း၏။ |
| စတုတ္ထဈာန်ဖြင့် | ပီတိကင်း၏။ |
| ပဥ္စမဈာန်ဖြင့် | သုခကင်း၏။ |
| ပဌမာရုပ္ပဖြင့် | ရူပသညာကင်း၏။ |
| ဒုတိယာရုပ္ပဖြင့် | ပဌမာရုပ္ပကင်း၏။ |
| တတိယာရုပ္ပဖြင့် | ဒုတိယာရုပ္ပကင်း၏။ |
| စတုတ္ထာရုပ္ပဖြင့် | တတိယာရုပ္ပကင်း၏။ |
| သညာဝေဒယိတနိရောဓဖြင့် | စတုတ္ထာရုပ္ပကင်း၏။ |

ဝိပဿနာဘာဝနာတို့တွင်–

| | |
|---|---|
| အနိစ္စာနုပဿနာဖြင့် | နိစ္စသညာကင်း၏။ |
| ဒုက္ခာနုပဿနာဖြင့် | သုခသညာကင်း၏။ |
| အနတ္တာနုပဿနာဖြင့် | အတ္တသညာကင်း၏။ |
| အသုဘာနုပဿနာဖြင့် | သုဘသညာကင်း၏။ |
| ထိုထိုအနုပဿနာဖြင့် | ဝိပလ္လာသကင်း၏။ |
| သောတာပတ္တိမဂ်ဖြင့် | ဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ကင်း၏။ |
| သကဒါဂါမိမဂ်ဖြင့် | တနုကရ။ |
| အနာဂါမိမဂ်ဖြင့် | ကာမရာဂ, ဗျာပါဒ။ |
| အရဟတ္တမဂ်ဖြင့် | အလုံးစုံသော ကိလေသာ။ |
| အနုပါဒိသေသနိဗ္ဗာန်ဖြင့် | သကလဝဋ္ဋဒုက္ခတို့သည် ကင်းပျောက်ကုန်၏။ |

ထိုသမထ, ဝိပဿနာစသည်လျှင် အကြောင်းရင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာနှစ်ဖြာသော ကောင်းကျိုးတရားတို့သည် စည်ပင်ပြန့်ပွားများကုန်၏ဟုထုတ်။
ဤသို့လျှင် ။ပ။ ပရိဝတ္တနဟာရမည်၏ဟုလိုသော်။

============

http://www.dhammadownload.com



## ၈။ ဝေဝစနဟာရ

✔ သုတ်ပုဒ် ထိုထို၊ ပရိယာယ်ကို၊ ထုတ်ဆို ဝေဝစန။
✔ ဝေဝုစ်နိုင်လို၊ ဘိဓာန်ကို၊ ရှည်ကြို့သောက်ပါကြ။

## ဝေဝစနဟာရထုတ်ပုံ (အရကျက်ရန်)

ဝေဝစနာဟာရဟူသော်ကား " ဝေဝစနံ ယောဧဝတိ ဧတေနာတိ ဝေဝစနော၊ ဝေဝစနော စ သော ဟာရော စာတိ ဝေဝစနဟာရော"ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော တခုသောတရား၌ များစွာသော ဝေဝုစ်တို့ကို ယှဉ်ကြောင်း ဖြစ်သောကြောင့် ဝေဝစနဟာရမည်၏။

အဘယ်သို့ ယှဉ်သနည်းဟူမူကား–

ဤ"ဖုဒ္ဓံ သရဏံ ဂစ္ဆာမိ"၌ ဗုဒ္ဓ–ပုဒ်၏ ဝေဝုစ်ကို–

ဗုဒ္ဓ ဒသဗလ သတ္ထံ၊ သဗ္ဗညုံ ဒွိပဒုတ္တမံ။

မုနိန္ဒံ ဘဂဝန္တံ နာထံ–စသည်ဖြင့် ယှဉ်အပ်၏။

သရဏံ–ပုဒ်၏ ဝေဝုစ်ကို သရဏံ, ပရာယဏံ, ပဋိသရဏံ–စသည်ဖြင့် ယှဉ်အပ်၏။

ဂစ္ဆာမိ–၏ ဝေဝုစ်ကို ဂစ္ဆာမိ, ဘဇာမိ, သေဝါမိ, ပယိရုပါသာမိ, ဇာနာမိ–စသည်ဖြင့် ယှဉ်အပ်၏။

ဤသို့လျှင် သုတ်၌လာသော တခုသောတရား၌ များစွာသော ဝေဝုစ်တို့ကို ယှဉ်ခြင်းသည် ဝေဝစနဟာရမည်၏ ဟူလိုသော်။

လမ်းညွှန်ချက်။ ။ ဤဝေဝစနဟာရ၌ အဘိဓာန်နိုင်ဖို့, ပရိယာယ်ကြွယ်ဝဖို့ အရေးကြီးသည်။ ပရိယာယ်ကြွယ်ဝဖို့ အရေးကြီးသည်ဆိုရာ၌ ဓမ္မသင်္ဂဏီ၌ ဟောထားသည့် ဖဿော, ဖုသနာ, သမ္ဖုသနာ, သမ္ဖုသိတတ္တံ၊ တက္ကော, ဝိတက္ကော, သင်္ကပ္ပေါ, အပ္ပနာ, ဗျပ္ပနာ–စသည်တို့သည် ဝေဝုစ်များဖြစ်ကြသည်။ အချို့ပါဠိတော်များ၌ ဝိသေသျပုဒ်တစ်ခုမှာ ဝိသေသနပုဒ်များစွာပါရှိကြသည်။ ထိုပုဒ်တို့သည်လည်း ဝေဝုစ်များပင် ဖြစ်ကြသည်။

ပုံစံ။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ–စသည်။
သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမဇ္ဈာနံ–စသည်။
ဤသို့စသည်ဖြင့် ပရိယာယ်ဝေဝုစ်ရှာဖွယ်တတ်ရမည်ဟုဆိုလိုသည်။

http://www.dhammadownload.com



## ၉။ သြတရဏဟာရ

### (ရှေးဦးလမ်းညွှန်–မှတ်သားရန်)

"သြတရဏ"ဟူသည် သုတ်၌လာသော တရားကို ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်တို့၌ ထည့်သွင်းခြင်းပင်ဖြစ်သည်။ ထည့်သွင်းခြင်းဟူသည် ခန္ဓာစသည် ဖွဲ့ပြခြင်းပင်ဖြစ်သည်။ ဤသြတရဏဟာရ၌ တရားကိုယ် မှန်ကန်အောင် ကောက်ယူတတ်ဖို့သာ အဓိကဖြစ်သည်။ တရားကိုယ်မှန်လျှင် ခန္ဓာစသည် ဖွဲ့ရန် မခက်။

ဣန္ဒြေဖွဲ့ရာ၌– နာမ်ဣန္ဒြေ, ရုပ်ဣန္ဒြေတို့ကို ကွဲပြားစွာ သိနားလည်ရမည်။

နာမ်ဣန္ဒြေများကား– ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတို့ဖြစ်သည်။ ထိုတွင်–

ဝေဒနာ၌– "သုခိန္ဒြေ, (ပ) ဥပေက္ခိန္ဒြေ"ဟု ဝေဒနိန္ဒြေငါးပါးရှိသည်။

ပညာ၌– "ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ"ဟု ဣန္ဒြေလေးပါးရှိသည်။

ရုပ်ဣန္ဒြေများကား– စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိ, ပုရိသတို့ဖြစ်သည်။ ဇီဝိတကား ရုပ်ဣန္ဒြေ၌လည်း ပါဝင်သည်။ ဤသို့ သိနားလည်ထားပါက ဣန္ဒြေ ဖွဲ့တတ်ပါပြီ။ ပဋိစ္စသမုပ္ပါဒ်၌ သွင်းပုံကို ပဒဋ္ဌာနဟာရ၌ ပြခဲ့သည့် အတိုင်း သိနားလည်ရမည်။

✔ သြတရဏာ၊ ဤဟာရာ၊ ခန်, အာ, ဓာတ်နှင့် ဣုံ။

✔ ပဋိစ္စသမုပ္ပါဒ်၊ အရုပ်ရုပ်၊ ထည့်အပ် ဉာဏ်ဖြင့်ချိန်။

### ကုသိုလ်စိတ္တုပ္ပါဒ် သြတရဏဟာရထုတ်ပုံ (အရကျက်ရန်)

သြတရဏဟာရဟူသော်ကား "သြတာရီယန္တိ အနုပ္ပဝေသီယန္တိ ဧတေန သုတ္တာဂတဓမ္မာ ခန္ဓာဒီသူတိ သြတရဏော၊ သြတရဏော စ သော ဟာရော စာတိ သြတရဏဟာရော"ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော တရားတို့ကို ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်တို့၌ ထည့်သွင်းကြောင်းဖြစ်သောကြောင့် သြတရဏဟာရမည်၏။

အဘယ်သို့ သွင်းသနည်းဟူမူကား–

ခန္ဓာ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–၌ ဂစ္ဆာမိ–ဝယ် ဂမု–ဓာတ်အရ သဒ္ဓါ, ပညာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍– ထိုတွင် ဝေဒနာသည် ဝေဒနက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ဆတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏။ မဟာကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့လျှင် ခန္ဓာ၌ ထည့်သွင်းရေတွက်ခြင်းသည် ခန္ဓောတရဏဟာရမည်၏ဟူလိုသော်။

http://www.dhammadownload.com



အာယတန။ ။ ထိုမဟာကုသိုလ်စိတ္တုပ္ပါဒ်တို့တွင် မဟာကုသိုလ်စိတ် (၈)ခုသည် မနာယတနမည်၏။ စေတသိက် အဋ္ဌတ္တိံသသည် ဓမ္မာယတနမည်၏။ ဤသို့လျှင် အာယတန၌ ထည့်သွင်းရေတွက်ခြင်းသည် အာယတနေဝတရဏဟာရ မည်၏။

ဓာတ်။ ။ ထိုမဟာကုသိုလ်စိတ္တုပ္ပါဒ်တို့တွင် မဟာကုသိုလ်စိတ်(၈)ခုသည် မနော ဝိညာဏဓာတ်မည်၏။ စေတသိက်အဋ္ဌတ္တိံသသည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ဓာတ်၌ ထည့်သွင်းရေတွက်ခြင်းသည် ဓာတောတရဏဟာရမည်၏။

ဣန္ဒြေ။ ။ ထိုမဟာကုသိုလ်စိတ္တုပ္ပါဒ်တို့တွင် သောမနဿသဟဂုတ် (၄)ခု၌ ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။ ဥပေက္ခာသဟဂုတ် (၄)ခု၌ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေမည်၏။ နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေ မည်၏။ မဟာကုသိုလ်စိတ်(၈)ခုသည် မနိန္ဒြေမည်၏။ သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏။ ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။ သတိစေတသိက်သည် သတိန္ဒြေ မည်၏။ ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။ ပညာစေသိက်သည် ပညိန္ဒြေ မည်၏။

ဤသို့လျှင် ဣန္ဒြေ၌ ထည့်သွင်းရေတွက်ခြင်းသည် ဣန္ဒြိယောတရဏဟာရမည်၏။

ပဋိစ္စသမုပ္ပါဒ်။ ။ ထိုမဟာကုသိုလ်စိတ္တုပ္ပါဒ်၌ရှိသော စေတနာသည် သင်္ခါရမည်၏။ ထိုသင်္ခါရ၏ အကြောင်းကား အဝိဇ္ဇာတည်း။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ (ပ) ဓာတိကြောင့် ဇရာမရဏသောကပရိဒေဝ ဒုက္ခဒေါမနဿဥပါယာသတို့သည် ဖြစ်ကုန်၏။ ဤသို့ အနုလောမအားဖြင့်လည်းကောင်း။

ထိုမဟာကုသိုလ်စိတ္တုပ္ပါဒ်၌ ပါသော ပညာသည် ဝိဇ္ဇာမည်၏။ ဝိဇ္ဇာဖြစ်သည်ရှိ သော် အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ (ပ) ဓာတိချုပ်ခြင်းကြောင့် ဇရာမရဏသောကပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့ ပဋိလောမအားဖြင့်လည်းကောင်း ပဋိစ္စသမုပ္ပါဒ်၌ ထည့်သွင်းရေတွက်ခြင်းသည် ပဋိစ္စသမုပ္ပါဒေါတရဏဟာရမည်၏ ဟူလိုသော်။

## အကုသိုလ်စိတ္တုပ္ပါဒ် ဩတရဏဟာရထုတ်ပုံ (အရကျက်ရန်)

ပါဠိ ဟနတိ–ပုံစံ၌ ဟန–ဓာတ်အရ အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ခန်, အာ, ဓာ, ဣန္ဒြေတို့၌ ထည့်သွင်း။ (လွယ်ပြီ)

ပဋိစ္စသမုပ္ပါဒ်၌ ထည့်သွင်းရေတွက်ရာ၌ကား– ထိုအကုသိုလ်စိတ္တုပ္ပါဒ်၌ရှိသော စေတနာသည် သင်္ခါရမည်၏။ ထိုသင်္ခါရ၏ အကြောင်းကား အဝိဇ္ဇာတည်း။ အဝိဇ္ဇာ ကြောင့် သင်္ခါရဖြစ်၏။ (ပ) ဥပါယာသတို့သည် ဖြစ်ကုန်၏။ ဤသို့ အနုလောမ အားဖြင့် လည်းကောင်း။

http://www.dhammadownload.com



အကုသိုလ်(လော, ဒေါ, မော) ကင်းသော ပုဂ္ဂိုလ်အား ဝိဇ္ဇာဖြစ်၏။ ဝိဇ္ဇာဖြစ်သည်ရှိသော် အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ (ပ) ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့ ပဋိလောမအားဖြင့်လည်းကောင်း ပဋိစ္စသမုပ္ပါဒ်တို့၌ ထည့်သွင်းရေတွက်ခြင်းသည် ပဋိစ္စသမုပ္ပါဒေါတရဏာဟာရမည်၏ဟူလိုသော်။

## လောကီခန္ဓာငါးပါးယူ၍ ထုတ်ပုံ (အရကျက်ရန်)

ဗုဒ္ဓ သရဏံ ဂစ္ဆာမိ–၌ မိ–ဝိဘတ်အရ ဘုရားကို ကိုးကွယ်ဆည်းကပ်သူ၏ လောကီခန္ဓာပဉ္စကဒြဗ်ရ၏။ ထိုတွင်–

ခန္ဓာ။ ။ ဣတ္ထိဘာဝရုပ်ကြည်သော ရုပ်သတ္တဝီသသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာမည်၏။ လောကီစိတ်(၈၁)သည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့လျှင် ။ပ။ ခန္ဓောတရဏာဟာရမည်၏။

အာယတန။ ။ ရုပ်သတ္တဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ–နည်းတူ) ရူပါရုံသည် ရူပါယတနမည်၏။ (သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖေါဋ္ဌဗ္ဗ) လောကီစိတ်(၈၁)သည် မနာယတနမည်၏။ ဣတ္ထိန္ဒြေကြည်သော သုခုမရုပ်ပန္နရသသည် ဓမ္မာယတနမည်၏။ ဤသို့လျှင် (ပ) အာယတနောတရဏာဟာရမည်၏။

ဓာတ်။ ။ ရုပ်သတ္တဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊) ဖောဋ္ဌဗ္ဗဓာတ်မည်၏။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။ (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ) မနောဓာတ်မည်၏။ ကြွင်းသော လောကီစိတ်(၆၈)ခုသည် မနောဝိညာဏဓာတ်မည်၏။ စေတသိက် ဒွေပညာသ၊ (ဣတ္ထိန္ဒြေကြည်သော) သုခုမရုပ်ပန္နရသသည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ။ပ။ ဓာတောတရဏာဟာရမည်၏။

ဣန္ဒြေ။ ။ ရုပ်သတ္တဝီသတို့တွင် စက္ခုပသာဒသည် စက္ခုန္ဒြေမည်၏။ (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ) ပုရိသိန္ဒြေမည်၏။ ရုပ်ဇီဝိတ, နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေမည်၏။ လောကီစိတ် (၈၁)သည် မနိန္ဒြေမည်၏။ သုခသဟဂုတ်ကာယဝိညာဏ်၌ ရှိသော ဝေဒနာစေတသိက်သည် သုခိန္ဒြေမည်၏။ ဒုက္ခသဟဂုတ်ကာယဝိညာဏ်၌ ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခိန္ဒြေမည်၏။ လောကီ သောမနဿသဟဂုတ်စိတ်(၃၀)၌ ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။ လောကီဥပေက္ခာသဟဂုတ်စိတ်(၄၇)၌ ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေမည်၏။ သဒ္ဓါသည် သဒ္ဓိန္ဒြေ၊ (ဝီရိယ၊ သတိ) သမာဓိန္ဒြေမည်၏။ လောကီတိဟိတ်(၃၉)၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်၏။ ဤသို့လျှင် (ပ) ဣန္ဒြိယောတရဏာဟာရမည်၏။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်။ ။ ထိုလောကီခန္ဓာငါးပါး၌ရှိသော စေတနာသည် သင်္ခါရတည်း။ ထိုသင်္ခါရ၏ အကြောင်းကား အဝိဇ္ဇာတည်း။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏။ (ပ) ဥပါယာသတို့သည် ဖြစ်ကုန်၏။ ဤသို့ အနုလောမအားဖြင့်လည်းကောင်း။ ထိုလောကီခန္ဓာ (၅)ပါး၌ရှိသော ပညာသည် ဝိဇ္ဇာမည်၏။ ဝိဇ္ဇာဖြစ်သည်ရှိသော် အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ (ပ) ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့ ပဋိလောမအားဖြင့်လည်းကောင်း ပဋိစ္စသမုပ္ပါဒ်၌ ထည့်သွင်း ရေတွက်ခြင်းသည် ပဋိစ္စသမုပ္ပါဒေါတရဏဟာရမည်၏။

နေတ္တိဟာ ရပြီး၏။

==================

## အာသီသပတ္ထနာဂါထာ

လောကေ ပညာယ အတ္ထဉ္စော၊ ပရတ္ထော စ သမိဇ္ဈတိ။
တသ္မာ ပညာယ ပူရေတုံ၊ လိခါမိ ပေါတ္ထကံ ဣမံ။

♠ လူ့ဘုံဌာန၊ လူ့လောက၌
အတ္တ, ပရ၊ ကျိုးနှစ်ဖြာကို
ပညာကသာ၊ ပြီးစေရာ၏။

♠ ထို့ကြောင့် နောင်ခါ၊ ဖြစ်တိုင်းမှာလျှင်
ပညာပါရမီ၊ စုံပြည့်ညီ၍
နှစ်လီအကျိုး၊ ပွားတိုးစေရန်
ရည်စိတ်သန်၍၊ စီမံပြုလုပ်
ဤစာအုပ်ကို၊ အားထုတ်ရှင်လန်း၊
ငါကြိုးပမ်းသည်၊ ဆုံးခန်းနိဗ္ဗာန်တိုင်လိုသော် . . . ။

ဝိဂ္ဂဟနှင့် ဉာဏ်ကောက်လမ်းညွှန် ပြီး၏။

http://www.dhammadownload.com

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ
# ၏
# အောက်ပါကျမ်းစာအုပ်များ ထွက်ရှိနေပါပြီ။

(၁) ပါရာဇိကဏ်ပါဠိကျဉ်းချုပ် (ပထမတွဲ)

(၂) ပါရာဇိကဏ်ပါဠိကျဉ်းချုပ် (ဒုတိယတွဲ)

(၃) သီလက္ခန်ပါဠိကျဉ်းချုပ် (ပထမတွဲ)

(၄) သီလက္ခန်ပါဠိကျဉ်းချုပ် (ဒုတိယတွဲ)

(၅) အဋ္ဌသာလိနီပါဠိကျဉ်းချုပ် (ပထမတွဲ)

(၆) အဋ္ဌသာလိနီပါဠိကျဉ်းချုပ် (ဒုတိယတွဲ)

(၇) ဝိဂ္ဂဟနှင့် ညသ်ကောက်လမ်းညွှန်

(၈) ဝိဂ္ဂဟနှင့် ညသ်ကောက်ဉယျာဉ်

(၉) အတ္ထယောဇနာနယူပဒေသ

(၁၀) ဝစနာဒိဆက္ကဉယျာဉ်

**စာအုပ်ရရှိနိုင်သောနေရာများ**

၁။ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်။

၂။ မန္တလေးပိဋကစာအုပ်ဆိုင်များ။

၃။ ရွှေတိဂုံစောင်းတန်းရှိ ပိဋကစာအုပ်ဆိုင်များ၊ ရန်ကုန်။

http://www.dhammadownload.com

http://www.dhammadownload.com